# သိချင့်ဖွယ်ရေးအဖြာဖြာ



ရွှေဂူကျောင်း ဆရာတော် ဦးဝိသုဒ္ဓါစာရ

၁၆၇၆၁

လူမျိုးမရွေး ဘာသာမရွေး လူရှင်ရဟန်းမှန်သမျှ

တကယ်သိ, သိ၍ တကယ်ကျင့်, ကျင့်ရသော

ဝဋ်ဒုက္ခနယ် လွှတ်မြောက်ဖွယ်

# သိကျင့်ဘွယ်ရာ အဖြာဖြာ ၁၆၇၆၁


စီစဉ်ရေးသားသူ

ဦးဝိသုဒ္ဓါစာရ စာချ ဓမ္မကထိက

မိတ္တသုခ ရွှေဂူကျောင်း၊ မျဉ်းတိုင်းရွာအနီး ပုဂံညောင်ဦးမြို့နယ်။


ဤကျမ်းက အန္ဓပုထုဇဉ်အဖြစ်မှ

ကလျာဏပုထုဇဉ်ဖြစ်လာရန်ကို တာဝန်ခံပါသည်။


ဇဗ္ဗာသယပိဋကတ်စာပုံနှိပ်တိုက်

၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့

သာသနာနှစ်—၂၅၁၇။ [illegible] ကောဇာသက္ကရာဇ်—၁၃၃၅။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၆၃၄၄)

ကင်းလွတ်ခွင့်အမှတ် (၀၂၀၇၆)


* ထုတ်ဝေသူ — ဦးဝိသုဒ္ဓါစာရ
ပျဉ်တိုင်းရွာ ပုဂံမြို့၊
မန္တလေးတိုင်း။

* ပုံနှိပ်သူ — ဦးသန်းမောင်
ပုံနှိပ်သူမှတ်ပုံတင်အမှတ် (၀၇၉၄)
ဣစ္ဆာသယ စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

ပထမအကြိမ် စာအုပ်ရေ - ၁၀၀၀။

၁၃၃၅-ခု၊ ဝါဆိုလ။ ၁၉၇၃-ခု၊ ဇူလိုင်လ။

# နိဒါန်း

သတ္တဝါတွေမှာ ဘာတွေကိုပြုလုပ်ခဲ့ကြတာကြောင့် အပါယ်ဘုံကို ရောက်နေကြရတာလဲ၊ အပါယ်ဆိုတာ ဘာလဲ၊ ဒုဂ္ဂတိဘုံပေါင်း ဘယ်လောက်ရှိသလဲ၊ လူတွေကော ဘာတွေကိုကျင့်ခဲ့ကြလို့ လူဖြစ်လာရသလဲ၊ နတ်ပြည် တွေကို ရောက်ရ သလဲ၊ ဆုတောင်းရုံနှင့်ဘဲ ရောက်ကြရတာလား၊ မျက်စိကန်းနေတဲ့လူ ခရီးသွားရင် လမ်းမှန်ကို ရောက်နိုင်သလား၊ ဗြဟ္မာတွေကော ဘာတွေကို ကျင့်ခဲ့ကြလို့ ဗြဟ္မာတွေဖြစ်ရသလဲ၊ နိဗ္ဗာန်ကိုကော လူတွေ ဘာပြုလို့ ရောက်ကြသလဲ၊ ဟိုတုန်းက လူတွေကတော့ နိဗ္ဗာန်ကိုရောက်ကြတယ်၊ ယခုလူတွေကတော့ နိဗ္ဗာန်ကို မရောက်ကြဘူးတဲ့၊ မသွားချင်လို့လား၊ မသွားတတ်လို့လား၊ လမ်းမှားနေလို့လား။

တချို့ကပြောတော့ ပါရမီကြောင့်တဲ့၊ ပါရမီကိုသာ ပုံချကြ၊ ရိုးမယ်ဖွဲ့ပြောနေကြ၏၊ ပါရမီဆိုတာ ဘယ်မှာလဲ၊ ဘယ်သူက လာပြီး ဖြည့်ပေးနေတာမျိုးလဲ၊ ဘယ်သူ့တာဝန်လဲ၊ ဘယ်သူက လုပ်ပေးလို့ ရတာမျိုးလဲ။

တချို့ကတော့လဲ ဒိဋ္ဌိတွေ ဖြစ်နေလို့ပါတဲ့၊ ဒိဋ္ဌိတွေ ပါဟု ဘယ်သူကဆုံးဖြတ်ပေးသလဲ၊ ပြောတဲ့ သူကို မင်းဘာကြောင့် ဒိဋ္ဌိတွေလို့ ပြောနိုင်သလဲဟုမေးရင် ဘယ်လိုပြန်ဖြေမလဲ၊ ရမ်းချတာပါလို့အပြင် ပြောနိုင်သေးရဲ့လား၊ ရမ်းမချချင်ပါနှင့် တကယ်သိ-သိချင်ရင် ဘုရားသခင်၏အမှန် တရားကို အနည်းဆုံး ၇-ရက်၊ အများဆုံး ၇-နှစ် အားထုတ်ပါ။

ဇူဇ္ဇာသယ ၅၂၂-က

# (၁) နိဒါန်း

အဲဒါလို ကျကျနန အားထုတ်လို့မှ ကမ္မဋ္ဌာန်း ထိုင်လို့မှ၊ တရားတခုမှ၊ မဂ်တမဂ်ကိုမှ မရသေးရင် ဒွိဟိတ်လို့ ပြောချင် ပြောပါတော့၊ ယခုတော့ တရားအားထုတ်မှု ကိုတော့ တနေ့မှ မလုပ်ရသေးဘဲနှင့် ဒွိဟိတ် ဘဝဖြစ်နေလို့ မရနိုင်တာ ပါတဲ့၊ ရမ်းရမ်းပြီး ဆုံးဖြတ်ချက် ချချထားလိုက်ကြတာ ဘုရားက ပြောရမဲ့ စကားကို သူတို့က ပြောပြော နေလိုက်ကြ တာဟာ ရှက်ဖွယ်သာ ကောင်းတော့၏။

သူ့တပါးကပြောပြတိုင်းကော ယုံတမ်းလား၊ ပြောတဲ့လူကကော ဘယ်လိုလူစားလဲ၊ (ဥပမာ) ရွှေကို ဘယ်တုန်းကမှ မမြင်ဘူးတဲ့ လူက နီဝါဝါအခဲကို မြင်ရုံမျှနှင့် မှတ်ပေါ်မှာလဲ တင်မကြည့်ရ ဘဲနှင့် နဲနဲပါးပါးမှလဲ နားမလည်ဘဲနှင့် သူ သိ သိနေကျဖြစ်တဲ့ ကြေးနီ-ကြေးဝါအခဲနှင့် တူနေတာနှင့်ဘဲ ဒီဥစ္စာဟာ ကြေးခဲကြီး ပါဘဲကွာဟု ဆုံးဖြတ်ပေးလိုက်ရင် ကျေနပ်ကြမှာ ဘဲလား၊ ဟုတ်ကော ဟုတ်သေးရဲ့လား၊ မှတ်ပေါ်မှာတင်ပြီး မှတ်တိုက် ကြည့်ပြီးမှ ဆုံးဖြတ်ကြပါ။

တချို့ကလဲ သိရင်ပြီးတမ်းဘဲ၊ ကျင့်စရာမလိုဘူး၊ ဒို့တော့ အရိယာ ဖြစ်နေပြီဟု တရားမကျင့်ဘဲနှင့် တမဂ်ကိုမှ မရဘူးဘဲနှင့် ကိုယ့်ကိုယ်ကို အထင်ကြီးနေကြသေး၏၊ အဲဒါတွေလဲ တဖက် စွန်းရောက်နေတဲ့ တယူသန် ဝါဒဆိုးသမားတွေဘဲ။

ဒါကြောင့် သူပြော လူပြောနှင့် တွေးရုံ ထင်ရုံနှင့် တွေ့ ကရာကို အဆုံးအဖြတ် မစောချင်ကြပါနှင့်၊ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုတာကိုလဲ သတိပြုပါဦး။

အဲဒါကြောင့် ရမ်းပြောတွေကို မယုံကြဘဲ စိတ်က ဖြစ်ပေါ် လာလို့ အလုပ်ကို လုပ်တယ်၊ အလုပ်ကို လုပ်ကြလို့ အကျိုးကို

ခံစားရတယ် ဆိုတာတွေကို ကျကျနန ဂ ဂ နန သိကြရအောင် လေ့လာသူများ ပညာရှိတယောက် ဖြစ်လာအောင် အန္ဓပုထုဇဉ် ဘဝက လွတ်ပြီး ကလျာဏပုထုဇဉ် ဖြစ်လာအောင် ဒုစရိုက် တွေကိုလဲ သိလာအောင် သိပြီး ရှောင်ကြဉ်လာချင်အောင် ဒုဂ္ဂတိ ဘုံတွေကိုလဲ သိရအောင် သိပြီး ကျရောက်မည်ကို ကြောက်လာ အောင် သုစရိုက်တရား မဂ္ဂင်တရားတွေကိုလဲ သိလာအောင် သိပြီး ကျင့်ချင်အောင် ကျင့်ပြီးနောက် သုဂတိနှင့် နိဗ္ဗာန်ကို ရောက်အောင် တိဟိတ်ဖြစ်ခဲ့ရင် အရိယာ ဖြစ်သွားအောင် ဒုက္ခ မျိုးစုံ အဖုံဖုံမှ လွတ်မြောက် ကြစေအောင် မျှော်တွေးလျက် (အလိမ်မာ-ပညာပေး)သော အနေအားဖြင့် ဤစာအုပ်ကလေး ကိုရေးထုတ်လိုက်ရပါကြောင်း။

## အထူး သတိပေးချက်နှင့် တာဝန်ခံချက်

စာပေသည် လူတိုင်းအတွက် စာအုပ်-စာပေ လူ့မိတ်ဆွေ အလိမ်မာ စာမှာရှိ- ဟူသော အချက်ကို (အဆိပ် အတောက် စာပေအလွတ်) ပဌမသတိပြုပါ၊ ၎င်းနောက် အကြောင်းနှ အကျိုးကို ကွဲပြားအောင် ခွဲခြား၍သိတတ်မှ လူအစစ် ဖြစ်နိုင် သည်-ဟူသော အသိမျိုးကိုလည်း သိထားပါ၊ ထို့ကြောင့် လူအစစ်ဖြစ်လိုသော လူကြီး,လူငယ်,လူလတ်နှင့် ဝတ်ကြောင်ကို လွတ်အောင်ရှုန်းကြသော ပုဂ္ဂိုလ်များ၊ ဘာသာ အမျိုးမျိုး သင်ကြားပေးနေ ကြသော အတန်းကျောင်း များပါ တချိန် ထား၍ သင်ကြားပေးကြဘို့ရန် အထူးသင့်လျော်သော အထူး အခွင့်ဆိုက်သော အလိမ်မာဟူသော အ-တလုံးနှင့် အံဝင် ဂွင်ကျဖြစ်သော အန္ဓပုထုဇဉ်အဖြစ်မှ ကလျာဏပုထုဇဉ် အဖြစ်သို့

တခဏချင်းနှင့် ပြောင်းပစ် လိုက်နိုင်သော တိဟိတ် ပဋိသန္ဓေနေခဲ့သောသူ အမှန်ဖြစ်ပါက မဂ်တရားကိုပင် ရစေနိုင်သော ပရမတ္ထအမြင်ဉာဏ်ကို တခဏနှင့်ပင် အမြင် သန့်စေ နိုင်သော စိတ်ဖြစ်ပုံအမျိုးမျိုးနှင့် ထိုစိတ်ကြောင့်ပြုလုပ်မည့် အလုပ်အမျိုးမျိုး၊ ထိုအလုပ်ကြောင့် ရရှိခံစား စံစားရမည့် အကျိုးအမျိုးမျိုးဟူသော စိတ်အလုပ် အကျိုးများကို သွယ်ဝိုက်သောနည်း မပါဘဲ တိုက်ရိုက်ကြီး ရှင်းပြထားသော (တကမ္ဘာလုံးနှင့် သက်ဆိုင်နေသော) ပရမတ္ထအစစ်အမှန် လူတိုင်းနှင့် ဆက်ဆံသော (ကိုယ့်ဝန် ကိုယ်ထမ်း–ကိုယ့်လမ်း ကိုယ်သွား) တရားမှတ္တေကို အတိုဆုံးနည်းအားဖြင့် ရေးသားပြသလိုက်ပါကြောင်းကို (ဤဝင္ဒဒုက္ခနယ် လွတ်မြောက်ဖွယ် **သိကျင့်ဘွယ်ရာ အဖြာဖြာဆိုတဲ့** ကျမ်းကလေးက) ရဲရဲကြီး တာဝန်ယူ တာဝန်ခံပါကြောင်း။

## ဤစာအုပ်ကို ရေးသူ၏ အမိကဆရာတော်များ

၁။ ပြည်ခရိုင် သဲကုန်းမြို့အပိုင် ရွာသစ်ကုန်းရွာ မူလတန်းကျောင်းဆရာကြီး ဆရာအစ်၊ (ကျောင်းသားဘဝ–ဆရာ)

၂။ ပြည် ခရိုင် မော်ဇာမြို့အပိုင် ကန်နားရွာ ရွာသင်ဖြူးကျောင်းဆရာတော် အရှင်စန္ဒ၊ (ကျောင်းသားဘဝ–ဆရာ)

၃။ ပြည်ခရိုင် သဲကုန်းမြို့အပိုင် အင့်တွင်းကုန်းရွာ သိဒ္ဓတ်ကုန်းကျောင်း ဆရာတော်ကြီး အရှင်ပညာ၊ (ကျောင်းသားနှင့် ကိုရင်ဘဝ)

၄။ ပြည်ခရိုင် ပေါင်းတည်မြို့ သဒ္ဓမ္မဇောတိကာရုံ ရွှေကျောင်းကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ၊

၅။ ၎င်း၏ကျောင်း ဆရာတော် အရှင် တေဇနိယ၊ (ယခုအခါ ၎င်းဆရာတော်ကား အဂ္ဂမဟာပဏ္ဍိတဘွဲ့နှင့် ပါဠိတက္ကသိုလ် ဥက္ကဋ္ဌကြီး အဖြစ်ကို ရရှိလျက် ပြည်မြို့တွင် ဇောတိကာရုံ စာသင်တိုက်ကြီးကို တည်ထောင်လျက် နိုင်ငံကျော် ဆရာတော်ကြီး ဖြစ်နေပြီ)

၆။ ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပြန်တိုက် ဆရာတော် အရှင် အာဒိစ္စဝံသ။

၇။ ၎င်းတိုက် စာချဆရာတော် အရှင်သေဋ္ဌိလ အဂ္ဂမဟာပဏ္ဍိတ၊ ပဌမကျော် (ယခုအခါ ကမ္ဘာ့ဗုဒ္ဓ သာသနာပြု ဥက္ကဋ္ဌဘွဲ့ထူးရ နိုင်ငံကျော် ဆရာတော်ပင် ဖြစ်ပါသည်)။

၈။ ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်ကြီး အရှင် နန္ဒဝံသ၊ (နောက် ပခုက္ကူဆရာတော်ကြီး အဖြစ်နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဖြစ်ပြီးမှ ပျံလွန်တော်မူပြီ)

၉။ မန္တလေးမြို့ ချမ်းသာကြီးတိုက် ဆရာတော် အရှင် လက္ခဏ။

၁၀။ ၎င်း တောင်တမန်တိုက် ဆရာတော် အရှင်ဝိမလ။

၁၁။ ၎င်း ခင်မကန်တိုက်ဆရာတော် အရှင်ရေဝတ။

၁၂။ ၎င်း မစိုးရိမ်တိုက် ဆရာတော် အရှင်ပညာ၊ အရှင်ကောသလ္လ။

၁၃။ အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အရှင်ဝိမလ၊(ယခု မိုးကုပ်ဆရာတော်ကြီး

အဖြစ်နှင့် တရားဘက်က အထူး ကျော်ကြားနေသော ပျံလွန်တော်မူပြီး ဆရာတော်ကြီး ပေတည်း)။

၁၄။ ၎င်းမြို့ မင်္ဂလာ တိုက်ဟောင်း ဆရာတော် အရှင်–ဓမ္မသာမိ၊ အရှင် ဥတ္တမ။

၎င်းဆရာတော်များ အထံ၌ ၇–နှစ် အရွယ်ကစ၍ ၃၂–နှစ် အရွယ်အထိ ပညာများကို သင်ကြား ဆည်းပူးခဲ့ရာ စာပြန်ပွဲ များကိုလည်း အောင်မြင်ခဲ့၏၊ ပခုက္ကူနည်းဖြစ်သော ပိဋကတ် သင်နည်းကိုလည်း ပါဠိအဋ္ဌကထာ ဋီကာနှင့်တကွ နိကာယ် ၅–ကျမ်းလုံး ပေါက်မြောက်ခဲ့၏၊ ပခုက္ကူဆရာတော်ကြီး အရှင် နန္ဒဝံသထေရ်ကြီးက မြောက်တင်ခဲ့သော ပခုက္ကူ စာချလည်း ဖြစ်ခဲ့၏၊ မန္တလေးနည်း စာချလည်းဖြစ်ခဲ့၏၊ တရားဟော ဓမ္မကထိကလည်း ဖြစ်ခဲ့၏။

လောကီကျမ်းဘက်မှလည်း ကန်ဦးမူ ဗေဒင်ဆိုင်ရာကျမ်း အမျိုးမျိုးတွေကို ထုတ်ဝေသော ဘဒ္ဒန္တကောသလ္လ ဆရာတော် ထံ၌ အတူတူ တခန်းတည်း နေလျက် သဒ္ဒိဋ္ဌလက်ရိုး၊ ဘုတ္တိ၊ ကောက်ကိန်း၊ သရ၊ အာယုဒါယ၊ ကမ္မာဇီဝ စသောကျမ်းများ ကိုလည်း လက်ပူးလက်ကြပ် သင်ယူခဲ့၏၊ ၎င်းဆရာတော်ကား လူပြန်တော်လုပ်လျက် ယခု အိမ်တော်ရာ ရပ်ကွက်တွင် နေ၍ အထက် မြန်မာပြည် ဗေဒပါရဂူဘွဲ့ရ၊ ဝဏ္ဏကျော်ထင် ဘွဲ့ရ ဆရာကြီး ဦးကျော်ငြိမ်း ဖြစ်နေပေပြီ၊ သူ၏ဇာတိကား သာယာ ဝတီခရိုင် ဇီးကုန်းမြို့တည်း။

သို့သော်လည်း ဤစာရေးသူမှာ မြို့ကြီး မြို့ငယ် တွေမှာ မနေဘဲ တောအရပ်တွင် နာမည်ကြီးမူ၊ ဂုဏ်ပကာသန လုပ်မှု တွေကို ပယ်ဖျောက်လျက် ခပ်ကုပ်ကုပ်နှင့် နေခဲ့စေကာမူ–

နေသောနေရာရှိ ကျောက်တောင်ကြီး၌ကား မြန်မာပြည် ပြည်ထောင်စု တခုလုံးတွင်ရှိသော လက်တူး လက်လုပ် ကျောက်ဂူ ကျောက်တိုက် ဟူသမျှတို့တွင် အကြီးဆုံးသော ကျောက်ဂူ ကျောက်တိုက် ဟူသမျှတို့ထက် ၁-ပြန်၊ ၂-ပြန် ပို၍ ကြီးကျယ်သော ထောက်တိုင်မပါဘဲ လူလေးငါးရာ ထိုင်လောက်သော သိန်းပေါင်းများစွာ အဖိုးထိုက်သော ကျောက်ဂူ ကျောက်တိုက်ကြီးများကို တပည့်နှင့် ဇွဲနှင့် ၂၁-နှစ်တိုင်တိုင် အံ့မခန်း ဖြစ်အောင် ပြုလုပ်ခဲ့သူ ဖြစ်ပါကြောင်း။ (ဗဟုသုတ သိုလား သူများ လာ၍ ကြည့်ရှုသင့်ပါကြောင်)။

---

# ကျွန်ုပ်၏ထင်မြင်ချက်

ကျမ်းပြုဆရာတော်နှင့် ကျွန်ုပ်ကား ဆရာရင်း ဒကာရင်း အစင်းသိ၊ အတွင်းသိ ဖြစ်ပါသည်။

ကျမ်းပြုဆရာတော်ကား ငယ်စဉ် စာသင်ရဟန်းပျို ဘဝမှာ ကဲ့သို့ သက်ရှယ်တော် ရင့်ညို၍ ရဟန်းအိုကြီးဘဝ ရောက်လာသောအခါမှာလည်း ဖြူစင်သည်၊ သန့်ရှင်းသည်၊ ပွင့်လင်းသည်၊ ခန္ဓာကိုယ် မွေးမြူရေးကြောင့် သူတပါးအား ဝန်မလေးစေလို၊ အဖက်ဖက်၌ သည်းခံနိုင်စွမ်းသော ပုဂ္ဂိုလ်ဖြစ်လေသည်၊ သူနေသော အရပ်ကား မတော်တော့ဇွဲဖြင့် နေနိုင်သောအရပ် မဟုတ်ပေ၊ အုမ္မအလွန်ခြောက်သောနေရာ ဖြစ်လေသည်။

ကျမ်းပြု ဆရာတော်ကြီး၏ စာပေ အတိုင်း အတာကား- ကာလပေါ် စာမေးပွဲဖြင့် တိုင်းတာ၍မဖြစ်၊ ပခုက္ကူဂိုဏ်း စာပေသင်ကြားမှု သမုဒ္ဒရာမှာ မျောပါနေခဲ့ရ၍ ဖြစ်ပေသည်။

ပဌမဦးက ပခုက္ကူ စာချဆရာတော်၊ ဒုတိယ ညောင်ဦးသို့ ပြောင်းရွှေ့၍ မဟာဝိသုတာရာမ စာသင်တိုက်ကြီးကို တည်ထောင် ဖန်ဆင်းလျက် နေသောကြောင့် ညောင်ဦး ဆရာတော်၊ ၎င်းနောက် ပခုက္ကူမဟာဝိသုတာရာမတိုက်၌ မူလရှိရင်း ဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် ညောင်ဦးမှ ပခုက္ကူသို့ ပြန်လည်ကြွရောက်၍ သီးတင်း သုံးပြန်သဖြင့် ပခုက္ကူ ဆရာတော်၊ ညောင်တုံးမြို့မှ ပင့်လျှောက်၍ ကြွရောက်သီတင်းသုံးရပြန်သဖြင့် ညောင်တုံး မဟာဝိသုတာရာမ ဆရာတော်ဟု အမည်တော်ရသော အဂ္ဂမဟာပဏ္ဍိတ မင်းပေးတံဆိပ်ရ အရှင်နန္ဒဝံသ

ထေရ် မြတ်ကြီးသည်ကား ထိုကျမ်းပြု အရှင်၏ ကျေးဇူးရှင် ဆရာတော်ကြီးပင် ဖြစ်လေသည်။

ထိုပခုက္ကူ ဆရာတော်ဘုရားကြီး ထံတော်မှာ ကိုယ်တိုင် ဆို၀ါဖြင့် ပိဋကတ် စာပေကို သင်ရိုး ကျွတ်ပေါက်ခဲ့သည်၊ ပခုက္ကူဂိုဏ်း စာပေလောကမှာ စာချဆရာတော်တပါး အဖြစ် ဖြင့် ဂုဏ်တင်မြှောက်စားခံရလေသည်။

ဆရာတော်ကြီး များ၏ စာချတပါး အနေ မြှောက်စား ခြင်းကို ခံယူရရှိပြီးနောက် ပုဂံ၊ ညောင်ဦး၊ ကျောက်ပန်း တောင်းနယ်မြေ တြိဂံဗဟိုမှာ တောရပ်ခို၍ နေခဲ့လေသည်၊ ကျောက်တောင်ကြီး တခုကို ပတ်ဝန်းကျင်နေ ရွာသူရွာသား တပည့်တပန်းများ အကူအညီဖြင့် ကျောက်လိုဏ်ဂူ ပြုလုပ် နေထိုင်လေသည်၊ အနှစ်သုံးဆယ်မျှ ဖြစ်ခဲ့ပါလေပြီ။

ကျမ်းပြုအရှင်သီတင်းသုံးစက အညာ တောကျေးလက်ဖြစ်၍ ပြင်ပ ဆက်ဆံရေးကား အလွန် နည်းပါးသည်၊ ပတ်ဝန်းကျင် ရွာတို့မှာ စာပေဖတ်တတ်သူ ရှားပါးသည်၊ သူတို့ကို ကြည့်၍ ကျမ်းပြုအရှင်မှာ ဂရုဏာအပြည့် ဖြစ်လာလေသည်၊ ဒီလူမျိုး တွေ စာပေမတတ်သည်ကို တတ်အောင် လုပ်ပေးရ မည်မှာ ဒီတာဝန်ဘဲဟု သဘောထားကာ အစားဆင်းရဲ အနေဆင်းရဲ အသွားဆင်းရဲတို့ကို ဇွဲနှင့်သည်းခံကာ နေခဲ့လေသည်။

သူ၏စွမ်းဆောင်မှုကြောင့် နောက်ပေါက်လူငယ် တွေကား မိန်းကလေးပါမကျန် သူ၏ပတ်ဝန်းကျင် ကျေးလက် တခုလုံး ဖတ်တတ် ရေးတတ် ပြောတတ် ကုသိုလ်မှု ပြုလုပ် လာတတ် ကြသည်၊ ပိဋက စာပေအဆိုနှင့် အကျင့်စခန်းကို သိနားလည်

လာကြသည်၊ စာပေမကျွမ်းကျင်သဖြင့် အမှားကို အမှန်ထင်နေသည့် သာသနာ့ဝန်ထမ်း အချို့တို့ကိုလည်း အမှန် လမ်းစဉ်သို့ ရောက်စေခဲ့လေသည်။

သူရောက်စက ပတ်ဝန်းကျင်တို့ရဲ့ သာသနာရေး ဆိုင်ရာ ပြုလုပ် ဆောင်ရွက်ချက် များကို စာပေနှင့်မညီသဖြင့် ပွင့်ပွင့်လင်းလင်းပြောသည်၊ ဟောသည်၊ သူ့ကိုမုန်းကြသည်၊ ကလန်ကဆန်လုပ်ကြသည်၊ သည်းခံလျက်ရှင်းပြသည်၊ စာပေအဆိုနှင့် လက်ရှိအလုပ်ညှိပြသည်၊ တစတစ လက်ခံလာကြသည်၊ ခုနေအခါမှာ သူ၏လုပ်ဆောင်ချက်သည် ရာခိုင်နှုန်း ပြည့်လုနီးပါး ဖြစ်နေပါလေပြီ၊ အပေါင်းအသင်း တွေကလည်း ကြည်ဖြူစွာ လက်ခံလာပါပြီ။

သူ၏ကျမ်းတွင် ရှေးအစဉ်က သာမရိုးကျပြုလုပ်ခဲ့သော လုပ်ကွက်မှား ကလေးများကို ထောက်ပြ ထားပေသည်၊ လုပ်ရပုံနည်းနာကိုလည်း ကျနစွာပြဆိုထားပေသည်၊ ဆွမ်းသွတ် အမျှဝေပုံအကွက်သည်ကား အချက်ကျလှပေသည်၊ မည်သည့်ကျမ်းမျှ ဤမျှ တိကျအောင် ဖော်ပြထားသည်ကို မတွေ့ခဲ့ရ ဘူးပေ။

ကျမ်းသိထက် ကျမ်းညှိခက်၏၊နိဗ္ဗာန်သိဘို့ထက် ဒုက္ခသိခက်၏၊ အစာကိုစားသည်ထက် အစာချေခက်၏၊ အပြောထက် အလုပ်ခက်၏၊ စာကျက်ထက် စာပြန်ခက်၏၊စာဖတ်ထက် စာမှတ်ခက်၏၊ ဋီကာရေးရသည်ထက် နိဿယရေးခက်၏ဟူသော ခက်စုများတွင် ကျမ်းညှိခက်၌ ကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်လေသည်။

သူ၏ကျမ်းကား အောက်မှအထက်သို့ အဆင့်ဆင့် တက်၍ ပြထားပေသည်၊ စာသုံးထက် ရွာသုံးကို ဦးစားပေး၍ ရေးထား

သည်၊ ဖတ်သွားရင်း နားလည်နိုင်သည်၊ ပါဠိဆန်သော စကားလုံးများကို ကွင်းနိုင်သမျှ ကွင်းရှောင်သည်၊ အညာ တောကျေးလက်က စာကောင်း ပေကောင်း အများအပြား ထွက်ခဲ့ဘူးသည့်ထုံးရှိသည်၊ ခုလဲထွက်ဆဲ နောင်သောအခါမှာလည်း ထွက်ပေဦးမည်။

သိကျင့်ဘွယ်တကျမ်းလုံးကို ခြုံ၍ကြည့်လျှင် ဗုဒ္ဓဘာသာဝင်တဦးအတွက် ကိုးကွယ်ပုံ ကိုးကွယ်နည်း၊ ဒါနပြုပုံ ပြုနည်း၊ သီလဆောက်တည်ပုံ ဆောက်တည်နည်း၊ သမထ ထိုင်ပုံ ထိုင်နည်း၊ ဝိပဿနာ ရှုပုံ ရှုနည်း သေသူကို ရည်ညွှန်း၍ လှူရမည့်ပစ္စည်းဝတ္ထု အမျှပြုရပုံ နည်းနာတို့ကို ရပ်သုံး ရွာသုံး စကားလုံးများနှင့် မဖုံးမဝှက် ပြက်ပြက်ထင်ထင် ရေးထား ရကား-နှစ်သက်ဖွယ်ရာ အဖြာဖြာနှင့် ပြည့်စုံလေသည်။

သို့နှင့် ဤသိကျင့်ဘွယ်ရာ အဖြာဖြာသည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အတွက် အသိဉာဏ် ဖွံ့ထွား အကျိုး ကျေးဇူးများသော စာတအုပ်ပင် ဖြစ်ကြောင်း မိမိဉာဏ်တွင် ထင်မြင်ပါသတည်း။

ဦးထွန်းသိန်း (ဓမ္မာစရိယ)
၂၆-၆-၇၃

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | (က) |
| | အထူးသတိပေးချက်နှင့် တာဝန်ခံချက် | (ဂ) |
| | ဤစာအုပ်ကို ရေးသူ၏ အဓိကဆရာတော်များ | (ဃ) |
| | ကျွန်ုပ်၏ထင်မြင်ချက် | (ဇ) |
| ၁ | ပဌာမ | ၁ |
| ၂ | ပဋိညာဉ် | ၂ |
| ၃ | တောင်းပန်လွှာ | ၂ |
| ၄ | လူသုံးမျိုး | ၃ |
| ၅ | ပရမတ္ထတရား | ၄ |
| ၆ | နာမ်ရုပ်၌ သိကျင့်ဘွယ် | ၈ |
| ၇ | ၃၁-ဘုံ အရေအတွက် | ၂၀ |
| ၈ | လမ်း ၂-လမ်း | ၂၉ |
| ၉ | လူကပ်များ သိမှတ်ရန် | ၄၄ |
| ၁၀ | ဗုဒ္ဓဘုရားရှင်၏ အဆုံးအမသုံးမျိုး | ၅၂ |
| ၁၁ | နဝင်္ဂ သီလ၌ သိကျင့်ဘွယ် | ၆၀ |
| ၁၂ | မေတ္တာသုတ်၌ သိကျင့်ဘွယ် | ၆၇ |
| ၁၃ | လုပ်အားတန်ဘိုး ချစ်မြတ်နိုး | ၆၈ |
| ၁၄ | စ-၁၅-လုံး | ၆၈ |
| ၁၅ | မေတ္တာပွားနည်း စီစစ်ချက် | ၈၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆ | မေတ္တာပါရမီ၌ သိကျင့်ဘွယ် | ၈၂ |
| ၁၇ | (၅၂၈) သွယ်မေတ္တာ | ၈၆ |
| ၁၈ | ရှေးထုံးကိုပယ် ဈေးသုံးကိုလွယ် | ၉၃ |
| ၁၉ | လူ့ပြည်က ဘုရားပွဲ အမှားတော်ပုံ | ၉၅ |
| ၂၀ | လူမိုက်လူယုတ်မာများကမကြိုက် | ၉၉ |
| ၂၁ | လေးစားအပ်သော ရှေးပဝေဏီဝါဒ | ၁၀၄ |
| ၂၂ | ဗုဒ္ဓဘာသာ လူအစစ် | ၁၀၇ |
| ၂၃ | ကျေးဇူးရှင် | ၁၁၀ |
| ၂၄ | အာဂန္တုနှင့် အကုသိုလ် | ၁၁၃ |
| ၂၅ | ခိုတင်သားနှင့် အကုသိုလ် | ၁၁၆ |
| ၂၆ | ငွေကူခံနှင့် အကုသိုလ် | ၁၁၉ |
| ၂၇ | အ-၅လုံး-ကျေပါစေ | ၁၂၂ |
| ၂၈ | ကံကြီး ၄-ကံ | ၁၂၅ |
| ၂၉ | ဆွမ်းသွတ်ပုံ နည်းစံနစ်အမှန် | ၁၂၇ |
| ၃၀ | သိကျင့်ဘွယ်ရာအဖြာဖြာ | ၁၃၀ |
| ၃၁ | သံပေါက်ကဗျာ မှတ်စရာ | ၁၄၁ |
| ၃၂ | ပါရမီနှင့်ပုညကြိယာခြားနားချက် | ၁၄၂ |
| ၃၃ | မဟာဇနက္ကဇာတ်တော် | ၁၄၅ |
| ၃၄ | လူယုတ်ဝါဒ ကံကိုချ | ၁၄၅ |
| ၃၅ | သားသမီး၏ ရန်သူအစစ် | ၁၄၆ |
| ၃၆ | မြတ်စွာဘုရားဟောကြားတော် မူသော သုခ ၄-ပါး | ၁၄၇ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇ | နောက်ဆက်တွဲ ဂေါဏာမံသ သိရှောင်ဘွယ်ရာ | ၁၄၉ |
| ၃၈ | မြတ်စွာဘုရား တန်ခိုးတော်နှင့် လောကဓာတ်ပညာ | ၁၅၇ |
| ၃၉ | မြတ်စွာဘုရားနှင့် နာဠာဂီရိဆင် | ၁၆၃ |
| ၄၀ | မေတ္တာဓာတ်တန်ခိုး | ၁၆၄ |
| ၄၁ | အပါယ် လေးဘုံ၌ သိမှတ် ကြောက်ဖွယ်ရာ | ၁၆၄ |
| ၄၂ | ငရဲဘုံအပိုင်း၌ သိကြောက်ဖွယ်ရာ | ၁၆၅ |
| ၄၃ | ငရဲပြည် အကျယ်အဝန်း | ၁၆၈ |
| ၄၄ | ယမလောကီငရဲဆယ်မျိုး | ၁၇၀ |
| ၄၅ | အဝီစိ ပြည်နယ် ငရဲငယ်တို့၏ အသက်တမ်း | ၁၈၀ |
| ၄၆ | တိရိစ္ဆာန် ဘုံအပိုင်း, သိကြောက် ဖွယ်ရာ | ၁၈၄ |
| ၄၇ | ပြိတ္တာဘုံအပိုင်း သိကြောက်ဖွယ်ရာ | ၁၈၅ |
| ၄၈ | ပြိတ္တာ၏ အသက်တမ်း | ၁၉၅ |
| ၄၉ | အသုရကာယ်ဘုံအပိုင်း သိ-ကြောက် ဖွယ်ရာ | ၁၉၅ |
| ၅၀ | ကြောက်စရာကြီးတွေ | ၂၀၀ |
| ၅၁ | အချို့ဘိက္ခုများအတွက် အထူး ကြောက်ဖွယ် | ၂၀၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၂ | အရက်သမားဝါဒကဗျာ | ၂၀၆ |
| ၅၃ | သူဌေး ၂-မျိုး | ၂၀၉ |
| ၅၄ | တိရိစ္ဆာန်နှင့်ပြိတ္တာတို့၏ သွားရောက်ရာ | ၂၁၇ |
| ၅၅ | မေးစမ်းပါရစေ | ၂၂၇ |
| ၅၆ | သုဂတိလမ်းအကျဉ်းချုပ် | ၂၃၁ |
| ၅၇ | ဒါနအရာမှာ စေတနာစစ်စစ်ဖြစ်၍ ဖူးမွေးနိုင်ပုံ | ၂၃၅ |
| ၅၈ | လောကုတ္တရာစခန်း | ၂၅၀ |
| ၅၉ | လောကုတ္တရာ အလုပ်၏ အကျိုးစခန်း | ၂၆၉ |
| ၆၀ | ဝမ်းနည်းစရာကောင်းသောအချက်ကြီး | ၂၇၅ |
| ၆၁ | ဘိက္ခုများအတွက် မိဿကအဋ္ဌ သမောဓာန် | ၂၇၇ |
| ၆၂ | သမ္ဗုဒ္ဓေ ဂါထာတော်ကြီး ၄-မျိုး | ၂၈၇ |
| ၆၃ | ဂြိုဟ်ကြီး ၈-လုံး ပါဠိအနက် | ၂၉၀ |
| ၆၄ | ရှင်ပြုကိစ္စ၌ သိကျင့်ဘွယ်ရာ | ၃၀၃ |
| ၆၅ | ကထိန်သင်္ကန်းနှင့် ရေဒီယိုဥပမာ | ၃၀၇ |
| ၆၆ | မြတ်စွာဘုရား၏အရပ်တော် ၁၈-မိုက် | ၃၀၉ |
| ၆၇ | တဖက်အစွန်းရောက်နေကြပြီ | ၃၁၄ |
| ၆၈ | မစူးမစမ်း အရမ်းနေရင် အောက်သို့စုန် | ၃၂၄ |
| ၆၉ | စားရတာက ဖတ်သငတ်ငတ်ကြီး အမေ့က ကြီးပါပေ့ | ၃၂၆ |
| ၇၀ | လင်းမြွေနားရွက်ကုပ် | ၃၂၈ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၁ | ဟိတ်ခတ်ပုံကွာခြားချက် | ၃၃၁ |
| ၇၂ | သိဒ္ဓတ္ထမင်းသား ညည်းညူပုံ | ၃၃၆ |
| ၇၃ | ပဥ္စသိခနတ်စောင်းဘုရားရှိခိုး | ၃၃၇ |
| ၇၄ | ဟော-တွေ့ပါပြီ အချိန်ကောင်း | ၃၄၅ |
| ၇၅ | မင်္ဂလာချိန်ကောင်း မြတ်ဆုတောင်း | ၃၄၉ |
| ၇၆ | နိဂုမ်းဆုပေး | ၃၅၁ |
| ၇၇ | နိဂုမ်းဆုတောင်း | ၃၅၂ |
| ၇၈ | လက်တွေ့သမား စဉ်းစားစရာ | ၃၅၂ |
| ၇၉ | နာ ၃-နာ | ၃၅၄ |
| ၈၀ | ဝိညာဏဋ္ဌိတိ ၇-ပါး | ၃၅၄ |
| ၈၁ | ဗဟိဒ္ဓနတ်အားကိုးအပ်သလား | ၃၅၆ |
| ၈၂ | သံသရာဝယ်ခြာခြာလယ် တရားတော် | ၃၅၈ |

၄။ ကုက္ကုဋ္ဌသူကရဒါန–ကြက် ဝက် ဘဲ ဆိတ် စသည်ကို သတ်သူတို့ထံသို့ ပေးလှူရောင်းစားခြင်းတပါး။

၅။ တုလကူဋမာသကူဋဒါန–ချိန်ခွင် တင်း တောင်း ငွေ ငွေစက္ကူ ငါးပိ ငံပြာရည် စသည်ကို မမှန် မကန် ချိန်တွယ်ပြုလုပ် ပေးကမ်း ရောင်းဝယ်ခြင်း တပါး။

ဤငါးပါးမှာလည်း ဒုဂ္ဂတိဘုံ အကျဉ်းအားဖြင့် ၂၉၇–ဘုံသို့ ရောက်ကြောင်း မကောင်းမှုအစစ်ဖြစ်ပါသည်။

ပြခဲ့ပြီးသော မဇ္ဇဒါန သမဇ္ဇဒါန ဣတ္ထိဒါန ဥသဘဒါန စိတ္တကမ္မဒါန ဝိသဒါန သတ္ထဒါန သခ်လိကဒါန ကုက္ကုဋ္ဌသူကရဒါန တုလကူဋမာသကူဋဒါန ဟူသော ဒါနကိစ္စဆယ်မျိုးကို အဓမ္မိကဒါန တရားမရှိသောဒါန မတရားသောဒါန အပါယ်ဒုဂ္ဂတိသို့ ရောက်ကြောင်းဖြစ်သောဒါနဟူ၍ ဟောတော်မူခဲ့ပါသည်။

၎င်းဒါနကို ပြုလုပ်လိုက်စားနေသူများသည် အပါယ်လမ်းသို့ သွားနေကြသူများသာဖြစ်တော့သည်။ (သနားဖွယ်)။

၎င်းအဓမ္မိကဒါန ၁၀–ပါးကို လွယ်လွယ် ကူကူနှင့် သိစေရန် ဂ–လုံးဖွဲ့ပြု၍ ရေးပြပါအံ့။ (အရကျက်မှတ်ထားကြပါ)

**အဓမ္မိကဒါန ၁၀–ပါးကဗျာ**

လူအများဂ–ဒါနအမှန်၊
နိဗ္ဗာန်ရောက်ကြောင်း–လမ်းကောင်းဟုကြံ၊
လှူပါသော်လဲ–ငရဲရောက်ပြန်၊
ထိုဒါန–ထုတ်ပြကျမ်းအမှန်။

ဇာတ္တသယ ၅၂၂–၄

**မစ္ဆဒါန**

၁။ ထန်းရည်အရက်–မူးချက်ထွေထွေ၊
သေရည်သေရက်–ရောင်းလျက်လှူဝေ၊
ကုသိုလ်ဘဲဟု–ထင်လွဲသူတွေ၊
ယေပြန်က–ရောက်ရငရဲပြေ။

**သမဇ္ဇဒါန**

၂။ အလှူပွဲဘိ–ပွဲထည့်ဆိုင်းခေါ်၊
လှူမှုဒါန်းမှု–ပြုစုပြန်သော်၊
ဒါနစစ်တမ်း–ခွဲခြမ်းလေသော်၊
အလှူမဲ–ငရဲဟာသပေါ်။

**ဣတ္ထိဒါန**

၃။ မိန်းမယောကျ်ား–ပေါင်းငြားဘို့ရယ်၊
ကြောင်းကျိုးပြသ–ခြားကအောင်သွယ်၊
ပြုလုပ်လေဘိ–ကျိုးရှိထင်တယ်၊
အောင်သွယ်များ–သွားရငရဲကွယ်။

**ဥသဘဒါန**

၄။ တိရစ္ဆာန်မျိုး–သားထိုးပြန်တယ်၊
အသက်မွေးမှု–ပြုစုမဖွယ်၊
မပြုသင့်တဲ့–အကျင့်ပါကွယ်၊
ဥသဘ–ဒါနဆိုရတယ်။

**စိတ္တကမ္မဒါန**

၅။ ပန်းချီပန်းပု–ရေးထုလေပြန်၊
အင်္ကျီကိုယ်ဝတ်–ကျွတ်သည့်ပုံဟန်၊

ရေးမှုထုမှု–မပြုရှောင်ရန်၊
စိတ်ဖောက်ပြား–ပယ်ရှားစေဘို့ရန်။

**ဝိသဒါန**

၆။ သေစေတတ်သည့်–ဆိပ်ရှိဆေးကို၊
ပေးကမ်းရောင်းမှု–မပြုနှင့်ဆို၊
ဝိသဒါန–ပါပထိုထို၊
ရှောင်းဝယ်ဘိ–ရှောက်ရှေ်ငရဲကို။

**သတ္တဒါန**

၇။ ဒါးလှံသေနတ်–အမြောက်ဗုံးဆံ၊
သေစေတတ်သည့်–လက်နက်တန်တန်၊
ပေးရောင်းသမှု–မပြုစေရန်၊
မြတ်ဗုဒ္ဓ–ထုတ်ပြရှေ့ကျမ်းဂန်။

**သင်္ခလိကဒါန**

၈။ ချိုးခါကျေးသား–ထည့်ထားဘို့ရာ၊
နှောင်အိမ်အပေါင်း–မရောင်းဝယ်ရာ၊
သင်္ခလိက–ဒါနဆိုတာ၊
ရှောင်ပါကွဲ့–ဟောခဲ့ကျမ်းဂန်မှာ။

**ကုက္ကုဋ္ဋသူကရဒါန**

၉။ ကိုယ်တိုင်မွေးလျက်–ကြက်ဝက်သွယ်သွယ်၊
အရှင်လတ်လတ်–မေးအပ်ကြ[illegible]
ကိုယ်မသတ်လဲ–သ[illegible]
ကုက္ကုဋ္ဋ–ဒါနခေါ်ရတယ်[illegible]

၁၆၇၆၁
သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

**တုလကုဋ္ဋမာသကုဋ္ဋဒါန**

၁၀။ ချိန်ခွင်တင်းတောင်း–ငွေကောင်းမမှန်၊
ရောင်းဝယ်မှု–ပြုစုလေပြန်၊
တုလကုဋ–မာသကုဋ္ဋ၊
ဒါနတဲ့–ရှောင်ကွဲ့အတန်တန်။
အဓမ္မိက–ဒါနဆယ်တွေ၊
မသိရလို့–ပြုကြသလေ၊
သိတဲ့နေ့က–စ၍ရှောင်လေ၊
မရှောင်ရှား–သွားတော့ငရဲပြေ။

**ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ သုံးမျိုး**

သဗ္ဗပါပဿ အကရဏံ၊ကုသလဿုပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

သဗ္ဗပါပဿ၊ အလုံးစုံသောမကောင်းမှုကို။ အကရဏံ၊ မပြုရခြင်းရင်း။ ကုသလဿ၊ ကုသိုလ်ကောင်းမှုကို။ ဥပသမ္ပဒါ၊ ထက်ဝန်းကျင်မှ ပြည့်စုံစေခြင်းရင်း။ သစိတ္တပရိယောဒပနံ၊ မိမိစိတ်ကို ထက်ဝန်းကျင်မှ ဖြူစင်စေခြင်းရင်း။ ဧတံ၊ ဤသုံးပါးသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင် ဟူသမျှတို့၏။ သာသနံ၊ အဆုံးအမတော်ပေတည်း။

မြန်မာလို အတိအကျဆိုရသော်–

၁။ သဗ္ဗပါပဿအကရဏံ၊ မကောင်းမှုအားလုံးကိုမပြုရ။
၂။ ကုသလဿုပသမ္ပဒါ၊ ကုသိုလ်ကို ထက်ဝန်းကျင်မှ ပြည့်စုံပါစေ။

၃။ သစိတ္တပရိယောဒပနံ၊ မိမိစိတ်ကို ထက်ဝန်းကျင်မှ ဖြူစင်ပါစေ။

ဧတံဗုဒ္ဓါနသာသနံ၊ ဤတရားသုံးပါးသည် ဘုရားရှင်တိုင်း၏ အဆုံးအမတော်ဖြစ်သည်ဟု အတိအကျမှတ်ပါ။ (ဤနေရာ၌ ထက်ဝန်းကျင်နှင့်ပတ်ဝန်းကျင်မှာ အရတူဖြစ်၍ ရွာ ရွာ၏ ပတ်ဝန်းကျင် ထက်ဝန်ကျင်အပြင်ဘက်ဟုဆိုရာမှာ ရွာ၏ တံခါးလေးပေါက်အတွင်းနှင့် ခြံစည်းရိုး၏ အတွင်းကို ရွာဟုခေါ်ပြီးလျှင် အပြင်ဘက်ဖြစ်သော စည်းရိုး အစပ်နားကစပြီး အဝေးကြီး မြေပြင်တဆုံးအထိကို ထက်ဝန်ကျင် ပတ်ဝန်းကျင် အပြင် အပပြင်ဘက်ဟု မှတ်ကြရသလို မှတ်ယူကြစေခြင်းငှာ)။ ပါပဿ၊ မကောင်းမှုကို ဟူ၍သာ ဟောတော်မမူဘဲ။ သဗ္ဗပါပဿ၊အလုံးစုံသော မကောင်းမှုကိုဟုရင်း။ သမ္ပဒါ၊ ပြည့်စုံစေရမည်ဟူ၍သာ မဟောဘဲ။ ဥပသမ္ပဒါ၊ ထက်ဝန်းကျင် ပတ်ဝန်းကျင် ပြည့်စုံစေရမည်ဟူ၍ရင်း။ ဥဒပနံ–ဩဒပနံ–ယောဒပနံ၊ စင်ကြယ်စေရမည် ဟူ၍သာမဟောဘဲ။ပရိယောဒပနံ၊ ထက်ဝန်းကျင် ပတ်ဝန်းကျင်မှ ဖြူစင်သန့်ရှင်း စင်ကြယ်ပါစေဟုရင်း။ သဗ္ဗဟူသော သဗ္ဗနာမ်ပုဒ်၊ ဥပဟူသောဥပသာရပုဒ်၊ ပရိဟူသော ဥပသာရပုဒ်တို့ကို မြတ်စွာဘုရားက ကျကျနန ဂဃနဏ ဟောတော်မူခဲ့သည်ကို စီစစ်၍ ပြုပါအံ့။

၁။ **မကောင်းမှု အားလုံးကို မပြုလုပ်ရ** ဟူသော ပဌမ ၁–နံပါတ် အဆုံးအမတော်၌ သဗ္ဗသဒ္ဒါကို ဟောတော်မူခဲ့သဖြင့် မကောင်းမှုသာဆိုရင် မကောင်းမှုနဲ့နဲ့ကလေး သေးသေးကလေးကိုရော၊ဟိုတ်မကောင်းတဲ့မကောင်းမှုကိုရောတိုက်တွန်းလှုန်းလို့လုပ်ရပါတယ်ဆိုတဲ့မကောင်းမှုကိုရော၊တိုက်တွန်းပေးမှုဆိုတဲ့မကောင်း

မှုကိုရော၊ (မင်းအမဲသားရောင်းတာမြတ်ရဲ့လား၊ မြတ်ရင်တော် ပါရဲ့ကွာစသည်မျိုးဖြင့်မို ဦးမွမ်းတဲ့မကောင်းမှုကိုရော၊သဘော ဟူငြိမ်နေတဲ့ မှိန်းနေတဲ့ မသိချင်ယောင်ဆောင်နေတဲ့မကောင်းမှု ကိုရော၊ကိုယ်ကတော့ဒီလိုလုပ်ထာကိုသဘောမတူပါဘူး၊ ဒါပေမဲ့ အများက ဒီလိုလုပ်ပါဆိုလို့ လုပ်မိပါတယ်ဆိုတဲ့ မကောင်းမှု ကိုဇရော၊ အများသဘောဘဲဟု အများကို လွှဲပုံချတဲ့ မကောင်းမှု ကိုရော၊ ဝါသနာမပါဘဲနဲ့ အကုသိုလ်မှန်းလဲ သိပါရက်နဲ့ အများ မိုးခါးရေ သောက်လို့ သောက်ရပါတယ် ဆိုသော မကောင်းမှုကိုရော၊ ဝိုင်းကြီးချုပ် စနစ်မျိုးဖြင့် ပါဝင်နေသော အကုသိုလ်ကိုရော၊ ဘုရားပွဲ၊ အလှူပွဲ၊ မင်္ဂလာဆောင် ပွဲတွေမှာ သတ်မှု ဖြတ်မှု ပါဏာတိပါတကံတွေကို မိုးမွန်အောင် လုပ်နေ ပါလျက်နဲ့၊ကိုယ့်ပယောဂမပါဟု ယူဆပြီးနေပေမဲ့ ပယောဂတွေ ပါနေတာကို ဟိတ်ခတ်နေတာကို တကယ်မသိကြတဲ့၊ ငါတို့ လုပ်တာ အစင်ကြယ်သားဘဲ၊ငါတို့သတ်ထာမှမဟုတ်ဘဲ၊ လာပြီး ရောင်းလို့ဝယ်တာဘဲ၊ တခြားရွာက လာရောင်းလို့ ဝယ်ရတာဘဲ၊ စင်ကြယ်နိုင်ပါတယ်၊ စင်ကြယ်သားဘဲဟု ကိုယ့်စိတ်ကို ပေါ့ပေါ့ ဆဆကလေး တွေးပြီး၊ ကိုယ့်စိတ်ကိုလှည့်စားပြီး အထင် ရောက် နေပေမဲ့ မသိမသာနဲ့ ပါဝင်နေတဲ့ မကောင်းမှုကိုရော၊ အဲဒီလို စသည်စသည်ဖြင့် အားလုံးသော မကောင်းမှုမှန်သမျှကို သဗ္ဗ သဒ္ဒါက သိမ်းကြုံးရှိထားသဖြင့် ရှောင်ကြဉ်ရမည်မှာ ကေန်ပင် ဖြစ်တော့သည်၊ မရှောင်ကြဉ်ပါက ၁-နံပါတ်ဖြစ်တဲ့ သဗ္ဗပါပဿ အကရဏံ၊ ဟူသောအဆုံးအမတော်ကို လိုက်နာကျင့်ကြံသူမဟုတ် လိုက်နာသူ မပီမသ ဟန်ဆောင်ဃမား သက်သက် ဗုဒ္ဓဘာသာ အရေခြုံသက်သက်သာဖြစ်ရတော့သတည်း။

၂။ **ကုသိုလ်ကိုထက်ဝန်းကျင်မှ ပြည့်စုံပါစေ။** ပြည့်စုံအောင် ပြုလုပ်ဟူသော အဆုံးအမတော်အရမှာလည်း ဥပသမ္ပဒါဟူသော ပုဒ်ထဲမှာပါနေတဲ့ ဥပဟူသော ဥပသာရပုဒ်က သဗ္ဗသဒ္ဒါနှင့် အလားတူပင်ဖြစ်သောကြောင့် ထက်ဝန်းကျင်ဆိုရာ၌ ပါဏာတိပါတစသော မကောင်းမှု ဟိတ်မကင်းတဲ့ မစင်ကြယ်တဲ့ ဖွံ့သုကူသဘောမျိုးသို့ ဘယ်နည်းနှင့်မျှမသက်ရောက်နိုင်တဲ့ ပွံ့သုကူမစစ်တဲ့ (ငါ့အလှူကို ငါ့ကို အကြောင်းပြုပြီး သတ်ထားဘဲ သတ်ထား ထင်ပါရဲ့ဟု မှန်းဆ၍ သိမြင်နိုင်သော) ကြားသား မြင်သား ထင်သားများဖြင့် ဒါနပြုမှု၊ သွမ်းအုပ်ပို့မှု၊ အလှူကြီးကြီး အလှူ သေးသေးမှာ ကျေးမွေးမှု၊ ခိုးဝှက်လိမ်ညာမှုစသည်ဖြင့် မကောင်းမကာန်းသော ပစ္စည်းစသည်ကို လှူဒါန်းမှု အစရှိသော အဓမ္မိက ဒါနမျိုးများသည် ကုသိုလ်အစစ်မဟုတ်၊အကုသိုလ်သာဖြစ်သည်။ ကုသိုလ်လိုလိုထင်ရသော ကုသိုလ်ကိုစွဲပြီး ဖြစ်ရသော အကုသိုလ်သာဖြစ်သည်၊ ထို့ကြောင့် မြတ်စွာဘုရားက (ကုသလံဓမ္မံပဋိစ္စ အကုသလောဓမ္မော ဥပ္ပဇ္ဇတိ) ကုသိုလ်တရားကို စွဲ၍ ဖြစ်သော အကုသိုလ်တရား ဖြစ်တော့၏ဟု ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူခဲ့သည်၊

ဒါကြောင့်အစစ်တမ်း စင်ကြယ်သော ထက်ဝန်းကျင်မှဖြူစင်သော တကယ့်ကုသိုလ်အစစ်နှင့် ပြည့်စုံရမည်ဟု ဟောတော်မူရင်းဖြစ်သည်၊ နောက်ဆုံး ပန်းတိုင်ဖြစ်သော မဂ်ကုသိုလ်ကိုရအောင် အထိ ဟောတောမူခဲ့သော အဆုံးအမတော်ဟူ၍ အတိအကျ သိဘို့ရာခဲယဉ်းသည်၊ ငါတို့ဒကာ ဒကာမတွေ ငါတို့သာသနာ့ဝန်ထမ်းတွေက တကယ် စဉ်းစားကြစမ်းပါ၊ တကယ်ဝေဘန်ကြစမ်းပါ၊ ဒို့လုပ်နေတဲ့ ကုသိုလ်အလုပ်တွေဟာ **ကုသလဿုပသမ္ပဒါ**

ဟူသော ဘုရားသခင်၏ စကားတော်နှင့်ညီ မညီ၊ ကိုက် မကိုက် စဉ်းစားကြစေမင်းပါ၊ ဟန်ဆောင်သမား ဟန်ဆောင် အသိကို ဘုရားက အလိုမရှိ၊ ဟန်ဆောင်ကုသိုလ်လုပ်ပုံကိုဘုရားမကြိုက်။

၃။ **မိမိစိတ်ကို ထက်ဝန်းကျင်မှ စင်ကြယ်ပါစေ–** ဆိုရာမှာလည်း၊ (ပရိယောဒပနံ) ဟူသောပါဠိ၌ ပရိဟူသော ဥပသာရပုဒ်က သဗ္ဗသဒ္ဒါနှင့်အလားတူပင်ဖြစ်၍အလုံးစုံဟူသောစကားနှင့် အတူတူပင်ဖြစ်ရကား၊ စိတ်ကိုတကယ့် ကိုဖြူဖြူစင်စင်ဖြစ်စေရမည်၊ ဘယ်လိုဖြူစင်စေရမည်လဲ၊ ငါပေးလှူတဲ့ အလှူဒါနသည် ဖြူစင်၏၊ ငါ့အလှူထဲမှာ (အင်္ဂုတ္တိုရ်ပါဠိတော်၌) တိုက်ရိုက်ဟောပြထားတဲ့ ကဏှကံ ခေါ်တဲ့မည်းညစ်တဲ့ကံမဲကြီးလဲမပါဘူး၊ ကဏှသုက္ကကံ လို့ခေါ်တဲ့ အမဲနဲ့အဖြူဆိုတဲ့ ကုသိုလ်နဲ့ အကုသိုလ် ရောပါနေတဲ့ ကံကြောင်လဲမပါဘူး၊ ဟာသငရဲကိုသွားရမဲ့ သမဇ္ဇဒါနခေါ်တဲ့ ပွဲသဘင်ကိစ္စလဲ မပါဘူး၊ ပဏာသနတွေကိုလဲ ဦးစားမပေးဘူး၊ ငါ့အလှူကိစ္စမှာ ငါ့ပယောဂကြောင့်၊ ငါ့အလှူက ဟိတ်ခတ်မှုကြောင့်၊ ငါ့လှူမဲ့ အလှူကိုမှန်းပြီး ရောင်းချလိုသူက သတ္တဝါတကောင်တမြီးကိုမှမသတ်ဘူး၊ ငါ့အလှူဟာ အဖက်ဖက်က စဉ်းစားတိုင်း စင်ကြယ်တယ် တကယ်ကိုစင်ကြယ်တယ်၊ ဟန်ဆောင်စင်ကြယ်တာမဟုတ်ဘူး၊အကုသိုလ်ဟိတ်ခတ်ကိုခတ်တာမဟုတ်ဘူး စသည်ဖြင့် မိမိအလှူအတွက် အဖက်ဖက်က စဉ်းစားကြည့်တိုင်း အပြစ်ကင်းနေကြောင်းကို ကိုယ့်ကိုယ်ကိုယ်လဲ ဝေဘန်နိုင် မှတ်ကျောက်အတင်ခံနိုင်သူ၊ သူတပါးက ဝေဖန်တာကိုလဲ အဝေဖန်ခံနိုင်လောက်အောင် ကိုယ့်စိတ်ကို တကယ့်ကို စင်ကြယ်အောင်ထားနိုင်အောင် စင်ကြယ်ခြင်းကို မိမိစိတ်ကိုထက်ဝန်းကျင်မှဖြူစင်စေရမည်ဟု ဟောတော်မူခြင်းဖြစ်သည်။

ဤနေရာ၌ မိမိပြု လုပ် ထား သော အလှူကိစ္စက မစင်မကြယ်ကြီးဖြစ်နေရင် ငါ့ဥစ္စာ မစင်ကြယ်ပါဘူးဟု သူတပါးကို ဖွင့်ဟ၍ မပြောဝံ့ပေမဲ့ သူလုပ်ထားတဲ့ကိစ္စကို သူ့ဟာသူ သိသိ ထားသဖြင့်ငါ့အလှူဟာ ငါလုပ်မိတဲ့ကိစ္စတွေဟာ ငါကစင်ကြယ်ပါတယ်လို့ ပြောပြောနေရပေမဲ့၊ မသိတဲ့လူတွေအပေါ်မှာ ဟန်လုပ်နေရပေမဲ့၊ ဟန်ဆောင်ကောင်းနေပေမဲ့၊ သိပြီးသားကြီးဖြစ်နေလေတော့၊ မောင်မင်းကြီးသားနှင့် မယ်မင်းကြီးသမီးတွေဟာ မှားမိလေခြင်း မှားမိလေခြင်းဟု စိတ်တွင်းမှာ တအုံနွေးနွေးကြီး ဖြစ်ဖြစ်နေရ၏၊အဲဒီ တအုံ နွေးနွေးကြီးဟာ မကြာမကြာ ဖြစ်ဖြစ်နေ၏။ (သူများကတော့ဘယ်သိပါမည်လဲ) အဲဒီ တအုံနွေးနွေးကြီးဟာ၊ သေခါနီးလို့ ဇောစောချိန်မှာ အဲဒီ အကုသိုလ်မှုတွေက အစီအရီ စိတ်ထဲမှာ ပေါ်လာပါရော့၊ မပေါ်ဘဲကိုမနေဘူး၊အဲဒီလိုပေါ်ပေါ်လာတာကို (အာသန္နကံ) လို့ ဘုရားက ဟောတော်မူခဲ့တယ်၊ အဲဒီအခါမှာ အဲဒီအလှူဒကာအလှူဒါကာမတွေမှာ အကုသိုလ်ဇောစိတ်နှင့် စုတိစိတ်ကျရခြင်းကြောင့် သေရခြင်းကြောင့်၊ဒုဂ္ဂတိဘုံသို့ ဒိဋ္ဌရောက်ရလေတော့၏၊ အဲဒီလိုဒုဂ္ဂတိဘုံထဲသို့ ကျရောက်နေကြ ရသည်မှာ သူတပါးကပို့လို့ ကျရောက်ရတာ မဟုတ်၊ ကိုယ်ကိုယ်တိုင်က မသေမီကာလကအပြစ်တွေ မကောင်းမှုတွေနှင့် မကောင်းမှုနှင့် ရောရောပြီး ပြုလုပ်ခဲ့တဲ့ ကုသိုလ်တွေ ကံကြောင်တွေ မစင်မကြယ်တွေကို ပြုလုပ်မိခဲ့ကြလို့ ဒုဂ္ဂတိဘုံသို့ ကျရောက်ရတာတွေကို အဲဒီကို ရောက်သွားရတဲ့အခါ **ရေဝတီ မိန်းမဆိုးကြီး** သိသလို၊ **ဒု-သ-န-သော သူဌေးသား လေးယောက် သိသလို** သိကြရပါလိမ့်မည်၊ မသေမီကတော့ သတိမထားဘဲ မစီစစ်ကြဘဲ ယောယိမ်းလိုက် ဘသား

ယိမ်းလိုက် ပြုလုပ်နေကြသူတွေကို သိတဲ့လူက အဲဒီလူစား ယိမ်း သမားတွေကို သနားပြီး လက်ပိုက် ကြည့်နေရုံမှတပါး ဘာကိုမှ မတတ်နိုင်တော့ပေ၊ (ယခုရေးပြသောဘုရား တရားတော်တွေကို ကြပ်ကြပ်ကြီး စဉ်းစားကြစမ်းပါ)၊ တော်၊ ဤ ကျကျ နန ဂ ဃ န ဏ ဆိုးမ၍ ထားခဲ့သော တရားတော် သုံးမျိုးသည်။ ဗုဒ္ဓါနုံ၊ ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင် ဟူသမျှ တို့၏။ သာသနာ၊ အဆုံးအမတော်ကြီးပါပေတည်း။

အဲဒီ ဘုရားသခင်၏ အဆုံးအမ တရားတော်အရ ဟန်ဆောင် သမား မဖြစ်ရအောင် ဟန်ဆောင် ဗုဒ္ဓဘာသာ မဖြစ်ရအောင် တကယ်သိသိ၍ တကယ်တွေး တွေး၍ တကယ်ကျင့် ကျင့်ကြဘို့ရာ အတိုချုပ်နည်းအားဖြင့် ရေးပြလိုက်ပါသည်၊

တကယ် မဟုတ်သူများ အတွက် ဥပမာကို ပြပါအံ့။ ရွှေရေ စိမ်ထားရုံနှင့် အရောင် တင်ထားရုံနှင့် ရွှေအစစ် မဖြစ်နိုင်ပုံကို သိကြတယ် မဟုတ်လား၊ အဲဒီလိုဘဲ ဒိုက်တော့ အရှောင်သားဘဲ ဆိုရုံမျှနှင့် **အရှောင်သမား** မဖြစ်နိုင်၊ ဒိုက အသတ်ခိုင်းတာမှ မဟုတ်ဘဲဟု ဆိုရုံနှင့် အကုသိုလ်က မလွတ်နိုင်၊ အကုသိုလ်ဟိတ်က မကင်းနိုင်၊ ကမ္ဘာ့ ဟင်းသီးဟင်းရွက်တွေပါဘဲဟု ထင်နေရုံနှင့် ဒုဂ္ဂတိက မလွတ်နိုင်၊ အများ သဘောကြောင့် လုပ်မိပါတယ်ဟု အများကို လွှဲချ ပုံချရုံမျှနှင့် ဒုဂ္ဂတိဘုံက ရှောင်၍ မရနိုင်၊ ဟန် ရှောင် မဟုတ် တကယ်ရှောင်မှ၊ ဟန်စင်ကြယ် မဟုတ်ဘဲ တကယ် စင်ကြယ်မှ၊ ဟန်ကျင့် မဟုတ်ဘဲ တကယ်ကျင့် ကျင့်မှ တကယ် သမား ဖြစ်ရမည်၊ (ဥပမာ တမျိုး) ဘုန်းကြီးတွေက အနေကဇာ ဝိုင်းပြီး တင်ပေးလိုက်ရုံနှင့် တကယ့် သဗ္ဗညုဗုဒ္ဓဘုရားကြီး အစစ် မဟုတ်ဘဲ ရုပ်ပွါးတော်ဘုရား စေတီတော် ဘုရားသာ ဖြစ်ရသလို

ဗုဒ္ဓဘာသာ ရဟန်းပါ၊ ဗုဒ္ဓဘာသာ ကိုရင်ပါ၊ ဗုဒ္ဓဘာသာ လူပါ ဆိုရုံနှင့် ပြခဲ့ပြီးသော ဘုရား အဆုံးအမတော် သုံးမျိုးကို မလိုက်နာ မပြုကျင့်ပါက ဗုဒ္ဓဘာသာ အတုမျှသာ အရေခြုံ မျှသာ ဖြစ်၍နေကြသည်ကို မိမိဉာဏ်နှင့် ကျမ်းဂန်က တရားတွေကို ရောမွှေပြီး စေ့စေ့ စပ်စပ် စဉ်းစား၍ ဝေဘန်ကြပါကုန်။

**သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု**၊ သံသရာဘေးကြီးကို ရှုတတ်သောကြောင့် ရဟန်း။ **ကာရဏာ ကာရဏေ ဓမ္မေ မနတိ ဇာနာတီတိ မနုဿော**၊ အစစ အရာရာ၌ အကြောင်းအကျိုး တရားတွေကို သိတတ်သောကြောင့် လူ ဟုဆိုအပ်သော ရဟန်း အင်္ဂါ လူအင်္ဂါနှင့် ပြည့်စုံသော ရဟန်းရှင်လူ ဖြစ်နိုင်ကြပါစေ သတည်းဟု **စေတနာ ကရုဏာ အနုစ်နာ** ဟူသော နာသုံးနာ ဖြင့် ရေးထုတ်လိုက်ပါသည်။ (နာ ၃-နာကို နောက်မှာ ရှင်းပြမည်)။

ဤအဆုံးအမ သုံးမျိုးကို မလိုက်နာ မပြုကျင့်သောသူသည် ဘယ်သူဘဲ ဖြစ်ဖြစ် ဗုဒ္ဓဘာသာ အရေခြုံသမားသာ ဖြစ်ရသည်၊ (ယုံမှား မရှိနှင့်၊ အတုသမားပါ၊ အရောင်ဆောင် သမားပါ၊ ဟန်ဆောင်သမားပါ)။

ဤအဆုံးအမတော် သုံးမျိုးကို လိုက်နာပြုကျင့်သောသူသည် ၅-ပါးသီလကိုင်း ၈-ပါး သီလကိုင်း ၁၀-ပါး သီလကိုင်း သာမဏေသီလကိုင်း ရဟန်းသီလကိုင်း လုံလုံလောက်လောက် ပြည့်ပြည့်စုံစုံ ဖြစ်အောင် ပြုကျင့်ခြင်းငှာ မခဲယဉ်းတော့ပေ၊ (ထို သီလအမျိုးမျိုးတွေကို ဤနေရာ၌ မပြတော့ပြီ၊ ဆိုင်ရာမှာ လေ့ လာကြပါကုန်။)

## နဝင်္ဂသီလ၌ သိကျင့်ဘွယ်

ဤနဝင်္ဂ ဥပုသ်သီလကို အင်္ဂုတ္တရနိကာယ် နဝကနိပါတ် ၂- သီဟနာဒဝဂ် ၇-ခုမြောက် သုတ်၌ အင်္ဂါ ကိုးပါးနှင့် ပြည့်စုံအောင် ကျင့်သုံးအပ်သော နဝင်္ဂဥပုသ်သည် အကျိုးများ၏၊ အာနိသင် များ၏၊ တန်ခိုးအာနုဘော် ကြီး၏ဟု နိဒါန်းပျိုးပြီးလျှင် ထိုအင်္ဂါကိုးပါး၏ သရုပ်ကို ထုတ်ဖော်ပြရာမှာ-ပါဏာတိပါတသိက္ခာပုဒ်မှ စ၍ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်တိုင်အောင် ရှစ်ပါးသီလအတိုင်း ဝေရမဏိသဒ္ဒါ သမာဒိယာမိသဒ္ဒါများနှင့် ထုတ်ပြတော် မူပြီးလျှင် အဆုံး၌ မေတ္တာသဟဂတေန စေတသာ ဧကံဒိသံ ဖရိတွာ ဝိဟရတိ၊ မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် အရပ်မျက်နှာ တခုရှိ သတ္တဝါ၌ ပြန့်နှံ့စေပြီးလျှင် နေ၏ဟူ၍ ဟောကြားတော်မူသည်၊ ဟောတော်မူလိုရင်း အဓိပ္ပါယ်ချုပ်မှာ ရိုးရိုး ရှစ်ပါးသီလကိုဆောက်တည်ပြီးလျှင် မေတ္တာတရားကို ပွားများနေရမည်ဟု ဟောတော်မူလိုရင်း ဖြစ်သည်။ ရှစ်ပါးသီလကို လုံခြုံအောင် စောင့်ထိန်း၍ မေတ္တာတရားကို ပွားများနေလျှင်ထိုသူသည် နဝင်္ဂဥပုသ်သီလကိုကျင့်သုံးနေသူဖြစ်တော့၏။ မေတ္တာဟူသည် ဘာဝနာ ဖြစ်၏၊ သီလကိုသာ ဆောက်တည်ရသည်၊ ဘာဝနာဟူသည် မပြတ်ပွားများရသော တရားမျိုးဖြစ်တော့၏၊ သို့ဖြစ်၍ နဝင်္ဂဥပုသ်ကို ကျင့်သုံးလိုသော ပုဂ္ဂိုလ်သည် မေတ္တာအတွက် သိက္ခာပုဒ်တခု ပြုလုပ်၍ ဆောက်တည်ရန် မလို။ (ထို့ကြောင့်ပင်မြတ်စွာဘုရားကလည်း သမာဒိယာမိ ဟူသော ပုဒ်ကို ထည့်၍ ဟောတော်မမူ) ရိုးရိုး ရှစ်ပါးသီလကို ဆောက်တည်ပြီးနောက်မှ မေတ္တာတရားကို စွမ်းနိုင်သမျှ ပွားများအားထုတ်နေလျှင် အင်္ဂါ ၉-ပါးရှိသော **နဝင်္ဂ** ဥပုသ်ကို

ကျင့်သုံးပြီး ဖြစ်သည် မည်ကြောင်းကို စိတ်ကောင်း ထား၍ ကောင်းမွန်မှန်ကန်စွာ မှတ်သားအပ်၏။

ထိုနဝဂ္ဂဥပုသ်ကို ဟောတော်မူရာ မေတ္တာနှင့် ပတ်သက်၍ (ကေဒိသံ) ဟူသော စကားကို ထည့်သွင်း ဟောတော်မူသဖြင့် မေတ္တာပွားများရာမှာ အရပ်မျက်နှာကို မမှတ်ဘဲ ပွားများခြင်းထက် အရပ်မျက်နှာကို မှတ်၍ ပွားများခြင်းက သာလွန်၍ ထိရောက်မည်အတွက် အရပ်ဆယ်မျက်နှာကို မေတ္တာပွားလိုသော အခါ မိမိစလိုသော အရပ်မျက်နှာမှစ၍ တရပ်စီ တရပ်စီ ဆယ်မျက်နှာ ပြည့်အောင် သတိမှတ်အာရုံပြုကာ ပွားများသင့်ကြောင်း အထူးမှတ်ယူရာ၏။

မေတ္တာကို သီလလုပ်၍ သမာဒိယာမိ ပုဒ်ကို ဘုရားကမဟော ပါဘဲနှင့်ပြုလုပ်ကြသည်မှာ ယခုအခါသာ မဟုတ်သေး၊မန္တလေး ဘုရင်တွေ လက်ထက်ကပင် နန်းမတော်ဝန် မောင်ယံ ဆိုသူက အဆန်းထွင်ဘူးသဖြင့် မြတောင်ဆရာတော်က အမှန်ဖြစ်အောင် ဆုံးမခဲ့ဘူးလေပြီ၊ ထို့နောက်လည်း ပုသိမ်မြို့ ဗိုလ်ကုန်းဆရာ တော် ရေးသားသော စာအုပ် တမျိုးနှင့် ရွှေကျင်ဂိုဏ်းမှ ရေးသားသော စာအုပ် တမျိုး တွင်လည်း အဆန်း ထွင်၍ ၉-ပါးသီလဆိုပြီး မေတ္တာကို သီလလုပ်ထားကြပြီး ငှင်းပြင် မိုးညှင်းဂိုဏ်း နဝင်းဂိုဏ်းတို့ကလည်း သီလလုပ်ပြီး ဆောက်တည် နေကြပြီ၊ ထိုကိစ္စနှင့်ပတ်သက်၍ ၁၃၀၁-ခုနှစ်ဆီက နဝင်္ဂသီလ အဓိကရုဏ်းကြီး ပေါ်လာရာ သိက္ခာပုဒ်ပြု၍ ဆောက်တည် ကောင်းသည်ဟူသောဘက်မှ ၄-ဦးမျှ၊သိက္ခာပုဒ်လုပ်၍ မဆောက် တည်ကောင်းဟူသောဘက်မှ ၁၆-ဦးမျှ မန္တလေးသူရိယ မြန်မာ့ အလင်း စသော သတင်းစာတွေမှာ ငြင်းခုန်ကြရာ သီလ မလုပ်

ကောင်း ပွားများရမည့် တရားသာ ဖြစ်ကြောင်း များမှာ ပါဠိတော်အဋ္ဌကထာများကို ကိုးကား၍ ပြနိုင်သဖြင့် မဆောက်တည်ကောင်းဟုသောဘက်ကပင် အနိုင်ရရှိဘူးလေပြီ၊ ထိုကိစ္စနှင့် ပတ်သက်၍ ဤစာရေးသူကလည်း **သာကီနွယ်** အမည်ဖြင့် ဆောင်းပါးများကို ရေးသားရုံမက **ဦးဝိသုဒ္ဓါစာရပြည်မြို့** ဟုသောအမည်ဖြင့် အဆုံးအဖြတ်ကြီးကို ရေးခဲ့ဘူးလေပြီ၊ ထိုကိစ္စနှင့် ပတ်သက်သော အငြင်းအခုံ အဆုံးအဖြတ် စာများသည် ဤစာရေးသူထံမှာ စာအုပ်ကြီးကြီးတအုပ်စာလောက် ယခုတိုင် ရှိသေးသည်။

ဒါတွင် မကသေး တချို့ကလဲ မနောကံတွေကိုပင် ဝေရမဏီ တပ်လျက် (အဘိဇ္ဈာ ဝေရမဏီ- သူ့ပစ္စည်းကို ရှေးရှု ကြံစည်ခြင်းမှ ရှောင်ကြဉ်ပါ၏) ဟု ဆောက်တည်ပြီးလျှင် အဘိဇ္ဈာ တုံးကြီး ဖြစ်နေသူတွေ (ဗျာပါဒါဝေရမဏီ-ရန်ငြိုး ဖွဲ့ခြင်းမှ ရှောင်ကြဉ်ပါ၏)ဟု သီလယူပြီး အာမဝန်တာ ခံခံနေပါလျက် မသေမချင်း ရန်ငြိုးဖွဲ့နေသူတွေ ဤနေရာ၌ ဘစိမ်းလူကို မဆိုထားဘိ ညီအကို အချင်းချင်း၊ ညီအမအချင်းချင်း၊ မောင်နှမ အချင်းချင်း၊ သားအမိ အချင်းချင်း၊ သားအဖ အချင်းချင်းပင် သေခဏ်း ပြတ်လောက်အောင် မုန်းတီးပြီး မသေမချင်း ရန်ငြိုး ထားနေသူတွေကလဲ ဒုနဲ့ဒေး၊ သူတို့ ဆောက်တည်တဲ့ သီလ ကတော့ ဗျာပါဒါ ဝေရမဏီတဲ့၊ (ရှက်ဖွယ်) မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ၊ မှားသော အယူကို ယူခြင်းမှ ရှောင်ကြဉ်ပါ၏- ဟု ပါးစပ် ကတော့ ဆိုပါရဲ့ ပရမတ်ကို ဖောက်မှားအောင် လုပ်သူတွေ၊ အယူအဆလွဲသူတွေ၊ ဘုရားဟော တရားကို ပယ်သူတွေ၊ စေတီ ၄-ရပ်ကို ပယ်သူတွေ မိစ္ဆာအာဇီဝါဝေရမဏီ-

မှားသော အသက်မွေးခြင်းမှ ရှောင်ကြဉ်ပါ၏ဟု သီလခံယူ ဆောက်တည် နေသူက ကြက်, ဘဲ, ဝက်, ငါး, ဆိတ်-စသော သတ္တဝါတွေကိုမွေးပြီး ဈေးပွားရှာလျက် မွေးမြူရေး လုပ်နေသူတွေ၊ အဲဒီလို လူတွေကို အမှန် အတိုင်း ဝေဘန်၍ ပြရလျှင် ဂတိကိုခံယူထားပြီးမှ ဂတိကို ဖျက်ဖျက်နေကြသူတွေ ဖြစ်သဖြင့် လိမ်ပြောနေတဲ့ မုသာဝါဒသမားတွေသာ ဖြစ်နေသဖြင့် အလိမ်သမားတွေကို သနားရုံမှတပါး ဘာမှ မတတ်နိုင်။

ဒါပေမဲ့ သူတို့ ကတော့ ငါတို့ဟာ အဖိုး တန်တဲ့ တကဲ့ သီလကြီး၊ သူတကာထက် သာလွန်တဲ့ မေတ္တာ ဘာဝနာ ကိုပင် သီလအနေနဲ့ ဆောက်တည်နိုင်တဲ့ သီလပိုင်ရှင်ကြီး၊ မနေ့ကဲ တွေကိုတောင် ရှောင်ကြဉ်နိုင်တဲ့ သီလ ပိုင်ရှင်ကြီး၊ မှားသော အသက်မွေးမှုဆိုတဲ့ မိစ္ဆာအာဇီဝကိုတောင်မှ ရှောင်ကြဉ်နိုင်တဲ့ သီလပိုင်ရှင်ကြီးဘဲဟု သွေးနထင် ရောက်ခါ စိတ်ထဲက အထင်ကြီးပြီး သူတကာ ကိုတောင် အထင် သေးနေကြ၏၊ ငါတို့ နားမှာ သောတာပန်သီလ တည်နားပြီ၊ သကဒါဂါမ် သီလ တည်နားပြီ၊ အနာဂါမ်သီလ တည်နားပြီ၊ ရဟန္တာသီလ တည်နားပြီဟု သောတာပန် သီလ, သကဒါဂါမ် သီလ, အနာဂါမ် သီလ, ရဟန္တာသီလဟု နာမည်ပေးကာ ပါးစပ်က ဆောက်တည် လိုက်လျှင် နားမှာ တည်နားသွားပြီဟု အားရပါးရ ကျေနပ်ကြကာ ကိုယ့်ကိုယ်ကို အထင်ကြီး နေကြ၏၊ အဲဒါဟာ အဆို သီလ, နား-တည် သီလဘဲ ဖြစ်မှာပေါ့၊ စိတ်တွင်းထဲကို တကယ် ရောက်တဲ့ သီလတော့ မဖြစ်နိုင်ပါ၊ အထင်ကြီးရုံဘဲ ရှိပါမည်။

အကြောင်းကား မဂ္ဂါဘိညာ သကိံ မတာဟု ကျမ်းဂန်မှာ အတိအကျ ရှိနေပါသည်၊ မဂ်ဇောဆိုတာ တကြိမ်သာ ဇောရိုး

ထုံးစံ ရှိပါသည်၊ ထပ်ပြန် တလဲလဲ စောမနေပါ၊ သူတို့အလို ကတော့ သီလ ဆောက်တည် လိုက်တုန်းမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာသီလတွေကို ငါတို့ ပိုင်သွားပြီဟု ထင်နေကြသည်၊ အထင်သမားဘဝနှင့် ကျေနပ်ကြသည်၊ ယုတ္တိ-ယုတ္တာ အာဘောင် အာရင်း သန်သန်နှင့် ငြင်းကြသည်၊ စကားနိုင်လုကြသည်၊ နိုင်အောင်ပြောကြသည်၊ လူအ-လူဖျင်းတွေမှာ သူတို့ ပြောတာတွေ အဟုတ်သားဘဲ-ဟု ထင်ရသည်၊ ဝန်ခံရသည်၊ အရှုံးပေးရသည်၊ ဒါပေမဲ့ စင်စစ် အမှန်မှာ ထိုသူတွေအတွက် မှုသာဝါဒသိက္ခာပုဒ်ကို ကျူးလွန်နေသူများ အဖြစ် သာလျှင် (လမ်းမှန်အရ) အဖတ်တင်နေ ပါသဖြင့် **ပေါ့စေလိုလို ကြောင်ရုပ်ထိုး ဆေးအတွက်လေး** ဆိုတာလို ဖြစ်နေသဖြင့် ထိုသူတွေ အတွက် စဉ်းစားမိတိုင်း ထိုသူ တွေ၏ တမလွန်ရေးအတွက်ရော ယခုပစ္စုပ္ပန် အတွက်ရော သနားမဆုံး ဖြစ်ရပါတော့သတည်း။ ဤကား အကျဉ်း မျှသာ ရေးပြခြင်း ဖြစ်ပါသည်။

အသင်တို့ စဉ်းစားသင့်ကြပြီ-ဒါပေမဲ့ သူတို့ကတော့ သူတို့ လုပ်နေတာတွေကို အကောင်းချည်း ထင်ထင်နေကြပြီး ဘုရားဟော တရားတွေကို ပြင်ပြင်ပြီး လုပ်နေကြ တာပေါ့၊ ကိုယ်လုပ်တဲ့အလုပ်ဟာ အဖျက်လုပ်ငန်းဘဲဆိုတာကို မသိကြလို့ပေါ့။

ဤနေရာ၌ **ဥပမာ**-တခုကို ထုတ်၍ ပြပါအံ့- ဟို-ရှေးအခါ တုန်းက ဟိမဝန္တာမှ မျောပါလာတဲ့ ဧရာမ ပုဇွန် လက်မကြီး တခုကို ဒသဟရ ( ဒသဘာတိက ) မင်းတွေက ဆယ်ယူပြီး စည်တော်ကြီးကျက်၍ တီးခပ်ကြရာ အဲဒီ (ကက္ကဋ္ဌ) စည်တော်ကြီးရဲ့အသံဟာ ယူဇနာများစွာ ဝေးကွာတဲ့အရပ်ကပင် ကြားရ

၄။ ကုက္ကုစ္စသူကရဒါန–ကြက် ဝက် ဘဲ ဆိတ် စသည်ကို သတ်သူတို့ထံသို့ ပေးလှူရောင်းစားခြင်းတပါး။

၅။ တုလကူဋမာသကူဋဒါန–ချိန်ခွင် တင်း တောင်း ငွေ ငွေစက္ကူ ငါးပိ ငံပြာရည် စသည်ကို မမှန် မကန် ချိန်တွယ်ပြုလုပ် ပေးကမ်း ရောင်းဝယ်ခြင်း တပါး။

ဤငါးပါးမှာလည်း ဒုဂ္ဂတိဘုံ အကျဉ်းအားဖြင့် ၂၆၇–ဘုံသို့ ရောက်ကြောင်း မကောင်းမှုအစစ်ဖြစ်ပါသည်။

ပြခဲ့ပြီးသော မဇ္ဇဒါန သမဇ္ဇဒါန ဣတ္ထိဒါန ဥသဘဒါန စိတ္တကမ္မဒါန ဝိသဒါန သတ္ထဒါန သင်္ခလိကဒါန ကုက္ကုစ္စသူကရဒါန တုလကူဋမာသကူဋဒါန ဟူသော ဒါနကိစ္စဆယ်မျိုးကို အဓမ္မိကဒါန တရားမရှိသောဒါန မတရားသောဒါန အပါယ်ဒုဂ္ဂတိသို့ ရောက်ကြောင်းဖြစ်သောဒါနဟူ၍ ဟောတော်မူခဲ့ပါသည်။

၎င်းဒါနကို ပြုလုပ်လိုက်စားနေသူများသည် အပါယ်လမ်းသို့ သွားနေကြသူများသာဖြစ်တော့သည်။ (သနားဖွယ်)။

၎င်းအဓမ္မိကဒါန ၁၀–ပါးကို လွယ်လွယ် ကူကူနှင့် သိစေရန် ၈–လုံးဖွဲ့ပြု၍ ရေးပြပါအံ့။ (အရကျက်မှတ်ထားကြပါ)

**အဓမ္မိကဒါန ၁၀–ပါးကဗျာ**

လူအများက–ဒါနအမှန်၊
နိဗ္ဗာန်ရောက်ကြောင်း–လမ်းကောင်းဟုကြံ၊
လှူပါသော်လဲ–ငရဲရောက်ပြန်၊
ထိုဒါန–ထုတ်ပြကျမ်းအမှန်။

**မဇ္ဇဒါန**

၁။ ထန်းရည်အရက်–မူးချက်ထွေထွေ၊
သေရည်သေရက်–ရောင်းလျက်လှူဝေ၊
ကုသိုလ်ဘဲဟု–ထင်လွဲသူတွေ၊
ယေပြန်က–ရောက်ရငရဲပြေ။

**သမဇ္ဇဒါန**

၂။ အလှူပွဲဘိ–ပွဲထည့်ဆိုင်းခေါ်၊
လှူမှုဒါန်းမှု–ပြုစုပြန်သော်၊
ဒါနစစ်တမ်း–ခွဲခြမ်းလေသော်၊
အလှူမဲ့–ငရဲဟာသပေါ်။

**ဣတ္ထိဒါန**

၃။ မိန်းမယောကျ်ား–ပေါင်းငြားဘို့ရယ်၊
ကြောင်းကျိုးပြသ–ခြားကအောင်သွယ်၊
ပြုလုပ်လေဘိ–ကျိုးရှိထင်တယ်၊
အောင်သွယ်များ–သွားရငရဲကွယ်။

**ဥသဘဒါန**

၄။ တိရစ္ဆာန်မျိုး–သားထိုးပြန်တယ်၊
အသက်မွေးမှု–ပြုစုမဖွယ်၊
မပြုသင့်တဲ့–အကျင့်ပါကွယ်၊
ဥသဘ–ဒါနဆိုရတယ်။

**စိတ္တကမ္မဒါန**

၅။ ပန်းချီပန်းပု–ရေးထုလေပြန်၊
အင်္ဂါကိုယ်ဝတ်–ကျွတ်သည့်ပုံဟန်၊

ရေးမှုထုမှု–မပြုရှောင်ရန်၊
စိတ်ဖောက်ပြား–ပယ်ရှားစေဘို့ရန်။

**ဝိသဒါန**

၆။ သေစေတတ်သည့်–ဆိပ်ရှိဆေးကို၊
ပေးကမ်းရောင်းမှု–မပြုနှင့်ဆို၊
ဝိသဒါန–ပါပထိုထို၊
ရောင်းဝယ်ဘိ–ရောက်၏ငရဲကို။

**သတ္တဒါန**

၇။ ဒါးလှံသေနတ်–အမြောက်ဗုံးဆံ၊
သေစေတတ်သည့်–လက်နက်တန်တန်၊
ပေးရောင်းသမှု–မပြုစေရန်၊
မြတ်ဗုဒ္ဓ–ထုတ်ပြရှေးကျမ်းဂန်။

**သင်္လိကဒါန**

၈။ ချိုးခါကျေးသား–ထည့်ထားဘို့ရာ၊
နှောင်အိမ်အပေါင်း–မရောင်းဝယ်ရာ၊
သင်္လိက–ဒါနဆိုတာ၊
ရှောင်ပါကွဲ့–ဟောခဲ့ကျမ်းဂန်မှာ။

**ကုက္ကုဋသူကရဒါန**

၉။ ကိုယ်တိုင်မွေးလျက်–ကြက်ဝက်သွယ်သွယ်၊
အရှင်လတ်လတ်–ပေးအပ်ကြတယ်၊
ကိုယ်မသတ်လဲ–သူဘဲသတ်မယ်၊
ကုက္ကုဋ–ဒါနခေါ်ရတယ်။

## တုလကုဋ္ဋမာသကုဋ္ဋဒါန

၁၀။ ချိန်ခွင်တင်းတောင်း–ငွေကောင်းမမှန်၊
ရောင်း၊ရေးဝယ်မှု–ပြုစုလေပြန်၊
တုလကုဋ္ဋ–မာသကုဋ္ဋ၊
ဒါနတဲ့–ရှောင်ကွဲ့အတန်တန်။

အဓမ္မိက–ဒါနဆယ်တွေ၊
မသိရလို့–ပြုကြသလေ၊
သိတဲ့နေ့က–စ၍ရှောင်လေ၊
မရှောင်ရှား–သွားတော့ငရဲပြေ။

## ဗုဒ္ဓဘုရားရှင်၏ အဆုံးအမ သုံးမျိုး

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

သဗ္ဗပါပဿ၊ အလုံးစုံသောမကောင်းမှုကို။ အကရဏံ၊ မပြုရခြင်းငှင်း။ ကုသလဿ၊ ကုသိုလ်ကောင်းမှုကို။ ဥပသမ္ပဒါ၊ ထက်ဝန်းကျင်မှ ပြည့်စုံစေခြင်းငှင်း။ သစိတ္တပရိယောဒပနံ၊ မိမိစိတ်ကို ထက်ဝန်းကျင်မှ ဖြူစင်စေခြင်းငှင်း။ ဧတံ၊ ဤသုံးပါးသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင် ဟူသမျှတို့၏။ သာသနံ၊ အဆုံးအမတော်ပေတည်း။

မြန်မာလို အတိအကျဆိုရသော်–

၁။ သဗ္ဗပါပဿအကရဏံ၊ မကောင်းမှုအားလုံးကိုမပြုရ။
၂။ ကုသလဿူပသမ္ပဒါ၊ ကုသိုလ်ကို ထက်ဝန်းကျင်မှ ပြည့်စုံပါစေ။

၃။ သစိတ္တပရိယောဒပနံ၊ မိမိစိတ်ကို ထက်ဝန်းကျင်မှ ဖြူစင်ပါစေ။

ဧတံဗုဒ္ဓါနသာသနံ၊ ဤတရားသုံးပါးသည် ဘုရားရှင်တိုင်း၏ အဆုံးအမတော်ဖြစ်သည်ဟု အတိအကျမှတ်ပါ။ (ဤနေရာ၌ ထက်ဝန်းကျင်နှင့်ပတ်ဝန်းကျင်မှာ အရတူဖြစ်၍ ရွာ ရွာ၏ ပတ်ဝန်းကျင် ထက်ဝန်ကျင်အပြင်ဘက်ဟုဆိုရာမှာ ရွာ၏ တံခါးလေးပေါက်အတွင်းနှင့် ခြံစည်းရိုး၏ အတွင်းကို ရွာဟုခေါ်ပြီးလျှင် အပြင်ဘက်ဖြစ်သော စည်းရိုး အစပ်နားကစပြီး အဝေးကြီးမြေပြင်တဆုံးအထိကို ထက်ဝန်ကျင် ပတ်ဝန်းကျင် အပြင် အပြင်ဘက်ဟု မှတ်ကြရသလို မှတ်ယူကြစေခြင်းငှာ)။ ပါပဿ၊ မကောင်းမှုကို ဟူ၍သော ဟောတော်မမူဘဲ။ သဗ္ဗပါပဿ၊အလုံးစုံသော မကောင်းမှုကိုဟုဝင်း။ သမ္ပဒါ၊ ပြည့်စုံစေရမည်ဟူ၍သော မဟောဘဲ။ ဥပသမ္ပဒါ၊ ထက်ဝန်းကျင် ပတ်ဝန်းကျင် ပြည့်စုံစေရမည်ဟူ၍ဝင်း။ ဥဒပနံ–ဩဒပနံ–ယောဒပနံ၊ စင်ကြယ်စေရမည် ဟူ၍သာမဟောဘဲ။ပရိယောဒပနံ၊ ထက်ဝန်းကျင် ပတ်ဝန်းကျင်မှ ဖြူစင်သန့်ရှင်း စင်ကြယ်ပါစေဟုဝင်း။ သဗ္ဗဟူသော သဗ္ဗနာမ်ပုဒ်၊ ဥပဟူသောဥပသာရပုဒ်၊ ပရိဟူသော ဥပသာရပုဒ်တို့ကို မြတ်စွာဘုရားက ကျကျနန ဂဃနဏ ဟောတော်မူခဲ့သည်ကို စိစစ်၍ ပြပါအံ့။

၁။ **မကောင်းမှု အားလုံးကို မပြုလုပ်ရ** ဟူသော ပဌမ ၁–နံပါတ် အဆုံးအမတော်၌ သဗ္ဗသဒ္ဒါကို ဟောတော်မူခဲ့သဖြင့် မကောင်းမှုသာဆိုရင် မကောင်းမှုနဲ့နဲကလေး သေးသေးကလေးကိုရော၊ဟိတ်မကင်းတဲ့မကောင်းမှုကိုရောတိုက်တွန်းလွန်းလို့လုပ်ရပါတယ်ဆိုတဲ့မကောင်းမှုကိုရော၊တိုက်တွန်းပေးမှုဆိုတဲ့မကောင်း

မှုကိုရော၊ (မင်းအမဲသားရောင်းတာမြတ်ရဲ့လား၊ မြတ်ရင်တော်ပါရဲ့ကွာစသည်မျိုးဖြင့်မို့ ချီးမွမ်းတဲ့မကောင်းမှုကိုရော၊သဘောတူငြိမ်နေတဲ့ မှိန်းနေတဲ့ မသိချင်ယောင်ဆောင်နေတဲ့မကောင်းမှုကိုရော၊ကိုယ်ကတော့ဒီလိုလုပ်ယာကိုသဘောမတူပါဘူး၊ ဒါပေမဲ့ အများက ဒီလိုလုပ်ပါဆိုလို့ လုပ်မိပါတယ်ဆိုတဲ့ မကောင်းမှုကိုရော၊ အများသဘောဘဲဟု အများကို လွှဲပုံချတဲ့ မကောင်းမှုကိုရော၊ ဝါသနာမပါဘဲနဲ့ အကုသိုလ်မှန်းလဲ သိပါရက်နဲ့ အများ မိုးခါးရေ သောက်လို့ သောက်ရပါတယ် ဆိုသော မကောင်းမှုကိုရော၊ ဝိုင်းကြီးချုပ် စနစ်မျိုးဖြင့် ပါဝင်နေသော အကုသိုလ်ကိုရော၊ ဘုရားပွဲ၊ အလှူပွဲ၊ မင်္ဂလာဆောင် ပွဲတွေမှာ သတ်မှု ဖြတ်မှု ပါဏာတိပါတကံတွေကို မိုးမွှန်အောင် လုပ်နေပါလျက်နဲ့၊ကိုယ့်ပယောဂမပါဟု ယူဆပြီးနေပေမဲ့ ပယောဂတွေ ပါနေတာကို ဟိတ်ခတ်နေတာကို တကယ်မသိကြတဲ့၊ ငါတို့ လုပ်တာ အစင်ကြယ်သားဘဲ၊ငါတို့သတ်ထာမှမဟုတ်ဘဲ၊ လာပြီး ရောင်းလို့ဝယ်တာဘဲ၊ တခြားရွာက လာရောင်းလို့ ဝယ်ရတာဘဲ၊ စင်ကြယ်နိုင်ပါတယ်၊ စင်ကြယ်သားဘဲဟု ကိုယ့်စိတ်ကို ပေါ့ပေါ့ ဆဆကလေး တွေးပြီး၊ ကိုယ့်စိတ်ကိုလှည့်စားပြီး အထင် ရောက်နေပေမဲ့ မသိမသာနဲ့ ပါဝင်နေတဲ့ မကောင်းမှုကိုရော၊ အဲဒီလို စသည်စသည်ဖြင့် အားလုံးသော မကောင်းမှုမှန်သမျှကို သဗ္ဗသဒ္ဒါက သိမ်းကျုံး၍ထားသဖြင့် ရှောင်ကြဉ်ရမည်မှာ ကေန်ပင်ဖြစ်တော့သည်၊ မရှောင်ကြဉ်ပါက ၁-နံပါတ်ဖြစ်တဲ့ သဗ္ဗပါပဿ အကရဏံ၊ ဟူသောအဆုံးအမတော်ကို လိုက်နာကျင့်ကြံသူမဟုတ် လိုက်နာသူ မပီမသ ဟန်ဆောင်ဃမား သက်သက် ဗုဒ္ဓဘာသာ အရေခြုံသက်သက်သာဖြစ်ရတော့သတည်း။

၂။ **ကုသိုလ်ကိုထက်ဝန်းကျင်မှ ပြည့်စုံပါစေ။** ပြည့်စုံအောင် ပြုလုပ်ဟူသော အဆုံးအမတော်အရမှာလည်း ဥပသမ္ပဒါဟူသော ပုဒ်ထဲမှာပါနေတဲ့ ဥပဟူသော ဥပသာရပုဒ်က သဗ္ဗသဒ္ဒါနှင့် အလားတူပင်ဖြစ်သောကြောင့် ထက်ဝန်းကျင်ဆိုရာ၌ ပါဏာတိပါတစသော မကောင်းမှု ဟိတ်မကင်းတဲ့ မစင်ကြယ်တဲ့ ပုံသုကူသဘောမျိုးသို့ ဘယ်နည်းနှင့်မျှမသက်ရောက်နိုင်တဲ့ ပုံသုကူမစစ်တဲ့ (ငါ့အလှူကို ငါ့ကို အကြောင်းပြုပြီး သတ်ထားဘဲ သတ်ထား ထင်ပါရဲ့ဟု မှန်းဆ၍ သိမြင်နိုင်သော) ကြားသား မြင်သား ထင်သားများဖြင့် ဒါနပြုမှု၊ သွမ်းအုပ်ပို့မှု၊ အလှူကြီးကြီး အလှူသေးသေးမှာ ကျွေးမွေးမှု၊ ခိုးဝှက်လိမ်ညာမှုစသည်ဖြင့် မကောင်းမကာန်းသော ပစ္စည်းစသည်ကို လှူဒါန်းမှု အစရှိသော အမိုက ဒါနမျိုးများသည် ကုသိုလ်အစစ်မဟုတ်၊ အကုသိုလ်သာဖြစ်သည်။ ကုသိုလ်လိုလိုထင်ရသော ကုသိုလ်ကိုစွဲပြီး ဖြစ်ရသော အကုသိုလ်သာဖြစ်သည်၊ ထို့ကြောင့် မြတ်စွာဘုရားက (ကုသလံဓမ္မံပဋိစ္စ အကုသလောဓမ္မော ဥပ္ပဇ္ဇတိ) ကုသိုလ်တရားကို စွဲ၍ ဖြစ်သော အကုသိုလ်တရား ဖြစ်တော့၏ဟု ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူခဲ့သည်၊

ဒါကြောင့်အစစ်တမ်း စင်ကြယ်သော ထက်ဝန်းကျင်မှဖြူစင်သော တကယ့်ကုသိုလ်အစစ်နှင့် ပြည့်စုံရမည်ဟု ဟောတော်မူရင်းဖြစ်သည်၊ နောက်ဆုံး ပန်းတိုင်ဖြစ်သော မဂ်ကုသိုလ်ကိုရအောင် အထိ ဟောတောမူခဲ့သော အဆုံးအမတော်ဟူ၍ အတိအကျ သိဘို့ရာခဲယဉ်းသည်၊ ငါတို့ဒကာ ဒကာမတွေ ငါတို့သာသနာ့ဝန်ထမ်းတွေက တကယ် စဉ်းစားကြစမ်းပါ၊ တကယ်ဝေဘန်ကြစမ်းပါ၊ ဒို့လုပ်နေတဲ့ ကုသိုလ်အလုပ်တွေဟာ **ကုသလသုပသမ္ပဒါ**

ဟူသော ဘုရားသခင်၏ စကားတော်နှင့်ညီ မညီ၊ ကိုက် မကိုက် စဉ်းစားကြစမ်းပါ၊ ဟန်ဆောင်သမား ဟန်ဆောင် အသိကို ဘုရားက အလိုမရှိ၊ ဟန်ဆောင်ကုသိုလ်လုပ်ပုံကိုဘုရားမကြိုက်။

၃။ **မိမိစိတ်ကို ထက်ဝန်းကျင်မှ စင်ကြယ်ပါစေ-** ဆိုရာမှာလည်း၊ (ပရိယောဒပနံ) ဟူသောပါဠိ၌ ပရိဟူသော ဥပသာရပုဒ်က သဗ္ဗသဒ္ဒါနှင့်အလားတူပင်ဖြစ်၍အလုံးစုံဟူသောစကားနှင့်အတူတူပင်ဖြစ်ရကား၊ စိတ်ကိုတကယ့် ကိုဖြူဖြူစင်စင်ဖြစ်စေရမည်၊ ဘယ်လိုဖြူစင်စေရမည်လဲ၊ ငါပေးလှူတဲ့ အလှူဒါနသည် ဖြူစင်၏၊ ငါ့အလှူထဲမှာ (အဂ္ဂတ္တိုင်ရုပ်ပါဠိတော်၌) တိုက်ရိုက်ဟောပြထားတဲ့ ကဏှကံ ခေါ်တဲ့မည်းညစ်တဲ့ကံမဲကြီးလဲမပါဘူး၊ ကဏှသုက္ကကံ လို့ခေါ်တဲ့ အမဲနဲ့အဖြူဆိုတဲ့ ကုသိုလ်နဲ့ အကုသိုလ် ရောပါနေတဲ့ ကံကြောင်လဲမပါဘူး၊ ဟာသငရဲကိုသွားရမဲ့ သမဇ္ဇဒါနခေါ်တဲ့ ပွဲသဘင်ကိစ္စလဲ မပါဘူး၊ ပကာသနတွေကိုလဲ ဦးစားမပေးဘူး၊ ငါ့အလှူကိစ္စမှာ ငါ့ပယောဂကြောင့်၊ ငါ့အလှူက ဟိတ်ခတ်မှုကြောင့်၊ ငါ့လှူမဲ့ အလှူကိုမှန်းပြီး ရောင်းချလိုသူက သတ္တဝါ တကောင်တမြီးကိုမှမသတ်ဘူး၊ ငါ့အလှူဟာ အဖက်ဖက်က စဉ်းစားတိုင်း စင်ကြယ်တယ် တကယ်ကိုစင်ကြယ်တယ်၊ ဟန်ဆောင် စင်ကြယ်တာမဟုတ်ဘူး၊အကုသိုလ်ဟိတ်ခတ်ကိုခတ်တာမဟုတ်ဘူး စသည်ဖြင့် မိမိအလှူအတွက် အဖက်ဖက်က စဉ်းစားကြည့်တိုင်း အပြစ်ကင်းနေကြောင်းကို ကိုယ့်ကိုယ်ကိုယ်လဲ ဝေဘန်နိုင် မှတ်ကျောက်အတင်ခံနိုင်သူ၊ သူတပါးက ဝေဖန်တာကိုလဲ အဝေဖန်ခံနိုင်လောက်အောင် ကိုယ့်စိတ်ကို တကယ့်ကို စင်ကြယ်အောင်ထားနိုင်အောင် စင်ကြယ်ခြင်းကို မိမိစိတ်ကိုထက်ဝန်းကျင်မှဖြူစင်စေရမည်ဟု ဟောတော်မူခြင်းဖြစ်သည်။

ဤနေရာ၌ မိမိ ပြု လုပ် ထား သော အလှူကိစ္စက မစင်မကြယ်ကြီးဖြစ်နေရင် ငါ့ဥစ္စာ မစင်ကြယ်ပါဘူးဟု သူတပါးကို ဖွင့်ဟ၍ မပြောဝံ့ပေမဲ့ သူလုပ်ထားတဲ့ကိစ္စကို သူ့ဟာသူ သိသိထားသဖြင့် ငါ့အလှူဟာ ငါလုပ်မိတဲ့ကိစ္စတွေဟာ ငါကစင်ကြယ်ပါတယ်လို့ ပြောပြောနေရပေမဲ့၊ မသိတဲ့လူတွေအပေါ်မှာ ဟန်လုပ်နေရပေမဲ့၊ ဟန်ဆောင်ကောင်းနေပေမဲ့၊ သိပြီးသားကြီးဖြစ်နေလေတော့၊ မောင်မင်းကြီးသားနှင့် မယ်မင်းကြီးသမီးတွေဟာ မှားမိလေခြင်း မှားမိလေ့ခြင်းဟု စိတ်တွင်းမှာ တအုံနွေးနွေးကြီး ဖြစ်ဖြစ်နေရ၏၊အဲဒီ တအုံ နွေးနွေးကြီးဟာ မကြာမကြာ ဖြစ်ဖြစ်နေ၏။ (သူများကတော့ဘယ်သိပါမည်လဲ) အဲဒီတအုံ့နွေးနွေးကြီးဟာ၊ သေခါနီးလို့ ဇောစောချိန်မှာ အဲဒီအကုသိုလ်မှုတွေက အစီအရီ စိတ်ထဲမှာ ပေါ်လာပါရော့၊မပေါ်ဘဲကိုမနေဘူး၊အဲဒီလိုပေါ်ပေါ်လာတာကို (အာသန္နကံ)လို့ ဘုရားက ဟောတော်မူခဲ့တယ်၊ အဲဒီအခါမှာ အဲဒီအလှူဒကာအလှူဒါကာမတွေမှာ အကုသိုလ်ဇောစိတ်နှင့် စုတိစိတ်ကျရခြင်းကြောင့် သေရခြင်းကြောင့်၊ဒုဂ္ဂတိဘုံသို့ ဒိဋ္ဌရောက်ရလေတော့၏၊အဲဒီလိုဒုဂ္ဂတိဘုံထဲသို့ ကျရောက်နေကြ ရသည်မှာ သူတပါးကပို့လို့ ကျရောက်ရတာ မဟုတ်၊ ကိုယ်ကိုယ်တိုင်က မသေမီကာလကအပြစ်တွေ မကောင်းမှုတွေနှင့် မကောင်းမှုနှင့် ရောရောပြီး ပြုလုပ်ခဲ့တဲ့ ကုသိုလ်တွေ ကံကြောင်တွေ မစင်မကြယ်တွေကို ပြုလုပ်မိခဲ့ကြလို့ ဒုဂ္ဂတိဘုံသို့ ကျရောက်ရတာတွေကို အဲဒီကို ရောက်သွားရတဲ့အခါ **ရေဝတီ မိန်းမဆိုးကြီး သိသလို၊ ဒု–သ–န–သော သူဌေးသား လေးယောက် သိသလို** သိကြရပါလိမ့်မည်၊ မသေမီကတော့ သတိ မထားဘဲ မစီစစ်ကြဘဲ ယော ယိမ်းလိုက် ဘသား

ယိမ်းလိုက် ပြုလုပ်နေကြသူတွေကို သိတဲ့လူက အဲဒီလူစား ယိမ်းသမားတွေကို သနားပြီး လက်ပိုက် ကြည့်နေရုံမှတပါး ဘာကိုမှ မတတ်နိုင်တော့ပေ၊ (ယခုရေးပြသောဘုရား တရားတော်တွေကို ကြပ်ကြပ်ကြီး စဉ်းစားကြစမ်းပါ)၊ ဇော်၊ ဤ ကျကျ နန ဂ ဃ န ဏ ဆိုးမရ ထားခဲ့သော တရားတော် သုံးမျိုးသည်။ ဗုဒ္ဓါနုံ ဂဂ်ါဝါဠ သံစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင် ဟူသမျှ တို့၏။ သာသနာ၊ အဆုံးအမတော်ကြီးပါပေတည်း။

အဲဒီ ဘုရားသခင်၏ အဆုံးအမ တရားတော်အရ ဟန်ဆောင်သမား မဖြစ်ရအောင် ဟန်ဆောင် ဗုဒ္ဓဘာသာ မဖြစ်ရအောင် တကယ်သိသိ၍ တကယ်တွေး တွေး၍ တကယ်ကျင့် ကျင့်ကြဘို့ရာ အတိုချုပ်နည်းအားဖြင့် ရေးပြလိုက်ပါသည်၊

တကယ် မဟုတ်သူများ အတွက် ဥပမာကို ပြပါအံ့။ ရွှေရေစိမ်ထားရုံနှင့် အရောင် တင်ထားရုံနှင့် ရွှေအစစ် မဖြစ်နိုင်ပုံကို သိကြတယ် မဟုတ်လား၊ အဲဒီလိုဘဲ ဒိုကတော့ အရှောင်သားဘဲ ဆိုရုံမျှနှင့် **အရှောင်သမား** မဖြစ်နိုင်၊ ဒိုက အသတ်ခိုင်းတာမှ မဟုတ်ဘဲဟု ဆိုရုံနှင့် အကုသိုလ်က မလွတ်နိုင်၊ အကုသိုလ်ဟိတ်က မကင်းနိုင်၊ ကမ္ဘာ့ဟင်းသီးဟင်းရွက်တွေပါဘဲဟု ထင်နေရုံနှင့် ဒုဂ္ဂတိက မလွတ်နိုင်၊ အများ သဘောကြောင့် လုပ်မိပါတယ်ဟု အများကို လွှဲချ ပုံချရုံမျှနှင့် ဒုဂ္ဂတိဘုံက ရှောင်၍ မရနိုင်၊ ဟန်ရှောင် မဟုတ် တကယ်ရှောင်မှ၊ ဟန်စင်ကြယ် မဟုတ်ဘဲ တကယ်စင်ကြယ်မှ၊ ဟန်ကျင့် မဟုတ်ဘဲ တကယ်ကျင့် ကျင့်မှ တကယ်သမား ဖြစ်ရမည်၊ (ဥပမာ တမျိုး) ဘုန်းကြီးတွေက အနေကာဇာ ဝိုင်းပြီး တင်ပေးလိုက်ရုံနှင့် တကယ့် သဗ္ဗညုဗုဒ္ဓဘုရားကြီး အစစ် မဟုတ်ဘဲ ရုပ်ပွါးတော်ဘုရား စေတီတော် ဘုရားသာ ဖြစ်ရသလို

ဗုဒ္ဓဘာသာ ရဟန်းပါ၊ ဗုဒ္ဓဘာသာ ကိုရင်ပါ၊ ဗုဒ္ဓဘာသာ လူပါ ဆိုရုံနှင့် ပြခဲ့ပြီးသော ဘုရား အဆုံးအမတော် သုံးမျိုးကို မလိုက်နာ မပြုကျင့်ပါက ဗုဒ္ဓဘာသာ အတုမျှသာ အရေခြုံ မျှသာ ဖြစ်ရှိနေကြသည်ကို မိမိဉာဏ်နှင့် ကျမ်းဂန်က တရားတွေကို ရော မွှေပြီး စေ့စေ့ စပ်စပ် စဉ်းစား၍ ဝေဘန်ကြပါကုန်။

**သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု၊** သံသရာဘေးကြီးကို ရှု တတ်သောကြောင့် ရဟန်း။ **ကာရဏာ ကာရဏေ ဓမ္မေ မနုတိ ဇာနာတီတိ မနုဿော၊** အစစ အရာရာ၌ အကြောင်းအကျိုး တရားတွေကို သိတတ်သောကြောင့် လူ ဟုဆိုအပ်သော ရဟန်း အင်္ဂါ လူအင်္ဂါနှင့် ပြည့်စုံသော ရဟန်းရှင်လူ ဖြစ်နိုင်ကြပါစေ သတည်းဟု **စေတနာ ကရုဏာ အနုစ်နာ** ဟူသော နာသုံးနာ ဖြင့် ရေးထုတ်လိုက်ပါသည်။ (နာ ၃-နာကို နောက်မှာ ရှင်းပြ မည်)။

✱ ဤအဆုံးအမ သုံးမျိုးကို မလိုက်နာ မပြုကျင့်သောသူသည် ဘယ်သူဘဲ ဖြစ်ဖြစ် ဗုဒ္ဓဘာသာ အရေခြုံသမားသာ ဖြစ်ရသည်၊ (ယုံမှား မရှိနှင့်၊ အတုသမားပါ၊ အရောင်ဆောင် သမားပါ၊ ဟန်ဆောင်သမားပါ)။

ဤအဆုံးအမတော် သုံးမျိုးကို လိုက်နာပြုကျင့်သောသူသည် ၅-ပါးသီလကိုဥင်း ၈-ပါး သီလကိုဥင်း ၁၀-ပါး သီလကိုဥင်း သာမဏေသီလကိုဥင်း ရဟန်းသီလကိုဥင်း လုံလုံလောက်လောက် ပြည့်ပြည့်စုံစုံ ဖြစ်အောင် ပြုကျင့်ခြင်းငှာ မခဲယဉ်းတော့ပေ၊ (ထို သီလအမျိုးမျိုးတွေကို ဤနေရာ၌ မပြတော့ပြီ၊ ဆိုင်ရာမှာ လေ့ လာကြပါကုန်။)

## နဝင်္ဂသီလ၌ သိကျင့်ဘွယ်

ဤနဝင်္ဂ ဥပုသ်သီလကို အင်္ဂုတ္တရနိကာယ် နဝကနိပါတ် ၂-သီဟနာဒဝဂ် ၈-ခုမြောက် သုတ်၌ အင်္ဂါ ကိုးပါးနှင့် ပြည့်စုံအောင် ကျင့်သုံးအပ်သော နဝင်္ဂဥပုသ်သည် အင်္ဂါများ၏၊ အာနိသင် များ၏၊ တန်ခိုးအာနုဘော် ကြီး၏ဟု နိဒါန်းပျိုးပြီးလျှင် ထိုအင်္ဂါကိုးပါး၏ သရုပ်ကို ထုတ်ဖော်ပြရာမှာ-ပါဏာတိပါတသိက္ခာပုဒ်မှ စ၍ ဥစ္စာသယန မဟာသယန သိက္ခာပုဒ်တိုင်အောင် ရှစ်ပါးသီလအတိုင်း ဝေရမဏီသဒ္ဒါ သမာဒိယာမိသဒ္ဒါများနှင့် ထုတ်ပြတော် မူပြီးလျှင် အဆုံး၌ မေတ္တာသဟဂတေန စေတသာ ဧကံဒိသံ ဖရိတွာ ဝိဟရတိ၊ မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် အရပ်မျက်နှာ တခုရှိ သတ္တဝါ၌ ပြန့်နှံ့စေပြီးလျှင် နေ၏ဟူ၍ ဟောကြားတော်မူသည်၊ ဟောတော်မူလိုရင်း အဓိပ္ပါယ်ချုပ်မှာ ရိုးရိုး ရှစ်ပါးသီလကိုဆောက်တည်ပြီးလျှင် မေတ္တာတရားကို ပွားများနေရမည်ဟု ဟောတော်မူလိုရင်း ဖြစ်သည်။ ရှစ်ပါးသီလကို လုံခြုံအောင် စောင့်ထိန်း၍ မေတ္တာတရားကို ပွားများနေလျှင်ထိုသူသည် နဝင်္ဂဥပုသ်သီလကိုကျင့်သုံးနေသူဖြစ်တော့၏။ မေတ္တာဟူသည် ဘာဝနာ ဖြစ်၏၊ သီလကိုသာ ဆောက်တည်ရသည်၊ ဘာဝနာဟူသည် မပြတ်ပွားများရသော တရားမျိုးဖြစ်တော့၏၊ သို့ဖြစ်၍ နဝင်္ဂဥပုသ်ကို ကျင့်သုံးလိုသော ပုဂ္ဂိုလ်သည် မေတ္တာအတွက် သိက္ခာပုဒ်တခု ပြုလုပ်၍ ဆောက်တည်ရန်မလို။ (ထို့ကြောင့်ပင်မြတ်စွာဘုရားကလည်း သမာဒိယာမိ ဟူသော ပုဒ်ကို ထည့်၍ ဟောတော်မမူ) ရိုးရိုး ရှစ်ပါးသီလကို ဆောက်တည်ပြီးနောက်မှ မေတ္တာတရားကို စွမ်းနိုင်သမျှ ပွားများအားထုတ်နေလျှင် အင်္ဂါ ၉-ပါးရှိသော **နဝင်္ဂ** ဥပုသ်ကို

ကျင့်သုံးပြီး ဖြစ်သည့် မည့်ကြောင်းကို စိတ်ကောင်း ထား၍ ကောင်းမွန်မှန်ကန်စွာ မှတ်သားအပ်၏။

ထိုနဝင်္ဂဥပုယ်ကို ဟောတော်မူရာ မေတ္တာနှင့် ပတ်သက်၍ (ကေဒိသံ) ဟူသော စကားကို ထည့်သွင်း ဟောတော်မူသဖြင့် မေတ္တာပွားများရာမှာ အရပ်မျက်နှာကို မမှတ်ဘဲ ပွားများခြင်း ထက် အရပ်မျက်နှာကို မှတ်၍ ပွားများခြင်းက သာလွန်၍ ထိရောက်မည်အတွက် အရပ်ဆယ်မျက်နှာကို မေတ္တာပွားလိုသော အခါ မိမိစလိုသော အရပ်မျက်နှာမှစ၍ တရပ်စီ တရပ်စီ ဆယ်မျက်နှာ ပြည့်အောင် သတ်မှတ်အာရုံပြုကာ ပွားများသင့်ကြောင်း အထူးမှတ်ယူရာ၏။

မေတ္တာကို သီလလုပ်၍ သမာဒိယာမိ ပုဒ်ကို ဘုရားကမဟောပါဘဲနှင့်ပြုလုပ်ကြသည့်မှာ ယခုအခါသာ မဟုတ်သေး၊မန္တလေး ဘုရင်တွေလက်ထက်ကပင် နန်းမတော်ဝန် မောင်ယံ ဆိုသူက အဆန်းထင်ဘူးသဖြင့် မြတောင်ဆရာတော်က အမှန်ဖြစ်အောင် ဆုံးမခဲ့ဘူးလေပြီ၊ ထို့နောက်လည်း ပုသိမ်မြို့ ဗိုလ်ကုန်းဆရာတော် ရေးသားသော စာအုပ် တမျိုးနှင့် ရွှေကျင်ဂိုဏ်းမှ ရေးသားသော စာအုပ် တမျိုး တွင်လည်း အဆန်း ထင်၍ ၉-ပါးသီလဆိုပြီး မေတ္တာကို သီလလုပ်ထားကြပြီး ငှင်းပြင် မိုးညှင်းဂိုဏ်း နဝင်းဂိုဏ်းတို့ကလည်း သီလလုပ်ပြီး ဆောက်တည် နေကြပြီ၊ ထိုကိစ္စနှင့်ပတ်သက်၍ ၁၃၀၁-ခုနှစ်ဆီက နဝင်္ဂသီလ အဓိကရုဏ်းကြီး ပေါ်လာရာ သိက္ခာပုဒ်ပြု၍ ဆောက်တည် ကောင်းသည်ဟူသောဘက်မှ ၄-ဦးမျှ၊သိက္ခာပုဒ်လုပ်၍ မဆောက် တည်ကောင်းဟူသောဘက်မှ ၁၆-ဦးမျှ မန္တလေးသူရိယ မြန်မာ့ အလင်း စသော သတင်းစာတွေမှာ ငြင်းခုန်ကြရာ သီလ မလုပ်

ကောင်း ပွားများရမည့် တရားသာ ဖြစ်ကြောင်း များမှာ ပါဠိတော်အဋ္ဌကထာများကို ကိုးကား၍ ပြနိုင်သဖြင့် မဆောက်တည်ကောင်းဟူသောဘက်ကပင် အနိုင်ရရှိဘူးလေပြီ၊ ထိုကိစ္စနှင့် ပတ်သက်၍ ဤစာရေးသူကလည်း **သာကီနွယ်** အမည်ဖြင့် ဆောင်းပါးများကို ရေးသားရုံမက **ဦးဝိသုဒ္ဓါစာရပြည်မြို့** ဟူသောအမည်ဖြင့် အဆုံးအဖြတ်ကြီးကို ရေးခဲ့ဘူးလေပြီ၊ ထိုကိစ္စနှင့် ပတ်သက်သော အငြင်းအခုံ အဆုံးအဖြတ် စာများသည် ဤစာရေးသူထံမှာ စာအုပ်ကြီးကြီးတအုပ်စာလောက် ယခုတိုင် ရှိသေးသည်။

ဒါတွင် မကသေး တချို့ကလဲ မနောကံတွေကိုပင် ဝေရမဏီ တပ်လျက် (အဘိဇ္ဈာ ဝေရမဏီ- သူ့ပစ္စည်းကို ရှေးရှု ကြံစည်ခြင်းမှ ရှောင်ကြဉ်ပါ၏) ဟု ဆောက်တည်ပြီးလျှင် အဘိဇ္ဈာ တုံးကြီး ဖြစ်နေသူတွေ (ဗျာပါဒါဝေရမဏီ-ရန်ငြိုး ဖွဲ့ခြင်းမှ ရှောင်ကြဉ်ပါ၏)ဟု သီလလုပ်ပြီး အာမဝန်တာ ခံခံနေပါလျက် မသေမချင်း ရန်ငြိုးဖွဲ့နေသူတွေ ဤနေရာ၌ ဘစိမ်းလူကို မဆိုထားဘိ ညီအကို အချင်းချင်း၊ ညီအမအချင်းချင်း၊ မောင်နှမ အချင်းချင်း၊ သားအမိ အချင်းချင်း၊ သားအဖ အချင်းချင်းပင် သေခါး ပြတ်လောက်အောင် မုန်းတီးပြီး မသေမချင်း ရန်ငြိုး ထားနေသူတွေကလဲ ဒုနဲ့ဒေး၊ သူတို့ ဆောက်တည်တဲ့ သီလ ကတော့ ဗျာပါဒါ ဝေရမဏီတဲ့၊ (ရှက်ဖွယ်) မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ၊ မှားသော အယူကို ယူခြင်းမှ ရှောင်ကြဉ်ပါ၏- ဟု ပါးစပ် ကတော့ ဆိုပါရဲ့ ပရမတ်ကို မှောက်မှားအောင် လုပ်သူတွေ၊ အယူအဆလွဲသူတွေ၊ ဘုရားဟော တရားကို ပယ်သူတွေ၊ စေတီ ၄-ရပ်ကို ပယ်သူတွေ မိစ္ဆာအာဇီဝါဝေရမဏီ-

မှားသော အသက်မွေးခြင်းမှ ရှောင်ကြဉ်ပါ၏ဟု သီလခံယူ ဆောက်တည် နေသူက ကြက်, ဘဲ, ဝက်, ငါး, ဆိတ်-စသော သတ္တဝါတွေကိုမွေးပြီး စီးပွားရှာလျက် မွေးမြူရေး လုပ်နေ သူတွေ၊ အဲဒီလို လူတွေကို အမှန် အတိုင်း ဝေဘန်၍ ပြရလျှင် ဂတိကိုခံယူထားပြီးမှ ဂတိကို ဖျက်ဖျက်နေကြသူတွေ ဖြစ်သဖြင့် လိမ်ပြောနေတဲ့ မုသာဝါဒသမားတွေသာ ဖြစ်နေသဖြင့် အလိမ် သမားတွေကို သနားရုံမှတပါး ဘာမှ မတတ်နိုင်။

ဒါပေမဲ့ သူတို့ ကတော့ ငါတို့ဟာ အဖိုး တန်တဲ့ တကဲ့ သီလကြီး၊ သူတကာထက် သာလွန်တဲ့ မေတ္တာ ဘာဝနာ ကိုပင် သီလအနေနဲ့ ဆောက်တည်နိုင်တဲ့ သီလပိုင်ရှင်ကြီး၊ မနေ့ာကံ တွေကိုတောင် ရှောင်ကြဉ်နိုင်တဲ့ သီလ ပိုင်ရှင်ကြီး၊ မှားသော အသက်မွေးမှုဆိုတဲ့ မိစ္ဆာအာဇီဝကိုတောင်မှ ရှောင်ကြဉ်နိုင်တဲ့ သီလပိုင်ရှင်ကြီးဘဲဟု သွေးနှထင် ရောက်ခါ စိတ်ထဲက အထင် ကြီးပြီး သူတကာ ကိုတောင် အထင် သေးနေကြ၏၊ ငါတို့ နားမှာ သောတာပန်သီလ တည်နားပြီ၊ သကဒါဂါမ် သီလ တည်နားပြီ၊ အနာဂါမ်သီလ တည်နားပြီ၊ ရဟန္တာသီလ တည် နားပြီဟု သောတာပန် သီလ, သကဒါဂါမ် သီလ, အနာဂါမ် သီလ, ရဟန္တာသီလဟု နာမည်ပေးကာ ပါးစပ်က ဆောက်တည် လိုက်လျှင် နားမှာ တည်နားသွားပြီဟု အားရပါးရ ကျေနပ် ကြကာ ကိုယ့်ကိုယ်ကို အထင်ကြီး နေကြ၏၊ အဲဒါဟာ အဆို သီလ, နား-တည် သီလဘဲ ဖြစ်မှာပေါ့၊ စိတ်တွင်းထဲကို တကယ် ရောက်တဲ့ သီလတော့ မဖြစ်နိုင်ပါ၊ အထင်ကြီးရုံဘဲ ရှိပါမည်။

အကြောင်းကား မဂ္ဂါဘိညာ သကိ မတာဟု ကျမ်းဂန်မှာ အတိအကျ ရှိနေပါသည်၊ မဂ်ဇောဆိုတာ တကြိမ်သာ စောရိုး

ထုံးစံ ရှိပါသည်၊ ထပ်ပြန် တလဲလဲ စောမနေပါ၊ သူတို့အလို ကတော့ သီလ ဆောက်တည် လိုက်တုန်းမှာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာသီလတွေကို ငါတို့ ပိုင်သွားပြီဟု ထင်နေကြသည်၊ အထင်သမားဘဝနှင့် ကျေနပ်ကြသည်၊ ယတ္တိ-ယတ္တာ အာဘောင် အာရင်း သန်သန်နှင့် ငြင်းကြသည်၊ စကားနိုင်လုကြသည်၊ နိုင်အောင်ပြောကြသည်၊ လူအ-လူဖျင်းတွေမှာ သူတို့ ပြောတာတွေ အဟုတ်သွားဘဲ-ဟု ထင်ရသည်၊ ဝန်ခံရသည်၊ အရှုံးပေးရသည်၊ ဒါပေမဲ့ စင်စစ် အမှန်မှာ ထိုသူတွေအတွက် မုသာဝါဒသိက္ခာပုဒ်ကို ကြူးလွန်နေသူများအဖြစ် သာလျှင် (လမ်းမှန်အရ) အဖတ်တင်နေ ပါသဖြင့် **ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး ဆေးအတက်လေး** ဆိုတာလို ဖြစ်နေသဖြင့် ထိုသူတွေ အတွက် စဉ်းစားမိတိုင်း ထိုသူ တွေ၏ တမလွန်ရေးအတွက်ရော ယခုပစ္စုပ္ပန် အတွက်ရော သနားမဆုံး ဖြစ်ရပါတော့သတည်း။ ဤကား အကျဉ်း မျှသာ ရေးပြခြင်း ဖြစ်ပါသည်။

အသင်တို့ စဉ်းစားသင့်ကြပြီ-ဒါပေမဲ့ သူတို့ကတော့ သူတို့ လုပ်နေတာတွေကို အကောင်းချည်း ထင်ထင်နေကြပြီး ဘုရားဟော တရားတွေကို ပြင်ပြင်ပြီး လုပ်နေကြ တာပေါ့၊ ကိုယ် လုပ်တဲ့အလုပ်ဟာ အဖျက်လုပ်ငန်းဘဲဆိုတာကို မသိကြလို့ပေါ့။

ဤနေရာ၌ **ဥပမာ**-တခုကို ထုတ်၍ ပြပါအံ့- ဟို-ရှေးအခါ တုန်းက ဟိမဝန္တာမှ မျောပါလာတဲ့ ရောမ ပုဇွန် လက်မကြီး တခုကို ဒသဟရ ( ဒသဘာတိက ) မင်းတွေက ဆယ်ယူပြီး စည်တော်ကြီးကျက်၍ တီးခပ်ကြရာ အဲဒီ (ကက္ကဋ) စည်တော်ကြီးရဲ့အသံဟာ ယူဇနာများစွာ ဝေးကွာတဲ့အရပ်ကပင် ကြားရ

သတဲ့၊ အဲဒီ စည်ကြီးကို ပြုလုပ်ကြတဲ့ ဒသဘာတိုဟ မင်းတွေ ကွယ်လွန်သွားတော့ နောက်မှဖြစ်တဲ့ နောက်ပေါက်မင်းတွေက ဒီစည်တော်ကြီးကို ဒီထက်ကောင်းအောင်၊ ဒီထက်အသံပိုကျယ်လာအောင်ဟု ကြံစည်ကြပြီးလျှင် မူလကကျက်ထားတဲ့ သားရေတွေကို ခွါလိုခွါ၊ ကြေးပြား သံပြား တွေနှင့် **ဆက်လိုဆက်**၊ စည်းအဝကြီးကို **ကားလိုကား**နှင့် ထင်သလို လုပ်ပြီး တော့မှ ဒို့စည်ကြီးကတော့ အရင် တုန်းက လုပ်တား တာထက် ဒို့က ပြင်လိုက်တဲ့အတွက် ၂-ဆ၊ ၃-ဆ ပိုပြီး အသံ ကျယ်လာမှာဘဲ၊ မြည်လာတော့ မှာဘဲဟု တကယ် ထင်မှတ်ပြီး အားရ ပါးရ တီးခပ် ကြည့်ကြသောအခါ သူတို့ မှန်းဆထားတဲ့ အတိုင်းလဲ မမြည်၊ မူလက အသံအတိုင်းလဲ မမြည်တော့ဘဲ (ယုတ်စွ အဆုံး တခေါ်လောက် အရပ်က ကြားရအောင်မှ မမြည်တော့ဘဲ) **ဘဲဟောင်ဟောင်, ဘဲဟောင်ဟောင်, ဗျမ်းဗျမ်း, ဗျမ်းဗျမ်း ဗျပ်ဗျပ်, ဗျပ်ဗျပ်, ဘတ်ဘတ်, ဘတ်ဘတ်** လို့သာ မြည်တော့သတဲ့၊ အဲဒီတော့မှ အဲဒီ မင်းတွေက ဒို့မှန်းချက်နှင့် နှမ်းထွက် ကွာဗုလေခြင်း မူလအတိုင်းနေတာ အကောင်းသားနှင့် မူလအတိုင်း ထားလိုက်ရရင် တော်ပါသေးရဲ့၊ ယခု ပြင်လိုက်မိတာ မှားလေခြင်းဟု လူမိုက်နောက်မှ နောင်တရ-ဖြစ်ကြရသတဲ့။

အဲဒီ **ဥပမာ**ဟာ ကျမ်းဂန်လာ ဥပမာပါဘဲ၊ အဲဒီ **ဥပမာ** အတိုင်းဘဲ ယခုအခါမှာလဲ ဘုရားဟော တရားတွေကို အရှိကို, အရှိအတိုင်းမထားကြဘဲ ဘာဝနာကို သီလ လုပ်လိုလုပ်၊ သမာဓိနှင့်မှ ထိန်းလို့ရတဲ့ သမာဓိစခန်းထဲမှာ ပါနေတဲ့ မနောကံတွေကို သီလလုပ်လိုလုပ် (ပါးစပ်က သီလလုပ်ပြီးဆိုလိုက်ရင် သီလရပြီးပြီ၊ တည်ပြီးပြီဟု ထင်နေသူတွေ သတိပြု) မွေးမြူရေး သမားက

ကျုပ်မိစ္ဆာဒိဋ္ဌိကိုရှောင်ပါတယ်ဟု ဝေရမဏိလုပ်လိုလုပ်၊ အဲဒီလို လုပ်နေကြရင် မြတ်စွာဘုရား တရားတော်တွေ၊ စကားတော်တွေ ဟိုကပဲ-ဒီက ပျောက် ဖြစ်ပြီးလျှင် ကြာလာရင် ဘဲဟောင်ဟောင်, ဖြစ်ပြီးအဲဒီ ကက္ကဋ္ဋ စည်တော်ကြီးလို ဖြစ်သွားရမည်ကို တွေးတော၍ ပူပန်မိပါတော့သတည်း။

ဗြဟ္မစိုရ်တရား ၄-ပါး ရှိပါလျက် မေတ္တာ ဘာဝနာကိုသာ လျှင် အထူးထုတ်၍ (မေတ္တာကို ပွားများနေခြင်း တခုကို) ရှစ်ပါးသီလနှင့် တွဲစပ်ပြီး နဝင်္ဂဉပုသ် အနေဖြင့် ဟောတော်မူခဲ့ ခြင်းမှာ မေတ္တာတရားက အာနိသင် ကြီးသောကြောင့် ဟော တော်မူခဲ့သည်ဟု မှတ်ယူရမည်၊ ထိုကြောင့်ပင် မြတ်စွာ ဘုရား သည် **မေတ္တာသုတ်** ဒေသနာတော်ကို ဟောတော်မူခဲ့သဖြင့် ထို မေတ္တာသုတ် ဒေသနာတော်သည် ခုဒ္ဒက ပါဌ ပါဠိတော်နှင့် သုတ္တနိပါတ် ပါဠိတော်တို့၌ ထင်ရှား ရှိနေသည် တကြောင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် ဧကာဒသကနိပါတ် ၂၊ အနုဿတိဝဂ်၊ ၅-ခု မြောက်သုတ်မှာ မေတ္တာတရားကို အဖန်ဖန် ပွားများလျှင်-

၁။ ချမ်းသာစွာ အိပ်ပျော်ခြင်း။
၂။ ချမ်းသာစွာ နိုးကြားခြင်း။
၃။ မကောင်းသော အိပ်မက်ကို မမြင်မက်ခြင်း။
၄။ လူအများက ချစ်ခင်ခြင်း။
၅။ နတ်ဘီလူးများနှင့် ပြိတ္တာများက ချစ်ခင်ခြင်း။
၆။ နတ်များ စောင့်ရှောက်ခြင်း။
၇။ မီးလောင်မှု အဆိပ်သင့်မှု လက်နက်စူးဝင်မှု မရှိခြင်း။
၈။ စိတ်တည်ကြည်လွယ်ခြင်း။

၉။ မျက်နှာအဆင်း ကြည်ကြည် လင်လင် ရှိခြင်း။
၁၀။ သေချိန်ကျသောအခါ မတွေမဝေ သေရခြင်း။
၁၁။ ယခုဘဝမှာ အထက် မဂ်ဖိုလ်ပေါက်ထိုးထွင်း၍ မသိလျှင် ဗြဟ္မာ့ပြည်သို့ လားရခြင်းအားဖြင့် (၁၁)ပါးသော အကျိုးထူးတို့ကို ရစေနိုင်သည်ဟု ဟောကြားတော်မူသည် တကြောင်း၊ ထို့ကြောင့် မေတ္တာတရားက ပို၍ တန်ခိုး အာနိသင် ကြီးမားကြောင်း သိသာ ထင်ရှားလှ၏။

ထို့ကြောင့်ပင် (၇) ပါးသီလကို ထုံးစံအတိုင်း သူ့အရှိ အတိုင်း ခံယူဆောက်တည်ပြီးနောက် ၎င်း (၇) ပါး သီလကို လုံလုံ ခြုံခြုံ ထိန်းသိမ်းပြီးလျှင် မေတ္တာဘာဝနာကို အကြိမ်ကြိမ် အဖန်ဖန် ပွားများနေလျှင် ၎င်းဘာဝနာ ပွားများ နေတာကိုပင် အင်္ဂါတခုအနေဖြင့် ထည့်သွင်း ရေတွက်လျက် နဝင်္ဂ **ဥပုသ်**ဟု ဟောတော်မူခဲ့သည်ကို အတိအကျ သိကြဘို့ရာ မေးပြလိုက်ပါသည်။ (ပါဠိစီပြီး ဝိဟာရဏံ သမာဒိယာမိဟု မလုပ်ကောင်းပေ)။

## မေတ္တာနှင့်စပ်၍
## မေတ္တာသုတ်၌ သိကျင့်ဘွယ်ရာ

မြတ်စွာဘုရားသခင်က လေးလေး စားစားကြီး ဟောထားတော်မူခဲ့သော မေတ္တာသုတ် ဒေသနာတော် ကြီးသည် ရွတ်ရုံ၊ တရွတ်ထဲ ရွတ်နေရုံ အတွက် ဟောခဲ့ တာလား၊ ကျင့်ရမည် မေတ္တာပွားရမည်ဟူ၍သာ ဟောတော်မူခဲ့သည် မဟုတ်ပါလား၊ (ရွတ်နေတာကို မရွတ်နဲ့ မဆိုပါဘူး၊ ရွတ်ရပါတယ်)၊ ဒါပေမဲ့

အကျင့်ကို ဦးစားပေးပြီး မေတ္တာပို့ဘိုရာ ကိုသာ ညွှန်ကြားခဲ့သည်ကို မုချ တိုက်ရိုက်အားဖြင့် ဟောကြားခဲ့သည်ကို ခရားဇစ္တွင်းကျ ဆိုသလို ကျကျ နန ရှင်းပြအံ့။

## လုပ်အားတန်ဘိုး ချစ်မြတ်နိုး

ကောင်းမြတ်သော အကျိုးစီးပွားအရာ၌ လိမ်မာသည်ဖြစ်၍ အေးမြ ငြိမ်းချမ်း လှစွာသော နိဗ္ဗာန်ကို ဉာဏ်ဖြင့် သက်ဝင်ကာ နေလိုသော ရဟန်းသည် သာမဏေသည် လူသည် (ဤ၌ စိတ်ကောင်းရှိ၍ လုပ်အားတန်ဘိုး ချစ်မြတ်နိုးသော၊ ကုသိုလ်ကို လိုလားသော၊ သာသနာ့အရေခြုံ မဟုတ်သော ရဟန်း, ရှင်- လူကို ရည်ရွယ်၍ဟောသော တရားဖြစ်သည်ကို သတိပြု)၊ မိမိ၌ ပြည့်စုံစေရမည့်၊ အကျင့်ကို ကျင့်ရမည့်၊ အလုပ်ကို လုပ်ရမည့် တရား ၁၅-ပါးကို မေတ္တသုတ် ပါဠိတော်၌ တိုက်ရိုက် ဟောတော်မူခဲ့သည်မှာ-

### စ ၁၅-လုံး

၁။ သက္ကောစ-ကောင်းမြတ်သော အရာ တို့ကို (တရားတို့ကို) ကျင့်ခြင်းငှာ စွမ်းနိုင်ရမည်၊ ဝါ အသက် ခန္ဓာမငဲ့ညှာဘဲ သစ္စာ ၄-ပါးကို ပိုင်ပိုင် နိုင်နိုင် သိမြင်လာအောင် ကျင့်ခြင်းငှာ စွမ်းနိုင်ရမည်။

၂။ ဥဇူစ-ဖြောင့်မတ်သော ကာယကံ အကျင့် တရား၊ ဝစီကံအကျင့်တရား ရှိရမည်။

၃။ သုဟုဇူစ-တခါ တရံမျှ ကောက်ကွေးခြင်း မရှိဘဲ မနေ့ာကံ၌ ကောင်းကောင်း ဖြောင့်မတ်ရမည်။

၄။ သုဝစောစ-ပညာရှိတို့က ဆိုဆုံးမလျှင် ကောင်းစွာ လွယ်ကူသူ၊ လိုက်နာလွယ်သူ ဖြစ်ရမည်။
၅။ မုဒုစ-ကောင်းမြတ်သော အရာတို့၌ နူးညံ့ ပျော့ ပျောင်းသူ ဖြစ်ရမည်။
၆။ အနတိမာနီစ-မာန်မာန ထကြွထောင်လွှားခြင်း မရှိ စေရ။
၇။ သန္တုဿကော-မိမိမှာ တင်ရှား ရှိသော ပစ္စည်း ဖြင့်သာ တရားသဖြင့် ရရှိသော ပစ္စည်း ၄-ပါး ဖြင့်သာ ရောင့်ရဲတင်းတိမ် ကျေနပ်သူ ဖြစ်ရမည်။
၈။ သုဘရောစ- သူတပါးတို့ စောင့်ရှောက် မွေးမြူးရန် (ပြုစုရန်) လွယ်ကူသော ပေါ့တယ်၊ ငန်တယ်၊ မကောင်းဘူး၊ ကောင်းတယ်၊ ဘာသားဟင်း ကိုမှ ကြိုက်တယ် စသည်ဖြင့် ကြေးမများသူ (ချေးမများ သူ) ဖြစ်ရမည်။
၉။ အပ္ပကိစ္စောစ-ကျင့်ဝတ် တရား အတွက် မလိုလား အပ်သည့် (ရဟန်းကိစ္စနှင့် မဆိုင်သည့် ရဟန်းအလုပ် မဟုတ်သည့်) အပိုကိစ္စ နည်းပါးသောသူ ဖြစ်ရမည်။
၁၀။ သလ္လဟုကဝုတ္တိစ-ပေါ့ပါး လွယ်ကူသော အသက်မွေး ခြင်းရှိသူဖြစ်ရမည်၊ (ခရီးသွားသောအခါ သွားခါနီး ပစ္စည်းတွေ ဗလပွေ ရှုပ်ပွေ နေသူမျိုး မဟုတ်ဘဲ ပရိက္ခရာ ၈-ပါးမျှဖြင့် ငှက်ပျံ သွားသည့် အလား ပေါ့ပါးသူဖြစ်ရမည်)။
၁၁။ သန္တိန္ဒြိယောစ-ငြိမ်သက် တည်ကြည်သော ဣန္ဒြေရှိသူ ဖြစ်ရမည်။

၁၂-နိပကောစ-အပြစ်ကင်းသော အရာတို့၌ ရင့်ကျက်သော ကောင်းစွာ သိမြင် ကျွမ်းကျင် လိမ္မာသော ဉာဏ် ပညာရှိသူ ဖြစ်ရမည်။

၁၃။ အပ္ပဂဗ္ဘောစ-ကိုယ်နှုတ်နှလုံး သုံးပါးလုံး ကြမ်းကြုတ်ခြင်းမရှိစေရ။

၁၄။ ကုလေသွာနာနုဂိဒ္ဓေါစ-အမျိုး ဒါယကာ ဒါယိကာမ တို့ အပေါ်၌ တွယ်တာ ငြိကပ်ခြင်း မရှိစေရ။

၁၅။ နစ ခုဒ္ဒမာစရေ ကိဉ္စိယေန ဝိညူ ပရေ ဥပဝဒေယျုံ-ပညာရှိများ ကဲ့ရဲ့စွပ်စွဲမည့် အရာမှန်လျှင်(မကောင်းမှု မှန်လျှင်) တစုံတရာ အနည်းငယ် ကလေးကိုမျှ မပြုကျင့်ရ။

(ငှင်း စ ၁၅-မျိုး၊ အလုပ် ၁၅-မျိုးကို ကျင့်ပါလျှင် ငှင်း ရဟန်း,ရှင်လူသည် လုပ်အားတန်ဘိုးကို ချစ်မြတ်နိုးသောသူ ဒိဌဖြစ်ရမည်၊ ဟန်ဆောင်မဟုတ် တကယ်ကျင့်၊ ကျင့်သူဖြစ်ရ မည်)။

ယခုပြခဲ့ပြီးသော ကျင့်ဝတ် တရား ၁၅-ပါးကို ကျင့်ရမည် ဟူ၍သာ တိုက်ရိုက် ဟောတော် မူခဲ့သည် မဟုတ်ပါလော၊ ရှုတ်ရုံသာ ရှုတ်နေရ မှာတဲ့လား၊ ရှုတ်နေရုံနှင့် အဲဒီ ကျင့်ဝတ် ကိစ္စတွေ ပြီးပြီဟု ဆိုနိုင်ပါမည်လား၊ (မရှုတ်နဲ့လို့ မဆိုလိုပါ၊ ရှုတ်လဲ ရှုတ်ပါ၊ ရှုတ်တဲ့ အတိုင်းလဲ အဓိပ္ပါယ်ကို သိသိပြီး ကျင့်ပါ)။

အဲဒီ ကျင့်ဝတ်တရား ၁၅-ပါး (စ-၁၅-လုံး) လုံလုံ သောက် လောက် ပြည့်ပြည့် စုံစုံ ဖြစ်စေပြီးမှ၊ ကျင့်ပြီးမှ မေတ္တာပို့ရမည့် အခြင်းအရာကို (သုခိနောဝါ ခေမိနော ဟောန္တု သဗ္ဗသတ္တာ

ဘဝန္တု သုခိတတ္တာ) အစရှိသော အားဖြင့် ဟောကြားတော်မူခဲ့သည်။

## မေတ္တာပွါး

ဤမေတ္တာသုတ်၌ လာသော မေတ္တာဘာဝနာ ပွားနည်းကို အကျဉ်းချုပ်၍ မှတ်သားလျှင်–

(က) သဗ္ဗသင်္ဂါဟိကမေတ္တာ။ ။သတ္တဝါအားလုံးကို တခွန်းထည်းဖြင့် နှံ့အောင်ပွားသောမေတ္တာ။

(ခ) ဒုကဘာဝနာမေတ္တာ။ ။သတ္တဝါတို့ကို ၂–စု၊ ၂–ပုံပုံ၍ ပွားသော မေတ္တာ။

(ဂ) တိကဘာဝနာမေတ္တာ။ ။သတ္တဝါတို့ကို ၃–စု၊ ၃–ပုံပုံ၍ ပွားသောမေတ္တာ ဟူ၍ ၃–မျိုး ထွက်လာသည်။

## (က) သဗ္ဗသင်္ဂါဟိက မေတ္တာပွါးနည်း

ထို ၃–မျိုးတွင် သဗ္ဗသင်္ဂါဟိက မေတ္တာပွါးနည်းကို မေတ္တာသုတ်ပါဠိတော်၌ (သုခိနောဝါ ခေမိနော ဟောန္တု သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ) ဟူ၍ ဟောကြားတော်မူ၏။ ဤ ဟောကြားတော်မူချက်အရ ရှင်းလင်းစွာ မေတ္တာပွားလိုလျှင်–

၁။ သဗ္ဗေသတ္တာ သုခိနောဟောန္တု–အလုံးစုံသော သတ္တဝါတွေ ကာယိကသုခနှင့် ပြည့်စုံကြပါစေ။

၂။ သဗ္ဗေသတ္တာခေမိနောဟောန္တု–အလုံးစုံသော သတ္တဝါတွေ ဘေးရန် ကင်းကြပါစေ။

၃။ သဗ္ဗေသတ္တာ သုခိတတ္တာ ဟောန္တု– အလုံး စုံသော သတ္တဝါတွေ စေတသိကသုခနှင့် ပြည့်စုံကြပါစေ။

ဤကဲ့သို့ ရွတ်ဆိုပွားများ နှလုံးထားလျှင် မေတ္တာသုတ်လာ သဗ္ဗသင်္ဂါဟိက မေတ္တာပို့ကို ပွားသည်မည်၏။

## (ခ) ဒုက္ခဘာဝနာ မေတ္တာပို့နည်း

ဒုက္ခဘာဝနာ မေတ္တာပွားနည်းနှင့် တိကဘာဝနာ မေတ္တာ ပွားနည်းကို ပါဠိတော်၌ မကောက်ယူ တတ်လျှင် ရှုပ်ထွေး၍ နေပေ၏၊ လိုရင်းကို ရှင်းပြပါအံ့။

### ဒုက္ခဘာဝနာ မေတ္တာပွားနည်းမှာ

၁။ တသထာဝရဒုက–ကြောက်လန့်ခြင်း ရှိမရှိ သတ္တဝါ တစုံ။

၂။ ဒိဋ္ဌာဒိဋ္ဌဒုက–မြင်အပ် မမြင်အပ် (မြင်ဘူး မမြင်ဘူး) သတ္တဝါတစုံ။

၃။ ဒူရသန္တိကဒုက–အနီးအဝေး သတ္တဝါတစုံ။

၄။ ဘူတသမ္ဘဝေသီဒုက– ရဟန္တာနှင့် ပုထုဇဉ် သေက္ခ သတ္တဝါတစုံ–

ဟူ၍ ၄–မျိုး ရှိရာ–

၁။ တသာဝါ ထာဝရာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ တသ်ခြင်း၊ ကြောက်လန့်ခြင်း မကင်း ကြသည့် ပုထုဇဉ် သေက္ခ အရိယာသတ္တဝါ၊ တသ်ခြင်း ကြောက် လန့်ခြင်း ကင်းတော်မူကြသည့် ရဟန္တာသတ္တဝါ အကြွင်းမရှိ ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေဟူ၍ နှလုံးသွင်း ပွားများလျှင် တသထာဝရ ဒုက ဘာဝနာ မေတ္တာစင်စစ် ဖြစ်၏။

၂။ ဒိဋ္ဌာဝါ အဒိဋ္ဌာဝါ အနုဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ မြင်အပ်သော သတ္တဝါ၊ မမြင်အပ်သော သတ္တဝါ၊ မြင်ဘူးသော သတ္တဝါ၊ မမြင်ဘူးသော အကြွင်းမရှိ၍ အလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွားများလျှင် ဒိဋ္ဌာဒိဋ္ဌဒုကဘာဝနာ စင်စစ်ဖြစ်၏။

၃။ ဒူရေဝါ အဝိဒူရေဝါ အနုဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ဝေးသောအရပ်၌ နေသော သတ္တဝါ၊ နီးသော အရပ်၌နေသော သတ္တဝါ၊ အကြွင်းမရှိသော ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွားများလျှင် ဒူရသန္တိက ဒုကဘာဝနာ မေတ္တာ စင်စစ် ဖြစ်၏။

၄။ ဘူတာဝါ သမ္ဘဝေသီဝါ အနုဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ရဟန္တာပုဂ္ဂိုလ် ကြွင်းသော ပုထုဇဉ် သေက္ခ ပုဂ္ဂိုလ် (တနည်း-ပဝတ္တိကာလ ရောက်ရှိသော သတ္တဝါ၊ ပဋိသန္ဓေကာလ၌ရှိနေကြသော သတ္တဝါ) အကြွင်းမရှိ ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွားများလျှင် ဘူတသမ္ဘဝေသီ ဒုကဘာဝနာ မေတ္တာစင်စစ်ဖြစ်၏။ ဤဆိုအပ်ပြီးသော မေတ္တာဘာဝနာနည်း ၄-နည်းကို ဒုကဘာဝနာ မေတ္တာဟူ၍ ခေါ်၏၊ သတ္တဝါတို့ကို ၂-စု ၂-ပုံ ပုံ၍ ပွားများသောမေတ္တာ ဖြစ်တော့၏။

## (ဂ) တိကဘာဝနာ မေတ္တာပွားနည်း

ဤတိကဘာဝနာ မေတ္တာပွားနည်းမှာ-

၁။ ဒီဃ ရဿ မဇ္ဈိမတိက-အရှည် အတို အလယ် အလတ် ၃-ပုံ တစု။

၂။ မဟန္တဘဏကမဇ္ဈိမတိက- အကြီး အငယ် အလယ် အလတ် ၃-ပုံ တစု။

၃။ ထုလာဘဏကမဇ္ဈိမတိက-အဆူ အကြုံ့ အလယ် အလတ် ၃-ပုံ တစု-

ဟူ၍ ၃-မျိုးရှိရာ-

၁။ ဒီဃာဝါရဿာဝါ မဇ္ဈိမာဝါ အနုဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ရှည်လျားသော ခန္ဓာကိုယ် အတ္တဘော ရှိသောသတ္တဝါ၊ တိုတောင်း ပုကွသော ခန္ဓာကိုယ် အတ္တဘော ရှိသော သတ္တဝါ၊ မရှည် မတို အလယ် အလတ် ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ အကြွင်းမရှိသော ဤ အလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ ဟူ၍ နှလုံးသွင်း ပွားများလျှင် **ဒီဃရဿ မဇ္ဈိမတိကဘာဝနာ** မေတ္တာ စင်စစ် ဖြစ်၏။

၂။ မဟန္တာဝါ အဏုကာဝါ မဇ္ဈိမာဝါ အနုဝသေသာ သဗ္ဗသတ္တာ ဘဝန္တုသုခိတတ္တာ။ ကြီးကျယ်သော ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ ငယ်ငေါင်းသော ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ မကြီး မငယ် အလယ် အလတ်ခန္ဓာကိုယ် အတ္တဘော ရှိသော သတ္တဝါ၊ အကြွင်း မရှိသော ဤ အလုံးစုံသောသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွားများလျှင် **မဟန္တာဏုက မဇ္ဈိမတိက ဘာဝနာ** မေတ္တာစင်စစ်ဖြစ်၏။

၃။ ထူလာဝါ အဏုကာဝါ မဇ္ဈိမာဝါ အနုဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ဆူဖြိုးသောခန္ဓာကိုယ် အတ္တဘော ရှိသော သတ္တဝါ၊ ကြုံလှီသော ခန္ဓာကိုယ် အတ္တဘော ရှိသော

သတ္တဝါ၊ မဆူမကြို အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ အကြွင်းမရှိသော ဤအလုံးစုံသော သတ္တဝါ တို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဟူ၍ နှလုံးသွင်း ပွားများလျှင် **ထူလာဏုကမဇ္ဈိမတိကဘာဝနာ** မေတ္တာ စင်စစ် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသော မေတ္တာဘာဝနာ ပွားနည်း ၃-နည်းကို တိကဘာဝနာ မေတ္တာဟူ၍ ခေါ်ဆို၏၊ သတ္တဝါ တို့ကို ၃-စု ၃-ပုံ ပုံ၍ ပွားများသောမေတ္တာဖြစ်တော့၏။

(စေ့စေ့စပ်စပ် အထပ်ထပ် ဖတ်၍ လေ့လာလျက် မေတ္တာပို့ကြပါ)။

ဆိုခဲ့ပြီးသော ဒုကဘာဝနာ မေတ္တာပို့ပုံ၊တိကဘာဝနာမေတ္တာ ပို့ပုံများကို ၂-မျိုးလုံးခြုံ၍ မြန်မာစကားသက်သက်နှင့် ပို့နိုင်ပုံကို ရေးပြပါအံ့။ (**အရကျက်၍ပို့ကြပါ**)။

၁။ ကြောက်တတ်၊ မကြောက်တတ်၊ ၂-ရပ် များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲစေသောဝ်။

၂။ မြင်အပ်၊ မမြင်အပ်၊ ၂-ရပ်များစွာ၊ သတ္တဝါ၊ချမ်းသာ ကိုယ်စိတ် မြဲစေသောဝ်။

(မြင်ဘူး မမြင်ဘူး၊ ၂-ဦးများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် ၊မြဲစေသောဝ် ဤလိုလဲ ဆိုချင်ဆိုပါ)။

၃။ နီး နေ၊ ဝေးနေ၊ ၂-ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲစေသောဝ်။

၄။ ဘဝ ဇာတ်သိမ်း၊ မသိမ်းများစွာ၊ သတ္တဝါ၊ချမ်းသာ ကိုယ်စိတ်မြဲစေသောဝ်။

၁-၅။ ရှည် တို အလတ်၊ ၃-ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲစေသော်။
၂-၆။ ကြီး ငယ် အလတ်၊ ၃-ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲစေသောဝ်။
၃-၇။ ဆူ ကြုံ အလတ်၊ ၃-ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲစေသောဝ်။

(က)ဤဆိုခဲ့ပြီးသော **သဗ္ဗသင်္ဂါဟိကမေတ္တာ**၊ (ခ)**ဒုကဘာဝနာမေတ္တာ**၊ (ဂ)**တိကဘာဝနာမေတ္တာ**-တို့ကို သူတပါး စီးပွား ချမ်းသာ ရောက်ရှိရန် တောင့်တသော မေတ္တာများ ဖြစ်ကြ၍ **ဟိတသုခါဂမပတ္ထနာမေတ္တာ**ဟူ၍ခေါ်ဆို၏။ သူတပါးတို့ စီးပွား ချမ်းသာ ရောက်ရှိရန် တောင့်တလိုလားခြင်းကို ဟိတသုခါဂမ ပတ္ထနာ မေတ္တာဟု ခေါ်သကဲ့သို့ သူတပါးတို့အား အစီးအပွားမဲ့ ဆင်းရဲဒုက္ခ မရောက်ရန် တောင့်တခြင်းကို (အဟိတဒုက္ခာနာဂမ ပတ္ထနာမေတ္တာ) ဟူ၍ ခေါ်ဆို၏၊ ထို အဟိတဒုက္ခာ နာဂမ မေတ္တာပွားနည်းကို မေတ္တသုတ်ပါဠိတော်၌-

နပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ နံကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခ မိစ္ဆေယျ။

ဟူ၍ ဟောတော်မူခဲ့သည်။

**အဓိပ္ပါယ်မှာ-** ခြော် သတ္တဝါ တယောက်သည် သတ္တဝါ တယောက်ကို မလှည့်ဖျားပါစေ၊ အမျက် မထွက်ပါစေသား၊ မထိမဲ့မြင် မပြုပါစေသား၊ အချင်းချင်းအား ကိုယ်နှုတ် နှလုံး ဖောက်ပြန်ကာ ချုတ်ချယ်ခြင်း၊ ထိပါးခြင်းဖြင့် ဆင်းရဲ ဒုက္ခကို အလို မရှိပါစေသားဟု နှလုံးသွင်း ပွားများနေလျှင် အဟိတ ဒုက္ခာနာဂမပတ္ထနာ မေတ္တာဖြစ်တော့၏။

သာသနာ့တာဝန်ကို ထမ်းဆောင်၍ အရောင် ဆောင်ထားသော စိတ်ထားကောင်းမျိုး မဟုတ်ဘဲ တကယ် အစစ်တန်း စိတ်ကောင်းရှိသော ရဟန်း ရှင်လူ များသည် သတ္တဝါ အားလုံး တို့၏အပေါ်၌ အဘယ်ကဲ့သို့ စိတ်ထဲမှာ ထား၍ နေရမည်နည်း၊ မေတ္တာတရား ပွားများရမည်နည်းဟု မေးလျှောက်ဖွယ် ရှိပြန်၍ မြတ်စွာဘုရားက မေတ္တသုတ် ပါဠိတော်၌ (ဥပမာ-ဥပမေယျ) ပြ၍ ကျကျ နန ဟောတော်မူခဲ့သည်မှာ-

မာတာယထာ နိယံပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဝေမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

ဟု ဟောတော်မူခဲ့သည်။

**အနက်ကား။** ။မာတာ၊ အမိသည်။ နိယံပုတ္တံ၊ မိမိ၏ သားအရင်းဖြစ်သော။ ဧကပုတ္တံ၊ တယောက်ထဲသာ ရှိသော သားငယ်ကလေးကို။ အာယုသာ၊ အသက်ကြောင့်။ (ဝါ၊ မိမိ၏အသက်လောက်)။ အနုရက္ခေယထာ၊ အစဉ်အမြဲ စောင့်ရှောက်သကဲ့သို့။ ဝေမ္ပိ၊ ဤအတူလည်း။ သဗ္ဗဘူတေသု၊ အလုံးစုံသော သတ္တဝါတို့အပေါ်၌။ အပရိမာဏံ၊ အတိုင်း အရှည် မရှိသော။ မာနသံ၊ မေတ္တာနှင့် ယှဉ်သောစိတ်ကို။ ဘာဝယေ၊ အပန်တလဲလဲ ပွားစေရာ၏။

**အဓိပ္ပါယ်မှာ**-သားကလေး တယောက်ထဲကို မွေးဖွား ရရှိသော မိခင်သည် (အမေသည်) မိမိ၏ သားအရင်း ဖြစ်သော တယောက်ထဲသာ ရှိသော သားကလေးကို အသက်ကြောင့် မိမိ၏ အသက်လောက် ချစ်ခြင်းဆိုတဲ့ မေတ္တာစိတ်ကို ထားပြီးလျှင် အလွန်သနားသော ကရုဏာဖြင့်အစဉ်သနားစောက်ရှောက်လျက် စိုးရိမ်နေသလို ညှာတာသနားနေသလို သာသနာ

ဝန်ထမ်းပုဂ္ဂိုလ်များနှင့် စိတ်ထားမြင့်မြတ်၍ အပါယ်ဇာတ်မှ လွတ်လပ်လိုသူ များသည် (ဤနေရာ၌ အယောင်ဆောင်နှင့် အရေခြုံသမားမပါ) သတ္တဝါအားလုံး အပေါ်မှာညှာတာပါ၊ သနားပါ၊ ရက်ရက်စက်စက် သတ်ပုတ်နေတာကို အားမပေးပါနှင့်၊ စိတ်မတူပါနှင့်၊ မညှဉ်းဆဲပါနှင့်၊ ညှဉ်းဆဲသူကို တွေ့ရင် ဆိုဆုံးမပါ၊ သတ္တဝါတွေကို မေတ္တာပို့ပါဟု ဟောတော်မူခဲ့သည်။ (ဤနေရာ၌ စားရရင် ပြီးစတမ်းဘဲ၊ ဒို့နှင့် မဆိုင်ပါဘူး၊ ဒို့က အသတ်အဖြတ် ခိုင်းတာမှ မဟုတ်ဘဲ၊ ဒို့ရှေ့မှာ သတ်တာမှ မဟုတ်ဘဲ၊ သူ့ဟာသူ လုပ်ထားဘဲ စသည်ဖြင့် ဆင်ခြေပေး၍ မေတ္တာသုတ်လာ ကျင့်ဝတ်ကို မကျင့်ဘဲ နေကြသော သူများမှာ မေတ္တာသုတ်ကို တနေ့တနေ့ကို အခေါက် တရာ ရွတ်နေပေမဲ့ ထိုသူနှင့် မေတ္တာသုတ်နှင့် လုံးဝ မသက်ဆိုင်)။ မဟာကရုဏာရှင် ဘုရားသခင်က ဆက်လက်၍ မေတ္တာပို့ရမည့်အရပ်နှင့်အချိန်များကို ဆက်လက်၍ ဟောကော် မူခဲ့ ပြန်သည်မှာ ဥဒ္ဓံ အဓောစ တိရိယဉ္စ အစရှိသည်ဖြင့် မေတ္တာသုတ်ကို ဟောတော် မူခဲ့သည်။ **အဓိပ္ပါယ်မှာ** ကိုသာ ရေးပြပါအံ့၊ အထက် ကို နေဝသညာနာသညာယတနဘုံအထိအောက်ကိုအဝီစိအထိဘေးဘက်ကိုအရပ်ရှစ်မျက်နှာလုံးအကုန်အဲဒီအတွင်းမှာ ရှိနေကြတဲ့သတ္တဝါအားလုံးကို ရပ်နေရင်းလဲ မေတ္တာပို့ပါ၊ သွားနေရင်းလဲ မေတ္တာပို့ပါ၊ ထိုင်နေရင်းလဲ မေတ္တာပို့ပါ၊ အိပ်နေရင်းလဲ မေတ္တာပို့ပါ၊မငိုက်မချင်း အိပ်မပျော်သေးမချင်းလဲ မေတ္တာပို့ပါဟု ဟောတော်မူခဲ့သည်။

ဝိနည်း ၅-ကျမ်းတို့တွင် ပဌမ အဦးဆုံး ဟောတော်မူခဲ့သော **ပါရာဇိကဏ်** ပါဠိတော် ဇမ္ဗူမိတ်ဆွေတိုက်ရိုက် နံပါတ် ၂၇၀-မှာ

ပါတဲ့ ရဟန်းများ မစားကောင်း၊ အလှူမခံကောင်းတဲ့ ကြွား သား, မြင်သား, ထင်သားများကိုလည်း မရှောင်ကြဉ်ကြဘဲ၊ ၎င်းပြင် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတော်မူခဲ့သော ကိုယ်တိုင် တိုက်တွန်းချီးမွမ်း၊ စိတ်တူဟူသော ဆင့်ပွား ဒုစရိုက်ဘွဲ့ဘက် ဒုစရိုက်များကိုလဲ မရှောင်ကြဉ်ကြဘဲ ဤမေတ္တာသုတ် ပါဠိတော်၌ ကျကျနန ဂဃနဏ ဟောတော်မူခဲ့သော တကယ် ကျင့်နေရမည့် ကျင့်ဝတ် ၁၅-မျိုး (စ, ၁၅ လုံး) ကိုလဲ မကျင့်ကြဘဲ ဤ မေတ္တာသုတ်လာ မေတ္တာ ပွားနည်းများကိုလဲ သိလဲ မသိကြ၊ ပွားလဲ မပွားကြဘဲ ရိုးရာ မပျက်ရုံ ယောင်တောင်တောင် ဝါးတားတားနှင့် သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာ ပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊သုခီ အတ္တာနံ ပရိဟရန္တု ဒုက္ခာ မုစ္စန္တု စသည်ဖြင့် မေတ္တာပို့ကို ဆိုနေရုံ မေတ္တာ သုတ်ကို ရွတ်ရွတ်နေရုံမျှဖြင့် မေတ္တာသုတ် တရားတော်ကြီးသည် တန်ကြေး လဲမရှိ၊ အဖိုးပေါ်လဲ မရှိရုံမက ရွတ်ရုံသာ ရွတ်ရွတ်နေကြသူများ သည် သာသနာတော်၏ ကျင့်ဝတ်တွေနှင့် မညီကြသဖြင့် ကျင့် ဝတ်တွေ မကျေကြသောကြောင့် ဒေဝဒူတသုတ် ပါဠိတော်မှာ ဟောတော်မူခဲ့သော ဒုဂ္ဂတိဘုံ ၂၆၇-ဘုံကပင်မလွတ်နိုင်သေးသော သူများဟူ၍ တထစ်ကျပုဒ်ပြတ် မှတ်သားအပ်လေတော့၏။

မေတ္တာသုတ်အတိုင်း လိုက်နာ ကျင့်ကြံကြသော ပုဂ္ဂိုလ် များ၏ ရပိုင်ခွင့် ခံစားပိုင်ခွင့်ရှိသော အကျိုးများကို မြတ်စွာ ဘုရားက နိဂုံးချုပ်အနေအားဖြင့်-

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။

ကာမေသု ဝိနယ ဂေဓံ၊ နဟိ ဇာတု ဂဗ္ဘသေယျံ ပုနရေတိ-

ဟု ဟောတော်မူပြီးမဟုတ်ပါလော။

ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းသည်။ ဝါ၊ ဤ မေတ္တာသုတ်လာ ဒေသနာကို လိုက်နာကျင့်ကြံသော သူသည်။ ဒိဋ္ဌိဥ္စ၊ မိစ္ဆာဒိဋ္ဌိ အယူသို့လည်း။ အနုပဂ္ဂမ္မ၊ မကပ်ရောက် မူ၍။ သီလဝါ၊ လောကမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်သော သီလ ရှိသည် ဖြစ်၍။ ဒဿနေန၊ သောတာပတ္တိ မဂ်ဉာဏ်နှင့်။သမ္ပန္နော၊ ပြည့်စုံသည်ဖြစ်၍။ ကာမေသု၊ တေဘူမကသခ်ါရ တည်းဟူသော ဝတ္ထုကာမတို့၌။ ဂေဓံ၊ တပ်မက်မောခြင်းကို။ ဝိနယ၊ ပယ်ဖျောက်၍။ ဇာတု၊ စင်စစ်ဧကန် အမှန်အားဖြင့်။ ပုန၊ နောက်ထပ်တဖန်။ဂဗ္ဘသေယျံ၊ အမိဝမ်းတွင်း၌ပဋိသန္ဓေ နေရခြင်းသို့။ နဧတိ၊ မရောက်ရလတ္တံ့။

## အဓိပ္ပါယ်အချုပ်

မေတ္တာသုတ်အတိုင်း လိုက်နာ ကျင့်ကြံ ကြသူများမှာ ဒိဋ္ဌိ ဝိစိကိစ္ဆာမှကင်းစင်လွှင့်ပျောက်ပြီးလျှင် မဂ်-ဖိုလ်ကိုမျက်မှောက်ပြုရသဖြင့် နပုဂ်ဗ္ဘသေယျပုနရေတိ၊ နောင်တဖန် ဘဝသစ်တောင်မှ မနေရတော့ပြီတဲ့။

ငါတို့ လူစုတွေမှာ မေတ္တာ သုတ်ကို ရွတ်ရွတ်ပြီး နေကြရတာဟာ အာပေါက်ရတော့မည်၊ ဘဝတိုင်း ဘဝတိုင်း ကလဲ ရွတ်ဘူးခဲ့ကြ ဘူးလေပြီ၊ ယခုလဲ ရွတ်မှတ် နေကြ တုန်းပင်၊ နောင်ကိုလဲ ရွတ်ကြလေဦးမည်၊ ရွတ်လဲရွတ်ကြပါ၊ မရွတ်ရဘူး ဟု မဆိုပါဘူး၊ ရွတ်ရုံကလေးသာ ရွတ်ရွတ်ပြီး တင်းတိမ်မနေကြဘဲ မေတ္တာသုတ်၏အနက် အဓိပ္ပါယ် အဆီအနှစ် တွေကို မြတ်စွာဘုရား၏ အလိုတော်ကျအောင်၊ အလိုတော်နှင့် အံ့ဝင်ဂွင်ကျဖြစ်အောင်၊ အလိုတော်နှင့် ကိုက်အောင်ညီအောင်၊ ကျကျ

သတဲ့၊ အဲဒီ စည်ကြီးကို ပြုလုပ်ကြတဲ့ ဒသဘာတိက မင်းတွေ ကွယ်လွန်သွားတော့ နောက်မှဖြစ်တဲ့ နောက်ပေါက်မင်းတွေက ဒီစည်တော်ကြီးကို ဒီထက်ကောင်းအောင်၊ ဒီထက်အသံပိုကျယ်လာအောင်ဟု ကြံစည်ကြပြီးလျှင် မူလကကျက်ထားတဲ့ သားရေတွေကို ခွါလို့ခွါ၊ ကြေးပြား သံပြား တွေနှင့် **ဆက်လို့ဆက်**၊ စည်းအဝကြီးကို **ကားလို့ကား**နှင့် ထင်သလို လုပ်ပြီး တော့မှ ဒို့စည်ကြီးကတော့ အရင် တုန်းက လုပ်ထား တာထက် ဒို့က ပြင်လိုက်တဲ့အတွက် ၂-ဆ၊ ၃-ဆ ပိုပြီး အသံ ကျယ်လာမှာဘဲ၊ မြည်လာတော့ မှာဘဲဟု တကယ် ထင်မှတ်ပြီး အားရ ပါးရ တီးခပ် ကြည့်ကြသောအခါ သူတို့ မှန်းဆထားတဲ့ အတိုင်းလဲ မမြည်၊ မူလက အသံအတိုင်းလဲ မမြည်တော့ဘဲ (ယုတ်စွ အဆုံး တခေါ်လောက် အရပ်က ကြားရအောင်မှ မမြည်တော့ဘဲ) **ဘဲဟောင်ဟောင်, ဘဲဟောင်ဟောင်, ဗျမ်းဗျမ်း, ဗျမ်းဗျမ်း ဗျပ်ဗျပ်, ဗျပ်ဗျပ်, ဘတ်ဘတ်, ဘတ်ဘတ်**, လို့သာ မြည်တော့ သတဲ့၊ အဲဒီတော့မှ အဲဒီ မင်းတွေက ဒို့မှန်းချက်နှင့် နှမ်းထွက် ကွာဂျလေခြင်း မူလအတိုင်းနေတာ အကောင်းသားနှင့် မူလ အတိုင်း ထားလိုက်ရရင် တော်ပါသေးရဲ့၊ ယခု ပြင်လိုက်မိတာ မှားလေခြင်းဟု လူမိုက်နောက်မှ နောင်တရ-ဖြစ်ကြရသတဲ့။

အဲဒီ **ဥပမာ**ဟာ ကျမ်းဂန်လာ ဥပမာပါဘဲ၊ အဲဒီ **ဥပမာ** အတိုင်းဘဲ ယခုအခါမှာလဲ ဘုရားဟော တရားတွေကို အရှိကို, အရှိအတိုင်းမထားကြဘဲ ဘာဝနာကို သီလ လုပ်လိုလုပ်၊ သမာဓိနှင့်မှ ထိန်းလို့ရတဲ့ သမာဓိစခန်းထဲမှာ ပါနေတဲ့ မနောကံတွေကို သီလလုပ်လိုလုပ် (ပါးစပ်က သီလလုပ်ပြီးဆိုလိုက်ရင် သီလရပြီးပြီ၊ တည်ပြီးပြီဟု ထင်နေသူတွေ သတိပြု) မွေးမြူရေး သမားက

ကျုပ်မိစ္ဆာဇီဝကိုရှောင်ပါတယ်ဟု ဝေရမဏီလုပ်လိုလုပ်၊ အဲဒီလို လုပ်နေကြရင် မြတ်စွာဘုရား တရားတော်တွေ၊ စကားတော်တွေ ဟိုကပဲ-ဒီက ပျောက် ဖြစ်ပြီးလျှင် ကြာလာရင် ဘဲဟောင် ဟောင်, ဖြစ်ပြီးအဲဒီ **ကက္ကဋ** စည်တော်ကြီးလို ဖြစ်သွားရမည်ကို တွေးတော၍ ပူပန်မိပါတော့သတည်း။

ဗြဟ္မစိုရ်တရား ၄-ပါး ရှိပါလျက် မေတ္တာ ဘာဝနာကိုသာ လျှင် အထူးထုတ်၍ (မေတ္တာကို ပွားများနေခြင်း တခုကို) ရှစ်ပါးသီလနှင့် တွဲစပ်ပြီး နဝင်္ဂဥပုသ် အနေဖြင့် ဟောတော်မူခဲ့ ခြင်းမှာ မေတ္တာတရားက အာနိသင် ကြီးသောကြောင့် ဟော တော်မူခဲ့သည်ဟု မှတ်ယူရမည်၊ ထိုကြောင့်ပင် မြတ်စွာ ဘုရား သည် **မေတ္တာသုတ်** ဒေသနာတော်ကို ဟောတော်မူခဲ့သဖြင့် ထို မေတ္တာသုတ် ဒေသနာတော်သည် ခုဒ္ဒက ပါဌ ပါဠိတော်နှင့် သုတ္တနိပါတ် ပါဠိတော်တို့၌ ထင်ရှား ရှိနေသည် တကြောင်း၊ အင်္ဂုတ္တိုရ်ပါဠိတော် ဧကာဒသကနိပါတ် ၂၊ အနုဿတိဝဂ်၊ ၅-ခု မြောက်သုတ်မှာ မေတ္တာတရားကို အဖန်ဖန် ပွားများလျှင်-

၁။ ချမ်းသာစွာ အိပ်ပျော်ခြင်း။
၂။ ချမ်းသာစွာ နိုးကြားခြင်း။
၃။ မကောင်းသော အိပ်မက်ကို မမြင်မက်ခြင်း။
၄။ လူအများက ချစ်ခင်ခြင်း။
၅။ နတ်ဘီလူးများနှင့် ပြိတ္တာများက ချစ်ခင်ခြင်း။
၆။ နတ်များ စောင့်ရှောက်ခြင်း။
၇။ မီးလောင်မှု အဆိပ်သင့်မှု လက်နက်စူးဝင်မှု မရှိခြင်း။
၈။ စိတ်တည်ကြည်လွယ်ခြင်း။

၉။ မျက်နှာအဆင်း ကြည်ကြည် လင်လင် ရှိခြင်း။
၁၀။ သေချိန်ကျသောအခါ မတွေမဝေ သေရခြင်း။
၁၁။ ယခုဘဝမှာ အထက် မဂ်ဖိုလ်ပေါက်ထိုးထွင်း၍ မသိလျှင် ဗြဟ္မာ့ပြည်သို့ လားရခြင်းအားဖြင့် (၁၁)ပါးသော အကျိုးထူးတို့ကို ရစေနိုင်သည်ဟု ဟောကြားတော်မူသည် တကြောင်း၊ ထို့ကြောင့် မေတ္တာတရားက ပို၍ တန်ခိုး အာနိသင် ကြီးမားကြောင်းသိသာ ထင်ရှားလှ၏။

ထို့ကြောင့်ပင် (၈) ပါးသီလကို ထုံးစံအတိုင်း သူ့အရှိအတိုင်း ခံယူဆောက်တည်ပြီးနောက် ၎င်း (၈) ပါး သီလကို လုံလုံ ခြုံခြုံ ထိန်းသိမ်းပြီးလျှင် မေတ္တာဘာဝနာကို အကြိမ်ကြိမ် အဖန်ဖန် ပွားများနေလျှင် ၎င်းဘာဝနာ ပွားများ နေတာကိုပင် အင်္ဂါတခုအနေဖြင့် ထည့်သွင်း ရေတွက်လျက် နဝင်္ဂ **ဥပုသ်**ဟု ဟောတော်မူခဲ့သည်ကို အတိအကျ သိကြဘို့ရာ ရေးပြလိုက်ပါသည်။ (ပါဠိစိပြီး ဝိဟရဏံ သမာဒိယာမိဟု မလုပ်ကောင်းပေ)။

## မေတ္တာနှင့်စပ်၍
## မေတ္တာသုတ်၌ သိကျင့်ဘွယ်ရာ

မြတ်စွာဘုရားသခင်က လေးပလေး စားစားကြီး ဟောထားတော်မူခဲ့သော မေတ္တာသုတ် ဒေသနာတော် ကြီးသည် ရွတ်ရုံ့ တရွတ်ထဲ ရွတ်နေရုံ အတွက် ဟောခဲ့ တာလား၊ ကျင့်ရမည် မေတ္တာပွါးရမည်ဟူ၍သာ ဟောတော်မူခဲ့သည် မဟုတ်ပါလား၊ (ရွတ်နေတာကို မရွတ်နဲ့ မဆိုပါဘူး၊ ရွတ်ရပါတယ်)၊ ဒါပေမဲ့

အကျင့်ကို ဦးစားပေးပြီး မေတ္တာပို့ဘို့ရာ ကိုသာ ညွှန်ကြားခဲ့သည်ကို မုချ တိုက်ရိုက်အားဖြင့် ဟောကြားခဲ့သည်ကို ခရားစေ့တွင်းကျ ဆိုသလို ကျကျ နန ရှင်းပြအံ့။

## လုပ်အားတန်ဘိုး ချစ်မြတ်နိုး

ကောင်းမြတ်သော အကျိုးစီးပွားအရာ၌ လိမ်မာသည်ဖြစ်၍ အေးမြ ငြိမ်းချမ်း လှစွာသော နိဗ္ဗာန်ကို ဉာဏ်ဖြင့် သက်ဝင်ကာ နေလိုသော ရဟန်းသည် သာမဏေသည် လူသည် (ဤ၌ စိတ်ကောင်းရှိ၍ လုပ်အားတန်ဘိုး ချစ်မြတ်နိုးသော၊ ကုသိုလ်ကို လိုလားသော၊ သာသနာ့အရေခြုံ မဟုတ်သော ရဟန်း, ရှင်-လူကို ရည်ရွယ်၍ဟောသော တရားဖြစ်သည်ကို သတိပြု)၊ မိမိ၌ ပြည့်စုံစေရမည့်၊ အကျင့်ကို ကျင့်ရမည့်၊ အလုပ်ကို လုပ်ရမည့် တရား ၁၅-ပါးကို မေတ္တသုတ် ပါဠိတော်၌ တိုက်ရိုက် ဟောတော်မူခဲ့သည်မှာ-

### စ ၁၅-လုံး

၁။ သက္ကော စ-ကောင်းမြတ်သော အရာ တို့ကို (တရားတို့ကို) ကျင့်ခြင်းငှာ စွမ်းနိုင်ရမည်၊ ဝါ အသက် ခန္ဓာ မငဲ့ညှာဘဲ သစ္စာ ၄-ပါးကို ပိုင်ပိုင် နိုင်နိုင် သိမြင်လာအောင် ကျင့်ခြင်းငှာ စွမ်းနိုင်ရမည်။

၂။ ဥဇူ စ-ဖြောင့်မတ်သော ကာယကံ အကျင့် တရား၊ ဝစီကံအကျင့်တရား ရှိရမည်။

၃။ သုဟုဇူ စ-တခါ တရံမျှ ကောက်ကွေးခြင်း မရှိဘဲ မနောကံ၌ ကောင်းကောင်း ဖြောင့်မတ်ရမည်။

၄။ သုဝစောစ–ပညာရှိတို့က ဆိုဆုံးမလျှင် ကောင်းစွာ လွယ်ကူသူ၊ လိုက်နာလွယ်သူ ဖြစ်ရမည်။
၅။ မုဒုစ–ကောင်းမြတ်သော အရာတို့၌ နူးညံ့ ပျော့ ပျောင်းသူ ဖြစ်ရမည်။
၆။ အနတိမာနီစ–မာန်မာန ထကြွ ထောင်လွှားခြင်း မရှိ စေရ။
၇။ သန္တုဿကောစ–မိမိမှာ ထင်ရှား ရှိသော ပစ္စည်း ဖြင့်သော တရားသဖြင့် ရရှိသော ပစ္စည်း ၄–ပါး ဖြင့်သာ ရောင့်ရဲတင်းတိမ် ကျေနပ်သူ ဖြစ်ရမည်။
၈။ သုဘရောစ– သူတပါးတို့ စောင့်ရှောက် မွေးမြူးရန် (ပြုစုရန်) လွယ်ကူသော ပေါ့တယ်၊ ငန်တယ်၊ မကောင်းဘူး၊ ကောင်းတယ်၊ ဘာသားဟင်း ကိုမှ ကြိုက်တယ် စသည်ဖြင့် ကြေးမများသူ (ချေးမများ သူ) ဖြစ်ရမည်။
၉။ အပ္ပကိစ္စောစ–ကျင့်ဝတ် တရား အတွက် မလိုလား အပ်သည့် (ရဟန်းကိစ္စနှင့် မဆိုင်သည့် ရဟန်းအလုပ် မဟုတ်သည့်) အပိုကိစ္စ နည်းပါးသောသူ ဖြစ်ရမည်။
၁၀။ သလ္လဟုကဝုတ္တိစ–ပေါ့ပါး လွယ်ကူသော အသက်မွေး ခြင်းရှိသူဖြစ်ရမည်၊ (ခရီးသွားသောအခါ သွားခါနီး ပစ္စည်းတွေ ဗလပွ ရှုပ်ပွ နေသူမျိုး မဟုတ်ဘဲ ပရိက္ခရာ ၈–ပါးမျှဖြင့် ငှက်ပျံ သွားသည့် အလား ပေါ့ပါးသူဖြစ်ရမည်)။
၁၁။ သန္တိန္ဒြိယောစ–ငြိမ်သက် တည်ကြည်သော ဣန္ဒြေရှိသူ ဖြစ်ရမည်။

၁၂–နိပကောစ–အပြစ်ကင်းသော အရာတို့၌ ရင့်ကျက်သော မကောင်းစွာ သိမြင် ကျွမ်းကျင် လိမ်မာသော ဉာဏ်ပညာရှိသူ ဖြစ်ရမည်။

၁၃။ အပ္ပဂဗ္ဘောစ–ကိုယ်နှုတ်နှလုံး သုံးပါးလုံး ကြမ်းကြုတ်ခြင်းမရှိစေရ။

၁၄။ ကုလေသွအနနုဂိဒ္ဓေါစ–အမျိုး ဒါယကာ ဒါယိကာမတို့ အပေါ်၌ တွယ်တာ ငြိကပ်ခြင်း မရှိစေရ။

၁၅။ နစ ခုဒ္ဒမာစရေ ကိဉ္စိယေန ဝိညူ ပရေ ဥပဝဒေယျုံ– ပညာရှိများ ကဲ့ရဲ့စွပ်စွဲမည့် အရာမှန်လျှင်(မကောင်းမှုမှန်လျှင်) တစုံတရာ အနည်းငယ် ကလေးကိုမျှ မပြုကျင့်ရ။

(၎င်း စ ၁၅–မျိုး၊ အလုပ် ၁၅–မျိုးကို ကျင့်ပါလျှင် ၎င်းရဟန်း,ရှင်လူသည် လုပ်အားတန်ဘိုးကို ချစ်မြတ်နိုးသောသူ ဒိဋ္ဌဖြစ်ရမည်၊ ဟန်ဆောင်မဟုတ် တကယ်ကျင့်၊ ကျင့်သူဖြစ်ရမည်)။

ယခုပြခဲ့ပြီးသော ကျင့်ဝတ် တရား ၁၅–ပါးကို ကျင့်ရမည်ဟူ၍သာ တိုက်ရိုက် ဟောတော် မူခဲ့သည် မဟုတ်ပါလော၊ ရှုတ်ရုံဘဲ ရှုတ်နေရ မှာတဲ့လား၊ ရှုတ်နေရုံနှင့် အဲဒီ ကျင့်ဝတ်ကိစ္စတွေ ပြီးပြီဟု ဆိုနိုင်ပါမည်လား၊ (မရှုတ်နဲ့လို့ မဆိုလိုပါ၊ ရှုတ်လဲ ရှုတ်ပါ၊ ရှုတ်တဲ့ အတိုင်းလဲ အဓိပ္ပါယ်ကို သိသိပြီး ကျင့်ပါ)။

အဲဒီ ကျင့်ဝတ်တရား ၁၅–ပါး (စ–၁၅–လုံး) လုံလုံ လောက်လောက် ပြည့်ပြည့် စုံစုံ ဖြစ်စေပြီးမှ၊ ကျင့်ပြီးမှ မေတ္တာပို့ရမည့် အခြင်းအရာကို (သုခိနောဝါ ခေမိနော ဟောန္တု သဗ္ဗသတ္တာ

ဘဝန္တု သုခိတတ္တာ) အစရှိသော အားဖြင့် ဟောကြားတော်မူခဲ့သည်။

## မေတ္တာပွါး

ဤမေတ္တာသုတ်၌ လာသော မေတ္တာဘာဝနာ ပွားနည်းကို အကျဉ်းချုပ်၍ မှတ်သားလျှင်–

(က) သဗ္ဗသင်္ဂါဟိကမေတ္တာ။ ။သတ္တဝါအားလုံးကို တခွန်းယည်းဖြင့် နှံ့အောင်ပွားသောမေတ္တာ။

(ခ) ဒုကဘာဝနာမေတ္တာ။ ။သတ္တဝါတို့ကို ၂-စု၊ ၂-ပုံပုံ၍ ပွားသော မေတ္တာ။

(ဂ) တိကဘာဝနာမေတ္တာ။ ။သတ္တဝါတို့ကို ၃-စု၊ ၃-ပုံပုံ၍ ပွားသောမေတ္တာ ဟူ၍ ၃-မျိုး ထွက်လာသည်။

## (က) သဗ္ဗသင်္ဂါဟိက မေတ္တာပွါးနည်း

ထို ၃-မျိုးတွင် သဗ္ဗသင်္ဂါဟိက မေတ္တာပွါးနည်းကို မေတ္တာသုတ်ပါဠိတော်၌ (သုခိနောဝါ ခေမိနော ဟောန္တု သဗ္ဗသတ္တာဘဝန္တု သုခိတတ္တာ)ဟူ၍ ဟောကြားတော်မူ၏။ ဤ ဟောကြားတော်မူချက်အရ ရှင်းလင်းစွာ မေတ္တာပွားလိုလျှင်–

၁။ သဗ္ဗေသတ္တာ သုခိနောဟောန္တု–အလုံးစုံသော သတ္တဝါတွေ ကာယိကသုခနှင့် ပြည့်စုံကြပါစေ။

၂။ သဗ္ဗေသတ္တာခေမိနောဟောန္တု–အလုံးစုံသော သတ္တဝါတွေ ဘေးဟုန် ကင်းကြပါစေ။

၃။ သဗ္ဗေသတ္တာ သုခိတတ္တာ ဟောန္တု– အလုံး စုံသော သတ္တဝါတွေ စေတသိကသုခနှင့် ပြည့်စုံကြပါစေ။

ဤကဲ့သို့ ရှုတ်ဆိုပွားများ နှလုံးထားလျှင် မေတ္တာသုတ်လာ သဗ္ဗသင်္ဂါဟိက မေတ္တာသို့ကို ပွားသည်မည်၏။

## (ခ) ဒုက္ခဘာဝနာ မေတ္တာပို့နည်း

ဒုက္ခဘာဝနာ မေတ္တာပွားနည်းနှင့် တိကဘာဝနာ မေတ္တာ ပွားနည်းကို ပါဠိတော်၌ မတွေ့ရသော်လည်း တတ်လျှင် ရှုပ်ထွေး၍ နေပေ၏၊ လိုရင်းကို ရှင်းပြပါအံ့။

### ဒုက္ခဘာဝနာ မေတ္တာပွားနည်းမှာ

၁။ တသထာဝရဒုက-ကြောက်လန့်ခြင်း ရှိမရှိ သတ္တဝါ တစုံ။

၂။ ဒိဋ္ဌာဒိဋ္ဌဒုက-မြင်အပ် မမြင်အပ် (မြင်ဘူး မမြင်ဘူး) သတ္တဝါတစုံ။

၃။ ဒူရသန္တိကဒုက-အနီးအဝေး သတ္တဝါတစုံ။

၄။ ဘူတသမ္ဘဝေသီဒုက- ရဟန္တာနှင့် ပုထုဇဉ် သေက္ခ သတ္တဝါတစုံ-

ဟူ၍ ၄-မျိုး ရှိရာ-

၁။ တသာဝါ ထာဝရာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ တသ်ခြင်း၊ ကြောက်လန့်ခြင်း မကင်းကြသည့် ပုထုဇဉ်သေက္ခ အရိယာသတ္တဝါ၊ တသ်ခြင်း ကြောက်လန့်ခြင်း ကင်းတော်မူကြသည့် ရဟန္တာသတ္တဝါ အကြွင်းမရှိ ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွားများလျှင် တသထာဝရ ဒုက ဘာဝနာ မေတ္တာစင်စစ် ဖြစ်၏။

၂။ ဒိဋ္ဌာဝါ အဒိဋ္ဌာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ မြင်အပ်သော သတ္တဝါ၊ မမြင်အပ်သော သတ္တဝါ၊ မြင်ဘူးသော သတ္တဝါ၊ မမြင်ဘူးသော အကြွင်းမရှိ၍ အလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွားများလျှင် ဒိဋ္ဌာဒိဋ္ဌဒုကဘာဝနာ စင်စစ်ဖြစ်၏။

၃။ ဒူရေဝါ အဝိဒူရေဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ဝေးသောအရပ်၌ နေသော သတ္တဝါ၊ နီးသော အရပ်၌နေသော သတ္တဝါ၊ အကြွင်းမရှိသော ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွားများလျှင် ဒူရသန္တိက ဒုကဘာဝနာ မေတ္တာ စင်စစ်ဖြစ်၏။

၄။ ဘူတာဝါ သမ္ဘဝေသီဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ရဟန္တာပုဂ္ဂိုလ် ကြွင်းသော ပုထုဇဉ် သေက္ခပုဂ္ဂိုလ် (တနည်း-ပဝတ္တိကာလ ရောက်ရှိသော သတ္တဝါ၊ ပဋိသန္ဓေကာလ၌ရှိနေကြသော သတ္တဝါ) အကြွင်းမရှိ ဤအလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွားများလျှင် ဘူတသမ္ဘဝေသီ ဒုကဘာဝနာ မေတ္တာစင်စစ်ဖြစ်၏။ ဤဆိုအပ်ပြီးသော မေတ္တာဘာဝနာနည်း ၄-နည်းကို ဒုကဘာဝနာ မေတ္တာဟူ၍ ခေါ်၏၊ သတ္တဝါတို့ကို ၂-စု ၂-ပုံ ပုံ၍ ပွားများသောမေတ္တာ ဖြစ်တော့၏။

## (ဂ) တိကဘာဝနာ မေတ္တာပွားနည်း

ဤတိကဘာဝနာ မေတ္တာပွားနည်းမှာ-

၁။ ဒီဃ ရဿ မဇ္ဈိမတိက-အရှည် အတို အလယ် အလတ် ၃-ပုံ တစု။

၂။ မဟန္တာဏုကမဇ္ဈိမတိက- အကြီး အငယ် အလယ် အလတ် ၃-ပုံ တစု။

၃။ ထူလာဏုကမဇ္ဈိမတိက-အဆူ အကြုံ အလယ် အလတ် ၃-ပုံ တစု-

ဟူ၍ ၃-မျိုးရှိရာ-

၁။ ဒီဃာဝါရဿာဝါ မဇ္ဈိမာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ရှည်လျားသော ခန္ဓာကိုယ် အတ္တဘော ရှိသောသတ္တဝါ၊ တိုတောင်း ပုက္ကသော ခန္ဓာကိုယ် အတ္တဘော ရှိသော သတ္တဝါ၊ မရှည် မတို အလယ် အလတ် ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ အကြွင်းမရှိသော ဤ အလုံးစုံသော သတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေ ဟူ၍ နှလုံးသွင်း ပွားများလျှင် **ဒီဃရဿ မဇ္ဈိမတိကဘာဝနာ** မေတ္တာ စင်စစ် ဖြစ်၏။

၂။ မဟန္တာဝါ အဏုကာဝါ မဇ္ဈိမာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တုသုခိတတ္တာ။ ကြီးကျယ်သော ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ ငယ်ငေါင်းသော ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ မကြီး မငယ် အလယ် အလတ်ခန္ဓာကိုယ် အတ္တဘော ရှိသော သတ္တဝါ၊ အကြွင်း မရှိသော ဤ အလုံးစုံသောသတ္တဝါတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟူ၍ နှလုံးသွင်း ပွားများလျှင် **မဟန္တာဏုက မဇ္ဈိမတိက ဘာဝနာ** မေတ္တာစင်စစ်ဖြစ်၏။

၃။ ထူလာဝါ အဏုကာဝါ မဇ္ဈိမာဝါ အနဝသေသာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။ ဆူဖြိုးသောခန္ဓာကိုယ် အတ္တဘော ရှိသော သတ္တဝါ၊ ကြုံလှီသော ခန္ဓာကိုယ် အတ္တဘော ရှိသော

သတ္တဝါ၊ မဆူမကြုံ အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ အကြင်းမရှိသော ဤအလုံးစုံသော သတ္တဝါ တို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ ဟူ၍ နှလုံးသွင်း ပွားများလျှင် **ထူလာဏုကမဇ္ဈိမတိကဘာဝနာ** မေတ္တာ စင်စစ် ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသော မေတ္တာဘာဝနာ ပွားနည်း ၃-နည်းကို တိကဘာဝနာ မေတ္တာဟူ၍ ခေါ်ဆို၏၊ သတ္တဝါ တို့ကို ၃-စု ၃-ပုံ ပုံ၍ ပွားများသောမေတ္တာဖြစ်တော့၏။

(စေ့စေ့စပ်စပ် အထပ်ထပ် ဖတ်၍ လေ့လာလျက် မေတ္တာပို့ကြပါ)။

ဆိုခဲ့ပြီးသော ဒုကဘာဝနာ မေတ္တာပို့ပုံ၊တိကဘာဝနာမေတ္တာပို့ပုံများကို ၂-မျိုးလုံးခြုံ၍ မြန်မာစကားသက်သက်နှင့် ပို့နိုင်ပုံကို ရေးပြပါအံ့။ (**အရကျက်၍ပို့ကြပါ**)။

၁။ ကြောက်တတ်၊ မကြောက်တတ်၊ ၂-ရပ် များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲစေသောဝ်။

၂။ မြင်အပ်၊ မမြင်အပ်၊ ၂-ရပ်များစွာ၊ သတ္တဝါ၊ချမ်းသာ ကိုယ်စိတ် မြဲစေသောဝ်။

(မြင်ဘူး မမြင်ဘူး၊ ၂-ဦးများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် ၊မြဲစေသောဝ် ဤလိုလဲ ဆိုချင်ဆိုပါ)။

၃။ နီး နေ၊ ဝေးနေ၊ ၂-ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲစေသောဝ်။

၄။ ဘဝ ဇာတ်သိမ်း၊ မသိမ်းများစွာ၊ သတ္တဝါ၊ချမ်းသာ ကိုယ်စိတ်မြဲစေသောဝ်။

၁-၅။ ရှည် တို အလတ်၊ ၃-ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲစေသော်။
၂-၆။ ကြီး ငယ် အလတ်၊ ၃-ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲစေသောဝ်။
၃-၇။ ဆူ ကြုံ အလတ်၊ ၃-ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲစေသောဝ်။

(က)ဤဆိုခဲ့ပြီးသော **သဗ္ဗသင်္ဂါဟိကမေတ္တာ**၊ (ခ)**ဒုကဘာဝနာမေတ္တာ**၊ (ဂ)**တိကဘာဝနာမေတ္တာ**-တို့ကို သူတပါး စီးပွား ချမ်းသာ ရောက်ရှိရန် တောင့်တသော မေတ္တာများ ဖြစ်ကြ၍ **ဟိတသုခါဂမပတ္ထနာမေတ္တာ**ဟူ၍ခေါ်ဆို၏။ သူတပါးတို့ စီးပွား ချမ်းသာ ရောက်ရှိရန် တောင့်တလိုလားခြင်းကို ဟိတသုခါဂမ ပတ္ထနာ မေတ္တာဟု ခေါ်သကဲ့သို့ သူတပါးတို့အား အစီးအပွားမဲ့ ဆင်းရဲဒုက္ခ မရောက်ရန် တောင့်တခြင်းကို (အဟိတဒုက္ခာနာဂမ ပတ္ထနာမေတ္တာ) ဟူ၍ ခေါ်ဆို၏၊ ထို အဟိတဒုက္ခာ နာဂမ မေတ္တာပွားနည်းကို မေတ္တသုတ်ပါဠိတော်၌-

န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ နံကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခ မိစ္ဆေယျ။

ဟူ၍ ဟောတော်မူခဲ့သည်။

**အဓိပ္ပါယ်မှာ-** ဩဝါ် သတ္တဝါ တယောက်သည် သတ္တဝါ တယောက်ကို မလှည့်ဖျားပါစေ၊ အမျက် မထွက်ပါစေသား၊ မထီမဲ့မြင် မပြုပါစေသား၊ အချင်းချင်းအား ကိုယ်နှုတ် နှလုံး ဖောက်ပြန်ကာ ချုတ်ချယ်ခြင်း၊ ထိပါးခြင်းဖြင့် ဆင်းရဲ ဒုက္ခကို အလို မရှိပါစေသားဟု နှလုံးသွင်း ပွားများနေလျှင် အဟိတ ဒုက္ခာနာဂမပတ္ထနာ မေတ္တာဖြစ်တော့၏။

သာသနာ့တာဝန်ကို ထမ်းဆောင်၍ အရောင် ဆောင်ထား သော စိတ်ထားကောင်းမျိုး မဟုတ်ဘဲ တကယ် အစစ်တန်း စိတ်ကောင်းရှိသော ရဟန်း ရှင်လူ များသည် သတ္တဝါ အားလုံး တို့၏အပေါ်၌ အဘယ်ကဲ့သို့ စိတ်ထဲမှာ ထား၍ နေရမည်နည်း၊ မေတ္တာတရား ပွားများရမည်နည်းဟု မေးလျှောက်ဖွယ် ရှိပြန်၍ မြတ်စွာဘုရားက မေတ္တသုတ် ပါဠိတော်၌ (ဥပမာ–ဥပမေယျ) ပြ၍ ကျကျ နန ဟောတော့မူခဲ့သည်မှာ–

မာတာယထာ နိယံပုတ္တ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

ဟု ဟောတော်မူခဲ့သည်။

**အနက်ကား။** ။မာတာ၊ အမိသည်။ နိယံပုတ္တံ၊ မိမိ၏ သားအရင်းဖြစ်သော။ ဧကပုတ္တံ၊ တယောက်ထဲသာ ရှိသော သားငယ်ကလေးကို။ အာယုသာ၊ အသက်ကြောင့်။ (ဝါ၊ မိမိ၏အသက်လောက်)။ အနုရက္ခေယထာ၊ အစဉ်အမြဲ စောင့် ရှောက်သကဲ့သို့။ ဧဝမ္ပိ၊ ဤအတူလည်း။ သဗ္ဗဘူတေသု၊ အလုံး စုံသော သတ္တဝါတို့အပေါ်၌။ အပရိမာဏံ၊ အတိုင်း အရှည် မရှိသော။ မာနသံ၊ မေတ္တာနှင့် ယှဉ်သောစိတ်ကို။ ဘာဝယေ၊ အဖန်တလဲလဲ ပွားစေရာ၏။

**အဓိပ္ပါယ်မှာ**-သားကလေး တယောက်ထဲကို မွေးမြူ ရရှိ သော မိခင်သည် (အမေသည်) မိမိ၏ သားအရင်း ဖြစ်သော တယောက်ထဲသာ ရှိသော သားကလေးကို အသက်ကြောင့် မိမိ၏ အသက်လောက် ချစ်ခြင်းဆိုတဲ့ မေတ္တာစိတ်ကို ထားပြီး လျှင် အလွန်သနားသော ကရုဏာဖြင့်အစဉ်သနားစောက်ရှောက် လျက် စိုးရိမ်နေသလို ညှာတာသနားနေသလို သာသနာ

ဝန်ထမ်းပုဂ္ဂိုလ်များနှင့် စိတ်ထားမြင့်မြတ်၍ အပါယ်ဇာတ်မှ လွတ်လပ်လိုသူ များသည် (ဤနေရာ၌ အယောင်ဆောင်နှင့် အရေခြုံသမားမပါ) သတ္တဝါအားလုံး အပေါ်မှာညာတာပါ၊ သနားပါ၊ ရက်ရက်စက်စက် သတ်ပုတ်နေတာကို အားမပေးပါနှင့်၊ စိတ်မတူပါနှင့်၊ မညည်းဆဲပါနှင့်၊ ညည်းဆဲသူကို တွေ့ရင် ဆိုဆုံးမပါ၊ သတ္တဝါတွေကို မေတ္တာပို့ပါဟု ဟောတော်မူခဲ့သည်။ (ဤနေရာ၌ စားရရင် ပြီးစတမ်းဘဲ၊ ငါနှင့် မဆိုင်ပါဘူး၊ ငါက အသတ်အဖြတ် ခိုင်းတာမှ မဟုတ်ဘဲ၊ ငါရှေ့မှာ သတ်တာမှ မဟုတ်ဘဲ၊ သူ့ဟာသူ လုပ်ထားဘဲ စသည်ဖြင့် ဆင်ခြေပေး၍ မေတ္တာသုတ်လာ ကျင့်ဝတ်ကို မကျင့်ဘဲနေကြသော သူများမှာ မေတ္တာသုတ်ကို တနေ့တနေ့ကို အခေါက် တရာ ရွတ်နေပေမဲ့ ထိုသူနှင့် မေတ္တာသုတ်နှင့် လုံးဝ မသက်ဆိုင်)။ မဟာကရုဏာရှင် ဘုရားသခင်က ဆက်လက်၍ မေတ္တာပို့ရမည့်အရပ်နှင့်အချိန်များ ကို ဆက်လက်၍ ဟောကော် မူခဲ့ ပြန်သည်မှာ ဥဒ္ဒိ အဓောစ တိရိယဉ္စ အစရှိသည်ဖြင့် မေတ္တာသုတ်ကို ဟောတော် မူခဲ့သည်။ **အဓိပ္ပါယ်မှ** ကိုသာ ရေးပြပါအံ့၊ အထက် ကို နေဝသညာ နာသညာယတနဘုံအထိအောက်ကိုအဝီစိအထိဘေးဘက်ကိုအရပ် ရှစ်မျက်နှာလုံးအကုန်အဲဒီအတွင်းမှာ ရှိနေကြတဲ့သတ္တဝါအားလုံး ကို ရပ်နေရင်းလဲ မေတ္တာပို့ပါ၊ သွားနေရင်းလဲ မေတ္တာပို့ပါ၊ ထိုင်နေရင်းလဲ မေတ္တာပို့ပါ၊ အိပ်နေရင်းလဲ မေတ္တာပို့ပါ၊မငိုက် မချင်း အိပ်မပျော်သေးမချင်းလဲ မေတ္တာပို့ပါဟု ဟောတော်မူ ခဲ့သည်။

ဝိနည်း ၅-ကျမ်းတို့တွင် ပဉ္စမ အဦးဆုံး ဟောတော်မူခဲ့သော **ပါရာဇိကဏ်** ပါဠိတော် ဇမ္ဗူမိတ်ဆွေတိုက်ရိုက် နံပါတ် ၂၃၀-မှာ

ပါတဲ့ ရဟန်းများ မစားကောင်း၊ အလှူမခံကောင်းတဲ့ ကြွေးသား, မြင်းသား, ထင်းသားများကိုလည်း မရှောင်ကြဉ်ကြဘဲ၊ ၎င်းပြင် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတော်မူခဲ့သော ကိုယ်တိုင်တိုက်တွန်းချီးမွမ်း စိတ်တူဟုသော ဆင့်ပွား ဒုစရိုက်ဘဲ့ဘက် ဒုစရိုက်များကိုလဲ မရှောင်ကြဉ်ကြဘဲ ဤမေတ္တသုတ် ပါဠိတော်၌ ကျကျနန ဂဃနဏ ဟောတော်မူခဲ့သော တကယ် ကျင့်နေရမည့် ကျင့်ဝတ် ၁၅-မျိုး (စ, ၁၅ လုံး) ကိုလဲ မကျင့်ကြဘဲ ဤ မေတ္တသုတ်လာ မေတ္တာ ပွားနည်းများကိုလဲ သိလဲ မသိကြ၊ ပွားလဲ မပွားကြဘဲ ရိုးရော မပျက်ရုံ ယောင်တောင်တောင် ဝါးတားတားနှင့် သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊သုခီ အတ္တာနံ ပရိဟရန္တု ဒုက္ခာ မုစ္စန္တု စသည်ဖြင့် မေတ္တာပို့ကို ဆိုနေရုံ မေတ္တာ သုတ်ကို ရွတ်ရွတ်နေရုံမျှဖြင့် မေတ္တာသုတ် တရားတော်ကြီးသည် တန်ကြေးလဲမရှိ၊ အဓိပ္ပါယ်လဲ မရှိရုံမက ရွတ်ရုံသာ မှုတ်မှုတ်နေကြသူများသည် သာသနာ့ဝေါ်၏ ကျင့်ဝတ်တွေနှင့် မညီကြသဖြင့် ကျင့်ဝတ်တွေ မကျေကြသောကြောင့် ဒေဝဒူတသုတ် ပါဠိတော်မှာ ဟောတော်မူခဲ့သော ဒုဂ္ဂတိကို ၂၆၇-ဘုံကပင်မလွတ်နိုင်သေးသော သူများဟူ၍ တထစ်ကျပုဒ်ပြတ် မှတ်သားအပ်လေတော့၏။

မေတ္တာသုတ်အတိုင်း လိုက်နာ ကျင့်ကြံကြသော ပုဂ္ဂိုလ်များ၏ ရပိုင်ခွင့် ခံစားပိုင်ခွင့်ရှိသော အကျိုးများကို မြတ်စွာဘုရားက နိဂုံးချုပ်အနေအားဖြင့်-

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါဒဿနေန သမ္ပန္နော။

ကာမေသု ဝိနယ ဂေဓံ၊ နဟိ ဇာတု ဂဗ္ဘသေယျံ ပုနရေတိ- ဟု ဟောတော်မူပြီးမဟုတ်ပါလော။

ဘိက္ခု၊ သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းသည်။ ဝါ၊ ဤ မေတ္တာသုတ်လာ ဒေသနာကို လိုက်နာကျင့်ကြံသော သူသည်။ ဒိဋ္ဌိဉ္စ၊ မိစ္ဆာဒိဋ္ဌိ အယူသို့လည်း။ အနုပဂ္ဂမ္မ၊ မကပ်ရောက် မူ၍။ သီလဝါ၊ လောကမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်သော သီလ ရှိသည် ဖြစ်၍။ ဒဿနေန၊ သောတာပတ္တိ မဂ်ဉာဏ် နှင့်။သမ္ပန္နော၊ ပြည့်စုံသည်ဖြစ်၍။ ကာမေသု၊ ဝတ္ထုကာမကိလေသာ ကာမ တည်းဟူသော ဝတ္ထုကာမတို့၌။ ဂေဓံ၊ တပ်မက်မောခြင်းကို။ ဝိနယ၊ ပယ်ဖျောက်၍။ ဇာတု၊ စင်စစ်ဧကန် အမှန်အားဖြင့်။ ပုန၊နောက်ထပ်တဖန်။ဂဗ္ဘသေယျံ၊ အမိဝမ်းတွင်း၌ပဋိသန္ဓေ နေရ ခြင်းသို့။ နဧတိ၊ မရောက်ရလတ္တံ့။

## အဓိပ္ပါယ်အချုပ်

မေတ္တာသုတ်အတိုင်း လိုက်နာ ကျင့်ကြံ ကြသူများမှာ ဒိဋ္ဌိ ဝိစိကိစ္ဆာမှကင်းစင်လွှင့်ပျောက်ပြီးလျှင် မဂ်–ဖိုလ်ကိုမျက်မှောက် ပြုရသဖြင့် နပုနရေတိ ဂဗ္ဘသေယျ ပုနရေတိ၊ နောင်တဖန် ဘဝ သစ်တောင်မှ မနေရတော့ပြီတဲ့။

ငါတို့ လူစုတွေမှာ မေတ္တာ သုတ်ကို ရွတ်ရွတ်ပြီး နေကြရ တာဟာ အာပေါက်ရတော့မည်၊ ဘဝတိုင်း ဘဝတိုင်း ကလဲ ရွတ်ဘူးခဲ့ကြ ဘူးလေပြီ၊ ယခုလဲ ရွတ်မြှတ် နေကြ တုန်းပင်၊ နောင်ကိုလဲ ရွတ်ကြလေဦးမည်၊ ရွတ်လဲရွတ်ကြပါ၊ မရွတ်ရဘူး ဟု မဆိုပါဘူး၊ ရွတ်ရုံကလေးသာ ရွတ်ရွတ်ပြီး တင်းတိမ်မနေ ကြဘဲ မေတ္တာသုတ်၏အနက် အဓိပ္ပါယ် အဆီအနှစ် တွေကို မြတ်စွာဘုရား၏ အလိုတော်ကျအောင်၊ အလိုတော်နှင့် အံ့ဝင် ဂွင်ကျဖြစ်အောင်၊ အလိုတော်နှင့် ကိုက်အောင်ညီအောင်၊ ကျကျ

နနဂဃနုဏသိအောင် ဝေဖန်ပြီးလျှင် (တကယ်သိကို ဆိုလိုသည်၊ ရောင်ဝါးဝါး အသိမျိုးမဟုတ်) တကယ်သိ သိပြီးလျှင် တကယ်ကျင့်လဲ ကျင့်တော်မူကြပါဦးဟူ၍ မေတ္တာ စေတနာကို ဦးစားပေးလျက် လေးလေးနက်နက် အားဖြင့် များများကြီး တောင်းပန် တိုက်တွန်းလိုက်ရပါတော့သတည်း။

ဤတွင် မေတ္တသုတ်၌ သိအောင် ပြု၍ ကျင့်ဘွယ်ရာအကျဉ်း ပြီးပါပြီ။

---

## မေတ္တာပွားနည်း စိစစ်ချက်

မေတ္တာဘာဝနာ ပွားနည်းများကို တနည်းနည်းသာ မပြဆိုဘဲ အဘယ့်ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ နည်းအမျိုးမျိုး၊ မေတ္တသုတ်ပါဠိတော်လာ နည်းအမျိုးမျိုး ထုတ်ဖော် ပြဆိုနေရပါသနည်း မေးမြန်းဖွယ် ရှိနေပြန်ပါ၏။

အဖြေမှန်မှာ ပုထုဇဉ်တို့၏ စိတ်သည် အာရုံ အမျိုးမျိုး၌ လှေ့လာကျက်စား မရပ်မနား လှည့်လည်၍ နေ၏။ ထိုသို့ အာရုံ အမျိုးမျိုး၌ လှေ့လာ ကျက်စား မရပ်မနား လှည့် လည်၍ နေသော စိတ်သည် တနည်းတည်းဖြင့်ပင် မေတ္တာ ဘာဝနာ အာရုံ၌ ကြံ့ကြံ့မတည်နိုင်၊ အာရုံ အမျိုးမျိုး ပြောင်းလဲကာ ပြောင်းလဲကာ လှေ့လာပွားများမှ အစဉ်သဖြင့် သမာဓိရနိုင် ကြံ့ကြံ့တည်နိုင်သည်၊ ထို့ကြောင့် မေတ္တာပွားနည်းအမျိုးမျိုးကို မြတ်စွာဘုရား ဟောကြားတော် မူသည်၊ နောက် ဆရာတို့က လည်း ထုတ်ဖော်၍ပြကြရပါသည်ဟု ဖြေဆိုရာ၏။

(တနည်းကား) မေတ္တာဘာဝနာအလုပ်ကို အားထုတ်သော ပုဂ္ဂိုလ်တို့မှာ အဇ္ဈာသယခေတ် အမျိုးမျိုးရှိကြ၏၊ အချို့မှာ–အနောဓိသမေတ္တာ ပွားနည်းက ညာဏ်၌ ထင်လင်း၏၊ အချို့မှာ ဩဓိသမေတ္တာ ပွားနည်းက ညာဏ်၌ ထင်လင်း၏၊ အချို့မှာ အရပ် မျက်နှာကို မှတ်၍ ပွားနည်းက ညာဏ်၌ ထင်လင်း၏၊ အချို့မှာ မေတ္တာသုတ်လာ သဗ္ဗသင်္ဂါဟိက မေတ္တာ ဘာနာ ပွားနည်းက ညာဏ်၌ ထင်လင်း၏၊ အချို့မှာ ဒုက ဘာဝနာ၊ အချို့မှာ တိကဘာဝနာ မေတ္တာ ပွားနည်းက ညာဏ်၌ ထင်လင်း၏။

ဤသို့ မေတ္တာဘာဝနာ အလုပ်ကို အားထုတ်သော ပုဂ္ဂိုလ်တို့၏ အဇ္ဈာသယခေတ်ခံ အမျိုးမျိုးရှိကြသောကြောင့် မိမိ-မိမိတို့၏ ထင်လင်းရာ အာရုံကိုယူ၍ မေတ္တာဘာဝနာ ပွားများနိုင်ကြစေခြင်း အကျိုးငှာ မေတ္တာဘာဝနာ ပွားနည်း အမျိုးမျိုးကို မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း နောက်ဆရာတို့ကလည်း ပြည့်ပြည့်စုံစုံ ထုတ်ဖော် ပြဆို ရသည် ဟူ၍ ဖြေဆိုရာ၏၊ (ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ မေတ္တာဘာဝနာ ပွားနည်းများကို နောက်နားမှာ ပြပါအံ့)။

## မေတ္တာပါရမီ၌ သိ–ကျင့်ဘွယ်ရာ ပေမသုံးပါး

မေတ္တာပါရမီ ဟူသောစကား၌ မေတ္တာဟူသော စကားကို ရှေးဆရာတို့က **ချစ်ခြင်း**ဟူ၍ အနက် မြန်မာ ပြန်ဆိုတော်မူခဲ့ကြ၏၊ **ပေမ**–ဟူသော ပါဠိစကားကိုလည်း ချစ်ခြင်း ဟူ၍ပင် အနက်မြန်မာ ပြန်ဆိုတော်မူခဲ့ကြ၏၊ **မေတ္တာ**– သဒ္ဒါက ဟော

အပ်သည့် ချစ်ခြင်းကား ဝိသေသဖြစ်၍ ပေမ-သဒ္ဒါကား ဟောအပ်သည့် ချစ်ခြင်းကား သာမညဖြစ်သည်၊ ထို့ကြောင့် ပေမ အရ ချစ်ခြင်းကို-

(၁) တဏှာပေမ။
(၂) ဂေဟာသိတပေမ။
(၃) မေတ္တာပေမ။

ဟူ၍ ၃-မျိုး ခွဲခြား ပြဆိုထားသည်၊ ထို ၃-မျိုးတို့တွင်-

၁။ **တဏှာပေမ**-ဟူသည် မိန်းမနှင့်ယောကျ်ား အချင်းချင်း တဏှာလောဘ၏ အစွမ်းအားဖြင့် ချစ်ကြိုက်ကြခြင်းကို ခေါ်ဆို၏၊ ဤတဏှာပေမကို အလင်္ကာကျမ်း၌ သိင်္ဂါရဟု ခေါ်ဆို၏။

၂။ မိဘနှင့် သားသမီး၊ ညီနှင့်အစ်ကို၊ မောင်နှင့် နှမ-စသည်တို့ အချင်းချင်း ချစ်ခင် တွယ်တာမှုကို **ဂေဟာသိတပေမ** ဟု ခေါ်၏။ အိမ်၌နေခြင်းကိုမှီ၍ ဖြစ်သော ချစ်ခြင်း ဟူလို။ ဤချစ်ခြင်းကို အလင်္ကာကျမ်း၌ ဝစ္ဆလ-ဟူ၍ ခေါ်၏။ ဤ တဏှာပေမ၊ ဂေဟာသိတပေမ ၂-မျိုး လုံးပင် ကုသိုလ်တရား မဟုတ်ကြ၊ တဏှာပေမမှာ တဏှာရာဂဖြစ်၍ ဂေဟာသိတပေမမှာ လောဘပင် ဖြစ်၏။

၃။ သူတပါးတို့၏ အကျိုးစီးပွား ဖြစ်ထွန်းမှုကို လိုလားခြင်းသည် **မေတ္တာပေမ**-မည်၏။ ဤမေတ္တာတရားသည် သူတပါး တို့နှင့် မခွဲမခွာ အမြဲတွဲယှဉ် နေလိုခြင်း သဘော အလျဉ်းမရှိ၊ လူအချင်းချင်း စကြဝဠာတခုစီပင် ဝေးကွာ၍ နေရ စေကာမူ ထိုဝေးကွာနေသူမှာ စီးပွားချမ်းသာ ဖြစ်သည်ဟု သိရလျှင် ကျေနပ်၏၊ အတူမနေရသည့် အတွက် ဂက်ခဲ ဝန်လေးခြင်း

အလျဉ်းမရှိ၊ သို့ဖြစ်၍ မေတ္တာတရားသည် စင်ကြယ်မွန်မြတ်သော သဘောတရားသာဖြစ်၍ / **ဗြဟ္မဝိဟာရ**-ဟူသော အမည်ကိုလည်း ရ၏။ ဤတရားကို ပွားများ၍နေလျှင် မြတ်သောနေခြင်း ဟူ၍ ဆိုလို၏။ မေတ္တာသာ မဟုတ်သေး ကရုဏာတရား၊ မုဒိတာတရား၊ ဥပေက္ခာတရားတို့သည်လည်း ဗြဟ္မဝိဟာရ ဟူသော အမည်ကို ရကြကုန်၏။ သို့ဖြစ်၍ ထို ၄-ပါးလုံးကို သိမ်းရုံးကာ ဗြဟ္မ ဝိဟာရတရား ၄-ပါးဟူ၍ ခေါ်၏။ ဗြဟ္မစိုရ် တရား ၄-ပါး ဟူ၍လည်း ခေါ်၏။ (ဗြဟ္မ၊ မြတ်သော+ဝိဟာရ၊ နေခြင်း)ဤ ဗြဟ္မဝိဟာရတရား ၄-ပါးကိုပင် **အပ္ပမညာ**-တရား ၄-ပါးဟူ၍ လည်း ခေါ်၏။ ဦးရေ မည်မျှဟု မန္တိုင်းယှဉ်အပ်သော သတ္တဝါတို့ အပေါ်မှာ ဖြစ်ပွားသော တရားများဟု ဆိုလိုသည်၊ ချစ်ခြင်း မေတ္တာတရားများကို ပွားရမည်ဟု ဆိုရာမှာ မစင်ကြယ်သော တဏှာပေမ ချစ်ခြင်း၊ ဂေဟသိတပေမ ချစ်ခြင်းတို့ မဟုတ် မစေဘဲ စင်ကြယ်မွန်မြတ်လှသော မေတ္တာပေမ တရားသာ ဖြစ်စေ ရမည်ကို အထူးသတိပြု၍ မှတ်သားအပ်၏။ ဤမေတ္တာ တရား ပွားများပုံနည်းလမ်းကို နောက်မှ ထင်ရှားအောင် ပြဆိုပေအံ့။

## မေတ္တာနှင့် အဒေါသ

မေတ္တာ-ဟူသည် ပရမတ္ထ အားဖြင့် ရှိကောင်းသော တရား ဖြစ်၏၊ သို့ရာတွင် ပရမတ္ထ တရားတို့ကို တခုစီ တခုစီ ယုတ်ဖော် ရေတွက်ရာမှာကား မေတ္တာတရားဟူ၍ သီးခြားမပြဘဲ အဒေါသ စေတသိက်တရားကို ပြသဖြင့်ပင် မေတ္တာတရားသည် **အဒေါသ** စေတသိက်တွင် တစိတ် တဒေသ အပါအဝင်ဖြစ်၍ သွား၏၊ အဒေါသစေတသိက်က အရကျယ်၍ မေတ္တာက ထိုအဒေါသ

စေတသိက် အရတွင် တစိတ် တဒေသ၏ အနေဖြင့် ပါဝင်၍ နေသည်ဟု ဆိုလိုသည်။

ထင်ရှားစေဦးအံ့- အဒေါသ စေတသိက်သည် အဘိဓမ္မာ **သင်္ဂြိုဟ်**-ကျမ်းအလို သောဘဏစိတ် ၅၉-ပါးလုံးနှင့် ယှဉ်၏၊ သောဘဏစိတ် ၅၉-ပါးတို့ ဖြစ်တိုင်း ဖြစ်တိုင်း အဒေါသ စေတသိက်ပါလျက်ရှိ၏၊ အဒေါသတရားမှာ အာရုံအမျိုးမျိုးကို အာရုံပြုနိုင်၏။ **မေတ္တာ** တရားကား သတ္တဝါ ပညတ် တမျိုးတည်းကိုသာ အာရုံပြုနိုင်၏၊ ဒါနမှု အမျိုးမျိုးပြုရာ၊ သီလမှု အမျိုးမျိုး ဆောက်တည်ရာတို့မှာ အဒေါသ ပါရသည်ချည်း ဖြစ်၏၊ ထိုအဒေါသဖြစ်တိုင်း **မေတ္တာ**ဟူ၍ မခေါ်ရ၊ သတ္တဝါ ပညတ်ကို အာရုံပြုကာ ချမ်းသာပါစေ စသည်ဖြင့် သတ္တဝါတို့၏ စီးပွား ချမ်းသာကို လိုလားသော အခြင်းအရာ အားဖြင့် **အဒေါသ** စေတသိက် ဖြစ်မှသာ ထိုအဒေါသ စေတသိက်ကို မေတ္တာဟူ၍ခေါ်ဆိုရသည်။

**ခန္တီပါရမီ**-မှာလည်း အဒေါသ စေတသိက်ကို ကောက်ယူ စေနိုင်ကာမူ အဒေါသ ဟူသမျှကို ခန္တီအရ မကောက်ယူဘဲ သူတပါးတို့က ဖြစ်မှား လာသည့် အခါ မိမိက အလျဉ်းပင် ဒေါသမထွက်ရအောင်တားဆီးခြင်း **အဒေါသ**-ကိုသာ ကောက်ယူရကြောင်းကို ပြသည်၊ ထို့အတူ အဒေါသ စေတသိက် ဟူဟူ သမျှကို မေတ္တာအရ မကောက်ယူဘဲ သတ္တဝါတို့၏ အကျိုးကို လိုလားသော အခြင်း အရာ အားဖြင့် ဖြစ်သော **အဒေါသ** စေတသိက်ကိုသာ **မေတ္တာ**အရ ကောက်ယူရ၏။

## ၅၂၈–သွယ်မေတ္တာ

ဤမေတ္တာနှင့် စပ်လျဉ်း၍ မေတ္တာတရားသည် (၅၂၈) ပါး ရှိသည်ဟု အများကပြောဆိုသိမှတ်ကြ၏၊ စင်စစ်မှာမေတ္တာတရား ကိုယ်က ၅၂၈–မျိုး ရှိနေသောကြောင့်မဟုတ်ပေ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာရှိသောအတိုင်း မေတ္တာ ပွားများရမည့် နည်း လမ်းပေါင်း ၅၂၈–မျိုး ရှိနေသည့်အတွက် မေတ္တာ ၅၂၈–ပါးဟု ပြောဆိုနေကြခြင်း ဖြစ်သည်ဟု မှတ်အပ်၏။

၅၂၈–နည်းဖြစ်ပုံမှာ ပုဂ္ဂိုလ်သတ္တဝါတို့ကို အပိုင်း အခြား မထားခြင်း တည်းဟူသော **အနောဓိသ ၅–မျိုးရှိ၏၊ ၅–မျိုး တို့မှာ–**

၁။ သဗ္ဗေသတ္တာ (အလုံးစုံသော သတ္တဝါတွေ)
၂။ သဗ္ဗေပါဏာ (အလုံး စုံသော အသက် ရှိသော အရာတွေ)
၃။ သဗ္ဗေဘူတာ (အလုံးစုံ ကိုယ် တင် ရှား ရှိသော အရာတွေ)
၄။ သဗ္ဗေပုဂ္ဂလာ (အလုံးစုံသော ပုဂ္ဂိုလ်တွေ)
၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ (အလုံးစုံ ကိုယ်အတ္တ ဘောအတွင်း အကျုံးဝင် နေသော အရာတွေ)

သုံးဆယ့်တဘုံအတွင်း ရှိရှိသမျှ သတ္တဝါတွေကို ဤငါးမျိုး တွင် တမျိုးမျိုးဖြင့် ခေါ်ဆို စိတ်ညွတ် လိုက်လျှင်ပင် အလုံးစုံ မကြွင်း မကျန် ပါဝင်ကုန်တော့သည်၊ ဤ ၅–မျိုးတွင် မပါ ဝင်သော သတ္တဝါဟူ၍ မရှိ သောကြောင့် ဤ ၅–မျိုးကို

**အနေ့ာဝိသ** ၅-မျိုးဟု ခေါ်၏၊ (အနေ့ာဝိသပုဂ္ဂိုလ် ၅-မျိုး ဟူ၍လည်းခေါ်၏)၊ အနေ့ာဝိသ ဟူသော ပါဠိ၌ ပါရှိသည့် ဩဝိသဒ္ဒါသည် အပိုင်း အခြား ဟူသော အနက်ကို ဟော၏၊ **အနေ့ာဝိသ**-ဟု ဆိုသောကြောင့် အပိုင်းအခြား မထားဟူသော အဝိပ္ပါယ်ကိုရ၏။

## သတ္တဝါနှင့် ပုဂ္ဂိုလ် အသုံးအနှုန်း

ပါဠိ၌ သတ္တဝါဟု ဆိုလျှင်လည်း ၃၁-ဘုံရှိ သတ္တဝါအလုံးစုံ ကိုပင် ရရှိ၏၊ ပုဂ္ဂလ-ပုဂ္ဂိုလ်ဟု ဆိုလျှင်လည်း ထို အဘုံ ၃၁-ဘုံ သား-အလုံးစုံကိုပင် ရ၏၊ အဆင့်အတန်း ထူးခြား ကွဲပြားခြင်း တစုံတရာမရှိ၊ သတ္တ-ဟု ခေါ်လျှင် **ပုဂ္ဂလ**-ဟုလည်း ခေါ်နိုင်၏၊ ပုဂ္ဂလ-ဟု ခေါ်လျှင် **သတ္တ**-ဟုလည်း ခေါ်နိုင်၏။

**မြန်မာဝေါဟာရ**-မှာကား သတ္တဝါနှင့် ပုဂ္ဂိုလ် အဆင့် အတန်း များစွာ ခွဲခြား ထားလေသည်၊ ယုတ်ညံ့သော အရာ စုကိုသာ မိုက်မဲသော သတ္တဝါ၊ ယုတ်ညံ့သော သတ္တဝါဟု ခေါ်ဝေါ်သုံးနှုန်း၍ မိုက်မဲသောပုဂ္ဂိုလ်၊ ယုတ်ညံ့သော ပုဂ္ဂိုလ် ဟူ၍ လုံး၀ ခေါ်ဆို သုံးစွဲခြင်းမပြုကြ၊ ပုဂ္ဂိုလ်ဟူသော စကား လုံးကို သုံးရာမှာလည်း မြတ်သောပုဂ္ဂိုလ်ကြီးများ၊ ထူးကဲသော ပုဂ္ဂိုလ်ကြီးများ စသည်ဖြင့် သုံးနှုန်းပြောဆိုကြသည်၊ မြတ်သော သတ္တဝါကြီးများ၊ ထူးကဲသော **သတ္တဝါ**ကြီးများဟု သုံးစွဲခြင်း အလျဉ်းမပြုကြချေ၊ ယုတ်ညံ့သော သက်ရှိဝတ္ထုကို သတ္တဝါဟု ခေါ်ဆို သုံးနှုန်း၍ မြတ်သောသက်ရှိ ဝတ္ထုကိုကား ပုဂ္ဂိုလ်ဟူ၍ သုံးနှုန်းသည်ဟု ဆိုလိုရင်း ဖြစ်သည်၊ ဤသို့ ပါဠိနှင့် မြန်မာ

အသုံးအနှုန်း ထူးခြားသည့်နေရာမှာ ထူးခြားနေသည်ကိုလည်း သတိပြုရာ၏။

## အပိုင်းအခြား ထား၍ မေတ္တာပို့ရာမှာလည်း

၁။ သဗ္ဗာဣတ္ထိယော– အလုံးစုံသောမိန်းမတွေ၊
၂။ သဗ္ဗေပုရိသာ– အလုံးစုံသော ယောကျာ်းတွေ၊
၃။ သဗ္ဗေအရိယာ– အလုံးစုံ မြင့်မြတ်သော ပုဂ္ဂိုလ်တွေ၊
၄။ သဗ္ဗေအနရိယာ– အလုံးစုံ မမြင့်မြတ်သော ပုဂ္ဂိုလ်တွေ၊
၅။ သဗ္ဗေဒေဝါ– အလုံးစုံသော နတ်ဗြဟ္မာတွေ၊
၆။ သဗ္ဗေမနုဿာ– အလုံးစုံသောလူတွေ၊
၇။ သဗ္ဗေဝိနိပါတိကာ– အလုံးစုံ ပြိုကွဲ ပျက်စီးနေသော ပြိတ္တာတွေ၊

ဤ ၇-မျိုးတွင် တမျိုးမျိုးလျှင် လိုရာကို ပိုင်းခြား သတ်မှတ်ထားသည်ချည်း ဖြစ်သောကြောင့် **ဩဓိသ** ၇-မျိုးဟု ခေါ်၏၊ (ဩဓိသ ပုဂ္ဂိုလ်၇-မျိုး ဟူ၍လည်း ခေါ်၏)၊ ဤသို့လျှင် **ပဋိသမ္ဘိဒါမဂ်**ပါဠိတော်၌ လာသောအတိုင်း အနောဓိသ ပုဂ္ဂိုလ် ၅-ပါး၊ဩဓိသပုဂ္ဂိုလ် ၇-ပါးဟူ၍ မေတ္တာပို့ရမည်၊ ပုဂ္ဂိုလ် ၁၂-ပါးကိုရှေးဦးစွာ သိမှတ်ရာ၏၊ **ထိုပုဂ္ဂိုလ်** ၁၂-ပါးတို့၌ **မေတ္တာပွားပုံ** အခြင်းအရာကိုလည်း–

၁။ အဝေရာဟောန္တု– ရန်မရှိသည် ဖြစ်ကြပါစေ၊
၂။ အဗျာပဇ္ဇာဟောန္တု– စိတ် မချမ်း သာမှု ကင်းသည် ဖြစ်ကြပါစေ၊

၃။ အနိဃာ ဟောန္တု- ဆင်းရဲခြင်း မရှိသည် ဖြစ်ကြပါစေ၊

၄။ သုခီ အတ္တာနံ ပရိဟရန္တု- ချမ်းသာစွာ ကိုယ်စိတ် ၂-ပါး ကို ဆောင် နိုင်ကြ ပါစေဟူ၍ ၄-ပါး ဟောကြားတော်မူ၏။

ပုဂ္ဂိုလ် ၁၂-ပါးတွင် တပါး တပါးလျှင် မေတ္တာ ပို့ခြင်း အခြင်းအရာ ၄-ပါးစီ ၄-ပါးစီ ရသောကြောင့် ပေါင်း ၁၂-ပါးလေးလီ ဖြစ်ရကား ၄၈-ပါးဖြစ်၏၊ ၄၈-ပါး ရသွား၏၊ အလုံးစုံသော သတ္တဝါတွေ့ ရန်မရှိသည် ဖြစ်ကြပါစေ၊ စိတ်မချမ်းသာမှု ကင်းသည် ဖြစ်ကြပါစေ၊ ဆင်းရဲခြင်း မရှိသည် ဖြစ်ကြပါစေ၊ ချမ်းသာစွာ ကိုယ်စိတ် ၂-ပါးကို ဆောင်နိုင်ကြ ပါစေ-စသည်ဖြင့် ပုဂ္ဂိုလ် ၁၂-ပါးစေ့အောင် ပွားကြည့်ပါ၊ ၄၈-ပါးရကြောင်း ကိုယ်တွေ့သိပါလိမ့်မည်၊ ဤ ၄၈-ပါးသည် အရပ်မျက်နှာကို အထူးမမှတ်သားဘဲ ပို့သ အပ်သော မေတ္တာများဖြစ်ကြ၏။

တဖန် အရပ်မျက်နှာကို မှတ်သား၍ ပို့သလိုသော အခါ အရှေ့အရပ်၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေ့တောင် အရပ်၊ အနောက်မြောက် အရပ်၊ အရှေ့မြောက် အရပ်၊ အနောက်တောင်အရပ်၊ အောက်အရပ်၊ အထက်အရပ်-ဟူ၍ အရပ်ဆယ်မျက်နှာရှိသောကြောင့် တမျက်နှာ တမျက်နှာလျှင် ၄၈-ပါးစီ၊ ၄၈-ပါးစီ ရနိုင်၍ ဆယ်မျက်နှာ အတွက် ပေါင်းလိုက်လျှင် (၄၈၀) ဖြစ်၏။ **အရှေ့အရပ်**မျက်နှာ၌ အလုံးစုံသော သတ္တဝါတွေ့ ရန်မရှိသည် ဖြစ်ကြပါစေ၊ စိတ်မချမ်း

သာမှု ကင်းသည် ဖြစ်ကြပါစေ၊ ဆင်းရဲခြင်း မရှိသည် ဖြစ်ကြ ပါစေ၊ ချမ်းသာစွာ ကိုယ်စိတ်နှစ်ပါးကို ဆောင်နိုင်ကြ ပါစေ-စသည်ဖြင့် ပုဂ္ဂိုလ် ၁၂-ပါး၊ အရပ် ၁၀-မျက်နှာ ဧဇွေအောင် ပွားကြည့်ပါ၊ (၄၈၀) ရရှိကြောင်း ကိုယ်တွေ့ သိရပါလိမ့်မည်၊ ဤအရပ်မျက်နှာကို မှတ်သား၍ ပို့သော မေတ္တာ (၄၈၀)နှင့် ရှေးအရပ်မျက်နှာကို မမှတ်သားဘဲ ပို့သောမေတ္တာ (၄၈)ပါး တို့ကို ပေါင်းလိုက်လျှင် (၅၂၈)သွယ်သော မေတ္တာ ဖြစ်၏။

ဤ (၅၂၈)သွယ် မေတ္တာပို့နည်းကို အကျဉ်းချုပ် အားဖြင့် ရှေးဆရာတော်များက မေတ္တာပို့ ဟူသော အမည်ဖြင့် အစဉ် အလာ ဝတ်ရွတ်စဉ် ထားတော် မူခဲ့ကြသည်၊ တကယ် စင်စစ် မေတ္တာပို့လိုသောအခါ မေတ္တာပို့နည်း(၅၂၈)နည်းတို့တွင် ပဌမ ဆုံးနည်းဖြင့် မေတ္တာပို့လိုလျှင် ပါဠိလို **သဗ္ဗေသတ္တာ အဝေရာ ဟောန္တု**-ဟု ဆို၍ပို့လျှင် ပဌမဆုံးမေတ္တာပွားနည်း ပြည့်စုံမှန်ကန် တော့၏၊(မြန်မာလို ပွားများလိုက) သတ္တဝါအားလုံးကုန် ဘေး ရန်ကင်းကြပါစေ-ဟု ဆို၍ ပို့သ ပွားများလျှင် ပဌမဆုံးနည်း ပြည့်စုံမှန်ကန်တော့၏၊ ဤ ပဌမနည်း တနည်းဖြင့်ပင် နှုတ်မြွက်၍ အဖန်ဖန် ပွားနေလျှင်လည်း မေတ္တာ ဘာဝနာကို ပွားသည် မည်၏၊ ပဌမနည်းကို မပွားလိုဘဲ ဒုတိယ နည်းကို ပွားလိုက ပါဠိလို သဗ္ဗေသတ္တာ အဗျာပဇ္ဈာဟောန္တု (မြန်မာလို) သတ္တဝါ အားလုံးကုန် စိတ်မချမ်းသာခြင်းမှ ကင်းကြပါစေ-ဟု ဆို၍ ပွားများလျှင် မေတ္တာ ဘာဝနာကို ပွားများသည် မည်၏၊ (ဤနည်းအတိုင်း (၅၂၈)သွယ် ဧဇွေအောင် ဉာဏ်ဖြင့် စဉ်းစား သိရှိရာ၏)။

ယခုပြခဲ့ပြီးသော (၁၂၈) သွယ် မေတ္တာ ပွားနည်းသည် **ပဋိသမ္ဘိဒါမဂ်**-ပါဠိတော်၌ ဟောကြား အပ်သော နည်းဖြစ်၍ အလွန်ထင်ရှား အသုံးများသော **မေတ္တာ**ပွားနည်း ဖြစ်၏၊ ဤပါဠိတော်မှာ မေတ္တာပွားနည်း အဆုံးတွင် (ကရုဏာပွားနည်း၊ မုဒိတာပွားနည်း၊ ဥပေက္ခာပွားနည်းတို့ကို ဆက်၍ ဟောကြားခြင်းမရှိပါ) သို့သော်လည်း ယခုအခါ မေတ္တာပို့ အမည် ရှိသော၊ မေတ္တာပို့ အမည်တပ်သော စာအုပ်များ၌ ပဋိသမ္ဘိဒါမဂ် ပါဠိကော်လာ မေတ္တာပွားနည်း ၄-ချက် အဆုံးတွင် (က) ဒုက္ခာ မုစ္စန္တု- ဆင်းရဲခြင်းမှ လွတ်ကင်းကြ ပါစေ ဟူသော**ကရုဏာ**-ပွားနည်း၊ (ခ) ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု-ရရှိထားသမျှ စည်းစိမ်တို့မှ မကင်းကွာကြပါစေသတည်း ဟူသော **မုဒိတာ**-ပွားနည်း၊ (ဂ) ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ မိမိတို့၏ ကံအတိုင်းသာ ဖြစ်ကြကုန်၏ ဟူသော **ဥပေက္ခာ**- ပွားနည်း တို့ကိုပါ တဆက်တည်း ထည့် သွင်းဖော်ပြထားကုန်၏။

ဤသို့ ဖော်ပြ ထားခြင်းမှာ ကရုဏာ ဘာဝနာ-မုဒိတာ ဘာဝနာ-ဥပေက္ခာ ဘာဝနာကို ပွားများလိုသူတို့သည် မေတ္တာပို့မှ နည်းယူပွားများ နိုင်ကြစေရန် ရှေးဆရာများ ဆက်လက် ထည့်သွင်းထားခဲ့ခြင်းဖြစ်သည်၊ ထားခဲ့သည့်အတိုင်း ကရုဏာ တရားကို ပွားများလိုလျှင် သဗ္ဗေသတ္တာ ဒုက္ခာမုစ္စန္တု-သတ္တဝါ အားလုံးကုန် ဆင်းရဲခြင်းမှ လွတ်ကင်းကြ ပါစေ ဟူ၍၎င်း၊ မုဒိတာတရားကို ပွားများလိုလျှင် သဗ္ဗေသတ္တာ ယထာ လဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု-သတ္တဝါအားလုံးကုန် မိမိရရှိပြီးသော စည်းစိမ်မှ မကွေကွင်းကြ ပါစေ ကုန်သတည်း ဟူ၍၎င်း

ဥပေက္ခာ တရားကို ပွားများလိုလျှင် သဗ္ဗေသတ္တာ ကမ္မဿကာ- သတ္တဝါအားလုံးကုန် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏ ဟူ၍ပင်း ပွားများရမည် ဖြစ်၏။

ဤပါဠိတော်၌ လာသည့်အတိုင်းသာ မေတ္တာ ပို့အပ်သည်၊ တိုက်ရိုက် မလာသောနည်းဖြင့် မေတ္တာ မပို့ကောင်း ဟူ၍ကား မမှတ်ယူအပ်၊ အကြောင်းကား- အပိုင်း အခြား မထားဘဲ သတ္တဝါအလုံးစုံကို သိမ်းကြုံး၍ ယူနိုင်သည့် ပါဠိ ဖြစ်သည့် သတ္တ ပါဏ ဘူတ အတ္တဘာဝ ပရိယာပန္နအားဖြင့် ၅-မျိုးသာ ရှိသည်မဟုတ်၊ သရီရီ ဒေဟီ ဇီဝ ပဇာ ဇန္တု ဟိန္ဒဂု-စသည် ရှိကြသည်ဖြစ်သောကြောင့် သဗ္ဗေသရီရီ အဝေရာဟောန္တု-အလုံးစုံကိုယ်ရှိသော သတ္တဝါများ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် နှလုံးသွင်းလျှင်လည်း မေတ္တာပို့သည်ပင်မည်၏၊ ပို့ပုံအခြင်းအရာကိုလည်း **ပဋိသမ္ဘိဒါမဂ်** ပါဠိတော်မှာ ၄-မျိုးသာ လာရှိသော်လည်း သဗ္ဗေသတ္တာ သုခိနော ဟောန္တု-အလုံးစုံသော သတ္တဝါ ဟူသမျှ ဘေးမရှိသည် ဖြစ်ကြပါစေ-ဟူသော အခြင်း အရာတို့ဖြင့် နှလုံးသွင်းလျှင်လည်း မေတ္တာ တရား စင်စစ် ဖြစ်နိုင်ပေ၏။

ဤသို့လျှင် မေတ္တာအပို့ခံရမည့် သတ္တဝါစုကိုလည်း အခြား အမည်၊ အခြားပါဠိ ပရိယာယ်တို့ဖြင့် ထုတ်ဖော်ကာ ပို့သပုံ အခြင်းအရာကိုလည်း တပါးသောအခြင်းအရာအားဖြင့် ပို့သဲ စေကာမူ မေတ္တာစင်စစ် ဖြစ်နိုင် ကြောင်းကို ပြခဲ့ပြီးသော **မေတ္တာသုတ်** ပါဠိတော် အယောက် အထားဖြင့် သိကြပါကုန်၊ ဤတွင် မေတ္တာနှင့်စပ်၍ သိကျင့်ဘွယ်အစုံ ပြီးပါပြီ။

## ရှေးထုံးကိုပယ် ဈေးသုံးကိုလှယ်

ယနေ့ ခေတ်သည် အတွေးသစ် အမြင်သစ် ခေတ်ဖြစ်၍ အတွေးသစ် အမြင်သစ်ဖြင့် လောကသစ်ကို တည်ဆောက်ထူထောင်နေချိန်ဖြစ်သည်၊ ရှေးအစဉ်အလာ ဝါဒဆိုးကြီးတွေကို ကျော်လွှားကာ တိုင်းသစ် ပြည်သစ် တည်ဆောက် နေချိန်ပင်ဖြစ်ပါသည်၊ ရှေးထုံးတွေကို ခေါင်းပေါ် တင်ကာ လိုက်နာရမည့် အချိန်အခါကြီး သည်ကား ခေတ်ဟောင်း စနစ်ဟောင်းများနှင့်အတူ အတွေးအခေါ် ရေစီးကြောင်းမှာ မျောပါသွားခဲ့ပြီ၊ ထို့ကြောင့် ရှေးထုံးကိုလည်း ပယ်သင့်က ပယ်ရမည်၊ ဈေးသုံးကိုလည်း လှယ်သင့်က လှယ်ရမည်။ **ရှေးထုံး ပယ်သင့်လျက် မပယ်က စဉ်းစားဉာဏ်မရှိ။ ။ဈေးသုံး လှယ်သင့်လျက် မလှယ်က ထမင်းစားရန် ဆန်မရှိ**-ဖြစ်တတ်ချေသည်။ ။ရှေးပင်ရှေးကျ သော်လည်း မလေးစား မလိုက်နာ အပ်သောရှေး၊ နှောင်းပင် နှောင်းသော်လည်း မကောင်းသော အနှောင်းများကို မလိုက်အပ် အတုမယူအပ်၍ ပယ်ရှားပစ်ကြပါစို့။

ဘုရားမပွင့်မီရှေးရှေး နှောင်းနှောင်းခေတ်က ပူရဏကဿပ၊ ပကုဓကစ္စာယန၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ-စသော လောကဘုရားကြီးတွေက ဘုရားလုပ်ကြပြီး ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ် စသော အကျင့်ဆိုး များဖြင့် ပြောဟောပြသ၍ တပည့်တပန်း အမြောက်အမြားနှင့် ဘုရားပွဲလုပ်နေကြပြီး မဟုတ်ပါလော။

ထို- မှနောက် ထိုနောက်မှ ပေါ်ပေါက်လာသော နောက်မှ ပေါ်တဲ့ ရွှေကြာပင်ဟု ခေါ်ချင်လျှင် ခေါ်နိုင်တဲ့ နောက်

ပေါက်၊ နောက်ပေါ် **ဂေါတမမြတ်စွာဘုရားသခင်** အစစ်က အဲဒီ ရှေးရှေးကြီးတွေကို တွန်းလှန်၍ တရားအမှန်တွေကို ဟောပြပြီး တွန်းလှန်ခဲ့၊ တော်လှန်ခဲ့ရသည် မဟုတ်ပါလော။

ငါတို့ မြန်မာနိုင်ငံ မှာလည်း **ပုဂံပြည်ကြီး၌** အရည်ကြီး ရဟန်းတွေက လူလို လုံးဝမသိတဲ့၊ လူစိတ်မရှိတဲ့ ရှင်ဘုရင်နှင့် တိုင်းသူပြည်သား လူအများတွေကို နားလှည့် ပါးလှည့် လုပ်၍ **ပန်းဦးလွှတ်** မင်္ဂလာတရားကြီးကို တီထွင်ကြပြီးလျှင် ရှင်ဘုရင် သမီးတော်ကိုမှ ချမ်းသာမပေး ချန်မထားဘဲ အမျိုးသမီးများ အိမ်ထောင်ပြုကြလျှင် **ပဌမဦးဆုံးညမှာ** **ပန်းဦးလွှတ်** ယခုခေတ် စကားနှင့် ရေးပြရလျှင် **ပွတ်သဘင်** ပြုလုပ်ရတဲ့ ဝါဒဆိုးကြီး ကော **ရှေးဝါဒအယူ** အဆိုးကြီးပင် မဟုတ်ပါလော၊ (ရှေးထုံးကို မပယ်သင့်ပြီလော၊ မပယ်ခဲ့ရင် ယနေ့အချိန်မှာ **တွေးဝံ့** စရာတောင် မရှိတော့ပါတကား)။

နောက်မှ ပေါ်ပေါက်လာတဲ့ **သထုံပြည်သား** ရဟန္တာအရှင် **အရဟံနှင့်** ပုဂံပြည့်ရှင် **အနော်ရထာ** ဘုရင်တို့ကသာ အကယ်၍ ရှေးပဝေဏီ အယူဝါဒကို မတော်လှန်ခဲ့ပါလျှင် မြန်မာ့ရာဇဝင် တွင် အဘယ်မျှ ရိုင်းစိုင်းလိုက်လေ မည်နည်း။

**ရှေးထုံး**–ကိုလည်း မပယ်နှင့် ဈေးသုံးကိုလည်း မလွယ်နှင့် ဆိုသောစကားကို **ဂေါင်း**–ပေါ်မှာ တင်ထားကြသည့် **တယူသန် ဝါဒသမား၊ ပဝေဏီဝါဒသမား၊ လှေနံ ဓားထစ် သမားနှင့် လူ့အညံ့**စားတွေ များများကြီး စဉ်းစားဘွယ်ရာ ကောင်း ပါပြီ၊ စဉ်းစားကြစမ်းပါ။ ရှေးကျတိုင်း ကောင်းကြသေး ရဲ့လား၊ မကောင်းမှန်း သိရင်ကော **မပြင်ကြ**တော့ ဘူးလား၊ **မပယ်**ကြတော့ဘူးလား၊ **မတော်လှန်**ကြတော့ ဘူးလား၊ **ပျက်**

**အစဉ်မြင်ခဏပါ**၊ မပြင်လျှင် **ထာဝရ** ဖြစ်နေတတ် ပါသည်။ **ဂေါတမဗုဒ္ဓရဲ့ အယူဝါဒသမားပါဟု** အခေါ်ခံ နေကြသည့် သူတော်ကောင်းတွေ မှန်ပါလျှင် ရှေးတာတွေ၊ နှောင်းတာတွေ၊ ဟောင်းတာတွေ၊ သစ်တာတွေ အကြောင်း အရောကား-**ပဓာနမဟုတ်**၊ **ယထာဘူတကျကျ** သဘာဝ နည်းလမ်းမှန်ကို ကုသိုလ်ပါဆိုဆိုပြီး အကုသိုလ် မဖြစ်တို့ အဖြူပါဆိုပြီး အမဲ-မဖြစ်ဘို့ကိုသာ ဝေဘန်ကြပါ၊ စဉ်းစားကြပါ။

## လူ့ပြည်က ဘုရားပွဲ အမှားတော်ပုံ

**ရှေးထုံးစံကြောင့်**၊ သူတပါးကြောင့်၊ အားနာ မှုကြောင့်၊ ပကာသနမှုကြောင့် လုပ်ရိုး လုပ်စဉ်ကြောင့် ဆရာတော်တွေက လိုက်ရောနေမှုကြောင့်၊ အများ စိတ်တိုင်းကျ အလို လိုက်မှု ကြောင့်၊ အများ မိုးခါးရေ သောက်ကြလို့ သောက်ရပါ တယ်ကြောင့်၊ ကုသိုလ် ရလိမ့်မယ်လို့ ထင်နေ တာကြောင့်၊ အပေါင်း အသင်းကြောင့်- စသည် စသည် အဲဒီအကြောင်း ကြောင်းတွေကြောင့် လူတွေ အပါယ်ကျကျ နေရသည်၊ **ဒုဂ္ဂတိ** ၃၁-ဘုံထဲမှာ တဝဲလယ်လယ် ဖြစ်နေကြရသည်၊ သံသရာက မလွတ်နိုင်ကြသည်။

အဲဒီလို ဖြစ်နေ ကြရတာ ဘာတွေလဲ၊ ဘာကြောင့်လဲ ဆိုလျှင် ယခုခေတ် ကျေးရွာတွေ၊ မြို့တွေမှာ များသောအားဖြင့် ဒါနပွဲကြရာမှာ အမြဲတမ်းလိုလို ဖြစ်နေကြတဲ့ နွား,သတ်ကျွေးမှု၊ ဝက်,ကြက်,ဆိတ်,ဘဲ-စသည်တို့ကို သတ်ဖြတ်၍ ကျွေးမှု (**ခုဝယ် ခုသတ်**) အစားထိုး ကိုယ်ကြောင့်**ထပ်သေ**၊ ကိုယ့် **ပယောဂ** မကောင်း၊ ကိုယ်က **တွဲဘက်ပါဏာတိပါတ**တဲ ပါဝင် စသည်ဖြစ်နေ

သော ဒုစရိုက် ဖြစ်နေသည်ကို လားလားမှ မသိသော **လူမိုက်အန္ဓ** လူ့ဗာလတို့၏ ကျေးမွေး လူ့ဒါန်းမှု အဲဒါတွေကို တကယ့်ကို ဖြူပါတယ်ဟု ထင်နေ ကြသော **ကိုမဲတို့က** ကိုယ့် ပယောဂ မပါပါဟု ဆိုကြလျက် **မသိမှုဒုစရိုက် ပုဒ်မ** (၉၉) မှာ ပါနေတဲ့ **ဘုရားပွဲ**အလှူပွဲတွေကို စိတ်မချမ်းမြေ့ဘွယ်ရာ တွေ့မြင် နေရပါသည်၊ တကယ်တော့ ကုသိုလ်ဟု ထင်နေပေမဲ့ အကုသိုလ် ဖြစ်နေတာတွေကို ဖြူပါသည်ဆိုသော ကိုမဲတို့က **ရင်ထဲနှလုံး**သား ထဲမှာ အသိတရားရချိန် တန်သင့်ပါပြီ၊ အကုသိုလ်ကို ရှောင် ကြပါ၊ အကုသိုလ်နှင့် တွဲဘက်ဖြစ်သော အလှူပွဲ၊ ဘုရားပွဲများ ကိုလဲ ရှောင်ကြဉ်ကြပါ။

**ဤစာကို ရေးသူတို့ ကတော့** ဤအဖြစ်ဆိုးပျိုးနှင့် ဘဝကို အနှစ်မှန်းမခံလိုတော့ပေ၊ ဒီအလှူမျိုး၊ ဒီဘုရားပွဲမျိုးကို **ငါတို့ ကတော့** မလိုက်ပြီ၊ မယူပြီ၊ မစားပြီ၊ '**အဖြူ**ကိုလည်း အမဲ မလုပ် လိုတော့ပြီ၊ **အမဲ** ကိုလည်း အဖြူ မလုပ်လို တော့ပြီ၊ ဝိနည်း ၅-ကျမ်းတို့တွင် ပဌမဦးဆုံး ဖြစ်သော **ပါရာဇိကကဏ်** ပါဠိတော် ကြီး၌ မြတ်စွာဘုရားက **မဟာ ကရုဏာတော်ကြီး**ကို အဓိက ထား၍ ဟောကြားတော်မူခဲ့သော **ကြားသား**, **မြင်သား**, **ထင် သား**များကို ငါတို့ကတော့ ဒီဘဝမှာတင် မကနောင်တမလွန် ဘဝတွေမှာတောင် ရှောင်ကြဉ်ဘို့ရာ အဓိဋ္ဌာန်ပြုပါ၏။

**ထိုထိုဘုရားပွဲများ**နှင့် ပတ်သက်၍ အကုသိုလ်ဖြစ်ပုံ၊ ပွဲတွေ ထည့်ကြလို့ အိပ်ပျက်ရပုံ၊ ညှော်မိ၍ ရောဂါထိပုံ၊ အလုပ်ပျက် ရပုံ၊ အအိပ်ပျက်ရပုံ၊ ငွေကုန်ရပုံ၊ ကလေးတွေသေရပုံ၊ မခိုက် တန်ဘဲနှင့် ခိုက်ကြရပုံ စသည်စသည်ဖြင့် ပွဲတော်ကိုမှီ၍ ဖြစ် သော သောင်းကျန်းပုံ အမျိုးမျိုးများကို **လူလိုသိသော သူတို့**

နနဂဃနဏသိအောင် ဝေဖန်ပြီးလျှင် (တကယ်သိကို ဆိုလိုသည်၊ ရောင်ဝါးဝါး အသိမျိုးမဟုတ်) တကယ်သိ သိပြီးလျှင် တကယ်ကျင့်လဲ ကျင့်တော်မူကြပါဦးဟူ၍ မေတ္တာ စေတနာကို ဦးစားပေးလျက် လေးလေးနက်နက် အားဖြင့် များများကြီး တောင်းပန် တိုက်တွန်းလိုက်ရပါတော့သတည်း။

ဤတွင် မေတ္တာသုတ်၌ သိအောင် ပြု၍ ကျင့်ဘွယ်ရာအကျဉ်း ပြီးပါပြီ။

---

## မေတ္တာပွားနည်း စိစစ်ချက်

မေတ္တာဘာဝနာ ပွားနည်းများကို တနည်းနည်းသာ မပြဆိုဘဲ အဘယ့်ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ နည်းအမျိုးမျိုး၊ မေတ္တာသုတ်ပါဠိတော်လာ နည်းအမျိုးမျိုး ထုတ်ဖော် ပြဆိုနေရပါသနည်း မေးမြန်းဖွယ် ရှိနေပြန်ပါ၏။

အဖြေမှန်မှာ ပုထုဇဉ်တို့၏ စိတ်သည် အာရုံ အမျိုးမျိုး၌ လေ့လာကျက်စား မရပ်မနား လှည့်လည်၍ နေ၏။ ထိုသို့ အာရုံ အမျိုးမျိုး၌ လေ့လာ ကျက်စား မရပ်မနား လှည့် လည်၍ နေသော စိတ်သည် တနည်းတည်းဖြင့်ပင် မေတ္တာ ဘာဝနာ အာရုံ၌ ကြံ့ကြံ့မတည်နိုင်၊ အာရုံ အမျိုးမျိုး ပြောင်းလဲကာ ပြောင်းလဲကာ လေ့လာပွားများမှ အစဉ်သဖြင့် သမာဓိရနိုင် ကြံ့ကြံ့တည်နိုင်သည်၊ ထို့ကြောင့် မေတ္တာပွားနည်းအမျိုးမျိုးကို မြတ်စွာဘုရား ဟောကြားတော် မူသည်၊ နောက် ဆရာတို့က လည်း ထုတ်ဖော်၍ပြကြရပါသည်ဟု ဖြေဆိုရာ၏။

(တနည်းကား) မေတ္တာဘာဝနာအလုပ်ကို အားထုတ်သော ပုဂ္ဂိုလ်တို့မှာ အဇ္ဈာသယဓာတ် အမျိုးမျိုးရှိကြ၏၊ အချို့မှာ- အနောဓိသမေတ္တာ ပွားနည်းက ညာက်၌ ထင်လင်း၏၊ အချို့မှာ ဩဒိသမေတ္တာ ပွားနည်းက ညာက်၌ ထင်လင်း၏၊ အချို့မှာ အရပ် မျက်နှာကို မှတ်၍ ပွားနည်းက ညာက်၌ ထင်လင်း၏၊ အချို့မှာ မေတ္တာသုတ်လာ သဗ္ဗသင်္ဂါဟိက မေတ္တာ ဘာနာ ပွားနည်းက ညာက်၌ ထင်လင်း၏၊ အချို့မှာ ဒုက ဘာဝနာ၊ အချို့မှာ တိကဘာဝနာ မေတ္တာ ပွားနည်းက ညာက်၌ ထင်လင်း၏။

ဤသို့ မေတ္တာဘာဝနာ အလုပ်ကို အားထုတ်သော ပုဂ္ဂိုလ်တို့၏ အဇ္ဈာသယဓာတ်ခံ အမျိုးမျိုးရှိကြသောကြောင့် မိမိ- မိမိတို့၏ ထင်လင်းရာ အာရုံကိုယူ၍ မေတ္တာဘာဝနာ ပွားများနိုင်ကြစေခြင်း အကျိုးငှာ မေတ္တာဘာဝနာ ပွားနည်း အမျိုးမျိုးကို မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း နောက်ဆရာတို့ကလည်း ပြည့်ပြည့်စုံစုံ ထုတ်ဖော် ပြဆို ရသည် ဟူ၍ ဖြေဆိုရာ၏၊ (ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ မေတ္တာဘာဝနာ ပွားနည်းများကို နောက်နားမှာ ပြပါအံ့)။

## မေတ္တာပါရမီ၌ သိ-ကျင့်ဘွယ်ရာ ပေမသုံးပါး

မေတ္တာပါရမီ ဟူသောစကား၌ မေတ္တာဟူသော စကားကို ရှေးဆရာတို့က **ချစ်ခြင်း**ဟူ၍ အနက် မြန်မာ ပြန်ဆိုတော်မူခဲ့ကြ၏၊ **ပေမ**-ဟူသော ပါဠိစကားကိုလည်း ချစ်ခြင်း ဟူ၍ပင် အနက်မြန်မာ ပြန်ဆိုတော်မူခဲ့ကြ၏၊ **မေတ္တာ-** သဒ္ဒါက ဟော

အပ်သည့် ချစ်ခြင်းကား ဝိသေသဖြစ်၍ **ပေမ**-သဒ္ဒါကား ယောအပ်သည့် ချစ်ခြင်းကား သာမညဖြစ်သည်၊ ထို့ကြောင့် ပေမ အရ ချစ်ခြင်းကို–

(၁) တဏှာပေမ။

(၂) ဂေဟသိတပေမ။

(၃) မေတ္တာပေမ။

ဟူ၍ ၃–မျိုး ခွဲခြား ပြဆိုထားသည်၊ ထို ၃–မျိုးတို့တွင်–

၁။ **တဏှာပေမ**–ဟူသည် မိန်းမနှင့်ယောကျ်ား အချင်းချင်း တဏှာလောဘ၏ အစွမ်းအားဖြင့် ချစ်ကြိုက်ကြခြင်းကို ခေါ်ဆို၏၊ ဤတဏှာပေမကို အလင်္ကာကျမ်း၌ သိင်္ဂါရဟု ခေါ်ဆို၏။

၂။ မိဘနှင့် သားသမီး၊ ညီနှင့်အစ်ကို၊ မောင်နှင့် နှမ–စသည်တို့ အချင်းချင်း ချစ်ခင် တွယ်တာမှုကို **ဂေဟသိတပေမ** ဟု ခေါ်၏။ အိမ်၌နေခြင်းကိုမှီ၍ ဖြစ်သော ချစ်ခြင်း ဟူလို။ ဤချစ်ခြင်းကို အလင်္ကာကျမ်း၌ ဝစ္ဆလ–ဟူ၍ ခေါ်၏။ ဤ တဏှာပေမ၊ ဂေဟသိတပေမ ၂–မျိုး လုံးပင် ကုသိုလ်တရား မဟုတ်ကြ၊ တဏှာပေမမှာ တဏှာရာဂဖြစ်၍ ဂေဟသိတပေမမှာ လောဘပင် ဖြစ်၏။

၃။ သူတပါးတို့၏ အကျိုးစီးပွား ဖြစ်ထွန်းမှုကို လိုလားခြင်းသည် **မေတ္တာပေမ**–မည်၏။ ဤမေတ္တာတရားသည် သူတပါးတို့နှင့် မခွဲမခွာ အမြဲတွဲယှဉ် နေလိုခြင်း သဘော အလျဉ်းမရှိ၊ လူအချင်းချင်း စကြဝဠာတခုစီပင် ဝေးကွာ၍ နေရ စေကာမူ ထိုဝေးကွာနေသူမှာ စီးပွားချမ်းသာ ဖြစ်သည်ဟု သိရလျှင် ကျေနပ်၏၊ အတူမနေရသည့် အတွက် ခက်ခဲ ဝန်လေးခြင်း

အလျဉ်းမရှိ၊ သို့ဖြစ်၍ မေတ္တာတရားသည် စင်ကြယ်မွန်မြတ်သော သဘောတရားသာဖြစ်၍ **ဗြဟ္မဝိဟာရ**-ဟူသော အမည်ကိုလည်း ရ၏။ ဤတရားကို ပွားများ၍နေလျှင် မြတ်သောနေခြင်း ဟူ၍ ဆိုလို၏။ မေတ္တာသာ မဟုတ်သေး ကရုဏာတရား,မုဒိတာတရား, ဥပေက္ခာတရားတို့သည်လည်း ဗြဟ္မဝိဟာရ ဟူသော အမည်ကို ရကြကုန်၏။ သို့ဖြစ်၍ ထို ၄-ပါးလုံးကို သိမ်းရုံးကာ ဗြဟ္မ ဝိဟာရတရား ၄-ပါးဟူ၍ ခေါ်၏။ ဗြဟ္မစိုရ် တရား ၄-ပါး ဟူ၍လည်း ခေါ်၏။ (ဗြဟ္မ၊ မြတ်သော+ဝိဟာရ၊ နေခြင်း)ဤ ဗြဟ္မဝိဟာရတရား ၄-ပါးကိုပင် **အပ္ပမညာ**-တရား ၄-ပါးဟူ၍ လည်း ခေါ်၏။ ဉီးရေ မည်မျှဟု မန္တိုင်းယှဉ်အပ်သော သတ္တဝါတို့ အပေါ်မှာ ဖြစ်ပွားသော တရားများဟု ဆိုလိုသည်၊ ချစ်ခြင်း မေတ္တာတရားများကို ပွားရမည်ဟု ဆိုရာမှာ မစင်ကြယ်သော တဏှာပေမ ချစ်ခြင်း၊ ဂေဟသိတပေမ ချစ်ခြင်းတို့ မဟုတ် မစဘဲ စင်ကြယ်မွန်မြတ်လှသော မေတ္တာပေမ တရားသာ ဖြစ်စေ ရမည်ကို အထူးသတိပြု၍ မှတ်သားအပ်၏။ ဤမေတ္တာ တရား ပွားများပုံနည်းလမ်းကို နောက်မှ ထင်ရှားအောင် ပြဆိုပေအံ့။

## မေတ္တာနှင့် အဒေါသ

မေတ္တာ-ဟူသည် ပရမတ္ထ အားဖြင့် ရှိကောင်းသော တရား ဖြစ်၏၊ သို့ရာတွင် ပရမတ္ထ တရားတို့ကို တခုစီ တခုစီ ထုတ်ဖော် ရေတွက်ရာမှာကား မေတ္တာတရားဟူ၍ သီးခြားမပြဘဲ အဒေါသ စေတသိက်တရားကို ပြသဖြင့်ပင် မေတ္တာတရားသည် **အဒေါသ** စေတသိက်တွင် တစိတ် တဒေသ အပါအဝင်ဖြစ်၍ သွား၏၊ အဒေါသစေတသိက်က အရကျယ်၍ မေတ္တာက ထိုအဒေါသ

စေတသိက် အရတွင် တစိတ် တဒေသ၏ အနေဖြင့် ပါဝင်၍ နေသည်ဟု ဆိုလိုသည်။

ထင်ရှားစေဦးအံ့- အဒေါသ စေတသိက်သည် အဘိဓမ္မာ **သင်္ဂြိုဟ်**-ကျမ်းအလို သောဘဏစိတ် ၅၉-ပါးလုံးနှင့် ယှဉ်၏၊ သောဘဏစိတ် ၅၉-ပါးတို့ ဖြစ်တိုင်း ဖြစ်တိုင်း အဒေါသ စေတသိက်ပါလျက်ရှိ၏၊ အဒေါသတရားမှာ အာရုံအမျိုးမျိုးကို အာရုံပြုနိုင်၏။ **မေတ္တာ** တရားကား သတ္တဝါ ပညတ် တမျိုးတည်းကိုသာ အာရုံပြုနိုင်၏၊ ဒါနမှု အမျိုးမျိုးပြုရာ၊ သီလမှု အမျိုးမျိုး ဆောက်တည်ရာတို့မှာ အဒေါသ ပါရသည်ချည်း ဖြစ်၏၊ ထိုအဒေါသဖြစ်တိုင်း **မေတ္တာ**ဟူ၍ မခေါ်ရ၊ သတ္တဝါ ပညတ်ကို အာရုံပြုကာ ချမ်းသာပါစေ စသည်ဖြင့် သတ္တဝါတို့၏ စီးပွား ချမ်းသာကို လိုလားသော အခြင်းအရာ အားဖြင့် **အဒေါသ** စေတသိက် ဖြစ်မှသာ ထိုအဒေါသ စေတသိက်ကို မေတ္တာဟူ၍ခေါ်ဆိုရသည်။

**ခန္တီပါရမီ**-မှာလည်း အဒေါသ စေတသိက်ကို ကောက်ယူစေနိုင်ကာမူ အဒေါသ ဟူသမျှကို ခန္တီအရ မကောက်ယူဘဲ သူတပါးတို့က ပြစ်မှား လာသည့် အခါ မိမိက အလျဉ်းပင် ဒေါသမထွက်ရအောင်တားဆီးခြင်း **အဒေါသ**-ကိုသာ ကောက်ယူရကြောင်းကို ပြသည်၊ ထို့အတူ အဒေါသ စေတသိက် ဟူဟူသမျှကို မေတ္တာအရ ကောက်မယူဘဲ သတ္တဝါတို့၏ အကျိုးကို လိုလားသော အခြင်း အရာ အားဖြင့် ဖြစ်သော **အဒေါသ** စေတသိက်ကိုသာ **မေတ္တာ**အရ ကောက်ယူရ၏။

## ၅၂၈-သွယ်မေတ္တာ

ဤမေတ္တာနှင့် စပ်လျဉ်း၍ မေတ္တာတရားသည် (၅၂၈) ပါး ရှိသည်ဟု အများကပြောဆိုသိမှတ်ကြ၏၊ စင်စစ်မှာမေတ္တာတရား ကိုယ်က ၅၂၈-မျိုး ရှိနေသောကြောင့်မဟုတ်ပေ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာရှိသောအတိုင်း မေတ္တာ ပွားများရမည့် နည်း လမ်းပေါင်း ၅၂၈-မျိုး ရှိနေသည့်အတွက် မေတ္တာ ၅၂၈-ပါးဟု ပြောဆိုနေကြခြင်း ဖြစ်သည်ဟု မှတ်အပ်၏။

၅၂၈-နည်းဖြစ်ပုံမှာ ပုဂ္ဂိုလ်သတ္တဝါတို့ကို အပိုင်း အခြား မထားခြင်း တည်းဟူသော **အနောဓိသ ၅-မျိုးရှိ၏၊ ၅-မျိုး တို့မှာ-**

၁။ သဗ္ဗေသတ္တာ (အလုံးစုံသော သတ္တဝါတွေ)
၂။ သဗ္ဗေပါဏာ (အလုံး စုံသော အသက် ရှိသော အရာတွေ)
၃။ သဗ္ဗေဘူတာ (အလုံးစုံ ကိုယ် ထင် ရှား ရှိသော အရာတွေ)
၄။ သဗ္ဗေပုဂ္ဂလာ (အလုံးစုံသော ပုဂ္ဂိုလ်တွေ)
၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ (အလုံးစုံ ကိုယ်အတ္တ ဘောအတွင်း အကျုံးဝင် နေသော အရာတွေ)

သုံးဆယ့်တဘုံအတွင်း ရှိရှိသမျှ သတ္တဝါတွေကို ဤငါးမျိုး တွင် တမျိုးမျိုးဖြင့် ခေါ်ဆို စိတ်ညွတ် လိုက်လျှင်ပင် အလုံးစုံ မကြွင်း မကျန် ပါဝင်ကုန်တော့သည်၊ ဤ ၅-မျိုးတွင် မပါ ဝင်သော သတ္တဝါဟူ၍ မရှိ သောကြောင့် ဤ ၅-မျိုးကို

**အနေ့ာဓိသ** ၅-မျိုးဟု ခေါ်၏၊ (အနေ့ာဓိသပုဂ္ဂိုလ် ၅-မျိုး ဟူ၍လည်းခေါ်၏)၊ အနေ့ာဓိသ ဟူသော ပါဠိ၌ ပါရှိသည့် ဩဓိသဒ္ဒါသည် အပိုင်း အခြား ဟူသော အနက်ကို ဟော၏၊ **အနေ့ာဓိသ**-ဟု ဆိုသောကြောင့် အပိုင်းအခြား မထားဟူသော အဓိပ္ပါယ်ကိုရ၏။

## သတ္တဝါနှင့် ပုဂ္ဂိုလ် အသုံးအနှုန်း

ပါဠိ၌ သတ္တဝါဟု ဆိုလျှင်လည်း ၃၁-ဘုံရှိ သတ္တဝါအလုံးစုံ ကိုပင် ရရှိ၏၊ ပုဂ္ဂလ-ပုဂ္ဂိုလ်ဟု ဆိုလျှင်လည်း ထို့အတူ ၃၁-ဘုံ သား-အလုံးစုံကိုပင် ရ၏၊ အဆင့်အတန်း ထူးခြား ကွဲပြားခြင်း တစုံတရာမရှိ၊ သတ္တ-ဟု ခေါ်လျှင် **ပုဂ္ဂလ**-ဟုလည်း ခေါ်နိုင်၏၊ ပုဂ္ဂလ-ဟု ခေါ်လျှင် **သတ္တ**-ဟုလည်း ခေါ်နိုင်၏။

**မြန်မာဝေါဟာရ**-မှာကား သတ္တဝါနှင့် ပုဂ္ဂိုလ် အဆင့် အတန်း များစွာ ခွဲခြား ထားလေသည်၊ ယုတ်ညံ့သော အရာ စုကိုသာ မိုက်မဲသော သတ္တဝါ၊ ယုတ်ညံ့သော သတ္တဝါဟု ခေါ်ဝေါ်သုံးနှုန်း၍ မိုက်မဲသောပုဂ္ဂိုလ်၊ ယုတ်ညံ့သော ပုဂ္ဂိုလ် ဟူ၍ လုံးဝ ခေါ်ဆို သုံးစွဲခြင်းမပြုကြ၊ ပုဂ္ဂိုလ်ဟူသော စကား လုံးကို သုံးရာမှာလည်း မြတ်သောပုဂ္ဂိုလ်ကြီးများ၊ ထူးကဲသော ပုဂ္ဂိုလ်ကြီးများ စသည်ဖြင့် သုံးနှုန်းပြောဆိုကြသည်၊ မြတ်သော သတ္တဝါကြီးများ၊ ထူးကဲသော **သတ္တဝါ**ကြီးများဟု သုံးစွဲခြင်း အလျဉ်းမပြုကြချေ၊ ယုတ်ညံ့သော သက်ရှိဝတ္ထုကို သတ္တဝါဟု ခေါ်ဆို သုံးနှုန်း၍ မြတ်သောသက်ရှိ ဝတ္ထုကိုကား ပုဂ္ဂိုလ်ဟူ၍ သုံးနှုန်းသည်ဟု ဆိုလိုရင်း ဖြစ်သည်၊ ဤသို့ ပါဠိနှင့် မြန်မာ

အသုံးအနှုန်း ထူးခြားသည့်နေရာမှာ ထူးခြားနေသည်ကိုလည်း သတိပြုရာ၏။

**အပိုင်းအခြား ထား၍ မေတ္တာပွားရာမှာလည်း**

၁။ သဗ္ဗာဝါသာထိယော- အလုံးစုံသောမိန်းမတွေ၊
၂။ သဗ္ဗေပုရိသာ- အလုံးစုံသော ယောကျ်ားတွေ၊
၃။ သဗ္ဗေအရိယာ- အလုံးစုံ မြင့်မြတ်သော ပုဂ္ဂိုလ်တွေ၊
၄။ သဗ္ဗေအနရိယာ- အလုံးစုံ မမြင့်မြတ်သော ပုဂ္ဂိုလ်တွေ၊
၅။ သဗ္ဗေဒေဝါ- အလုံးစုံသော နတ်,ဗြဟ္မာတွေ၊
၆။ သဗ္ဗေမနုဿာ- အလုံးစုံသောလူတွေ၊
၇။ သဗ္ဗေဝိနိပါတိကာ- အလုံးစုံ ပြိုကွဲပျက်စီးနေသော ပြိတ္တာတွေ၊

ဤ ၇-မျိုးတွင် တမျိုးမျိုးလျှင် လိုရာကို ပိုင်းခြား သတ်မှတ်ထားသည်ချည်း ဖြစ်သောကြောင့် **ဩဓိသ** ၇-မျိုးဟု ခေါ်၏၊ (ဩဓိသ ပုဂ္ဂိုလ်၇-မျိုး ဟူ၍လည်း ခေါ်၏)၊ ဤသို့လျှင် **ပဋိသမ္ဘိဒါမဂ်**ပါဠိတော်၌ လာသောအတိုင်း အနောဓိသ ပုဂ္ဂိုလ် ၅-ပါး၊ဩဓိသပုဂ္ဂိုလ် ၇-ပါးဟူ၍ မေတ္တာပွားရမည်၊ ပုဂ္ဂိုလ် ၁၂-ပါးကိုရှေးဦးစွာ သိမှတ်ရာ၏၊ **ထိုပုဂ္ဂိုလ်** ၁၂-ပါးတို့၌ **မေတ္တာပွားပုံ** အခြင်းအရာကိုလည်း-

၁။ အဝေရာဟောန္တု- ရန်မရှိသည် ဖြစ်ကြပါစေ၊
၂။ အဗျာပဇ္ဇာဟောန္တု- စိတ်မချမ်းသာမှု ကင်းသည် ဖြစ်ကြပါစေ၊

၃။ အနီဃာဝဟောန္တု- ဆင်းရဲခြင်း မရှိသည် ဖြစ်ကြပါစေ၊

၄။ သုခီ အတ္တာနံ ပရိဟရန္တု- ချမ်းသာစွာ ကိုယ်စိတ် ၂-ပါးကို ဆောင်နိုင်ကြပါစေဟူ၍ ၄-ပါး ဟောကြားတော်မူ၏။

ပုဂ္ဂိုလ် ၁၂-ပါးတွင် တပါး တပါးလျှင် မေတ္တာ ပို့ခြင်း အခြင်းအရာ ၄-ပါးစီ ၄-ပါးစီ ရသောကြောင့် ပေါင်း ၁၂-ပါးလေးလီ ဖြစ်ရကား ၄၈-ပါးဖြစ်၏၊ ၄၈-ပါး ရသွား၏၊ အလုံးစုံသော သတ္တဝါတွေ ရန်မရှိသည် ဖြစ်ကြပါစေ၊ စိတ်မချမ်းသာမှု ကင်းသည် ဖြစ်ကြပါစေ၊ ဆင်းရဲခြင်း မရှိသည် ဖြစ်ကြပါစေ၊ ချမ်းသာစွာ ကိုယ်စိတ် ၂-ပါးကို ဆောင်နိုင်ကြပါစေ-စသည်ဖြင့် ပုဂ္ဂိုလ် ၁၂-ပါးဓွေအောင် ပွားကြည့်ပါ၊ ၄၈-ပါးရကြောင်း ကိုယ်တွေ့သိပါလိမ့်မည်၊ ဤ ၄၈-ပါးသည် အရပ်မျက်နှာကို အထူးမမှတ်သားဘဲ ပို့သ အပ်သော မေတ္တာများဖြစ်ကြ၏။

တဖန် အရပ်မျက်နှာကို မှတ်သား၍ ပို့သလိုသော အခါ အရှေ့အရပ်၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေ့တောင် အရပ်၊ အနောက်မြောက် အရပ်၊ အရှေ့မြောက် အရပ်၊ အနောက်တောင်အရပ်၊ အောက်အရပ်၊ အထက်အရပ်-ဟူ၍ အရပ်ဆယ်မျက်နှာရှိသောကြောင့် တမျက်နှာ တမျက်နှာလျှင် ၄၈-ပါးစီ၊ ၄၈-ပါးစီ ရနိုင်၍ ဆယ်မျက်နှာ အတွက် ပေါင်းလိုက်လျှင် (၄၈၀) ဖြစ်၏။ **အရှေ့အရပ်**မျက်နှာ၌ အလုံးစုံသော သတ္တဝါတွေ ရန်မရှိသည် ဖြစ်ကြပါစေ၊ စိတ်မချမ်း

သာမှု ကင်းသည် ဖြစ်ကြပါစေ၊ ဆင်းရဲခြင်း မရှိသည် ဖြစ်ကြပါစေ၊ ချမ်းသာစွာ ကိုယ်စိတ်နှစ်ပါးကို ဆောင်နိုင်ကြ ပါစေ-စသည်ဖြင့် ပုဂ္ဂိုလ် ၁၂-ပါး၊ အရပ် ၁၀-မျက်နှာ စေ့အောင် ပွားကြည့်ပါ၊ (၄၈၀) ရရှိကြောင်း ကိုယ်တွေ့ သိရပါလိမ့်မည်၊ ဤအရပ်မျက်နှာကို မှတ်သား၍ ပို့သော မေတ္တာ (၄၈၀)နှင့် ရှေးအရပ်မျက်နှာကို မမှတ်သားဘဲ ပို့သောမေတ္တာ (၄၈)ပါးတို့ကို ပေါင်းလိုက်လျှင် (၅၂၈)သွယ်သော မေတ္တာ ဖြစ်၏။

ဤ (၅၂၈)သွယ် မေတ္တာပို့နည်းကို အကျဉ်းချုပ် အားဖြင့် ရှေးဆရာတော်များက မေတ္တာပို့ ဟူသော အမည်ဖြင့် အစဉ်အလာ ဝတ်ရွတ်စဉ် ထားတော် မူခဲ့ကြသည်၊ တကယ် စင်စစ် မေတ္တာပို့လိုသောအခါ မေတ္တာပို့နည်း(၅၂၈)နည်းတို့တွင် ပဌမဆုံးနည်းဖြင့် မေတ္တာပို့လိုလျှင် ပါဠိလို **သဗ္ဗေသတ္တာ အဝေရာ ဟောန္တု**-ဟု ဆို၍ပို့လျှင် ပဌမဆုံးမေတ္တာပွားနည်း ပြည့်စုံမှန်ကန်တော့၏၊(မြန်မာလို ပွားများလိုက)သတ္တဝါအားလုံးကုန် ဘေးရန်ကင်းကြပါစေ-ဟု ဆို၍ ပို့သ ပွားများလျှင် ပဌမဆုံးနည်း ပြည့်စုံမှန်ကန်တော့၏၊ ဤ ပဌမနည်း တနည်းဖြင့်ပင် နှုတ်မြွက်၍ အပန်ဖန် ပွားနေလျှင်လည်း မေတ္တာ ဘာဝနာကို ပွားသည် မည်၏၊ ပဌမနည်းကို မပွားလိုဘဲ ဒုတိယ နည်းကို ပွားလိုက ပါဠိလို သဗ္ဗေသတ္တာ အဗျာပဇ္ဇာဟောန္တု (မြန်မာလို) သတ္တဝါအားလုံးကုန် စိတ်မချမ်းသာခြင်းမှ ကင်းကြပါစေ-ဟု ဆို၍ ပွားများလျှင် မေတ္တာ ဘာဝနာကို ပွားများသည် မည်၏၊ (ဤနည်းအတိုင်း (၅၂၈)သွယ် စေ့အောင် ဉာဏ်ဖြင့် စဉ်းစား သိရှိရာ၏)။

ယခု ပြခဲ့ပြီးသော (၁၂၇) သွယ် 'မေတ္တာ ပွားနည်းသည် **ပဋိသမ္ဘိဒါမဂ်**-ပါဠိတော်၌ ဟောကြား အပ်သော နည်းဖြစ်၍ အလွန်ထင်ရှား အသုံးများသော **မေတ္တာ**ပွားနည်း ဖြစ်၏၊ ဤပါဠိတော်မှာ မေတ္တာပွားနည်း အဆုံးတွင် (ကရုဏာပွား-နည်း၊ မုဒိတာပွားနည်း၊ ဥပေက္ခာပွားနည်းတို့ကို ဆက်၍ ဟောကြားခြင်းမရှိပါ) သို့သော်လည်း ယခုအခါ မေတ္တာပို့ အမည် ရှိသော၊ မေတ္တာပို့ အမည်တပ်သော စာအုပ်များ၌ ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ မေတ္တာပွားနည်း ၄-ချက် အဆုံးတွင် (က) ဒုက္ခာ မုစ္စန္တု- ဆင်းရဲခြင်းမှ လွတ်ကင်းကြ ပါစေ ဟူသော**ကရုဏာ**-ပွားနည်း၊ (ခ) ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု-ရရှိထားသမျှ စည်းစိမ်တို့မှ မကင်းကွာကြပါစေသတည်း ဟူသော **မုဒိတာ**-ပွားနည်း၊ (ဂ) ကမ္မဿကာ-ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ မိမိတို့၏ ကံအတိုင်းသာ ဖြစ်ကြကုန်၏ ဟူသော **ဥပေက္ခာ**- ပွားနည်း တို့ကိုပါ တဆက်ထည်း ထည့်သွင်းဖော်ပြထားကုန်၏။

ဤသို့ ဖော်ပြ ထားခြင်းမှာ ကရုဏာ ဘာဝနာ-မုဒိတာ ဘာဝနာ-ဥပေက္ခာ ဘာဝနာကို ပွားများလိုသူတို့သည် မေတ္တာပို့မှ နည်းယူပွားများ နိုင်ကြစေရန် ရှေးဆရာများ ဆက်လက်ထည့်သွင်းထားခဲ့ခြင်းဖြစ်သည်၊ ထားခဲ့သည့်အတိုင်း ကရုဏာတရားကို ပွားများလိုလျှင် သဗ္ဗေသတ္တာ ဒုက္ခာမုစ္စန္တု-သတ္တဝါအားလုံးကုန် ဆင်းရဲခြင်းမှ လွတ်ကင်းကြ ပါစေ ဟူ၍ရင်း၊ မုဒိတာတရားကို ပွားများလိုလျှင် သဗ္ဗေသတ္တာ ယထာ လဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု-သတ္တဝါအားလုံးကုန် မိမိရရှိပြီးသော စည်းစိမ်မှ မကွေကွင်းကြ ပါစေ ကုန်သတည်း ဟူ၍ရင်း

ဥပေက္ခာ တရားကို ပွားများလိုလျှင် သဗ္ဗေသတ္တာ ကမ္မဿကာ- သတ္တဝါအားလုံးကုန် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏ ဟူ၍၎င်း ပွားများရမည် ဖြစ်၏။

ဤပါဠိတော်၌ လာသည့်အတိုင်းသာ မေတ္တာ ပို့အပ်သည်၊ တိုက်ရိုက် မလာသောနည်းဖြင့် မေတ္တာ မပို့ကောင်း ဟူ၍ကား မမှတ်ယူအပ်၊ အကြောင်းကား- အပိုင်း အခြား မထားဘဲ သတ္တဝါအလုံးစုံကို သိမ်းကြုံး၍ ယူနိုင်သည့် ပါဠိ စကားသည် သတ္တ ပါဏ ဘူတ အတ္တဘာဝ ပရိယာပန္နအားဖြင့် ၅-မျိုးသာ ရှိသည်မဟုတ်၊ သရီရီ ဒေဟီ ဇီဝ ပဇာ ဇန္တု ဟိန္ဒဂု-စသည် ရှိကြသည်ဖြစ်သောကြောင့် သဗ္ဗေသရီရီ အဝေရာဟောန္တု-အလုံး စုံကိုယ်ရှိသော သတ္တဝါများ ဘေးရန်ကင်းကြပါစေ စသည်ဖြင့် နှလုံးသွင်းလျှင်လည်း မေတ္တာပို့သည်ပင်မည်၏၊ ပို့ပုံအခြင်းအရာ ကိုလည်း **ပဋိသမ္ဘိဒါမဂ်** ပါဠိတော်မှာ ၄-မျိုးသာ လာရှိသော် လည်း သဗ္ဗေသတ္တာ သုခိနော ဟောန္တု-အလုံးစုံသော သတ္တဝါ ဟူသမျှ ဘေးမရှိသည် ဖြစ်ကြပါစေ-ဟူသော အခြင်း အရာ တို့ဖြင့် နှလုံးသွင်းလျှင်လည်း မေတ္တာ တရား စင်စစ် ဖြစ်နိုင် ပေ၏။

ဤသို့လျှင် မေတ္တာအပို့ခံရမည့် သတ္တဝါစုကိုလည်း အခြား အမည်၊ အခြားပါဠိ ပရိယာယ်တို့ဖြင့် ထုတ်ဖော်ကာ ပို့သပုံ အခြင်းအရာကိုလည်း တပါးသောအခြင်းအရာအားဖြင့် ပို့သ စေကာမူ မေတ္တာစင်စစ် ဖြစ်နိုင် ကြောင်းကို ပြခဲ့ပြီးသော **မေတ္တသုတ်** ပါဠိတော် အထောက် အထားဖြင့် သိကြပါကုန်၊ ဤတွင် မေတ္တာနှင့်စပ်၍ သိကျင့်ဘွယ်အစုံ ပြီးပါပြီ။

## ရှေးထုံးကိုပယ် ဈေးသုံးကိုလှယ်

ယနေ့ ခေတ်သည် အတွေးသစ် အမြင်သစ် ခေတ်ဖြစ်၍ အတွေးသစ် အမြင်သစ်ဖြင့် လောကသစ်ကို တည်ဆောက် ထူထောင်နေချိန်ဖြစ်သည်၊ ရှေးအစဉ်အလာ ဝါဒဆိုးကြီးတွေကို ကျော်လွှားကာ တိုင်းသစ် ပြည်သစ် တည်ဆောက် နေချိန်ပင် ဖြစ်ပါသည်၊ ရှေးထုံးတွေကို ခေါင်းပေါ် တင်ကာ လိုက်နာရ မည့် အချိန်အခါကြီး သည်ကား ခေတ်ဟောင်း စနစ်ဟောင်း များနှင့်အတူ အတွေးအခေါ် ရေစီးကြောင်းမှာ မျောပါ သွားခဲ့ပြီ၊ ထို့ကြောင့် ရှေးထုံးကိုလည်း ပယ်သင့်က ပယ်ရမည်၊ ဈေးသုံးကိုလည်း လှယ်သင့်က လှယ်ရမည်။ **ရှေးထုံး ပယ်သင့် လျက် မပယ်က စဉ်းစားဥာဏ်မရှိ။ ။ဈေးသုံး လှယ်သင့်လျက် မလှယ်က ထမင်းစားရန် ဆန်မရှိ**-ဖြစ်တတ်ချေသည်။ ။ရှေးပင် ရှေးကျ သော်လည်း မလေးစား မလိုက်နာ အပ်သောရှေး၊ နှောင်းပင် နှောင်းသော်လည်း မကောင်းသော အနှောင်း များကို မလိုက်အပ် အတုမယူအပ်၍ ပယ်ရှားပစ်ကြပါစို့။

ဘုရားမပွင့်မီရှေးရှေး နှောင်းနှောင်းခေတ်က ပူရဏကဿပ၊ ပကုဓကစ္စာယန၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ-စသော လောကဘုရားကြီးတွေက ဘုရားလုပ်ကြပြီး ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဇယ်ခတ် စသော အကျင့်ဆိုး များဖြင့် ပြောဟောပြသ၍ တပည့်တပန်း အမြောက်အမြားနှင့် ဘုရား ပြုလုပ်နေကြပြီး မဟုတ်ပါလော။

ထို-မှနောက် ထိုနောက်မှ ပေါ်ပေါက်လာသော နောက်မှ ပေါ်တဲ့ ရွှေကြာပင်ဟု ခေါ်ချင်လျှင် ခေါ်နိုင်တဲ့ နောက်

ပေါက်၊ နောက်ပေါ် **ဂေါတမမြတ်စွာဘုရားသခင်** အစစ်က အဲဒီ ရှေးရှေးကြီးတွေကို တွန်းလှန်၍ တရားအမှန်တွေကို ဟောပြပြီး တွန်းလှန်ခဲ့၊ တော်လှန်ခဲ့ရသည် မဟုတ်ပါလော။

ငါတို့ မြန်မာနိုင်ငံ မှာလည်း **ပုဂံပြည်ကြီး၌** အရည်ကြီး ရဟန်းတွေက လူလို လုံးဝမသိတဲ့၊ လူစိတ်မရှိတဲ့ ရှင်ဘုရင်နှင့် တိုင်းသူပြည်သား လူအ့တွေကို နားလှည့် ပါးလှည့် လုပ်၍ **ပန်းဦးလွှတ်** မင်္ဂလာတရားကြီးကို တီထွင်ကြပြီးလျှင် ရှင်ဘုရင် သမီးတော်ကိုမှ ချမ်းသာမပေး ချန်မထားဘဲ အမျိုးသမီးများ အိမ်ထောင်ပြုကြလျှင် **ပဌမဦးဆုံးညမှာ ပန်းဦးလွှတ်** ယခုခေတ် စကားနှင့် ရေးပြရလျှင် **ပွတ်သဘင်** ပြုလုပ်ရတဲ့ ဝါဒဆိုးကြီး ကော **ရှေးဝါဒအယူ** အဆိုးကြီးပင် မဟုတ်ပါလော၊ (ရှေးထုံးကို မပယ်သင့်ပြီလော၊ မပယ်ခဲ့ရင် ယနေ့အချိန်မှာ **တွေးဝံ့**စရာတောင် မရှိတော့ပါတကား)။

နောက်မှ ပေါ်ပေါက်လာတဲ့ **သထုံပြည်သား** ရဟန္တာအရှင် **အရဟံနှင့်** ပုဂံပြည့်ရှင် **အနော်ရထာ** ဘုရင်တို့ကသာ အကယ်၍ ရှေးပဝေဏီ အယူဝါဒကို မတော်လှန်ခဲ့ပါလျှင် မြန်မာ့ရာဇဝင် တွင် အဘယ်မျှ ရိုင်းစိုင်းလိုက်လေ မည်နည်း။

**ရှေးထုံး**–ကိုလည်း မပယ်နှင့် ဖျေးသုံးကိုလည်း မလွှယ်နှင့် ဆိုသောစကားကို **ဂေါင်း**–ပေါ်မှာ တင်ထားကြသည့် **တယူသန် ဝါဒသမား၊ ပဝေဏီဝါဒသမား၊ လှေနံ ဓားထစ် သမားနှင့် လူ့အညံ့**စားတွေ များများကြီး စဉ်းစားဘွယ်ရာ ကောင်း ပါပြီ၊ စဉ်းစားကြစမ်းပါ။ ရှေးကျတိုင်း ကောင်းကြသေး ရဲ့လား၊ မကောင်းမှန်း သိရင်ကော **မပြင်ကြ**တော့ ဘူးလား၊ **မပယ်**ကြတော့ဘူးလား၊ **မတော်လှန်**ကြတော့ ဘူးလား၊ **ပျက်**

**အစဉ်မြင်ခဏာပါ၊** မပြင်လျှင် **ထာဝရ** ဖြစ်နေတတ် ပါသည်။ **ဂေါတမဗုဒ္ဓရဲ့ အယူဝါဒသမားပါဟု** အခေါ်ခံ နေကြသည့် သူတော်ကောင်းတွေ မှန်ပါလျှင် ရှေးတာတွေ၊ နှောင်းတာတွေ၊ ဟောင်းတာတွေ၊ သစ်တာတွေ အကြောင်း အရာကား- **ပဓာနမဟုတ်၊ ယထာဘူတ**ကျကျ သဘာဝ နည်းလမ်းမှန်ကို ကုသိုလ်ပါဆိုဆိုပြီး အကုသိုလ် မဖြစ်ဘို့ အဖြူပါဆိုပြီး အမဲ- မဖြစ်ဘို့ကိုသာ ဝေဘန်ကြပါ၊ စဉ်းစားကြပါ။

## လူ့ပြည်က ဘုရားပွဲ အမှားတော်ပုံ

**ရှေးထုံးစံကြောင့်၊** သူတပါးကြောင့်၊ အားနာ မှုကြောင့်၊ ပကာသနမှုကြောင့် လုပ်ရိုး လုပ်စဉ်ကြောင့် ဆရာတော်တွေက လိုက်ရောနေမှုကြောင့်၊ အများ စိတ်တိုင်းကျ အလို လိုက်မှု ကြောင့်၊ အများ မိုးခါးရေ သောက်ကြလို့ သောက်ရပါ တယ်ကြောင့်၊ ကုသိုလ် ရလိမ့်မယ်လို့ ထင်နေ တာကြောင့်၊ အပေါင်း အသင်းကြောင့်- စသည် စသည် အဲဒီအကြောင်း ကြောင်းတွေကြောင့် လူတွေ အပါယ်ကျကျ နေရသည်၊ **ဒုဂ္ဂတိ** ၅၁၇-ဘုံထဲမှာ တဝဲလယ်လယ် ဖြစ်နေကြရသည်၊ သံသရာက မလွတ်နိုင်ကြသည်။

အဲဒီလို ဖြစ်နေ ကြရတာ ဘာတွေလဲ၊ ဘာကြောင့်လဲ ဆိုလျှင် ယခုခေတ် ကျေးရွာတွေ၊ မြို့တွေမှာ များသောအားဖြင့် ဒါနပွဲကြရာမှာ အမြဲတမ်းလိုလို ဖြစ်နေကြတဲ့ နွား့သတ်ကျွေးမှု၊ ဝက်,ကြက်,ဆိတ်,ဘဲ-စသည်တို့ကို သတ်ဖြတ်၍ ကျွေးမှု (**ခုဝယ် ခုသတ်**) အစားထိုး ကိုယ်ကြောင့်**ထပ်သေ၊** ကိုယ့် **ပာယာဂ** မကောင်း၊ ကိုယ်က **တွဲဘက်ပါဏာတိပါတ**ထဲ ပါဝင် စသည်ဖြစ်နေ

သော ဒုစရိုက် ဖြစ်နေသည်ကို လားလားမှ မသိသော **လူမိုက်အန္ဓ** လူ့ဗာလတို့၏ ကျေးမွေး လူဒါန်းမှု အဲဒါတွေကို တကယ့်ကို ဖြူပါတယ်ဟု ထင်နေ ကြသော **ကိုမဲ့တို့က** ကိုယ့် ပယောဂ မပါပါဟု ဆိုကြလျက် **မသိမှုဒုစရိုက် ပုဒ်မ** (၉၉) မှာ ပါနေတဲ့ **ဘုရားပွဲ**အလှူပွဲတွေကို စိတ်မချမ်းမြေ့ဘွယ်ရာ တွေ့မြင် နေရပါသည်၊ တကယ်တော့ ကုသိုလ်ဟု ထင်နေပေမဲ့ 'အကုသိုလ် ဖြစ်နေတာတွေကို ဖြူပါသည်ဆိုသော ကိုမဲ့တို့က **ရင်ထဲနှလုံး**သား ထဲမှာ အသိတရားရချိန် တန်သင့်ပါပြီ၊ အကုသိုလ်ကို ရှောင် ကြပါ၊ အကုသိုလ်နှင့် တွဲဘက်ဖြစ်သော အလှူပွဲ၊ ဘုရားပွဲများ ကိုလဲ ရှောင်ကြဉ်ကြပါ။

**ဤစာကို ရေးသူတို့ ကတော့** ဤအဖြစ်ဆိုးမျိုးနှင့် ဘဝကို အနှစ်မွန်းမခံလိုတော့ပေ၊ ဒီအလှူမျိုး၊ ဒီဘုရားပွဲမျိုးကို **ငါတို့ ကတော့** မလိုက်ပြီ၊ မယူပြီ၊ မစားပြီ၊ '**အဖြူ**ကိုလည်း အမဲ မလုပ် လိုတော့ပြီ၊ **အမဲ** ကိုလည်း အဖြူ မလုပ်လို တော့ပြီ၊ ဝိနည်း ၅-ကျမ်းတို့တွင် ပဌမဦးဆုံး ဖြစ်သော **ပါရာဇိကဏ်** ပါဠိတော် ကြီး၌ မြတ်စွာဘုရားက **မဟာ ကရုဏာတော်ကြီး**ကို အဓိက ထား၍ ဟောကြားတော်မူခဲ့သော **ကြားသား,မြင်သား, ထင် သား**များကို ငါတို့ကတော့ ဒီဘဝမှာတွင် မကနေဘဲတမလွန် ဘဝတွေမှာတောင် ရှောင်ကြဉ်ဘို့ရာ အဓိဋ္ဌာန်ပြုပါ၏။

**ထိုထိုဘုရားပွဲများ**နှင့် ပတ်သက်၍ အကုသိုလ်ဖြစ်ပုံ၊ ပွဲတွေ ယည့်ကြလို့ အိပ်ပျက်ရပုံ၊ ညှော်မိ၍ ရောဂါထိပုံ၊ အလုပ်ပျက် ရပုံ၊ အအိပ်ပျက်ရပုံ၊ ငွေကုန်ရပုံ၊ ကလေးတွေသေရပုံ၊ မခိုက် တန်ဘဲနှင့် ခိုက်ကြရပုံ စသည်စသည်ဖြင့် ပွဲတော်ကိုမှီ၍ ဖြစ် သော သောင်းကျန်းပုံ အမျိုးမျိုးများကို **လူလိုသိသော သူတို့**

လိုက်နာနိုင်စေရန် ရည်သန်၍ (စာရှုသူများ **နှုတ်တက်အရ** ဆောင်၍ အမှန်ကိုသိရင် ရှောင်ကြဉ် မှာဘဲ ဟူသော စေတနာဖြင့် အောက်ပါရှစ်လုံးဘွဲ့ ကဗျာကလေးများကို ၁၃၁၂-ခုနှစ်ကပင် ရေးသားခဲ့ပါကြောင်း၊ အရကျက်၍ **အလုပ်မှား**ကို ပယ်ဖျက်ကြပါကုန်)။

မြို့ဘုရားပွဲနှင့် **တော** ဘုရားပွဲ ၉၉-ရာခိုင်နှုန်း **အမှား လုပ်**နေသည်ကို ရှင်းလင်း၍ ပြပေးသော မျက်မြင် ကိစ္စများအတွက် **ဒါရိုက်**သိရန် [illegible]များဖြစ်သည်။

၁။ **ဘုရားပွဲ**ဟူ-ပြုကြလေပြန်၊
**ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ-နွားကျွဲ**မကျန်၊
**သတ်**လျက်ရှင်ပြုး-**ဆွမ်းလုံး**လုပ်ပြန်၊
**ယဇ်ပွဲနှံ့**-တူတဲ့ လောကာခံ။

၂။ အိပ်ပျက်ညှော်မိ-ဘေးထိလေပြန်၊
ငွေကုန်လုပ်ပျက်-ရက်ဆက်ကြုံပြန်၊
ရောဂါတွေထိ-သေဘိအမှန်၊
**မငြင်း**နဲ့-ရှင်းတဲ့ လောကခံ။

၃။ ကုသိုလ်**တပဲ**-ငရဲ**တပိဿာ**၊
ဒီလိုပွဲပေါ့-မှတ်တော့သေချာ၊
နောက်ဆက်ဘဲ့က-ပွဲအဖြာဖြာ၊
ဘုရားဘေး-နောက်ဖေး သွားကြတာ။

၄။ လူ့ကျင်ကြီးနှင့်-နွားချီးတဖြာ၊
ဘုရားခြေရင်း-ပုံချင်းယှဉ်ကာ၊
အမှိုက်ပွေရှုပ်-ပြုလုပ်ခဲ့တာ၊
မသိမ်းဘဲ-ပြန်နဲ့ သူတို့ရွာ။

ဇူလိုင်လ ၁၂၂-၇

၅။ **ဘုရားနဲ့နီး–ဘုန်းကြီးတွေမှာ၊**
သိမ်းရကြုံးရ–ဖုံးရခါခါ၊
ပွဲတော်အတွက်–မသက်မသာ၊
နံနက်လင်း–ချက်ချင်း ပြုရတာ။

၆။ ဘုရားသွားတဲ့–လူများတို့ရယ်၊
မဟုတ်ဘူးလား–ပြောစမ်းပါကွယ်၊
မျက်မြင်ဒိဋ္ဌ–သိကြပါတယ်၊
သန့်ရှင်းမှု–ပြုခဲ့ပါကြကွယ်၊

၇။ ဘုရားမီးလစ်–တနှစ်တခါ၊
**ငရဲရွာတဲ့**–တကယ့်လူ့ရွာ၊
သတ်မှုရှောင်ရှ်–ပြုကွေ့ သန့်စွာ၊
အဲဒါမှ–ရောက်ရ ထက်နတ်ရွာ။

၈။ ပွဲတော်အတွင်း–သောက်ခြင်းသေရည်၊
မူးပျော်မဆိုင်း–**ဖဲဝိုင်းတလီ၊**
**ကြွေအန်ပုဆစ်–ထိုးပစ်အနီ၊**
ထင်သမျှ–ပြုကြပါတော့သည်။

၉။ ဒီလိုပွဲမျိုး–အကျိုးရတယ်၊
ဘယ်လိုဘုရား–ဟောထားလို့ရယ်၊
ပြုလုပ်လေဘိ–မေးကြည့်ချင်တယ်၊
ဒီလိုမေး–ဖြေရေးခက်လှတယ်။

၁၀။ ဟုတ်ထာကိုမေး–ရေးပြသူမှာ၊
ဦးဝိသုဒ္ဓ–ခေါ်ကြသညာ၊
**လူလို**သိက–ရှောင်ကြဘို့ရာ၊
ရေးခါပြ–ဆုံးမ ဤစာလွှာ။

၁၁။ မျက်မြင်ဖြစ်ရေး-ရေးပြသူသည်၊
ဦးဝိသုဒ္ဓ-ခေါ်ကြသည်၊
စာချဂုဏ်ထူး-ဘွဲ့ထူးကိုသျှ၊
ပိဋကတ်-နှံ့စပ်ပါတော့သည်။

## လူမိုက် လူယုတ်မာများက မကြိုက်

နောက်က ရေးပြခဲ့သော အကုသိုလ်စိတ် ၁၂-ပါး၊ အကုသိုလ် အလုပ် အကျဉ်း ၃၂-ပါး၊ (နဲနဲ ကျယ်လိုက်လျှင် ဒုစရိုက် ၁၀-ပါးကိုတည်၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတော် မူခဲ့သော (၁) ကိုယ်တိုင် လုပ်တဲ့ အကုသိုလ်၊ (၂) တိုက်တွန်း ပေးတဲ့ အကုသိုလ်၊ (၃) ချီးမွမ်းပေးတဲ့ အကုသိုလ်၊ (၄) စိတ်တူ၊ သဘောတူ၊ အလိုတူ၊ ဆန္ဒတူ၊ ငြိမ်နေတဲ့၊ မှိန်းနေတဲ့၊ မသိချင် ယောင် ဆောင်နေတဲ့ အကုသိုလ်ဟု ဆိုအပ်သော ဆင့်ပွား ဒုစရိုက်၊ တဲ့ဘက်ဒုစရိုက် ၄-ပါးနှင့်မြှောက် ဒုစရိုက် ၄၀-ဖြစ်၏၊ သရာပါန ၁-ပါး၊ မိစ္ဆာအာဇီဝတပါး၊ အဓမ္မိကဒါန ၁၀-ပါး နှင့် ပေါင်းလိုက်လျှင် ဒုစရိုက် အကြီးစားပေါင်း ၅၂-ပါး ဖြစ်တော့၏၊ အဲဒီ ဒုစရိုက် ၅၂-ပါးထဲက ၁-ပါးကို ဖြစ်စေ၊ ၂-၃-၄-ပါး စသည်ကိုဖြစ်စေ၊ ပြုကျင့်လွန်ကျူး ပါက အဲဒီ လွန်ကျူးတဲ့လူဟာ ဒုဂ္ဂတိဘုံ အကျဉ်း ၂၉၇-ဘုံ၊ အကျယ် ၅၁၇-ဘုံတို့တွင် တဘုံဘုံသို့ သူနှင့် ထိုက်သလောက်ဘုံသို့ ဒိဋ္ဌ ကျရောက်ရလေတော့ သတည်း။

**ပါရာဇိကဏ်ပါဠိတော် နံပါတ် ၃၂၀-မှာလည်း** တိကောဋ္ဌ ပရိသုဒ္ဓံ မစ္ဆမံသံ။ပ။အပရိသင်္ကိတံ-စသည်ဖြင့် ဟောကော်မူခဲ့ သည်ကို အမှန်အတိုင်းဝေဘန်၍ အနက်ပြန်ဆိုခဲ့သည် ရှိသော်-

အဒိဋ္ဌံ၊ သတ်ဖြတ်နေသည်ကို မမြင်သော။ အသုတံ၊ ငါ့ကြောင့် ငါ့အလှူကြောင့် ငါ့ဘုရားပွဲကြောင့် သတ်ဖြတ်နေကြပြီ ဟူ၍လဲ မကြားရသော။ အပရိသင်္ကိတံ၊ ငါ့က စားလို့ သတ်ထာထင်ပါရဲ့၊ ငါ့အလှူကြောင့် သတ်ထာထင်ပါရဲ့၊ ငါ့အလှူမှာ သွင်းချင်လို့ သတ်ထာထင်ပါရဲ့၊ ငါ့ဘုရားပွဲမှာ ရောင်းချင်လို့ သတ်ထာ ထင်ပါရဲ့ ငါက ဧည့်သည်လုပ်သွားလို့ ဟင်းကောင်းနှင့် ကျွေးချင်ရှာလွန်းလို့ သတ်ထာထင်ပါရဲ့၊ ငါက အာဂန္တု ကိုယ်တော် လုပ်သွားလို့ ငါ့ကို ဟင်းကောင်းကောင်းနှင့် ဘုဉ်းပေး စေချင်လွန်းလို့သတ်ထာထင်ပါရဲ့ငါ့ကိုကြည်ညိုလွန်းလို့ ကောင်းကောင်းကလေးနှင့်မှ ကျွေးချင်လွန်းလို့ ဘုဉ်းပေးစေချင်လွန်းလို့ သတ်ထာထင်ပါရဲ့ စသည် စသည်ဖြင့် တွေးစရာ တောစရာ သံသယမရှိစရာ ထင်စရာ စသည်လဲမရှိသော။ တိကောဋိ ပရိသုဒ္ဓံ၊ အစွန်းသုံးပါးမှ ထက်ဝန်းကျင် စင်ကြယ်သော။ ဝါ-ပတ်ဝန်းကျင် ထက်ဝန်းကျင်မှ အစွန်းသုံးပါးက လွတ်သော။ မစ္ဆမံသံ၊ ငါး-အသားကို။ (အသား ဟူသမျှကို မံသ-ဟု ပါဠိက ဟောထားသည်၊ ဒါပေမဲ့ ငါတို့လူစုကတော့ အမဲသားကို မံသ-မံသ-ဟု အထူး ကင်ပွန်းတပ်၍လွေးနေကြသည်)၊ **ပရိဘုဉ္ဇိတုံ**၊ ဘုဉ်းပေး သုံးဆောင်ခြင်းငှာ။ (ဤအနက်ကား ပရိသဒ္ဒါ၏အနက် မပါပေ)။ ပရိဘုဉ္ဇိတုံ၊ ထက်ဝန်းကျင်မှ ဘုဉ်းပေး သုံးဆောင်ခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။

အဓိပ္ပါယ်ကို မှန်ကန်အောင် ယူဆပုံမှာ–တိကောဋိ သုဒ္ဓံ၊ အစွန်းသုံးပါးမှ စင်ကြယ်သောဟု **သာမည** မဟောဘဲ။ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင်မှ စင်ကြယ်သော ဟူ၍ငှင်း။ **ဘုဉ္ဇိတုံ**–ဟု သာမညအားဖြင့် မဟောဘဲ ပရိဘုဉ္ဇိတုံ–ဟု ပရိသဒ္ဒါကို ထည့်၍

ဟောထားသဖြင့်ငှင်း၊ အစွန်း ၃-ပါးမှ စင်ကြယ်ရုံသာ မဟုတ်သေး၊ ထက်ဝန်းကျင် ပတ်ဝန်းကျင်မှ စင်ကြယ်ရမည်ဟု ဟောထားသဖြင့် **ပတ်ဝန်းကျင်**အရကို အတိအကျ ကောက်ယူ လိုက်သော် **မသိချင်**ယောင်ဆောင်နေတာတို့၊ မမေးမြန်း မစုံစမ်းဘဲ နေမိတာတို့၊ အပြစ်မသင့်လောက်ပါဘူးလေဟု ထင်နေတာတို့၊ ဒကာတွေရဲ့စေတနာကို ငဲ့ပြီး စားမိပါတယ်ဆိုတာတို့၊ သူတို့ကို ကုသိုလ်ရစေချင်လို့ပါဟု ဆိုတာတို့၊ ပံ့သကူ စစ်ချင်လဲ စစ်နေမှာပါဘဲလေဟု ကိုယ့်စိတ်ကို ကိုယ်လှည့်စားနေတာတို့၊ ဟန်ဆောင်နေတာတို့၊ ကိုယ့်အပေါ်မှာ ဟိတ်ခတ်နေတာကို မသိတာတို့ စသည် စသည် တွေကိုမပြုကောင်း၊ မစားကောင်း မယူကောင်းဟု ပရိသဒ္ဒါက တိုက်ရိုက် ညွှန်းပြထားပါသည်။

**ဘုဥ္ဇိတုံ**မှာလည်း ပရိဘုဥ္ဇိတုံ-ဟု ပရိသဒ္ဒါပါနေသဖြင့် ငှင်းပရိသဒ္ဒါက ကိုယ်တိုင်မစားကောင်းရုံမက ယူလဲမယူရ၊ မယူနှင့်၊ ရှင်းရှင်းကြီး လွတ်ကင်း ပါစေ ဟူသော-အဓိပ္ပါယ်ကို အတိအကျ ပြနေသည်၊ အဲဒီလို မြတ်စွာဘုရားကအတိအကျ ဝိနည်းတော်မှာလည်း ဟောတော်မူခဲ့၏။

အဘိဓမ္မာမှာလည်း မေတ္တာ-ကရုဏာ-မုဒိတာဟူ၍ သတ္တဝါတွေကို ကိုယ်ချင်းစာပြီး မေတ္တာထားပါ၊ သနားလဲသနားပါ၊ သူ့ဖာသာသူ ချမ်းချမ်းသာသာ နေတာကို မြင်ရတွေ့ ရလျှင်၊ ကြားရလျှင် ဝမ်းမြောက်နေပါ၊ စသည်ဖြင့် ဟောကြားထားပါလျက် ဘုရားရှင် မျက်နှာတော်ကိုလဲ မထောက်၊ သတ္တဝါတွေကိုလဲ မညှာတာ မသနား၊ ငါတို့စားရလျှင် ပြီးတမ်းဘဲဟု သဘောထား၍ မှိန်းနေကြသော ပုဂ္ဂိုလ်များမှာလည်း ပြခဲ့ပြီး

ပြုလတ္တံ့ဖြစ်သော ဒုဂ္ဂတိဘုံ ၅၁၇– ဘုံတို့တွင် တဘုံဘုံသို့ကျရောက်ဘို့ရာ၊ သွားရဘို့ရာ၊ သေချာပြီး ဖြစ်လေတော့သတည်း။

ဒီလိုရေးပြ၊ ဒီလို ဘွင်းဘွင်းကြီး ဖော်ထုတ်ပြတာ တွေကို၊ ဟောပြော ဆုံးမနေတာတွေကို စိတ်ယုတ်မာ မရှိကြသော၊ စိတ်ထားကောင်းရှိကြသော၊ သံသရာဝန်ကို ကြောက်တတ် ကြသော နောင်ဘဝတွေ၌ ဝိပါက်အမြဲဟူသော စကားအရ **အသားစားကြူးသူတို့ အတုံ့အလှည့်အားဖြင့် မချဖြစ်ရမည့် နွား–ကြက်–ဝက်–ဆိတ်–ဘဲ**–စသည် စသည် ဖြစ်ရမည်ကို ကြောက်တတ်ကြကုန်သော **ဒုဂ္ဂတိ ၅၁၇–ဘုံကို** ကြောက်တတ်ကြ ကုန်သော၊ အကြောင်းအကျိုးကို သိတတ်သောကြောင့် **လူ**–ဟု ဆိုရသော၊ **လူ**အစစ်ဖြစ်သော၊ **လူ**စိတ်ရှိသော တကယ် **လူ**တို့က ကြိုက်နှစ်သက်ကြ၏၊ ဒို့ကို ကောင်းစေချင်လို့၊ ဒို့ကို သနားလို့ ရေးပြတာဘဲ၊ ဆုံးမတာဘဲ၊ ဟောနေတာဘဲဟု ကျေးဇူးလဲ တင်တတ်ကြ၏၊လိုက်လဲ လိုက်နာကြ၏၊ **လူမိုက်အန္ဓ လူ့ဗာလနှင့် လူ့ဂူစာ** အစားချောင်သမား၊အရေခြုံသမား၊ဒုဂ္ဂတိဘုံတွေကိုသွားရောက်ရမည်ကို လားလားမှ၊ နဲနဲမှ မကြောက်တတ်သူ လူရမ်းကားလူမိုက်များကမူ ရေးပြတဲ့စာကိုလဲ မကြိုက်၊ ဆုံးမတာ၊ ဟောပြောတာကိုလဲမကြိုက်၊ အကန်းကို အကန်းဟုဆိုရင် မကြိုက်သလို၊ အကျိုးကို အကျိုးဟု ပြောရင် မကြိုက်သလို၊ အနူကို အနူဟု ဆိုရင် မကြိုက်သလို ဆွေ့ဆွေ့ ခုန်အောင် နာတတ်ကျင်တတ် ကြ၏၊မုန်းတတ်ကြ၏။

ဒါပေမဲ့ အဲဒီဟာတွေကို ဂရုစိုက်မနေနဲ့၊နည်းလမ်း စည်းကမ်းရှိသည့်အတိုင်း ငါဘုရား၏ အလိုတော်ကျအောင် သဘာဝလဲကျအောင်အမှန်အတိုင်း ဟောပြောကြ ဆုံးမကြ၊ ထပ်ခါထပ်ခါ

ဆိုးမကာ မကောင်းမှုကိုပြုခြင်းမှ တားမြစ်ပေးလိုက်ကြ၊ အဲဒီလို **မဟော မပြော မဆိုး မမဘဲ** နေရင် သင်တို့မှာ ရဟန်းကျင့်ဝတ် ပျက်ကွက်သည်ဟု သိင်္ဂါလောဝါဒသုတ်မှာ ဟောတော် မူခဲ့သည်။

**ရင်ပြင်-**

ဩဝါဒေယျ နုသာသေယျ၊
ပါပကာစ နိဝါရယေ။
သန္တော ဟိ သော ပိယောဟောတိ၊
အသန္တော ဟောတိ အပ္ပိယော။

ဟူသော **လောကနီတိ**ဆရာ၏ စကားအတိုင်းလည်း ဟောပြရခြင်း၊ ရေးပြရခြင်း ဖြစ်ပါသည်၊ လောကနီတိ ဆရာကလည်း မြတ်စွာဘုရား၏ တရားတော်အတိုင်း ရေးပြခဲ့ခြင်း ဖြစ်လေသည်။

**အနက် အတိုချုပ်မှာ-** ဩဝါဒေယျ၊ ဆုံးမရာ၏။ အနုသာသေယျ၊ အဖန်ဖန် အထပ်ထပ် ဆုံးမရာ၏။ ပါပကာစ၊ မကောင်းမှု ဟူသမျှမှလည်း။ နိဝါရယေ၊ တားမြစ်ရာ၏။ ဟိ၊ အမှန် စင်စစ်သော်ကား။ သော၊ ထိုဆုံးမသောသူ၊ ထပ်ပြန်တလဲလဲ ဆုံးမသောသူ၊ မကောင်းမှုကို မပြုဘို့ရာ နည်း အမျိုးမျိုးနဲ့ တားမြစ် ပေးနေသူကို။ သန္တော၊ လူစိတ်ရှိ၍ လူလိုသိသော သူတော်ကောင်းတို့သည်။ ပိယော၊ ချစ်ခင်နှစ်သက်၍ ကျေးဇူးတင်တတ်သည်။ ဟောတိ၊ ဖြစ်၏။ အသန္တော၊ လူစိတ်မရှိဘဲ လူလိုမသိတတ်ဘဲ ယောင်ယောင် ဝါးဝါးနှင့် အလကား နေရင်း အကောင်းကို ပြောပြ ဆိုဆုံးမသည်ကို နားမထောင်

ချင်၊ မလိုက်နာချင်သော သူတို့သည်။ ဝါ၊ စိတ်ထားနုပ်သည့် လူယုတ် လူမိုက်တို့သည်။ အပ္ပိယော၊ မကြိုက် မနှစ်သက်သည်။ ဟောတိ၊ ဖြစ်၏။ **ဤအထိလေ့လာသူသည် လူကောင်းဖြစ်နိုင်၏။**

## လေးစားအပ်သော ရှေးပဝေဏိဝါဒ

ဂင်္ဂါဝါဠု သဲစုမက ပွင့်ဖတော်မူပြီးကြ ကုန်သော ရှေးရှေးသော ဗုဒ္ဓဘုရားရှင်တို့မှစ၍ ငါတို့၏ ဂေါတမဗုဒ္ဓ တိုင်အောင်သော ဘုရားရှင်များက မိန့်ကြားမြွက်ဖော် ဟောတော် မူခဲ့သော မင်္ဂလာတရားတော် ၃၈–ပါးတွင်–

ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဟူသော မင်္ဂလာတရားတော်အရ ရှေးရှေးက လူကြီး သူမများသည် (၁) နံပါတ်ဖြစ်သော ဂါရဝမင်္ဂလာကို ဦးစားပေးခဲ့ကြပုံမှာ မိမိထက် အသက်ဂုဏ်ဝါ ကြီးမြတ်သော သူများကို ရိုသေမှု၊ ကိုင်းရှိုင်းမှု၊ မြတ်နိုးမှု၊ ရှိခိုးမှုများကို ဦးစားပေး၍ အလေးပေး၍ လေးစားခဲ့ကြသည်မှာ **ဗုဒ္ဓဘာသာတို့အတွက်** အလွန်နှစ်သက် ချစ်ခင်ဘွယ်ရာကောင်းသော အမူ အကျင့်များ ဖြစ်သည်၊ ထိုအမူအကျင့်သည် မျက်မြင်မှာလည်း ချစ်ခင်ဘွယ် ကောင်းသည်၊ တမလွန် ဘဝမှာလည်း ကောင်းသော ဂတိသို့ သွားရောက်နိုင်သည်။

## ယခု ကွယ်စ ပြုနေပြီ

အစဉ်အလာ ယဉ်ကျေးမှု ပျောက်ကွယ် သွားလျှင် မိမိ ဘာသာနှင့် လူမျိုးလည်း ပျောက်ကွယ်သွားနိုင်သည်၊ ဤတွင် ဗုဒ္ဓဘာသာ လူမျိုးတို့သည်–

သဗ္ဗိရေဝ သမာသေထ၊ သဗ္ဗိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သေယျော ဟောတိ နပါပိယော။

ဟူသော ပါဠိတော်နှင့်အညီ ဘာသာတရားကို လေးစားသူ၊ ရိုသေကိုင်းရှိုင်းသူ၊ အလေး အမြတ် သည်းကပ်သူ၊ သူတော်ကောင်းနှင့်သာ ပေါင်းသင်းဆက်ဆံမှုပြုသူ၊ သူတော်ကောင်း တရားကို သိသူများ ဤသူ–ဤသူ များသာ လူမြတ်၊ မယုတ်မာသောသူ ဖြစ်နိုင်သည်။

ယနေ့ **မြို့မှ ပညာတတ်** အယုတ် အလတ် အမြတ် မရွေး လူတော်တော်များများမှအစပြု၍ **ကျေးရွာအဆုံးမြန်မာတနိုင်ငံလုံး လိုလို ဘာသာတရား**ကို ပစ်ပယ်လာကြသည်ကို ကိုယ်တွေ့ ကြုံနေရပါပြီ၊ ရှေးမှ အစပြုခဲ့ကြသည့် မြန်မာ့ ယဉ်ကျေးမှု အဆီအနှစ်ဖြစ်သည့် **ဂါရဝမင်္ဂလာ** တရား ခေါင်းပါးစ ပြုချေပြီ၊ ယခုအခါ၌ ကွယ်ပျောက်လုနီးပါး ရှိချေပြီ၊ မျက်မြင် ကိုယ်တွေ့ကို ရေးပြရပါမူ ယခုအခါ၌ **လမ်းမှာတွေ့ရသော** သက်ကြီး ဝါကြီး ပုဂ္ဂိုလ်များကို ထားဘိဦး၊ မိမိတို့နေအိမ်သို့ ကြွရောက်လာသော သက်ကြီး ဝါကြီး လူဝတ်ကြောင် ပုဂ္ဂိုလ်ကြီးများကို ထားဘိဦး၊ မိမိတို့အိမ်သို့ ကြွရောက်လာသော **ရဟန်းတော်**များ ကိုပင် **ဦးချ**ရကောင်းမှန်းမသိ၊ **ဝတ်ချ**ရ ကောင်းမှန်းမသိ ဖြစ်၍ နေချေပြီ၊ ယခုလို ဖြစ်လာရသည်မှာ ကာလ အလွန်မကြာလှ သေးပေ၊ ဤစာကိုဖတ်ရှုသူ **၂၅–နှစ်သား**ရှိပါက၊ ဝါ၊ **၁၃၀၈–ခု** နှစ်ခန့်က မွေးဖွားလာခဲ့သူ ဖြစ်ပါက ပြန်လှန် စဉ်းစား ကြည့်လျှင် သိပါလိမ့်မည်။

ဤကဲ့သို့ ဖြစ်လာရခြင်းမှာ အရင်း စစ်တော့ အမြစ်မြေက ဆိုတာလို မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဖြစ်သော **ဗုဒ္ဓဘာသာ**

**တရား**ကို ပစ်ပယ်၍ လာရခြင်းသည် သူတပါးတို့၏ ဘာသာ တရားကို အထင်ကြီးလာခြင်းကြောင့်ပင် ဖြစ်ပေ တော့သည်၊ တံလှပ်ကိုရေထင်၍ ရွှေသမင် အလိုက်မှားကြချေပြီ ဟုသာ **ဤစာရေးသူက** တွေးမိပါတော့သည်၊ **ဝမ်းနဲမိ**ပါ တော့သည်။

အတ္တာဟိ အတ္တနော နာထော၊
ကောဟိ နာထော ပရောသိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

မိမိကိုယ်ကိုသာ မိမိ အားကိုးပါ၊ သူတပါး ဆိုတာဟာ သူတပါး-ပါဘဲ၊ မိမိဘာသာကိုသာ အားကိုး အားထားပြုပါ၊ သူတပါး ဘာသာဆိုတာ သူတပါး-ပါဘဲ၊ မိမိ၏ နောင် တမလွန်အရေးကိုမူ သူတပါးက ဘယ်လိုနည်းနှင့်မှ လိုက်လုပ်၍ မပေးနိုင်ပါဘူး၊ မိမိဘာသာ၊ မိမိယဉ်ကျေးမှုကို အရေးထားပြီး၊ ဦးစားပေးပြီး လေးစားပါမှ၊ ဂါရဝတရားကို သိပါမှ၊ ဒုစရိုက်မှု တွေကို ရှောင်ကြဉ်ပါမှ ရနိုင်ခဲသော တမလွန် နောင်ကောင်း ကျိုး၊မွန်မြတ်တဲ့အကျိုး အားကိုးရာအစစ်ကို ကိုယ်တိုင် ကိုယ်ပိုင် ရနိုင်ပါတယ်၊အရှိအသေပြုအပ်သူကိုရိုသေမှု၊ ကိုင်းရှိုင်းမှု ပြုပါမှ **ဘာသာ**တရားကို လေးစားသူ ပီသပါတယ်၊ ဘာသာ တရားကို လေးစားပါမှ မြန်မာ့ယဉ်ကျေးမှုကို ဆက်လက် ထိန်းသိမ်းရာ ရောက်ပါသည်၊ ခေတ်တွေ စနစ်တွေ ဘယ်လို ဟောင်းကာ ပြောင်းလဲ သွားသော်လည်း ဂါရဝေါစ-ဟူသော မင်္ဂလာ တရားတော်နှင့် အညီ ဘာသာရေး ဆိုင်ရာ ရဟန်းတော်များ ကိုလည်း ရိုသေကြပါ၊ ရှိခိုးကြပါ၊ ရဟန်းတော် အချင်းချင်း လည်း ကြီးစဉ်ငယ်လိုက် ရိုသေ ကိုင်းရှိုင်းကြပါ၊ ရဟန်းတော်

များ၏ ဂုဏ် ၉-ပါးကိုလည်း ယုံကြည်ကြပါ၊ ဂုဏ်နှင့် ထိုက်အောင်လည်း ကျင့်ကြပါ၊ ဂုဏ်တော်က မြင့်နေသလို မိမိကလဲ တကယ်မြင့်လာအောင် မြင့်ကြပါ၊ မြင့်နေသူကိုလည်း မြင့်ပေးကြပါ၊ အဲဒါမှ ဘာသာ၏ယဉ်ကျေးမှု၊ မြန်မာ၏ယဉ်ကျေးမှုကို အထက်တန်းသို့ ရောက်အောင် မြှင့်တင်ပေးခြင်း ဆိုတဲ့ တရားတော်များကတော့ ဘယ်အခါမှ မဟောင်းပါ၊ မပြောင်းပါ၊ မှာလိုက် ချင်ပါသည် တံလှပ်ကို တံလှပ် ဟူ၍သာ မြင်၍ ရွှေသမင်လို အလိုက်မမှားပါစေနှင့်။

## ဗုဒ္ဓဘာသာ လူအစစ်

ဗုဒ္ဓဘာသာဖြစ်သည့် လူအစစ်တို့၏ စိတ်ထားမှာ ကိုယ့်ထက် မြင့်မြတ်သူကို ရိုသေဝပ်တွားကြသည်၊ ကိုယ်နှင့် တန်းတူသူကို မြှောက်စား ကြသည်၊ ကိုယ့်အောက် နိမ့်ကျနေသူ ကိုလည်း သနားညှာတာကြသည်၊ အဲဒါလို စိတ်ကို ထားနိုင်ပါမှ ဗုဒ္ဓဘာသာလူအစစ်ဖြစ်ပါသည်၊ အဲဒီလိုဖြစ်ကြဘို့ရာ ဆရာကောင်းကိုလဲရှာ စာကောင်းကိုလဲ ရှာပါဦး၊ အဲဒါမှ လူကောင်းဖြစ်နိုင်ပါသည်၊ ဆရာကောင်း စာကောင်းကို ရပါမှ ကိုယ်တိုင် ယဉ်ကျေးနိုင်ပါမည်၊ အဲဒါလို ယဉ်ကျေးပါမှ ရနိုင် ခဲသော ဒုလ္လဘာဖြစ်သောအားကိုးဘွယ်ရာကိုရနိုင်ပါမည်၊ (သတိကြီးကြီး ထားကြစမ်းပါ)။

ဗုဒ္ဓဘာသာ ဂါရဝတရားကို ရှေး**ပဝေဏီအခါက**–လူကြီးသူမများသည် လက်တွေ့ ပြုကျင့်ခဲ့ကြပါသည်။ ရဟန်းများကိုရင်း၊ ကိုရင်များကိုရင်း လမ်းမှာတွေ့ရင် ဝပ်ချကြ၊ အရိုအသေ ပြုကြပါသည်၊ အရိပ်ကိုပင် မနင်းဝံ့ကြပါ၊ ထိုင်၍ ဝပ်မချနိုင်

တောင်မှာဘဲ မတ်တတ်အတိုင်း ကိုင်းညွတ်ကြ ပါသည်၊ အိမ်ကို ရောက်လာသော ရှင်ရဟန်းများကိုလည်း အိမ်ရှိလူကုန် ရှိခိုးကြ၊ ဝပ်ချကြပါသည်။ ထိုမှတဆင့် နိဝါတ၊ သန္တုဋ္ဌိ၊ ကတညုတာ၊ ကာလေန ဓမ္မသဝန ကိစ္စဖြစ်သော မင်္ဂလာ တရားများကိုလည်း အခါမဆိုင်းဘဲ လက်တွေ့ပြုကျင့်ကြပါသည်၊ အထူး ဦးစားပေး ခဲ့ကြပါသည်။ ဤကဲ့သို့ ပြုကျင့်ကြ ခြင်းသည် ဘုရားဟော မင်္ဂလာ ၅-ပါးကို လက်တွေ့ပြုကျင့်၍ နောင်တမလွန် အကျိုး စီးပွားကို ရှာယူခြင်းပင်ဖြစ်ပါသည်။

ယခု အခါမှာ မူကား **ခေတ်ပညာသင်** စာသင်ကျောင်း များမှအစ ဗုဒ္ဓါဝါဒ ဂါရဝတရားများ ကွယ်စ-ပျောက်စပြုနေ ပါပြီ၊ ထိုသူ-ထိုသူမများသည် ကြေးငွေပိုက်ဆံ ၅-ပြားဘိုးမျှ မကုန်ကြရဘဲ မျက်မှောက်ခေတ် ယဉ်ကျေးမှု၊ အလွန် ချစ်စရာ ကောင်းတဲ့ယဉ်ကျေးမှု၊ မွန်မြတ်တဲ့ ယဉ်ကျေးမှုနှင့် တမလွန် နောင်ကောင်းကျိုးကို ဇကန် ဧကေ ရနိုင်တဲ့ အဖိုးတန် ဂါရဝ ကိစ္စကို လုံးဝ မသိ- နားမလည်ကြတဲ့ လူ့အန္ဓ၊ လူ့ဗာလ၊ လူမိုက်၏ စာရင်းထဲသို့ အလိုလို ပါဝင်သွားသည်ကို မသိသား ကောင်းလွန်းသော သူများသာ ဖြစ်ရချေတော့သည်။

၁။ ထိုသို့ မဖြစ်ရ လေအောင် ရဟန်း **သံဃာတော်များ** ကလဲ မိမိ၏တပည့်များ၊ ဒါယကာ-ဒါယိကာမ များနှင့် တကွ မိမိတို့ကိုယ်တိုင်ကလည်း စေတီတော်၊ ရုပ်ပွား ဆင်းတုတော်နှင့် တကွ မိမိထက် သိက္ခာ-ဝါ-ကြီးမြင့်သူ ရဟန်းတော် များကို ရိုသေခြင်း၊ ကိုင်းရှိုင်းခြင်း၊ ရှိခိုးခြင်း၊ ကြိုဆိုခြင်း၊ ဝပ်ချခြင်း စသည်များကိုပြုလုပ်တော်မူကြပါ။

၂။ လောကီ ပညာသင် ကျောင်းများမှ ပညာသင်ပေးမှု တာဝန်၊ ယဉ်ကျေးမှုတာဝန်ကိုယူ၍ **လုပ်အားတန်ဘိုး** ချစ်မြတ်နိုးကြသည့်သူများဟု နာမည်ယူနေကြသော **ကျောင်းဆရာနှင့်ဆရာမ**များကလဲ မိမိတို့၏ တပည့်များကို ထိုဂါရဝ မင်္ဂလာကို နားလည်အောင် ပြောပြ၍ အလေ့အကျင့် ရအောင် သွန်သင်ဆုံးမ ဩဝါဒပေးကြပါ၊ ကိုယ်တိုင်ကလည်း စေတီ ၄–ရပ်နှင့် တကွ ရဟန်းသံဃာ သက်ကြီးရွယ်ရင့် ပုဂ္ဂိုလ်များကို ဝပ်ချပါ၊ ကန်တော့ပါ၊ ရိုသေပါ။

၃။ ရွာနေသူ အိမ်တိုင်း အိမ်တိုင်းရှိ **လူကြီးမိဘ** များကလည်း မိမိတို့၏ သားသမီး၊ မြေး–မြစ် များကို ပိုက်ဆံ ၅–ပြားမှ မကုန်ရဘဲနှင့် ကုသိုလ်ရနိုင်တဲ့ ဂါရဝကုသိုလ်တရားကို နားလည်အောင်မှတ်သား၍ ရဟန်း သံဃာတော်များ အိမ်ကို ကြွလာလျှင် လမ်းမှာတွေ့ရလျှင် ရှိခိုး–ဝပ်ချ ကန်တော့ဘို့ရာ သွန်သင်ကြပါ၊ ကိုယ်တိုင်ကလည်း ၎င်း**ဂါရဝမင်္ဂလာ** ကုသိုလ်ကို အရယူကြပါ။

ယခုလို ဖော်ထုတ်၍ ရေးပြရသည်မှာ ထိုထို ဂါရဝမင်္ဂလာတရားတော်ကြီးမှာ **၁၃၀၈**–ခုနှစ်လောက်ကစ၍ **တစတစ** ကွယ်ပျောက် လာသည်မှာ ယခုအခါ၌ **လုံးလုံးကွယ်**မလို ဖြစ်နေသောကြောင့် သတိပေးရခြင်း ဖြစ်ပါသည်၊ ဤစာကိုဖတ်နေသူ အသင်–ပြန်၍ သတိပြုစမ်းပါ။

**ယခုအခါ၌ သံဃာအချင်းချင်း** အရိုအသေ ကင်းမဲ့လာပုံ၊ လူအချင်းချင်း **အရိုအသေကင်းမဲ့နေပုံ**တွေကို သင်၏လက်တွေ့ပင် ဖြစ်ပါလိမ့်မည်၊ သင်သည် သင့်ကိုယ်ကို သင် မလှည့်စားပါနှင့်၊

အမှန်အတိုင်း ဝန်ခံပါ၊ ဒါ့ရင်ကနှင့် တူသေးသလား၊ ဂါရဝ မင်္ဂလာ ကွယ်ပျောက်နေသူတွေဟာ ဘယ်သူတွေလဲ-ဟု ဒိဋ္ဌ သိချင်လျှင် (မှန်တချပ်ကို ထောင်ပြီးကြည့်ပါ၊ ဂါရဝတရား နဲပါးသူ၊ ဂါရဝနှင့်ပတ်သက်ပြီးကုသိုလ် ရမှုကို မသိသူ၊ ယဉ် ကျေးမှုကို မထိန်းသိမ်း တတ်သူ)ရှေးပဝေဏီက အလွန်ချစ်စရာ ကောင်းအောင် ရှေးလူကြီးသူမများက တည်ထောင် ထူထောင် ထားခဲ့သော **ပဝေဏီဝါဒ-ဂါရဝ မင်္ဂလာ**ကြီးကို ဖျက်ဆီးပစ် နေသူ ဘယ်သူလဲဆိုတာ အဲဒီ **ထောင်ပြီးကြည့်တဲ့ မှန်ချပ်ထဲမှာ** ပေါ်လာပါလိမ့်မည်၊ **အဲဒီ မျက်နှာရှင်ကို** ယဉ်ကျေးအောင် လုပ်ကြပါဟု တောင်းပန်ပါသတည်း။

## ကျေးဇူးရှင်

လောကဥ္စ လောကဟူသမျှ၌ အစဉ်အမြဲ ကျေးဇူးရှင်ဟူ၍ ကျေးဇူးတင်အပ်သော ပုဂ္ဂိုလ် ၅-ဦး ရှိပါသည်၊ ၎င်းတို့မှာ- ဘုရား- တရား- သံဃာ- ဆရာ- မိဘ-တို့ ဖြစ်ကြပါသည်၊ ထို ၅-ဦးကို မရိုမသေ မလေးမစား ပြုကြသောသူ၊ ပြစ်မှားကြ သောသူတို့မှာ တမလွန် ဘဝ၌ ဒုဂ္ဂတိဘုံဘဝသို့ မုချ ကျရောက် ရပြီးနောက် လူ့ပြည်ကိုပြန်ရောက်၍ လာပါသော်လည်း အနာ ရောဂါ ထူပြောခြင်း၊ နေထိုင်ရာအိမ် စသည်ကို မီးလောင်ခြင်း၊ ရှုံးတတ်ခြင်းစသော မကောင်းကျိုး များကို ဘဝ ဆက်တိုင်း တွေ့ကြုံ ရတတ် ချေသည်။ ယခု ပစ္စက္ခ ဘဝမှာလည်း ၎င်း ၅-မျိုးကို စော်ကားသူများမှာ လူချင်းမတူ သူချင်း မမျှဘဲ ဒုက္ခအဖုံဖုံနှင့် တွေ့ကြုံနေရသူများကိုလည်း တွေ့မြင် ကြရသည် မဟုတ်ပါလော။

ကျေးဇူးရှင်ဆိုသူမှာ ကျေးဇူးတင်အပ်သော ပုဂ္ဂိုလ်များဟု အဓိပ္ပါယ်ရပါသည်။ ကျေးဇူးတင်သည် ဆိုရာ၌လည်း ထိုတင်ရှိနေသော ကျေးဇူးများကို ပြန်လည် ကျေပွန်အောင် ပေးဆပ်ရပါသည်။

**ဥပမာ**–ငွေချေးယူထားသူ တဦးသည် ကြွေးရှင်ကို ငွေပြန်လည် ပေးဆပ်ရ သကဲ့သို့ ကျေးဇူးရှင်ကို ကျေးဇူး ပြန်လည် ပေးဆပ်ရပါသည်၊ မိဘ– ဆရာသမားကို ကျေးဇူး ဆပ်ရာ၌ ထိုမိဘ–ဆရာသမားများ အသက် ရှင်စဉ် မသေခင် အခါ၌ ရေပူ–ရေချမ်း–ကမ်းလှမ်းလျက် ပြုစု စောင့်ရှောက် လုပ်ကျွေးခြင်းကို မုချ ပြုရမည်၊ ထိုသို့ ပြုခြင်းကို ကျေးဇူး ဆပ်သည်ဟု ကျမ်းဂန်များ၌ အတိအကျ ညွှန်ပြထားသည်၊ ၎င်းတို့ သေခါကျမှ အလုပ်ပိုတွေကို ပြုလုပ်မနေသင့်ပေ၊ ထိုသို့ပြုလုပ် နေကြခြင်းကိုလည်း ကျေးဇူးဆပ်နေသည်ဟု ဘုရားလဲမဟော– လူလိုသိတဲ့ လူအများကလဲ မပြောကြချေ။

ယနေ့မျက်မှောက် ဤစာရေးသူတို့ တွေ့ကြုံနေရ၊ တွေ့မြင်နေရသည်မှာ မိဘ–ဆရာသမားများအသက်ရှင်လျက် ရှိစဉ်အခါမှာ ကျွေးမှု၊မွေးမှု၊ပေးမှု၊ကမ်းမှု စောင့်ရှောက်မှုအစရှိသောကျေးဇူးဆပ်မှုတွေကို ဘာ တခုမျှ မပြုချင်ကြဘဲ မပြုကြဘဲ ၎င်းတို့ သေတဲ့အခါကျမှ သူတကာမြင်ရင် တကယ်ထင်ရအောင်၊ အမွေရကောင်းအောင် **မငိုသော ရှိုက်သံ**–မထွက်သော မျက်ရည်နှင့် ဟန်ဆောင် ပြုလုပ်လျက် နေကြသည်မှာ အလွန် မလိုလားအပ်သော၊ အလွန်စက်ဆုပ်ဖွယ်ရာကောင်းလှသော ဟန်ဆောင်မှုကြီးတရပ်ဖြစ်ချေသည်၊ ဟန်ဆောင်မှုကို ဗုဒ္ဓက–မကြိုက်သော

ဝါ-လူလိုသိသော လူက မကြိုက်သော **ဝါဒ**-ဆိုးကြီး အစစ်ဟု မှတ်ယူရမည်။

အချို့တို့ကလည်း ဆရာသမား မသေမီက ၎င်း ဆရာကို အမျိုးမျိုးပုန်ကန်၍ ၎င်းဆရာကို သံသယ ရှိပါသည်ဟု ဆိုပြီး ၎င်းဆရာနှင့် ဟင်းတခွက်ထဲတောင် မနှိုက်ချင်အောင် ဆရာကို အောခ်နှလုံးနာနေပါသည်ဟု ဆိုလျက် ၎င်းဆရာ သေသောအခါ အမြတ်ထွက် လာအောင် အလောင်းကောင်ကို တခမ်းတနား လုပ်နေကြခြင်း လူများမှာလည်း မိဘသေတဲ့အခါ တခမ်းတနား လုပ်နေကြခြင်း များမှာလည်း အများက ငွေဝိုင်းပြီး ကူချင် အောင် ငွေများများ ရလာရင် မြတ်မှာဘဲဟူသော **လောဘသိ** အသိမျိုးနှင့် ပွဲလုပ်နေကြခြင်း ဖြစ်သည်ကို အသင်တို့ စဉ်းစား ကြည့်ပါက (**ယာပြင်တွင် ဆင်သွားသလို-လယ်ပြင်တွင် ဆင် သွားသလို**) ထင်ရှား သိကြပါလိမ့်သတည်း။ ထို့ကြောင့် အမိ အဘ-ဆရာမသေ သေးမီနှင့် ရတနာသုံးပါးကို ယနေ့က စ၍-

၁။ ဘုရားဂုဏ်ကို ကျေးဇူး ဆပ်ပါ။
၂။ တရားဂုဏ်ကို ကျေးဇူး ဆပ်ပါ။
၃။ သံဃာဂုဏ်ကို ကျေးဇူး ဆပ်ပါ။
၄။ ဆရာဂုဏ်ကို ကျေးဇူးဆပ်ပါ။
၅။ မိဘဂုဏ်ကို ကျေးဇူး ဆပ်ပါ။

ကျေးဇူးမဆပ်ဘဲ စော်ကားသူ ကံကြီးထိုက်မည်၊ ဘေးဆိုး အမျိုးမျိုးနှင့်မုချတွေ့ရမည်မှာ မလွဲပြီတည်း၊ **ဘုရားစကားတော်** မယုံမရှိနှင့်၊ ပစ္စက္ခမှာ တွေ့ရသော **ဒေဝဒတ်**တို့၊ **စိဥ္စမာန**-တို့ကို ကြားဘူးကြပါလိမ့်မည်၊ အင်္ဂလိပ်လက်ထက်က အမေကို ခေါနှင့်

လိုက်နာနိုင်စေရန် ရည်သန်၍ (စာရှုသူများ **နှုတ်တက်အရ** ဆောင်၍ အမှန်ကိုသိရင် ရှောင်ကြဉ် မှာဘဲ ဟူသော စေတနာဖြင့် အောက်ပါရှစ်လုံးဘွဲ့ ကဗျာကလေးများကို ၁၃၁၂-ခုနှစ်ကပင် ရေးသားခဲ့ပါကြောင်း၊ အရကျက်၍ **အလုပ်မှားကို** ပယ်ဖျက်ကြပါကုန်)။

မြို့ဘုရားပွဲနှင့် **တော** ဘုရားပွဲ ၉၉-ရာခိုင်နှုန်း **အမှား လုပ်**နေသည်ကို ရှင်းလင်း၍ ပြပေးသော မျက်မြင် ကိစ္စများအတွက် **ဒါရိုက်**သိရန် **ကဗျာ**ဖြစ်သည်။

၁။ **ဘုရားပွဲ**ဟု-ပြုကြလေပြန်၊
**ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ-နွားကျွဲ**မကျန်၊
**သတ်**လျက်ရှင်ပြုး-**ဆွမ်းလုံး**လုပ်ပြန်၊
**ယဇ်ပွဲနဲ့**-တူတဲ့ လောကမံ။

၂။ အိပ်ပျက်ညှော်မိ-ဘေးထိလေပြန်၊
ငွေကုန်လုပ်ပျက်-ရက်ဆက်ကြုံပြန်၊
ရောဂါတွေထိ-သေဘိအမှန်၊
**မငြင်းနဲ့**-ရှင်းတဲ့ လောကမံ။

၃။ ကုသိုလ်**တပဲ**-ငရဲ**တပိဿာ**၊
ဒီလိုပွဲပေါ့-မှတ်တော့သချာ:
နောက်ဆက်တွဲက-ပွဲအဖြာဖြာ၊
ဘုရားဘေး-နောက်ဖေး သွားကြတာ။

၄။ လူ့ကျင်ကြီးနှင့်-နွားချီးတဖြာ၊
ဘုရားခြေရင်း-ပုံချင်းယှဉ်ကာ၊
အမိုက်ပွေရှုပ်-ပြုလုပ်ခဲ့တာ၊
မသိမ်းဘဲ-ပြန်နွဲ့ သူတို့ရွာ။

ဇူဆ္ဍာသယ ၅၂၂-၇

၅။ **ဘုရားနဲ့နီး-ဘုန်းကြီးတွေမှာ၊**
သိမ်းရကြုံးရ-ဖုံးရခါါ၊
ပွဲတော်အတွက်-မသက်မသာ၊
နံ့နက်လင်း-ချက်ချင်း ပြုရတာ။

၆။ ဘုရားသွားတဲ့-လူများတို့ရယ်၊
မဟုတ်ဘူးလား-ပြောစမ်းပါကွယ်၊
မျက်မြင်ဒိဋ္ဌ-သိကြပါတယ်၊
သန့်ရှင်းမှု-ပြုခဲ့ပါကြကွယ်၊

၇။ ဘုရားမှီလစ်-တနှစ်တခါ၊
**ရဲရှာတဲ့**-တကယ့်လူရှာ၊
သတ်မှုရှောင်ရှဲ-ပြုကြွေ့သန့်စွာ၊
အဲဒါမှ-ရောက်ရ ထက်နတ်ရွာ။

၈။ ပွဲတော်အတွင်း-သောက်ခြင်းသေရည်၊
မှုးပျော်မဆိုင်း-**ဖဲဝိုင်းတလီ**၊
**ကြေွအန်ပုဆစ်-ထိုးပစ်အနီ**၊
ထင်သမျှ-ပြုကြပါတော့သည်။

၉။ ဒီလိုပွဲမျိုး-အကျိုးရတယ်၊
ဘယ်လိုဘုရား-ဟောထားလို့ရယ်၊
ပြုလုပ်လေဘိ-မေးကြည့်ချင်တယ်၊
ဒီလိုမေး-ဖြေရေးခက်လှတယ်။

၁၀။ ဟုတ်ထာကိုမေး-ရေးပြသူမှာ၊
ဦးဝိသုဒ္ဓ-ခေါ်ကြသည်သာ၊
**လူလို့**သိက-ရှောင်ကြဘို့ရာ၊
ရေးခါပြ-ဆုံးမ ဤစာလွှာ။

၁၁။ မျက်မြင်ဖြစ်ရေး-ရေးပြသူသည်၊
ဦးဝိသုဒ္ဓ-ခေါ်ကြသည်၊
စာချုဂုဏ်ထူး-ဘွဲ့ထူးကို၍၊
ပိဋကတ်-နှံ့စပ်ပါတော့သည်။

## လူမိုက် လူယုတ်မာများက မကြိုက်

နောက်က ရေးပြခဲ့သော အကုသိုလ်စိတ် ၁၂-ပါး၊ အကုသိုလ် အလုပ် အကျဉ်း ၃၂-ပါး၊ (နဲနဲ ကျယ်လိုက်လျှင် ဒုစရိုက် ၁၀-ပါးကိုတည်၊ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောတော် မူခဲ့သော (၁) ကိုယ်တိုင် လုပ်တဲ့ အကုသိုလ်၊ (၂) တိုက်တွန်း ပေးတဲ့ အကုသိုလ်၊ (၃) ချီးမွမ်းပေးတဲ့ အကုသိုလ်၊ (၄) စိတ်တူ၊ သဘောတူ၊ အလိုတူ၊ ဆန္ဒတူ၊ ငြိမ်နေတဲ့၊ မှိန်းနေတဲ့၊ မသိချင် ယောင် ဆောင်နေတဲ့ အကုသိုလ်ဟု ဆိုအပ်သော ဆင့်ပွား ဒုစရိုက်၊ တွဲဘက်ဒုစရိုက် ၄-ပါးနှင့်မြှောက် ဒုစရိုက် ၄၀-ဖြစ်၏၊ သုရာပါန ၁-ပါး၊ မိစ္ဆာအာဇီဝတပါး၊ အဓမ္မိကဒါန ၁၀-ပါး နှင့် ပေါင်းလိုက်လျှင် ဒုစရိုက် အကြီးစားပေါင်း ၅၂-ပါး ဖြစ်တော့၏၊ အဲဒီ ဒုစရိုက် ၅၂-ပါးထဲက ၁-ပါးကို ဖြစ်စေ၊ ၂-၃-၄-ပါး စသည်ကိုဖြစ်စေ၊ ပြုကျင့်လွန်ကျူး ပါက အဲဒီ လွန်ကျူးတဲ့လူဟာ ဒုဂ္ဂတိဘုံ အကျဉ်း ၂၆၇-ဘုံ၊ အကျယ် ၅၁၇-ဘုံတို့တွင် တဘုံဘုံသို့ သူနှင့် ထိုက်သလောက်ဘုံသို့ ဒိဋ္ဌ ကျရောက်ရလေတော့ သတည်း။

**ပါရာဇိကဏ်ပါဠိတော် နံပါတ် ၃၂၀-မှာလည်း** တိကောဠ် ပရိသုဒ္ဓိ မစ္ဆမံသံ။ပ။အပရိသင်္ကိတံ-စသည်ဖြင့် ဟောကော်မူခဲ့ သည်ကို အမှန်အတိုင်းဝေဘန်၍ အနက်ပြန်ဆိုခဲ့သည် ရှိသော်-

အဒိဋ္ဌံ၊ သတ်ဖြတ်နေသည်ကို မမြင်သော။ အသုတံ၊ ဒို့ကြောင့် ဒို့အလှူကြောင့် ဒို့ဘုရားပွဲကြောင့် သတ်ဖြတ်နေကြပြီ ဟူ၍လဲ မကြားရသော။ အပရိသင်္ကိတံ၊ ဒို့က စားလို့ သတ်ထားထင်ပါရဲ့၊ ဒို့အလှူကြောင့် သတ်ထား ထင်ပါရဲ့၊ ဒို့အလှူမှာ သွင်းချင်လို့ သတ်ထားထင်ပါရဲ့၊ ဒို့ဘုရားပွဲမှာ ရောင်းချင်လို့ သတ်ထား ထင်ပါရဲ့ ငါက ဧည့်သည်လုပ်သွားလို့ ဟင်းကောင်းနှင့် ကျွေးချင်ရှာလွန်းလို့ သတ်ထားထင်ပါရဲ့၊ ငါက အာဂန္တုကိုယ်တော် လုပ်သွားလို့ ငါ့ကို ဟင်းကောင်းကောင်းနှင့် ဘုဉ်းပေး စေချင်လွန်းလို့သတ်ထားထင်ပါရဲ့ငါ့ကိုကြည်ညိုလွန်းလို့ ကောင်းကောင်းကလေးနှင့်မှ ကျွေးချင်လွန်းလို့ ဘုဉ်းပေးစေချင်လွန်းလို့ သတ်ထားထင်ပါရဲ့ စသည် စသည်ဖြင့် တွေးစရာ တောစရာ သံသယ မရှိစရာ ထင်စရာ စသည်လဲမရှိသော။ တိကောဋိ ပရိသုဒ္ဓံ၊ အစွန်းသုံးပါးမှ ထက်ဝန်းကျင် စင်ကြယ်သော။ ဝါ-ပတ်ဝန်းကျင် ထက်ဝန်းကျင်မှ အစွန်းသုံးပါးက လွတ်သော။ မစ္ဆမံသံ၊ ငါး-အသားကို။ (အသား ဟူသမျှကို မံသ-ဟု ပါဠိက ဟောထားသည်၊ ဒါပေမဲ့ ငါတို့လူဖုကတော့ အမဲသားကို မံသ-မံသ-ဟု အထူး ကင်ပွန်းတပ်၍လွေ့နေကြသည်)၊ **ပရိဘုဉ္ဇိတုံ**၊ ဘုဉ်းပေး သုံးဆောင်ခြင်းငှာ။ (ဤအနက်ကား ပရိသဒ္ဒါ၏အနက် မပါပေ)။ ပရိဘုဉ္ဇိတုံ၊ ထက်ဝန်းကျင်မှ ဘုဉ်းပေး သုံးဆောင်ခြင်းငှာ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။

အဓိပ္ပါယ်ကို မှန်ကန်အောင် ယူဆပုံမှာ-တိကောဋိ သုဒ္ဓံ၊ အစွန်းသုံးပါးမှ စင်ကြယ်သောဟု **သာမည** မဟောဘဲ။ ပရိသုဒ္ဓံ၊ ထက်ဝန်းကျင်မှ စင်ကြယ်သော ဟူ၍ပင်း။ **ဘုဉ္ဇိတုံ**-ဟု သာမညအားဖြင့် မဟောဘဲ ပရိဘုဉ္ဇိတုံ-ဟု ပရိသဒ္ဒါကို ထည့်၍

ဟောထားသဖြင့်ငှင်း၊ အစွန်း ၃-ပါးမှ စင်ကြယ်ရှိသော မဟုတ်သေး၊ ထက်ဝန်းကျင် ပတ်ဝန်းကျင်မှ စင်ကြယ်ရမည်ဟု ဟောထားသဖြင့် **ပတ်ဝန်းကျင်**အရကို အတိအကျ ကောက်ယူ လိုက်သော် **မသိချင်**ယောင်ဆောင်နေတာတို့၊ မမေးမြန်း မစုံစမ်းဘဲနေမိတာတို့၊ အပြစ်မသင့်လောက်ပါဘူးလေဟု ထင်နေတာတို့၊ ဒကာတွေရဲ့စေတနာကို ငဲ့ပြီး စားမိပါတယ်ဆိုတာတို့၊ သူတို့ကိုကုသိုလ်ရစေချင်လို့ပါဟု ဆိုတာတို့၊ ပံ့သကူ စစ်ချင်လဲ စစ်နေမှာပါဘဲလေဟု ကိုယ့်စိတ်ကို ကိုယ်လှည့်စားနေတာတို့၊ ဟန်ဆောင်နေတာတို့၊ ကိုယ့်အပေါ်မှာ ဟိတ်ခတ်နေတာကို မသိတာတို့ စသည် စသည် တွေကိုမပြုကောင်း၊ မစားကောင်း မယူကောင်းဟု ပရိသဒ္ဒါက တိုက်ရိုက် ညွှန်းပြထားပါသည်။

**ဘုဥ္စိတုံ**မှာလည်း ပရိဘုဥ္စိတုံ-ဟု ပရိသဒ္ဒါပါနေသဖြင့် ငှင်းပရိသဒ္ဒါက ကိုယ်တိုင်မစားကောင်းရုံမက ယူလဲမယူရ၊ မယူနှင့်၊ ရှင်းရှင်းကြီး လွတ်ကင်း ပါစေ ဟူသော-အဓိပ္ပါယ်ကို အတိအကျ ပြနေသည်၊ အဲဒီလို မြတ်စွာဘုရားကအတိအကျ ဝိနည်းတော်မှာလည်း ဟောတော်မူခဲ့၏။

အဘိဓမ္မာမှာလည်း မေတ္တာ-ကရုဏာ-မုဒိတာဟူ၍ သတ္တဝါတွေကို ကိုယ်ချင်းစာပြီး မေတ္တာထားပါ၊ သနားလဲသနားပါ၊ သူ့ဖာသာသူ ချမ်းချမ်းသာသာ နေတာကို မြင်ရတွေ့ ရလျှင်၊ ကြားရလျှင် ဝမ်းမြောက်နေပါ၊ စသည်ဖြင့် ဟောကြားထားပါလျက် ဘုရားရှင် မျက်နှာတော်ကိုလဲ မထောက်၊ သတ္တဝါတွေကိုလဲ မညှာတာ မသနား၊ ငါတို့စားရလျှင် ပြီးတမ်းဘဲဟု သဘောထား၍ မှိန်းနေကြသော ပုဂ္ဂိုလ်များမှာလည်း ပြခဲ့ပြီး

ပြုလတ္တံ့ဖြစ်သော ဒုဂ္ဂတိဘုံ ၅၁၇- ဘုံတို့တွင် တဘုံဘုံသို့ကျရောက်ဘို့ရာ၊ သွားရဘို့ရာ၊ သေချာပြီး ဖြစ်လေတော့သတည်း။

ဒီလိုရေးပြ၊ ဒီလို ဘွင်းဘွင်းကြီး ဖော်ထုတ်ပြတာ တွေကို၊ ဟောပြော ဆုံးမနေတာတွေကို စိတ်ယုတ်မာ မရှိကြသော၊ စိတ်ထားကောင်းရှိကြသော၊ သံသရာဝန်ကို ကြောက်တတ် ကြသော နေ့ာင်ဘဝတွေ၌ ဝိပါက်အမြဲဟူသော စကားအရ **အသားစားကြူးသူတို့ အတုံ့အလှည့်အားဖြင့် မုချဖြစ်ရမည့် နွား-ကြက်-ဝက်-ဆိတ်-ဘဲ**-စသည် စသည် ဖြစ်ရမည်ကို ကြောက်တတ်ကြကုန်သော **ဒုဂ္ဂတိ ၅၁၇-ဘုံကို** ကြောက်တတ်ကြ ကုန်သော၊ အကြောင်းအကျိုးကို သိတတ်သောကြောင့် **လူ**-ဟု ဆိုရသော၊ **လူ**အစစ်ဖြစ်သော၊ **လူ**စိတ်ရှိသော တကယ် **လူ**တို့က ကြိုက်နှစ်သက်ကြ၏၊ ဒို့ကို ကောင်းစေချင်လို့၊ ဒို့ကို သနားလို့ ရေးပြတာဘဲ၊ ဆုံးမတာဘဲ၊ ဟောနေတာဘဲဟု ကျေးဇူးလဲ တင်တတ်ကြ၏၊လိုက်လဲ လိုက်နာကြ၏၊ **လူမိုက်အန္ဓ လူ့ဗာလနှင့် လူ့ဂဝံ** အစားချောင်သမား၊အရေခြုံသမား၊ဒုဂ္ဂတိဘုံတွေကိုသွားရောက်ရမည်ကို လားလားမှ၊ နဲနဲမှ မကြောက်တတ်သူ လူရမ်းကားလူမိုက်များကမူ ရေးပြတဲ့စာကိုလဲ မကြိုက်၊ ဆုံးမတာ၊ ဟောပြောတာကိုလဲမကြိုက်၊ အကန်းကို အကန်းဟုဆိုရင် မကြိုက်သလို၊ အကျိုးကို အကျိုးဟု ပြောရင် မကြိုက်သလို၊ အနူကို အနူဟု ဆိုရင် မကြိုက်သလို ဆော့ဆော့ ခုန်အောင် နာတတ်ကျင်တတ် ကြ၏၊မုန်းတတ်ကြ၏။

ဒါပေမဲ့ အဲဒီဟာတွေကို ဂရုစိုက်မနေနဲ့၊နည်းလမ်း စည်းကမ်းရှိသည့်အတိုင်း ငါဘုရား၏ အလိုတော်ကျအောင် သဘာဝလဲကျအောင်အမှန်အတိုင်း ဟောပြောကြ ဆုံးမကြ၊ ထပ်ခါထပ်ခါ

ဆိုးမကာ မကောင်းမှုကိုပြုခြင်းမှ တားမြစ်ပေးလိုက်ကြ၊ အဲဒီလို **မဟော မပြော မဆုံး မမဘဲ** နေရင် သင်တို့မှာ ရဟန်းကျင့်ဝတ် ပျက်ကွက်သည်ဟု သိင်္ဂါလောဝါဒသုတ်မှာ ဟောတော် မူခဲ့သည်။

**ရင်ပြင်-**

ဩဝါဒေယျ နုသာသေယျ၊
ပါပကာစ နိဝါရယေ။
သတ္တော ဟိ သော ပိယောဟောတိ၊
အသန္တော ဟောတိ အပ္ပိယော။

ဟူသော **လောကနီတိ**ဆရာ၏ စကားအတိုင်းလည်း ဟောပြရခြင်း၊ ရေးပြရခြင်း ဖြစ်ပါသည်၊ လောကနီတိ ဆရာကလည်း မြတ်စွာဘုရား၏ တရားတော်အတိုင်း ရေးပြခဲ့ခြင်း ဖြစ်လေသည်။

**အနက် အတိုချုပ်မှာ-** ဩဝါဒေယျ၊ ဆုံးမရာ၏။ အနုသာသေယျ၊ အဖန်ဖန် အထပ်ထပ် ဆုံးမရာ၏။ ပါပကာစ၊ မကောင်းမှု ဟူသမျှမှလည်း။ နိဝါရယေ၊ တားမြစ်ရာ၏။ ဟိ၊ အမှန် စင်စစ်သော်ကား။ သော၊ ထိုဆုံးမသောသူ၊ ထပ်ပြန် တလဲလဲ ဆုံးမသောသူ၊ မကောင်းမှုကို မပြုဘို့ရာ နည်း အမျိုးမျိုးနဲ့ တားမြစ် ပေးနေသူကို။ သန္တော၊ လူစိတ်ရှိ၍ လူလိုသိသော သူတော်ကောင်းတို့သည်။ ပိယော၊ ချစ်ခင်နှစ်သက်၍ ကျေးဇူးတင်တတ်သည်။ ဟောတိ၊ ဖြစ်၏။ အသန္တော၊ လူစိတ် မရှိဘဲ လူလိုမသိတတ်ဘဲ ယောင်ယောင် ဝါးဝါးနှင့် အလကား နေရင်း အကောင်းကို ပြောပြ ဆိုဆုံးမသည်ကို နားမထောင်

ချင်၊ မလိုက်နာချင်သော သူတို့သည်။ ဝါ၊ စိတ်ထားနုပ်သည့် လူယုတ် လူမိုက်တို့သည်။ အပွိယော၊ မကြိုက် မနှစ်သက်သည်။ ဟောတိ၊ ဖြစ်၏။ **ဤအထိလေ့လာသူသည် လူကောင်းဖြစ်နိုင်၏။**

## လေးစားအပ်သော ရှေးပဝေဏီဝါဒ

ဂင်္ဂါဝါဠု သဲစုမက ပွင့်မတော်မူပြီးကြ ကုန်သော ရှေးရှေးသော ဗုဒ္ဓဘုရားရှင်တို့မှစ၍ ငါတို့၏ ဂေါတမဗုဒ္ဓ တိုင်အောင်သော ဘုရားရှင်များက မိန့်ကြားမြွက်ဖော် ဟောတော် မူခဲ့သော မင်္ဂလာတရားတော် ၃၈-ပါးတွင်-

ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ။

ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဟူသော မင်္ဂလာတရားတော်အရ ရှေးရှေးက လူကြီး သူမများသည် (၁) နံပါတ်ဖြစ်သော ဂါရဝမင်္ဂလာကို ဦးစားပေးခဲ့ကြပုံမှာ မိမိထက် အသက်ဂုဏ်ဝါ ကြီးမြတ်သော သူများကို ရိုသေမှု၊ ကိုင်းရှိုင်းမှု၊ မြတ်နိုးမှု၊ ရှိခိုးမှုများကို ဦးစားပေး၍ အလေးပေး၍ လေးစားခဲ့ကြသည်မှာ **ဗုဒ္ဓဘာသာတို့အတွက်** အလွန်နှစ်သက် ချစ်ခင်ဘွယ်ရာကောင်းသော အမူ အကျင့်များ ဖြစ်သည်၊ ထိုအမူအကျင့်သည် မျက်မြင်မှာလည်း ချစ်ခင်ဘွယ် ကောင်းသည်၊ တမလွန် ဘဝမှာလည်း ကောင်းသော ဂတိသို့ သွားရောက်နိုင်သည်။

## ယခု ကွယ်စ ပြုနေပြီ

အစဉ်အလာ ယဉ်ကျေးမှု ပျောက်ကွယ် သွားလျှင် မိမိ ဘာသာနှင့် လူမျိုးလည်း ပျောက်ကွယ်သွားနိုင်သည်၊ ဤတွင် ဗုဒ္ဓဘာသာ လူမျိုးတို့သည်-

သတ္တိရေဝ သမာသေထ၊ သတ္တိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သေယျော ဟောတိ နပါပိယော။

ဟူသော ပါဠိတော်နှင့်အညီ ဘာသာတရားကို လေးစားသူ၊ ရိုသေကိုင်းရှိုင်းသူ၊ အလေး အမြတ် ဆည်းကပ်သူ၊ သူတော်ကောင်းနှင့်သာ ပေါင်းသင်းဆက်ဆံမှုပြုသူ၊ သူတော်ကောင်းတရားကို သိသူများ ဤသူ-ဤသူ များသာ လူမြတ်၊ မယုတ်မာသောသူ ဖြစ်နိုင်သည်။

ယနေ့ **မြို့မှ ပညာတတ်** အယုတ် အလတ် အမြတ် မရွေး လူတော်တော်များများမှအစပြု၍ **ကျေးရွာအဆုံးမြန်မာတနိုင်ငံလုံးလိုလို ဘာသာတရား**ကို ပစ်ပယ်လာကြသည်ကို ကိုယ်တွေ့ ကြုံနေရပါပြီ၊ ရှေးမှ အစပြုခဲ့ကြသည့် မြန်မာ့ ယဉ်ကျေးမှု အဆီအနှစ်ဖြစ်သည့် **ဂါရဝမင်္ဂလာ** တရား ခေါင်းပါးစ ပြုချေပြီ၊ ယခုအခါ၌ ကွယ်ပျောက်လုနီးပါး ရှိချေပြီ၊ မျက်မြင် ကိုယ်တွေ့ကို ရေးပြရပါမူ ယခုအခါ၌ **လမ်းမှာတွေ့ရသော** သက်ကြီးဝါကြီး ပုဂ္ဂိုလ်များကို ထားဘိဦး၊ မိမိတို့နေအိမ်သို့ ကြွရောက်လာသော သက်ကြီး ဝါကြီး လူဝတ်ကြောင် ပုဂ္ဂိုလ်ကြီးများကို ထားဘိဦး၊ မိမိတို့အိမ်သို့ ကြွရောက်လာသော **ရဟန်းတော်**များကိုပင် **ဦးချ**ရကောင်းမှန်းမသိ၊ **ဝတ်ချ**ရကောင်းမှန်းမသိ ဖြစ်၍နေချေပြီ၊ ယခုလို ဖြစ်လာရသည်မှာ ကာလ အလွန်မကြာလှသေးပေ၊ ဤစာကိုဖတ်ရှုသူ **၂၅-နှစ်သား**ရှိပါက၊ ဝါ၊ **၁၃၀၀**-ခုနှစ်ခန့်က မွေးဖွားလာခဲ့သူ ဖြစ်ပါက ပြန်လှန် စဉ်းစား ကြည့်လျှင် သိပါလိမ့်မည်။

ဤကဲ့သို့ ဖြစ်လာရခြင်းမှာ အရင်း စစ်သော့ အမြစ်မြေက ဆိုတာလို မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဖြစ်သော **ဗုဒ္ဓဘာသာ**

**တ**ရားကို ပစ်ပယ်၍ လာရခြင်းသည် သူတပါးတို့၏ ဘာသာတရားကို အထင်ကြီးလာခြင်းကြောင့်ပင် ဖြစ်ပေတော့သည်၊ တံလှပ်ကိုရေထင်၍ ရွှေသမင် အလိုက်မှားကြချေပြီ ဟုသာ **ဤစာရေးသူက** တွေးမိပါတော့သည်၊ **ဝမ်းနဲမိ**ပါ တော့သည်။

အတ္တာဟိ အတ္တနော နာထော၊
ကောဟိ နာထော ပရောသိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

မိမိကိုယ်ကိုသာ မိမိ အားကိုးပါ၊ သူတပါး ဆိုတာဟာ သူတပါး-ပါဘဲ၊ မိမိဘာသာကိုသာ အားကိုး အားထားပြုပါ၊ သူတပါး ဘာသာဆိုတာ သူတပါး-ပါဘဲ၊ မိမိ၏ နောင်တမလွန်အရေးကိုမူ သူတပါးက ဘယ်လိုနည်းနှင့်မှ လိုက်လုပ်၍ မပေးနိုင်ပါဘူး၊ မိမိဘာသာ၊ မိမိယဉ်ကျေးမှုကို အရေးထားပြီး၊ ဦးစားပေးပြီး လေ့စားပါမှ၊ ဂါရဝတရားကို သိပါမှ၊ ဒုစရိုက်မှုတွေကို ရှောင်ကြဉ်ပါမှ ရနိုင်ခဲ့သော တမလွန် နောင်ကောင်းကျိုး၊မွန်မြတ်တဲ့အကျိုး အားကိုးရာအစစ်ကို ကိုယ်တိုင် ကိုယ်ပိုင် ရနိုင်ပါတယ်၊အရှိအသေပြုအပ်သူကိုရှိသေမှု၊ ကိုင်းရှိုင်းမှု ပြုပါမှ **ဘာသာ**တရားကို လေးစားသူ ပီသပါတယ်၊ ဘာသာ တရားကို လေးစားပါမှ မြန်မာ့ယဉ်ကျေးမှုကို ဆက်လက် ထိန်းသိမ်းရာ ရောက်ပါသည်၊ ခေတ်တွေ စနစ်တွေ ဘယ်လို ဟောင်းကာ ပြောင်းလဲ သွားသော်လည်း ဂါရဝေါစ-ဟူသော မင်္ဂလာ တရားတော်နှင့် အညီ ဘာသာရေး ဆိုင်ရာ ရဟန်းတော်များ ကိုလည်း ရိုသေကြပါ၊ ရှိခိုးကြပါ၊ ရဟန်းတော် အချင်းချင်း လည်း ကြီးစဉ်ငယ်လိုက် ရိုသေ ကိုင်းရှိုင်းကြပါ၊ ရဟန်းတော်

များ၏ ဂုဏ် ၉-ပါးကိုလည်း ယုံကြည်ကြပါ၊ ဂုဏ်နှင့် ထိုက်အောင်လည်း ကျင့်ကြပါ၊ ဂုဏ်တော်က မြင့်နေသလို မိမိကလဲ တကယ်မြင့်လာအောင် မြှင့်ကြပါ၊ မြင့်နေသူကိုလည်း မြှင့်ပေးကြပါ၊ အဲဒါမှ ဘာသာ၏ယဉ်ကျေးမှု၊ မြန်မာ၏ယဉ်ကျေးမှုကို အထက်တန်းသို့ ရောက်အောင် မြှင့်တင်ပေးခြင်း ဆိုတဲ့ တရားတော်များကတော့ ဘယ်အခါမှ မဟောင်းပါ၊ မပြောင်းပါ၊ မှာလိုက် ချင်ပါသည် တံလျှပ်ကို တံလျှပ် ဟူ၍သာ မြင်၍ ရေသမင်လို အလိုက်မမှားပါစေနှင့်။

## ဗုဒ္ဓဘာသာ လူအစစ်

ဗုဒ္ဓဘာသာဖြစ်သည့် လူအစစ်တို့၏ စိတ်ထားမှာ ကိုယ့်ထက် မြင့်မြတ်သူကို ရိုသေဝပ်တွားကြသည်၊ ကိုယ်နှင့် တန်းတူသူကို မြှောက်စား ကြသည်၊ ကိုယ့်အောက် နိမ့်ကျနေသူ ကိုလည်း သနားညှာတာကြသည်၊ အဲဒါလို စိတ်ကို ထားနိုင်ပါမှ ဗုဒ္ဓဘာသာလူအစစ်ဖြစ်ပါသည်၊ အဲဒီလိုဖြစ်ကြဘို့ရာ ဆရာကောင်းကိုလဲရှာ စာကောင်းကိုလဲ ရှာပါဦး၊ အဲဒါမှ လူကောင်းဖြစ်နိုင်ပါသည်၊ ဆရာကောင်း စာကောင်းကို ရပါမှ ကိုယ်တိုင် ယဉ်ကျေးနိုင်ပါမည်၊ အဲဒါလို ယဉ်ကျေးပါမှ ရနိုင် ခဲသော ဒုလ္လဘာဖြစ်သောအားကိုးဘွယ်ရာကိုရနိုင်ပါမည်၊ (သတိကြီးကြီး ထားကြစမ်းပါ)။

ဗုဒ္ဓဘာသာ ဂါရဝတရားကို ရှေးပဝေဏီအခါက-လူကြီးသူမ များသည် လက်တွေ့ ပြုကျင့်ခဲ့ကြပါသည်။ ရဟန်းများကိုဂင်း၊ ကိုရင်များကိုဂင်း လမ်းမှာတွေ့ရင် ဝပ်ချကြ၊ အရိုအသေ ပြုကြပါသည်၊ အရိပ်ကိုပင် မနင်းဝံ့ကြပါ၊ ထိုင်၍ ဝပ်မချနိုင်

တောင်မှာဘဲ မတ်တတ်အတိုင်း ကိုင်းညွတ်ကြ ပါသည်၊ အိမ်ကို ရောက်လာသော ရှင်ရဟန်းများကိုလည်း အိမ်ရှိလူကုန် ရှိခိုးကြ၊ ဝပ်ချကြပါသည်။ ထိုမှတဆင့် နိဝါတ၊ သန္တုဋ္ဌိ၊ ကတညုတာ၊ ကာလေန ဓမ္မသဝန ကိစ္စဖြစ်သော မင်္ဂလာ တရားများကိုလည်း အခါမဆိုင်းဘဲ လက်တွေ့ပြုကျင့်ကြပါသည်၊ အထူး ဦးစားပေး ခဲ့ကြပါသည်။ ဤကဲ့သို့ ပြုကျင့်ကြ ခြင်းသည် ဘုရားဟော မင်္ဂလာ ၅-ပါးကို လက်တွေ့ပြုကျင့်၍ နောင်တမလွန် အကျိုး စီးပွားကို ရှာယူခြင်းပင်ဖြစ်ပါသည်။

ယခု အခါမှာ မူကား **ခေတ်ပညာသင်** စာသင်ကျောင်း များမှအစ ဗုဒ္ဓါဝါဒ ဂါရဝတရားများ ကွယ်စ-ပျောက်စပြုနေ ပါပြီ၊ ထိုသူ-ထိုသူမများသည် ကြေးငွေပိုက်ဆံ ၅-ပြားဘိုးမျှ မကုန်ကြရဘဲ မျက်မှောက်ခေတ် ယဉ်ကျေးမှု၊ အလွန် ချစ်စရာ ကောင်းတဲ့ယဉ်ကျေးမှု၊ မှန်မြတ်တဲ့ ယဉ်ကျေးမှုနှင့် တမလွန် နောင်ကောင်းကျိုးကို ကေန် ကေ ရနိုင်တဲ့ အဖိုးတန် ဂါရဝ ကိစ္စကို လုံးဝ မသိ- နားမလည်ကြတဲ့ လူ့အန္ဓ၊ လူ့ဗာလ၊ လူမိုက်၏ စာရင်းထဲသို့ အလိုလို ပါဝင်သွားသည်ကို မသိသား ကောင်းလွန်းသော သူများသာ ဖြစ်ရချေတော့သည်။

၁။ ထိုသို့ မဖြစ်ရ လေအောင် ရဟန်း **သံဃာတော်များ** ကလဲ မိမိ၏တပည့်များ၊ ဒါယကာ-ဒါယိကာမ များနှင့် တကွ မိမိတို့ကိုယ်တိုင်ကလည်း စေတီတော်၊ ရုပ်ပွား ဆင်းတုတော်နှင့် တကွ မိမိထက် သိက္ခာ-ဝါ-ကြီးမြင့်သူ ရဟန်းတော် များကို ရိုသေခြင်း၊ ကိုင်းရှိုင်းခြင်း၊ ရှိခိုးခြင်း၊ ကြိုဆိုခြင်း၊ ဝပ်ချခြင်း စသည်များကိုပြုလုပ်တော်မူကြပါ။

၂။ လောကီ ပညာသင် ကျောင်းများမှ ပညာသင်ပေးမှု တာဝန်၊ ယဉ်ကျေးမှုတာဝန်ကိုယူ၍ **လုပ်အားတန်ဘိုး** ချစ်မြတ်နိုးကြသည့်သူများဟု နာမည်ယူနေကြသော **ကျောင်းဆရာနှင့် ဆရာမ**များကလဲ မိမိတို့၏ တပည့်များကို ထိုဂါရဝ မင်္ဂလာကို နားလည်အောင် ပြောပြ၍ အလေ့အကျင့် ရအောင် သွန်သင်ဆုံးမ ညွှန်ပြပေးကြပါ၊ ကိုယ်တိုင်ကလည်း စေတီ ၄-ရပ်နှင့် တကွ ရဟန်းသံဃာ သက်ကြီးရွယ်ရင့် ပုဂ္ဂိုလ်များကို ဝပ်ချပါ၊ ကန်တော့ပါ၊ ရှိသေပါ။

၃။ ရွာနေသူ အိမ်တိုင်း အိမ်တိုင်းရှိ **လူကြီးမိဘ** များကလည်း မိမိတို့၏ သားသမီး၊ မြေး-မြစ် များကို ပိုက်ဆံ ၅-ပြားမှ မကုန်ရဘဲနှင့် ကုသိုလ်ရနိုင်တဲ့ ဂါရဝကုသိုလ်တရားကို နားလည်အောင်မှတ်သား၍ ရဟန်း သံဃာတော်များ အိမ်ကိုကြွလာလျှင် လမ်းမှာတွေ့ရလျှင် ရှိခိုး-ဝပ်ချ ကန်တော့ဘို့ရာ သွန်သင်ကြပါ၊ ကိုယ်တိုင်ကလည်း ၎င်း**ဂါရဝမင်္ဂလာ** ကုသိုလ်ကို အရယူကြပါ။

ယခုလို ဖော်ထုတ်၍ ရေးပြရသည်မှာ ထိုထို ဂါရဝမင်္ဂလာ တရားတော်ကြီးမှာ **၁၃၀၈**-ခုနှစ်လောက်ကစ၍ **တစတစ** ကွယ်ပျောက် လာသည်မှာ ယခုအခါ၌ **လုံးလုံးကွယ်**မလို ဖြစ်နေသောကြောင့် သတိပေးရခြင်း ဖြစ်ပါသည်၊ ဤစာကိုဖတ်နေသူ အသင်-ပြန်၍ သတိပြုစမ်းပါ။

**ယခုအခါ၌ သံဃာအချင်းချင်း** အရိုအသေ ကင်းမဲ့လာပုံ၊ လူအချင်းချင်း **အရိုအသေကင်းမဲ့နေပုံ**တွေကို သင်၏ဘက်တွေ့ပင် ဖြစ်ပါလိမ့်မည်၊ သင်သည် သင့်ကိုယ်ကို သင် မလှည့်စားပါနှင့်။

အမှန်အတိုင်း ဝန်ခံပါ၊ ဒရှင်ကနှင့် တူသေးသလား၊ ဂါရဝ မင်္ဂလာ ကွယ်ပျောက်နေသူတွေဟာ ဘယ်သူတွေလဲ–ဟု ဒိဋ္ဌ သိချင်လျှင် (မှန်တချပ်ကို ထောင်ပြီးကြည့်ပါ၊ ဂါရဝတရား နဲပါးသူ၊ ဂါရဝနှင့်ပတ်သက်ပြီးကုသိုလ် ရမှုကို မသိသူ၊ ယဉ် ကျေးမှုကို မထိန်းသိမ်း တတ်သူ)ရှေးပဝေဏီက အလွန်ချစ်စရာ ကောင်းအောင် ရှေးလူကြီးသူမများက တည်ထောင် ထူထောင် ထားခဲ့သော **ပဝေဏီဝါဒ–ဂါရဝ မင်္ဂလာကြီးကို** ဖျက်ဆီးပစ် နေသူ ဘယ်သူလဲဆိုတာ အဲဒီ **ထောင်ပြီးကြည့်တဲ့ မှန်ချပ်ထဲမှာ** ပေါ်လာပါလိမ့်မည်၊ **အဲဒီ မျက်နှာရှင်ကို** ယဉ်ကျေးအောင် လုပ်ကြပါဟု တောင်းပန်ပါသတည်း။

## ကျေးဇူးရှင်

လောက၌ လောကဟူသမျှ၌ အစဉ်အမြဲ ကျေးဇူးရှင်ဟူ၍ ကျေးဇူးတင်အပ်သော ပုဂ္ဂိုလ် **၅–ဦး** ရှိပါသည်၊ ၎င်းတို့မှာ– ဘုရား– တရား– သံဃာ– ဆရာ– မိဘ–တို့ ဖြစ်ကြပါသည်၊ ထို ၅–ဦးကို မရိုမသေ မလေးမစား ပြုကြသောသူ၊ ပြစ်မှားကြ သောသူတို့မှာ တမလွန် ဘဝ၌ ဒုဂ္ဂတိဘုံဘဝသို့ မုချ ကျရောက် ရပြီးနောက် လူ့ပြည်ကိုပြန်ရောက်၍ လာပါသော်လည်း အနာ ရောဂါ ထူပြောခြင်း၊ နေထိုင်ရာအိမ် စသည်ကို မီးလောင်ခြင်း၊ ရှုံးတတ်ခြင်းစသော မကောင်းကျိုး များကို ဘဝ ဆက်တိုင်း တွေ့ကြုံ ရတတ် ချေသည်။ ယခု ပစ္စက္ခ ဘဝမှာလည်း ၎င်း ၅–မျိုးကို စော်ကားသူများမှာ လူချင်းမတူ သူချင်း မမျှဘဲ ဒုက္ခအဖုံဖုံနှင့် တွေ့ကြုံနေရသူများကိုလည်း တွေ့မြင် ကြရသည် မဟုတ်ပါလော။

ကျေးဇူးရှင်ဆိုသူမှာ ကျေးဇူးတင်အပ်သော ပုဂ္ဂိုလ်များဟု အဓိပ္ပါယ်ရပါသည်။ ကျေးဇူးတင်သည် ဆိုရာ၌လည်း ထိုတင်ရှိနေသော ကျေးဇူးများကို ပြန်လည်ကျေပွန်အောင် ပေးဆပ်ရပါသည်။

**ဥပမာ**–ငွေချေးယူထားသူ တဦးသည် ကြွေးရှင်ကို ငွေပြန်လည် ပေးဆပ်ရ သကဲ့သို့ ကျေးဇူးရှင်ကို ကျေးဇူး ပြန်လည် ပေးဆပ်ရပါသည်၊ မိဘ– ဆရာသမားကို ကျေးဇူး ဆပ်ရာ၌ ထိုမိဘ–ဆရာသမားများ အသက် ရှင်စဉ် မသေခင် အခါ၌ ရေပူ–ရေချမ်း–ကမ်းလှမ်းလျက် ပြုစု စောင့်ရှောက် လုပ်ကျွေးခြင်းကို မုချ ပြုရမည်၊ ထိုသို့ ပြုခြင်းကို ကျေးဇူး ဆပ်သည်ဟု ကျမ်းဂန်များ၌ အတိအကျ ညွှန်ပြထားသည်၊ ၎င်းတို့ သေခါကျမှ အလုပ်ပိုတွေကို ပြုလုပ်မနေသင့်ပေ၊ ထိုသို့ပြုလုပ် နေကြခြင်းကိုလည်း ကျေးဇူးဆပ်နေသည်ဟု ဘုရားလဲမဟော– လူလိုသိတဲ့ လူအများကလဲ မပြောကြချေ။

ယနေ့မျက်မှောက် ဤစာရေးသူတို့ တွေ့ကြုံနေရ၊ တွေ့မြင်နေရသည်မှာ မိဘ–ဆရာသမားများအသက်ရှင်လျက် ရှိစဉ်အခါမှာ ကျွေးမှု၊မွေးမှု၊ပေးမှု၊ကမ်းမှု စောင့်ရှောက်မှုအစရှိသောကျေးဇူး ဆပ်မှုတွေကို ဘာ တခုမျှ မပြုချင်ကြဘဲ မပြုကြဘဲ ၎င်းတို့ သေတဲ့အခါကျမှ သူတကာမြင်ရင် တာကယ်ထင်ရအောင်၊ အမြေ့ရကောင်းအောင် **မငိုသော ရှိုက်သံ**–မထွက်သော မျက်ရည်နှင့် ဟန်ဆောင် ပြုလုပ်လျက် နေကြသည်မှာ အလွန် မလိုလားအပ်သော၊ အလွန်စက်ဆုပ်ဖွယ်ရာကောင်းလှသော ဟန်ဆောင်မှုကြီးတရပ်ဖြစ်ချေသည်၊ ဟန်ဆောင်မှုကို ဗုဒ္ဓက–မကြိုက်သော

ဝါ-လူလိုသိသော လူက မကြိုက်သော **ဝါဒ**-ဆိုးကြီး အစစ်ဟု မှတ်ယူရမည်။

အချို့တို့ကလည်း ဆရာသမား မသေမီက ၎င်း ဆရာကို အမျိုးမျိုးပုန်ကန်၍ ၎င်းဆရာကို သံသယ ရှိပါသည်ဟု ဆိုပြီး ၎င်းဆရာနှင့် ဟင်းတခွက်ထဲတောင် မနှိုက်ချင်အောင် ဆရာကို အောင့်နှလုံးနာနေပါသည်ဟု ဆိုလျက် ၎င်းဆရာ သေသောအခါ အမြတ်ထွက် လာအောင် အလေ့ာင်းကောင်ကို တခမ်းတနား လုပ်နေကြခြင်း လူများမှာလည်း မိဘသေတဲ့အခါ တခမ်းတနား လုပ်နေကြခြင်း များမှာလည်း အများက ငွေဝိုင်းပြီး ကူချင်အောင် ငွေများများ ရလာရင် မြတ်မှာဘဲဟူသော **လောဘသိ** အသိမျိုးနှင့် ပြုလုပ်နေကြခြင်း ဖြစ်သည်ကို အသင်တို့ စဉ်းစား ကြည့်ပါက (**ယာပြင်တွင် ဆင်သွားသလို-လယ်ပြင်တွင် ဆင် သွားသလို**) ထင်ရှား သိကြပါလိမ့်သတည်း။ ထို့ကြောင့် အမိ အဘ-ဆရာမသေ သေးမီနှင့် ရတနာသုံးပါးကို ယနေ့က စ၍-

၁။ ဘုရားဂုဏ်ကို ကျေးဇူး ဆပ်ပါ။
၂။ တရားဂုဏ်ကို ကျေးဇူး ဆပ်ပါ။
၃။ သံဃာဂုဏ်ကို ကျေးဇူး ဆပ်ပါ။
၄။ ဆရာဂုဏ်ကို ကျေးဇူးဆပ်ပါ။
၅။ မိဘဂုဏ်ကို ကျေးဇူး ဆပ်ပါ။

ကျေးဇူးမဆပ်ဘဲ စော်ကားသူ ကံကြီးထိုက်မည်၊ ဘေးဆိုး အမျိုးမျိုးနှင့်မုချတွေ့ရမည်မှာ မလွဲပြီတည်း၊ **ဘုရားစကားတော်** မယုံမရှိနှင့်၊ ပစ္စက္ခမှာ တွေ့ရသော **ဒေဝဒတ်**တို့၊ **စိဉ္စမာန**-တို့ကို ကြားဘူးကြပါလိမ့်မည်၊ အင်္ဂလိပ်လက်ထက်က အမေကို ခားနှင့်

လိုက်သော သားကို မြေမျိုသည် ကိုကော မကြားဘူး ကြပြီ လော၊ ထို့ကြောင့် **အနန္တ ၅-ပါးကို** ကိုယ်တိုင် အသက်ရှင် စဉ်မှာ ဟွင်တွင်ကြီး ကျေးဇူး ဆပ်နိုင်ပါ စေသော်-ဟု ဆုတောင်း အပ်ပါသတည်း။

## အာဂန္တုနှင့် အကုသိုလ်

အာဂန္တု-ဆိုသည်မှာ ခရီးဆိုက်ရောက် လာသော ရောက် လာ၍ တည်းခိုနေသော ပုဂ္ဂိုလ်အားလုံးကို အာဂန္တု-ဟု ခေါ် သည်၊ ၎င်းတွင် မြန်မာ့ဝေါဟာရမှာ ရဟန်းများ လာသည်ကို **အာဂန္တု၊** လူများလာသည်ကို **ဧည့်သည်**-ဟု ခွဲခြား ထားသည်။ ၎င်းအာဂန္တုပုဂ္ဂိုလ်များ အတွက် တဆင့် ခွဲခြား ပြန်သည်မှာ ဂုဏ်ကြီးသော ရဟန်း၊ ဝါတတ်သော ရဟန်း၊ တရားဟော ကောင်းသော ရဟန်း၊ ဝါချကောင်းသော ရဟန်း၊ ရုပ်ချော သောရဟန်း၊ အသံကောင်းသော ရဟန်း၊ စကားပြောကောင်း သောရဟန်း၊ လောကီပညာအမျိုးမျိုးတတ်သောရဟန်း၊ဘုန်းကံ ကြီးမားသော ရဟန်း-စသည်ဖြင့် **အထက်တန်းစား ရဟန်း တမျိုး၊** ၎င်းဂုဏ်တွေအောက် နှံ့နှဲ့ယုတ်သော **အလတ် တန်းစား ရဟန်းတမျိုး၊** ၎င်းအောက်ယုတ်သော တောထွက် ရဟန်းနှင့် ရဟန်းငယ် များကို **အောက်တန်းစား**-ဟု သတ်မှတ်၍ ကြည် ညိုမှု၊ လှူဒါန်းမှု၊ ဆွမ်းအုပ်ပို့မှု များမှာလည်း **များများကြီး အလယ်အလတ် နဲ့နဲ့ ပါးပါးဟု** ၃-မျိုး ၃-စား ခြားနားပြန် လေသည်။

(ဂုဏဝန္တေ့ ပသန္တိ ဇနာ)ဟူသော ပါဠိအတိုင်းဘဲ လူအများ က ဂုဏ်အရှိဆုံး၊ ဘုန်းကံအကြီးမားဆုံး ကိုယ်ကော်များ ရှာသို့

တည်းခို ဆိုက်ရောက်လာသောအခါ ရွာလုံးကျွတ်လိုလို ဆွမ်းပို့လာကြသည်၊ လှူကြသည်၊ မျက်နှာလုပ်ကြသည်၊ အဲဒါ အဆန်းမဟုတ်၊ လူတို့၏ဓမ္မတာပင် ဖြစ်လေသည်။ ဒါပေမဲ့ ထိုအာဂန္တုကြောင့် ထိုဆွမ်းအုပ်ပို့သူတို့မှာ ထိုထိုဒုဂ္ဂတိဘုံ ၅၁၇-ဘုံတို့တွင် တဘုံဘုံသို့ ကျရောက်အောင် ပို့ဆောင် ပေးသော ပါဏာတိပါတ-အကုသိုလ်ဒုစရိုက်ကြီး၊ အားကြီး၊ အများကြီး အရမ်းဖြစ်နေပုံကိုမူကား ထိုအာဂန္တုနှင့် ထိုထိုရွာသားများ မသိရှာကြပေ၊ အလွန် ဝမ်းနည်းဘွယ် ကောင်းသော အချယ်ကြီးပေတည်း။ ထင်ရှားအောင်ရေးပြပါအံ့၊ ထိုဘုန်းကံ ကြီးမားသောနာမည်ကျော် ကိုယ်တော်များ ( **ဈေးမရှိသော** ) ရွာသို့ကြွရောက်လာပြီဆိုပါတော့ ဆွမ်းအုပ်ပေါင်း ၂၀-ပို့တယ် ဆိုပါတော့၊ အဲဒီ ၂၀-ထဲမှာ ကြက်သားဟင်း ပါသော **ဆွမ်းအုပ် ၁၀-အုပ်**ပါတယ် ဆိုပါတော့၊ ဈေးမရှိတော့ အဲဒီ ကြက်သားကိုဘယ်က ရသလဲ **မိုးပေါ်က ကျလာ တာလား**၊ ဘယ်မှာ ဝယ်သလဲ၊ ဆွမ်း ၂-အုပ်ကို ကြက်တကောင်ထက်ပိုပြီး ရော့ပြီး ခွဲနိုင်ဦးမှာလား၊ အဲဒီလို ရှော့ပေါ့ တွက်ထားတာတောင်မှ **ကြက် ၅-ကောင်** တနေ့တွက်တာ အသတ်ခံရပြီ၊အာဂန္တုလာလို့ ကြက်ကအလိုလို သေပေးသလား၊ ၅-ရက်နေရင် **၂၅-ကောင်**၊ တလနေလျှင် **၁၅၀-ကောင်**၊ အဲဒါလောက်တော့ ရှော့ရှော့ပေါ့ပေါ့သေရတဲ့ ကြက်လောက်ဘဲရှိသေး၏၊ ကြက်သဲကြိုက်သူ အတွက်ဆိုရင် လဘက်ရည်အမြည်း အလယ်တယ်ပန်းကန်ကြီးနှင့် တလုံး၊ **ကြက်သဲတွေ- ကြက်သဲတွေ**၊ အဲဒီကိစ္စ ဒုစရိုက်ကြီးကို ရွာသူရွာသား များကကော ထည့်ပြီး စဉ်းစားကြ သေးရဲ့လား၊ ဘုန်းတော် ကြီးတဲ့ ကိုယ်တော်ကြီး များကကော စဉ်းစား

ကြရဲ့လား၊ **စားသူကမူလဲ သတ်သူက ဘူတဟု လယ်တီ ဆရာတော်ဘုရားကြီး**က ဖွင့်ချခဲ့တဲ့ ကျမ်းဂန်တွေ ကိုကော သိကြရဲ့လား၊ အဲဒီကိစ္စကို စားသူကကော စိတ်တူ- သဘောတူ၊ ပါဏာတိပါတ ဖြစ်နေကြောင်း ဘုရားဟော ရှိတာ ကိုကော သတိထားမိကြသတဲ့လား၊ ကြွားသား, မြင်သား, ထင်သား- အစစ်ဖြစ်နေတာ ကိုကော ကိုယ့်ဟာကိုယ် မသိနိုးနှားနှင့် လှည့်စားနေတာကိုကော သိရဲ့လား၊ သိရက်သားနှင့် **မှိန်းတုပ် နေတာကိုကော** သိတဲ့လူက လက်ပိုက်ကြည့်နေပေမဲ့ ဒုစရိုက် အဖြစ်ကတော့**ဘယ်တော့မှ** လက်မပိုက်ဘူး၊ ခွင့်မလွှတ်ဘူး ဟူ၍ မှတ်။

## လက်တွေ့ သာဓက စကား

နှစ်အလွန် မကြာသေးမီက ဤစာရေးသူ ထံသို့ ပုပ္ပါး-တောင်ခြေ ရွာကြီးတရွာမှ ဒကာ ၂-ဦး ရောက်ရှိလာရာ ထိုကိစ္စနှင့် ပတ်သက်၍ စကားစပ်မိလို့ ထိုဒကာများက ပြောပြပုံမှာ တပည့်တော်တို့ရွာကြီးက ပုဂ္ဂိုလ်တပါး စာတတ် နာမည်ကြီးဖြစ်နေတယ် ဘုရား-၊ အဲဒါကို ရွာသား များက သိတော့ ဒို့ရွာသား မြို့မှာတက်ပြီး ကျောင်းကြားနေတာ ဒို့ရွာကြီးသိပ်ပြီး ဂုဏ်ရှိတာဘဲ ဆိုပြီး တရွာလုံးက သိပ်ပြီး ကြည်ညို၊ သိပ်ပြီး မြှောက်စားကြတယ်ဘုရား။

အဲဒီ ကိုယ်တော် ရွာပြန် ရောက်လာလို့ တလလောက် နေသွားရင် "တပည့်တော်တို့ ရွာကြီးမှာ ကြက်တွန်သံတောင် မကြားရတော့ဘူးဘုရား၊ ကြက်တွေ ပြုတ်ပြုတ် ပြုန်းသွားတာဘဲ ဘုရား" ဟု လျှောက်ထား သွားပါသည်၊ စာဖတ်သူ စဉ်းစား စမ်းပါ။

ထို့အတူ လူညွှဲ့သည်မှာလဲ "ရာထူးရှိသူ၊ ပိုက်ဆံ ပေါသူ၊ ရုပ်ချောသူနှင့် မင်းသမီးများ၊ ဆေးဆရာများ" ရွာရောက်လာရင် နေသမျှကာလပတ်လုံး ကြက်သားနှင့် ညွှဲ့ခံကြ၊ လောကွတ်လုပ်ကြ၊ အဲဒါတွေ ခွဲ့ထွင်ရေးပြနေရင် ဆုံးနိုင်ဘွယ် မရှိ၊ ဤကား- ဈေးမရှိသော တောရွာများ အတွက် အာဂန္တုနှင့် ညွှဲ့သည်ကြောင့် ဖြစ်ကြရသော အကုသိုလ်ကိစ္စ **အကျဉ်းမျှသာ** ဖြစ်ပါသတည်း။

## ခံ့တင်သားနှင့် အကုသိုလ်

မြို့နှင့်မနီးသော တောရွာများမှ အလှူ လုပ်ကြသော အခါ မိမိရွာနှင့် အတော်ကွာသော မြို့ပေါ်ရှိ ဝက်သားဆိုင်သို့ သွား၍ **ဝက်သားပိဿာ ၅ဝ၊ ၁ဝဝ၊ ၂ဝဝ၊ ၃ဝဝ**-စသည်ဖြင့် အလှူမှာ ကျွေးဘို့ တောအလှူရှင်က **မြို့အလှူရှင်လဲ အတူတူဘဲ** ဝယ်ယူသောအခါ ထိုအလှူရှင်၌ **ဒုစရိုက်အကုသိုလ် ဖြစ်မဖြစ် စိစစ်ချက်**။

ထိုမြို့ရှိ ဝက်သားရောင်းသူမှာ မြို့နေလူထုဝယ်ယူဘို့ရာအတွက် ဝက်သားကို ဆိုင်မှာ တင်ထားရာ မြို့လူထု မဝယ်ရ သေးမီ တောအလှူဒကာက (မြို့အလှူဒကာက) ခုံပေါ်မှာ တင်ထားသော ဝက်သားကို အကုန်လုံး ဝယ်ယူ သွားသဖြင့် သို့မဟုတ် **တဝက်ကို၊ ၃-ပုံ တပုံကို၊ ၄-ပုံတပုံကို** ဝယ်ယူသွားသဖြင့် အလှူဒကာဝယ်သွားပြီးသည်နှင့် တပြိုင်နက် **မြို့လူထုအတွက်**ရောင်းဘို့ရန် ဝက်သားအစားထိုးဘို့ရာ **ခြံမှာလှောင်ထားသော** နောက်နေ့အတွက် သတ်ဘို့ရာ မှတ်၍ ထားသော ခြံတွင်းရှိ ဝက်ကို သို့မဟုတ် ဝက်သားသယ် ဆိုင်ရှင်နှင့် **ဂျိတ်**လုပ်၍ ထား

သူ၏ဝက်ကို နောက်နေ့ အတွက် မဆိုင်းတော့ဘဲ ခုပေါ်မှာ အစားတင်ရန်၊ အစားထိုး ရှောင်းရန် တကောင်ကို ဖြစ်စေ နှစ်ကောင်၊ သုံးကောင် စသည်ကိုဖြစ်စေ သတ်လေ တော့သည်။ **နောက်တနေ့မှ** သေရမည့်ဝက် **ဒီကနေ့** သေရတော့သည်၊ **တရက်စော**၍ သေရတော့သည်၊ အဲဒီလို တရက်စောပြီး သေရသော ဝက်မှာ ဘယ်သူ့ကြောင့်လဲ၊ ဘယ်သူ၏ ပယောဂ ကြောင့်လဲ၊ (ဤနေရာ၌ ဝက်သားရောင်းသူ၊ ဝက်သတ်သမား၊ အလှူဒကာ၊ သဘောတူယှဉ်တွဲမှုကို ပယောဂ-ဟူ၍ ကောက်ယူရသည်) ဘယ်သူကြောင့် ထိုဝက်သေရသလဲ၊ **အလှူဒကာကြောင့် မဟုတ်ရင်** ဘယ့်သူ့ကြောင့် ဖြစ်နိုင်သေးသလဲ၊ (ကျုပ်ကို ဒီခုပေါ်က ဝက်သားကို ရောင်းလိုက်ပါ၊ မြို့သူ-မြို့သားများ အတွက် ခင်ပျားမှာ ရှိနေတဲ့ဝက် ခင်ပျား ဂိုတ်လုပ်ထားတဲ့လူ့ရဲ့ ဝက်ကို ထပ်ပြီး သတ်ပြီး ရောင်းပါ-ဟု မပြောပေမဲ့ ပြောတာနှင့် ဘာထူးသေးသလဲ။

**ဥပမာ- ဒီ ရေတ်သီး** စပ်ပါတယ်၊ ဒီထုံး ပေါက်ပါတယ် ပြောပြီး အစားခိုင်းရင် ရေတ်သီးကလဲ စပ်မှာဘဲ၊ ထုံးကလဲ ပေါက်မှာဘဲ၊ မပြောဘဲနှင့်ကော မပေါက်ဘူးလား၊ မစပ်ဘူးလား၊ ထို့အတူ ကိုယ့်**ပယောဂ**ကြောင့် သတ္တဝါ (တဦး တယောက်တကောင် တရက်စော၊ နေ့ဝက်စော၊ တနာရီစော၊ နာရီဝက်စော၊ တမိနစ်စော၊ တစက္ကန့်စောပြီး သေရရင် ကိုယ့် ပယောဂမကင်း)လို့ နောက်ထပ် သတ်လိုက်ပါဟု ခိုင်းစေရာ ကျနေသဖြင့် **ဆင့်ပွား ပါဏာတိပါတ တွဲဘက် ပါဏာတိပါတ** ကံတွေ ထမြောက်အောင်မြင်နေသဖြင့်၊ ဒုစရိုက်ပုဒ်မ ၅၂-ပါး ထဲက ရှောင်၍မလွတ်သဖြင့် **ဒုဂ္ဂတိဘုံ ၅၁၇**-ဘုံတို့တွင် တဘုံဘုံသို့

ကျပျောက် ရမည်မှာ သေချာပေါက် မုချ ဖြစ်သောကြောင့် **ဒုံဝင်သားသည် ပုံသက္ကူ မဖြစ်တော့ပေ**၊ ဒုစရိုက်သာ ဖြစ်တော့သည်။

ထိုအလှူဒါနကံသည် **ကဏှကံ**၊ မည်းညစ်သော ကံကြီးဖြစ်၍ ကဏှဝိပါကံ မည်းညစ်သော ဒုဂ္ဂတိဘုံသို့ ရောက်ရ လေသည်ဟု စတုက္ကနိပါတ် အင်္ဂုတ္တိုရ်၌ ဟောတော်မူခဲ့လေသည်။

အဲဒီ ဒါနမျိုးကို **အာရုံပြောင်းပေးရုံနှင့်မရ ဆုတောင်း ရုံနှင့် မရ**၊ အမြောက် အပင့် ခံရတာကို **သာယာနေရုံနှင့်** ဒုစရိုက်က မလွတ်၊ အပါယ်ကမလွတ်၊ သူတပါးက စေတနာသာ ပဓာနပါ ကွာ၊ အပြစ်ကလွတ်နိုင်ပါတယ် ကွာဟု ဟောပေးရုံ ပြောပေး ရုံနှင့် ကိုယ့်မှာလွတ်မသွားပေ၊ သူများဟောတာ ပြောတာကို **မယုံပါနှင့်**၊ **သဘာဝကျကျ**၊ ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားပါ၊ ကိုယ့် ပယောဂကြောင့် ဟကောင်လောက်ထပ်ပြီး သတ်ဦးမှာထင်ပါ ရဲ့ဟု **သံသယကင်း**မရတဲ့ အသားကျွေးအလှူကို မလှူချင့်ပါနှင့်၊ ' တခြားကျွေးပြီး လှူစရာတွေရှိပါတယ်။

ယခု ဤစာတွေကိုဖတ်နေသော အသင်လူသား၊ အသင်သည် အကြောင်းအကျိုးကို သိနိုင်လောက်သော လူဖြစ်လောက်ပါပြီ၊ ဒုစရိုက် ဖြစ်နိုင်လောက်၊ မဖြစ်နိုင်လောက်၊ ကုသိုလ် ဖြစ်နိုင် လောက်၊ မဖြစ်နိုင်လောက်စသည်ကို တွေးဆ ဆင်ခြင်နိုင်လောက် ပါပြီ။

**ငွေကုန်လဲ ခံရသေး**၊ အိပ်ပျက်လဲ ခံရသေး၊ **ဒုက္ခလဲ များရ သေး**၊ **ဒုဂ္ဂတိဘုံကိုလဲ** ရောက်ရသေးဖြစ်တဲ့ ကုသိုလ်ရလိမ့်မယ်ဟု ထင်နေတဲ့ **ငရဲကို** ဝယ်မယူချင်ကြပါနှင့်၊ ငရဲကို ငွေနှင့်မဝယ်ကြ

ပါနှင့်၊ **သားကလေး သက်နိုးဝတ်ထာနှင့်** ပတ်သက်ပြီး ဒုဂ္ဂတိဘုံ ၅၁၇-ဘုံတို့တွင် ထဘုံဘုံထဲသို့ မရောက်ချင်ကြပါနှင့်ဟု အလွန် သနားသော စိတ်ထားဖြင့် တအားကုန် တောင်းပန် လိုက်ပါ သတည်း။

## ငွေကူခံနှင့် အကုသိုလ်

**ဥပမာ**-မွေးချင်း ညီအစ်ကို မောင်နှမ ၈-ယောက် ရှိသည်၊ ဆိုကြပါစို့။ ၎င်းရှစ်ယောက်လုံးတွင် သား ၃-ယောက်စီ ရှိသည် ဆိုကြပါစို့။ အဲဒီ မွေးချင်း ၈-ယောက်တွင် တဦးဦးက သားကို ရှင်ပြုသောအခါ ငွေကူခံ၍ရှင်ပြုရာ **ဒေါင့်ထိုင်** ဆိုပြီး ကျန် မွေးချင်း ၇-ဦးကို ဒေါင့်ထိုင်လိုက်ရာ ထို ၇-ဦးတို့က တဦးလျှင် တရာကျ၊ သို့မဟုတ် ၅၀-ကျ ငွေကူရတော့မည်၊ မကူဘဲမနေ၊ အကြောင်းကား မိမိသားကို ရှင်ပြုသောအခါ **လက်စား** ပြန်၍ ယူရဦးမည်မှာ **ဓမ္မတာ**ကြီးဖြစ်၍ နေသောကြောင့်တည်း၊ ထို ၇-ဦးတို့တွင် ဆင်းရဲသူ ၂-ဦး ပါနေပြီ ဆိုပါတော့ အဲဒီ ၂-ဦးကလဲ အောက်ကျမခံဘဲ ငွေတရာ ထည့်ရတော့မည်၊ ငွေကလည်းမရှိ ပေါင်စရာ ရွှေလဲမရှိ၊ တခြားသူများကလည်း ထိုသူကို မယုံလို့ ဖြစ်စေ၊ မြှော်လင့်ချက်ကင်းနေလို့ ဖြစ်စေ၊ အတိုး ယူရမည်ကို အားနာလို့ဖြစ်စေ မလွယ်ကူလို့ဖြစ်စေ အကြောင်း အမျိုးမျိုး ကြောင့် **ငွေချေးလို့** မရတော့ဘူး ဆိုပါတော့၊ အဲဒီတော့ အဲဒီ ဒေါင့်ထိုင်ပါနေသူမှာ (မွေးချင်းဟုတ်ဟုတ် မဟုတ်ဟုတ် ဒေါင့် ထိုင်ဆိုရင် ငွေများများကူရသော ထုံးစံကြီးဘဲ) ငွေရပေါက် ရှာရတော့မည်၊ မရှာ၍မဖြစ်၊ လက်ငင်းကူရတော့မည်၊ ပရိသတ်

ထဲမှာ မိုက်ခွက်နှင့် ကျေညာတော့မည်၊ အလွန် အရေးကြီးချိန် ဖြစ်နေပြီ။

အဲဒီတော့ အဲဒီအလှူမှာ ဒေါင့်ထိုင်လုပ်ရမည့်သူက အလှူမဝင်ခင်ပင် ငွေရှာထားရသည်၊ ရှာသောအခါ ငွေရပေါက်ကို တွေ့သွားပြီတွေ့ **သွားပုံမှာ** မိမိမွေးထားသော **နွားမအုပ်ထဲက** သို့မဟုတ် နွား ၄-၅-ကောင်ထဲက **တရာတန်** နွားတကောင်ကို **သတ်ပြီး** ရောင်းရတော့မည်၊ သို့မဟုတ် **သတ်သူထံ**သို့ ရောင်းရတော့မည်၊ သို့မဟုတ် နွားဝယ်သူက ငါမသတ်ပါဘူး ကွာ-ဟု သတ်မည်မှန်ပါလျက် **လိမ်ပြောပြီး** ဝယ်သွားသူထံသို့ ရောင်းရတော့မည်၊ ဝယ်သူကလည်း သူ့လက်ထဲ ရောက်လျှင် ရောက်ချင်း သတ်တော့သည်၊ သတ်သည်ကိုလည်းရောင်းလိုက်သူက သိရသည်၊ **ဝက်ကိုလည်း ၎င်းအတိုင်းပင် မှတ်ပါတော့**၊ အဲဒီလို ရောင်းလိုက်လို့ အမဲပေါ်လို့ ဝက်ပေါ်လို့ ရလိုက်တဲ့ ငွေတရာဟာ ဒေါင့်ထိုင်ရသူ၏ **အကုသိုလ်ဖြစ်၊ ပါဏာတိ ပါတကံ ဖြစ်နေတဲ့ ဒုစရိုက်ငွေကြီး** ဖြစ်မသွားပေဘူးလား၊ အဲဒီ ဒေါင့်ထိုင် ကကောသားမျှင်ပြု **အလှူ့ဒကာကြောင့်** ဒေါင့်ထိုင်ရတာ မဟုတ်ဘူးလား။

အဲဒီတော့ ငွေကုန်ခံတဲ့ အလှူဒကာက မူလ၊ ဒေါင့်ထိုင် သူက ဘူတဖြစ်ပြီး သူတို့ ၂-ဦးလုံးကြောင့် နွားသေရ၊ ဝက်သေရတာဟာ အကုအပ့်ခံ လုပ်လို့မဟုတ်ရင် ဘာကြောင့် ဟုတ်ရဦးမှာလဲ၊ ဒီနေရာမှာ ဒီအလှူ့ဒကာဟာ အကူအပံ့ ခံမိတဲ့အတွက် ဆင့်ပွား ပါဏာတိပါတ၊ တဲ့ဘက် ပါဏာတိပါတကံ ထိုက်နေပြီဆိုတာကို (ကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဉပ္ပဇ္ဇတိ)

ဟူသော အဘိဓမ္မာ ပါဠိတော်က **ဒိဂရိချထားပြီး** ဖြစ်သဖြင့် အကုသိုလ် ဖြစ်နေသည်မှာ လယ်ပြင်တွင် ဆင်သွားသလို ထင်ရှားရှိနေပါပြီ၊ (နက်နက်နဲနဲ တွေးစမ်းပါ)။

ကျန်သော မွေးချင်းများက လှူကြသော အခါ ကျန်သော ကိုရင်လောင်းများကို ရှင်ပြုကြသောအခါမှာလည်း ၎င်းနည်း အတိုင်းပင်၊ သားရှင်ပြုဒုစရိုက်တွေ ခြာခြာလယ်၍ နေတော့၏၊ ဒုစရိုက်ရှင်ပြု သံသရာလည်၍ နေတော့၏၊ မွေးချင်းမဟုတ်သူ များကလည်း ထို့အတူ **အကူအပံ့ခံ**-လုပ်ကြ၏၊ မွေးချင်း မရှိ ပေမဲ့ တခြားလူနှင့်ပင် ယခုတွင်ပြောခဲ့တဲ့ အလှူမျိုးကို လုပ်နေ ကြ၏၊ ထိုအခါမျိုး၌ ငွေကူစရာမရှိ၍ ငွေပေါ် လာအောင် နွားပေါ်၊ ဝက်ပေါ်၊ ကြက်ပေါ်၊ သိတ်ပေါ် ပေါ်၍ သတ်၍ ရသောငွေနှင့် လက်စားချေ၊ ငွေကူနေရသော အလှူမျိုးတွေမှာ ဒုနှင့် ဒေးရှိနေသည်ကို ငါတို့အမြင်၊ ငါတို့ လက်တွေ့၊ သင်တို့ အမြင်၊ သင်တို့လက်ပတွလည်း ဖြစ်နေပါပြီ။ (အသင် မသိချင် ယောင် မဆောင်ချင်ပါနှင့်)။

ထို့ကြောင့် မိမိ၏ ပယောဂမကင်း၊ အကုသိုလ် မကင်း၊ အမျှော်မကင်း ငါက ထည့်ရတုန်းကတော့ ၅၀-ထည့်ထားပါ လျက်နှင့် ယခု ငါလှူတဲ့အခါကျတော့ ၂၅-ကျပ်ထည်း ပြန်လှူ တယ်ကွာ၊ ဟင်း-ဒီအကောင် တော့လား စသည်ဖြင့် မကျေ နပ်မှုမကင်း၊ **ဒေါသစိတ်**မကင်း၊ **လောဘစိတ်**မကင်း၊ **မောဟ စိတ်**မကင်းသော **ကုသိုလ်ဟု** ထင်ပြီး ပြုနေပေမဲ့ **အကုသိုလ်**စစ်စစ် ဖြစ်နေသော ဒုစရိုက်ပုဒ်မ ၅၂-ထဲက ရှောင်၍ မလွတ်သော ဒုဂ္ဂတိ ၅၁၇-ဘုံက ပုန်း၍မလွတ်နိုင်သော ငွေကူ ခံမှုကြောင့်

ဖြစ်ရမည့် အကုသိုလ် ဒုစရိုက် အလှူပွဲမျိုးကို **ဗုဒ္ဓဘာသာပီပီ** ရှောင်ရှားကြပြီးလျှင် ဒုက္ခလဲနဲ့ ဘုရားလဲကြိုက်သော သားရှင်ပြု အလှူမျိုးကို ကိုယ်နိုင်သလောက် ပကာသနမဘာက်၊ အကုသိုလ် မဘာက်ဘဲ ပြုလုပ်နိုင်ကြပါစေ သတည်းဟု ဤစာကို ရေးသူက **မေတ္တာ**ကို ရှေးထား၊ **ကရုဏာ**ကိုရှေးထား၍ **အလှူ့ဒကာတွေကို** အကြီးအကျယ်သနား၍ များများကြီး မေတ္တာရပ် တောင်းပန် လိုက်ပါကြောင်း၊ စာတွေကို သေသေ ချာချာ ဖတ်၍ ကျကျ နန စဉ်းစားပါ၊ ဟုတ်မှန်ရာကိုလဲ လိုက်နာကြပါကုန်။

**သတိပြုရန်။** ။အာဂန္တုကြောင့် အကုသိုလ်ခံတင်သားကြောင့် အကုသိုလ်၊ ငွေကုန်ခံကြောင့် အကုသိုလ်ဟု **ဟိတ်နှင့်** ရေးသင့် သော်လည်း ဤနေရာ၌ နှင့်ဟု ရေးလိုက် ခြင်းမှာ **နှင့်က ဟိတ်လောက်မက သဟာဒိယောဂ** အတူ တကွ အကုသိုလ် ဖြစ်နေပြီ- ဟူသော အဓိပ္ပါယ်ကို ပေါ်လွင်စေလို၍ အာဂန္တုနှင့်ဟူ-**နှင့် ဟူသော သဟာဒိယောဂ အနက်ပေးနည်း**ကို ရေးပြ ထားသည်ဟု မှတ်ကြပါ။

## အ,၅-လုံး ကျေပါစေ

၁။ **အရေး-**

၂။ **အဖတ်-**

၃။ **အတွက်-**

၄။ **အမြင်မှန်**

၅။ **အလိမ္မာ-**

## အထူးသိရန်

အရေး–အဖတ်–အတွက်–ဟူသော အ, သုံးလုံး ကျေရုံနှင့် ကုသိုလ်မှု၊ အကုသိုလ်မှု၊ ကောင်းကျိုး၊ ဆိုးကျိုး၊ တမလွန် နောင်ကျိုးကို ဘယ်လိုမှ မသိနိုင်သေး၊ အရေး–အဖတ်–အတွက် ၎င်း သုံးမျိုးမှာ သာသနာပ အခါ မှာလဲ အမြဲ ရှိနေသော အတတ်သာဖြစ်သည်၊ မိစ္ဆာဒိဋ္ဌိဟူသမျှမှာလည်း ၎င်းသုံးမျိုးကို သိကြသည်ချည်းသာ ဖြစ်သည်၊ တမလွန်နောင်ကျိုး အတွက်ကို မှုကား အမြင်မှန်ကို ရပါမှ ဝါ–ကုသိုလ်ကို ကုသိုလ်ဟု၊ အကု သိုလ်ကို အကုသိုလ်ဟု မြင်ပါမှ ဝါ–အပါယ် ၄–ဘုံ ရှိတယ်၊ ဒုဂ္ဂတိဘုံ ၅၁၇–ဘုံရှိတယ်၊ လူ့ဘုံရှိတယ်၊ နတ်ပြည် ၆–ထပ် ရှိတယ်၊ ဗြဟ္မာ ၂၀–ရှိတယ်၊ နိဗ္ဗာန်ရှိတယ်၊ အဲဒီ ဘုံတွေကို ရောက်စေတတ်တဲ့ အကုသိုလ်ရှိတယ်၊ ကာမ ကုသိုလ် ရှိတယ်၊ ရူပကုသိုလ်ရှိတယ်၊ အရူပကုသိုလ်ရှိတယ်၊ လောကုတ္တရာကုသိုလ် ရှိတယ်ဟု မြင်ပါမှ အမြင်မှန်ပါမှ၊ အဲဒီ အမြင်မှန် ခေါ်တဲ့ **အ**,ကျေပါမှ အလိမ္မာခေါ်တဲ့ **အ**, တလုံးကလဲ အဲဒီ အဆိုး၊ အကောင်း၊ အကျိုး အကြောင်းတွေကို အမှန်အတိုင်း မြင်ပြီး နောက် ၎င်းအတိုင်း ဂတိကောင်း၊ ဘဝကောင်း၊ ဘဝချုပ်ရာ အကောင်းဆုံး နိဗ္ဗာန်ကို ရောက်လောက်အောင် မကောင်းမှု အမိုက်တရားတွေ ပယ်ရှားနိုင်တဲ့ **လူလိမ္မာ၊** အလိမ္မာ–ဖြစ်ပါမှ **အလိမ္မာ**–ခေါ်တဲ့ **အ, တလုံး**လဲ ကျေပါမှ ဘဝကောင်းကို ရောက်ရမည်၊ ဘဝချုပ်ရာကို ရောက်ရမည်ဟု သိ။

လိုရင်းမှာ အရေး–အဖတ်–အတွက်–ဟူသော အ,သုံးလုံးမှာ မိစ္ဆာဒိဋ္ဌိနှင့်ရော၊ လူမိုက်နှင့်ရော၊ လူကောင်းနှင့်ရော ဆက်ဆံတဲ့ ၎င်းပုဂ္ဂိုလ် ၃–မျိုးလုံးက ပိုင်ဆိုင်နိုင်တဲ့ **အ**,သုံးလုံး ဖြစ်ပေသည်။

အမြင်မှန်နှင့် အလိမ္မာဟူသော **အာ ၂-လုံး**မှာ လောကီ လောကုတ္တရာ ကုသိုလ် အကုသိုလ် တမလွန်ရှိ၊ **ငရဲ**ရှိ တိရစ္ဆာန်ရှိ၊ ပြိတ္တာရှိ၊ အသူရကာယ်ရှိ၊ **လူ့** ဘုံရှိ၊ **နတ်** ဘုံရှိ၊ **ဗြဟ္မာ** ဘုံရှိ၊ နိဗ္ဗာန်ရှိဟု အရှိကို-အရှိအတိုင်း မြင်နိုင်သော တကယ့်ပညာရှိ၊ မှတ်ကျောက်တင် ခံနိုင်သော ပညာရှိ၊ အရာရာကို ဝေဘန် တတ်သောပညာရှိ၊ စိတ်ကောင်းရှိသော ပညာရှိ၊ လိမ္မာသော ပညာရှိ၊ ညာတာ သနားတတ်သောပညာရှိ၊ အမှန်ကို ညွှန်ပြ နိုင်သောပညာရှိ၊ အမှန်ကို ပြောရဲသော ပညာရှိ၊ အမှန်ကို လုပ်ရဲသော ပညာရှိ၊ အတိုချုပ် ပြောရမည် ရုပ်နာမ်ကို ကွဲကွဲ ပြားပြား ခွဲခွဲ ခြားခြား သိသော ပညာရှိ၊ **ခန္ဓာ-အာယ တနဓာတ်သစ္စာ**တို့ကို သိမြင်နိုင်သော ပညာရှိ-စသော ပညာရှိ ပုဂ္ဂိုလ်များမှသာလျှင် အမြင်မှန်၊ အလိမ္မာဟူသော အာ ၂-လုံးကို ရနိုင်၊ ပိုင်နိုင်ပါသည်။

ဂုင်းအာ ၂-လုံးကိုပိုင်သူမှာ အရေး့အဖတ့်အတွက် ဟူသော အာ့သုံးလုံးကလေး၊ တဘဝစာ အာ့ သုံးလုံးကလေး၊ တမလွန် ဆို၍ ဘာတခုမှ မပါသော၊ နောင်အတွက် ဘာကိုမှ မသိရ သော ရေးတတ်ရုံ၊ ဖတ်တတ်ရုံ၊ တွက်တတ်ရုံ အာ့ သုံးလုံး ကလေးကိုမူကား သင်ကြားခဲ့လျှင် စိစိညက်ညက် ကျေအောင် တတ်မြောက်ဘို့ရာ မခဲယဉ်းတော့ပေ၊ အရေး-အဖတ်-အတွက် လောက်နှင့် ကျေနပ်နေသူများမှာသာ အမြင်မှန်နှင့် အလိမ္မာ ဟူသော နောက်ထပ် **အာ့ ၂-လုံး**ကို နှံနှံမှ မသိကြသဖြင့် ထိုသူ များအတွက် အမြင်မှန်၊ အလိမ္မာ **အာ့ ၂-လုံး တိုးလာပါစေ**ဟု ရည်သန်၍ ဤစာအုပ်ကို ထုတ်ဝေလိုက်ပါသတည်း၊ **အာ့ ၃-လုံး ကျေကြပါစေသတည်း**။

# ကံကြီး လေးကံ

၁။ **ကံမဲကြီး**–ပါဏာတိပါတအစ မိစ္ဆာဒိဋ္ဌိ အဆုံးရှိသော ဒုစရိုက် အကုသိုလ်ကံတွေ၊ မကောင်းမှုတွေကို ကံမဲကြီး တွေဟူ၍မှတ်၊ ၎င်းကံမဲကြီးတွေကို ကျူးလွန် ကြတဲ့ သတ္တဝါမှန်သမျှ သူ့အတိုင်း အတာ အတိုင်း ဒုဂ္ဂတိဘုံ ၅၁၇–ဘုံတို့တွင် တဘုံဘုံကို မုချရောက်၏။

၂။ **ကံကြောင်ကြီး**–မဇ္ဇဒါန အစ ရှိသော မကောင်းမှု အမျိုးမျိုးနှင့် နွား, ဝက်, ကြက်, ဆိတ်, ဘဲ–စသည်ကို သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းသော အလှူ အမျိုးမျိုး တွေကို ပြုလုပ်နေကြသူများကို **ကံ**ကြောင်ကို ပြုလုပ် နေသူများဟု ဘုရားဟောတော်မူသည်၊ ထိုသူများသည် နောင်တမလွန်ဘဝ၌ အသုရကာယ်ဘုံကို မုချကျရောက် ရလေသည်။

၃။ **ကံဖြူကြီး**–လောကီကုသိုလ်ဖြစ်တဲ့ ကာမကုသိုလ်၊ ရူပ ကုသိုလ်၊ အရူပကုသိုလ်ကို ပကာသနမပါ၊ ပွဲလမ်းမပါ၊ သတ်ဖြတ်မှုမပါ ပုံသုကူစစ်စစ်နှင့်လှူဒါန်းမှု အမျိုးမျိုးကို ကံဖြူဟု ခေါ်သည်၊ ထိုသူများသည် လူ့ဘုံ–နတ်ဘုံ– ဗြဟ္မာဘုံသို့ သွားရောက်ရသည်။

၄။ **ကံကြည်ကြီး**–မဂ်တရားကို ရအောင်ကျင့်မှုကို ကံကြည် ဟု ဆိုသည်၊ ၎င်းကံကို အောင်မြင်အောင် ပြုလုပ်သူ များသည် အနာဂါမ်ဘဝ၌ **သုဒ္ဓါဝါသ ၅–ဘုံ**ရဟန္တာ ဖြစ်သွားလျှင် နိဗ္ဗာန်ဘုံသို့ ရောက်ရသည်။

## စိစစ်ချက်

**ယခုကာလ-** လူကြသော အလူ များသည် ကံမဲကြီးနှင့် ကံကြောင်ကြီးများသာ ဖြစ်လေသည်၊ သူတို့ အထင်ကတော့ ကံဖြူဘဲ-ကံကြည်ဘဲဟု ထင်ကြသည်၊ နိဗ္ဗာန်ကိုတော့ **ဘိတ်စာ ထဲ**ကဆုတောင်းကြသည်၊ စိတ်ကလဲ ဆုမတောင်းသည်ဟု ပြောကြသည်၊ ရပ်ါလိမ့်မယ် ဟုလည်း ထင်ကြသည်၊ ဒါပေမဲ့ အဲဒီ အလှူရှင်တွေသေတဲ့အခါ အသုရကာယ်ဘုံကို ကျရောက်ကြဘို့ရာ သေချာလှတော့သည်၊ ထိုသူ ထိုသူ များသည် မကောင်းမှုကို လှုလှ ပပ လုပ်နိုင်တာနှင့်၊ ဘုန်းကြီးကို များများ လှုနိုင်တာနှင့် မစင်ကြယ်တဲ့၊ ပါဏာတိပါတမကင်းတဲ့၊ အသားတွေနှင့် လူ-ရှင်-ရဟန်းကို လှုဒါန်း ကျွေးမွေးနိုင်တာနှင့် သိုက်သိုက် ဝန်းဝန်း ခမ်းခမ်း နားနား ကြီးကြီး ကျယ်ကျယ် ငွေကုန်ခံပြီး ပွဲလုပ်နိုင်တာနှင့် ငါလုပ်ထာ မှန်နေပြီ ကုသိုလ်တွေ အများကြီး၊ အားကြီးရနေပြီ၊ ငါလိုလူ ရှိသေးရဲ့လား၊ ငါ့အတွက် အပါယ် တံခါးပိတ်ပြီးပြီဟု အထင်ကြီးနေကြသည်၊ အားပေး ပြောဟောသူ **ဓမ္မကထိက**-များကလဲ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်လောက်ကို ရောက်ဘို့ရာ ကတော့ သေချာ ပြီးသားပါ၊ နိဗ္ဗာန်ကိုတောင် ဆုတောင်းရင် ရောက်ထာဘဲ ရတာဘဲဟု အရောက်ပို့ပို့ထားကြတော့ ထိုသူ ထိုသူ အလှူဒကာတွေ၊ ဒကာမတွေက အားကြီး၊ အများကြီး၊ အကြီး အကျယ် ကျေနပ်နေကြသည်။

ဒါပေမဲ့ သကြားမှတ်လို့ ဆားတွေကိုဝယ်လာတဲ့ သူတွေလို၊ ရွှေအစစ်မှတ်လို့ ရွှေရေစိမ်ရွှေလိမ်တွေကို ဝယ်လာတဲ့ သူတွေလို၊

စိန်အစစ်မှတ်လို့ စိန်အတုကို ဝယ်လာမိတဲ့ သူတွေကို **သကြားနှင့်ဆား-ရွှေအတုနှင့်** ရွှေအစစ်၊ စိန်အတုနှင့် စိန်အစစ်၊ အထည်အတုနှင့် အထည်အစစ်များသလို ကုသိုလ်အစစ်နှင့် ကုသိုလ်အတုများနေကြတာကို လားလားမှမသိရှာကြသဖြင့် ထင်မိ ထင်ရာထင်သလို ပြုလုပ်နေကြတဲ့ ပုဂ္ဂိုလ်များ အတွက် ဤနေရာကအင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားခဲ့တဲ့ ကံကြီး လေးကံကို နဲနဲပါးပါး ဖော်ထုတ်၍ ပြလိုက်ပါသည်။

အဲဒီ ဘုရားဟော စာတွေ၊ ဘိဒိုတွေ၊ စာအုပ်တွေထဲမှာရှိလေရဲ့ မယုံလျှင် သွား၍ကြည့်ကြပါလေ၊ အကိုးအကား ပါဠိတော်တွေကို ဒီစာအုပ် ကလေးမှာ ရေးပြနေရလျှင် မဆုံးနိုင်မည်ကိုစိုးသောကြောင့် ဒီတွင်ဘဲ ဒီကိစ္စကို ရပ်နား လိုက်ပါပြီ၊ မကျေနပ်လျှင် ကိုယ့်ဆရာ သမားတွေကို မေးလျှောက်ကြည့်၊ ဒီလိုမှ မဟုတ်ရင် စာအုပ်တွေကိုတောင်းပြီးကြည့်၊ ဒီလိုမှ မဟုတ်သေးရင် **ဒီစာအုပ်**ကိုဘဲ ထပ်ပြီး ဖတ်ကြည့်ကြပါကုန်။

## ဆွမ်းသွတ်ပုံ နည်းစံနစ်အမှန်

သေသောသူနှင့်ပတ်သက်၍ ၁-ဝေဒဝါဒ၊ ၂-နတ္ထိကဝါဒ၊ ၃-ပုရောဏဝါဒ၊ ၄-ဗုဒ္ဓဝါဒ-ဟူ၍ ဝါဒကြီး ၄-မျိုးရှိသည်။

ထို ၄-မျိုးတို့တွင် ဝေဒဝါဒနှင့် နတ္ထိကဝါဒ ရှိနေသူတို့မှာသေသူအတွက်ရည်မှန်း၍ ဘာတခုကိုမှပြုလုပ်နေစရာမလို၊ ပြုလုပ်လှူဒါန်း၍ အမျှအတမ်းပေးဝေသော်လည်း သေသောသူကမရနိုင်တော့ပါဘူးဟု တထစ်ကျ မှတ်သား၍ထားသော အယူအဆမှာမိစ္ဆာဒိဋ္ဌိများ၏ အယူဝါဒဆိုးကြီး ဖြစ်လေသည်။ ပုရောဏဝါဒမှာလည်း လူမသေမီ အသဲအသန် ဖြစ်နေတုန်းမှာ အခန်းရှေ့

ပြောင်းသောဝါဒ (ဤဝါဒမှာ လူမမာက မည်မျှ အားငယ်သွားမည်နည်း၊ စဉ်းစားစမ်းပါ၊အလွန်ဆိုးဝါးယုတ်မာ စုတ်ချာသော လူမဆန်သောဝါဒ ကရုဏာ ကင်းမဲ့လွန်းသော ဝါဒဆိုးကြီးဖြစ်လေသည်)၊ လက္ကူး၍ မထားကောင်းဘူးဟူသောဝါဒ, လူသေနှင့် ပတ်သက်၍ ပြုလုပ်ထားသော မဏ္ဍပ်ကန္နားဖျဉ်းများကို မသာမချခင် ဖျက်ပစ်ရမည်၊ ထိုမဏ္ဍပ်စသည်ကို သင်းချိုင်းသို့ သွား၍ ပို့ပစ်ရမည် ဆိုသော ဝါဒ,အစိမ်းသေနှင့် အနာကြီး ရောဂါကြောင့်နူ၍ သေသောသူ (အစိမ်းသေ ဆိုသည်မှာ လက်နက်အမျိုးမျိုးနှင့်သေသောသူ,သစ်ပင်ပေါ်ကကျ၍သေသောသူ,ရေနစ်၍ သေသောသူဟု မှတ်ယူကြသည်)။ ကိုယ်ဖော ကိုယ်ရောင်ရောဂါကြောင့် သေသောသူ, ၎င်းသူများအတွက် ဆွမ်းမသွတ်ကောင်းဘူး ဆိုသောဝါဒ, လူသေကောင်နှင့် အိမ်ခါးပန်း မထိကောင်းဘူးဟူသော ဝါဒ,လူသေကို မြှုပ်နှံထားသော မြေပုံပေါ်တွဲ့တွဲ့မှာ ထမင်း,ရေ,ဆေးလိပ် စသည်များကို သွားပြီးတင်ထားရမည် ဆိုသော ဝါဒ, ၎င်းဝါဒ အားလုံးကို သက္ကဋ္ဌကျမ်းက ကာဗျဟုခေါ်၍ ဟိန္ဒူများက ကုဗ္ဗိး ထမင်းပေးသည်၊ မြန်မာများက ကုတ်ဟီးထမင်းပေးသည်ဟု ဆိုကြ၏၊ ပါဠိလိုက အယျဝေါဿဋ္ဌိက-မတကဘတ္တ-ပိတုဒန-ပိတုပိဏ္ဍသဒ္ဓ ဟု ဆိုသည်၊ လူသေပြီးနောက် ၇-ရက် အတွင်းမှာ အိမ်အတွင်း ရွာအတွင်း ခြံအတွင်းထဲမှာ နေသေးသည် ရှိသေးသည် ဟူသော အန္တရာဘဝကလေး ရှိသေးကြောင်း ပြောဆိုကြသည်၊ တချို့ အရပ်များမှာ အိမ်ခေါင်မိုးကိုပင် ဖောက်ပစ်လိုက်သေးသည်၊ ၎င်း အယူဝါဒ အကုန်လုံးကိုပင် မိစ္ဆာအယူတွေ, ဝါဒသမားတွေ, တရားမဝင်တဲ့ ဝါဒတွေ မတရားဝါဒတွေဟူ၍ ကထာဝတ္ထုပါဠိတော်၌ ပြတ်ပြတ်

သွားသွား ဟောကြားတော်မူခဲ့သည်။ (ကြပ်ကြပ် စဉ်းစား၍ ပြင်လိုက်ကြပါ)။

## ဗုဒ္ဓဝါဒ အစစ်အမှန်ကား

အတ္တတ္ထမနုပေက္ခိတွာ ပရတ္ထံ ဒီယတေ၊ ယတော ကရုဏာကတညုတာစ ယာဂါပတ္တိဒါနဝိသေသကံ- ဟူသော ဥပါသကဇနာလင်္ကာရကျမ်းကို ထောက်၍ မိမိ၏ အကျိုးကို နဲနဲမှ မငဲ့မကွက်ဘဲ အမျှပေးဝေရမည်၊ လှူသပြီးနောက် သေသူကို ရည်မှန်း၍ အခွင့်သင့်သော နေ့ရက်မှာ ဒါနကို ပြု၍ အမျှဝေရမည်၊ ဘယ်နေ့ ဘယ်ရက်မှာမှ ပြုလုပ်ရမည် ပြုလုပ် ကောင်းသည်ဟု **ကျမ်းဂန်၌** မရှိ။

ပရဒတ္တုပ ပြိတ္တာမျှားမှာ ၇-ရက် အတွင်း၌ ပေးလှူ အမျှဝေ၍ ကျွတ်လွတ်နိုင်ကြောင်းကို လောကဒီပက ကျမ်းက ဆို၏၊ ၎င်းအဆိုအရ ၇-ရက်မှ ပြုကောင်းသည်၊ ရက်လည်ပြီး ရက်လည်ဆွမ်းဟု စွဲယူနေကြ၏၊ အစွဲသန်နေကြ၏ ပြုလုပ်ကြလဲ ဘာတခုမှ စည်းစံနစ် မကျ စည်းကမ်း မရှိ၊ ဘုရား အလိုတော်လဲ မကျ၊ ဘုရားအလိုတော်လဲ မဟုတ်၊ မြတ်စွာဘုရား၏ အလိုတော်မှာ စည်းစံနစ် မှန်ကန်ဘို့ကသာ လိုရင်း ပဓာန ဖြစ်ပါသည်၊ ရှင်းလင်း၍ ပြပါအံ့။ သတိကြီးကြီး ထားစမ်းပါ။

## အမျှပေးဝေရာမှာလည်း

(၁) သီလ ရှိသော ရဟန်း သီလရှိသော လူ ဥပါသကာ ဥပါသိကာမ ဟူသော အလှူခံမျိုးကို လှူရလျှင်ပင် ထိုကိစ္စ ပြီးစီးနိုင်ကြောင်း ခတ္တာတိယပေတဝတ္ထုကို ထောက်၍သိကြပါဦး။

**သီဟိုဠ်ကျွန်း** ဝစ္စမာနအရပ်က မုဆိုးကြီးတယောက် သေ၍ ဆွမ်းသွတ်ရာ၌ သီလ မရှိသော ဒုဿီလရဟန်းကြီး ပင့်၍ ဆွမ်း သွတ်မိသဖြင့် သုံးကြိမ်တိုင်တိုင် ဆွမ်းသွတ်ရာ နောက်ဆုံးအကြိမ် ၌ မုဆိုး ပြိတ္တာကြီးက ဒုဿီလရဟန်းကြီး ငါ့ကို လုယက်ဖျက်ဆီး နေပါတယ်-ဟု အော်ဟစ်ဘူးကြောင်း **ဥပရိပဏ္ဏာသ** အဋ္ဌကထာ ဒက္ခိဏာဝိဘင်္ဂ သုတ်၌ လာသည်ကိုလည်း သတိပြုကြပါဦး။

(၂) သီလရှိသော ရဟန်းထံ၌ သီလကို ခံယူပြီး လှူဒါန်းမှ အကျိုးပြီးစီးသည်။

(၃) တရားသဖြင့် ရသော ပစ္စည်းလည်း ဖြစ်ရမည်၊ ရဟန်း များသုံးဆောင်ထိုက် သုံးဆောင်ကောင်း သုံးဆောင်အပ်သော ပစ္စည်းဖြစ်စေရမည်။

(၁) ဆွမ်းဆွမ်းဟင်း၊ (၂)ရေ၊ (၃)အဝတ် ဖျာစသည် ၎င်း သုံးမျိုးကို အနည်းဆုံး ထား၍ လှူဒါန်းပါမှ သေသော သူမှာ အကျိုး ခံစားရသည်၊ ၎င်း သုံးမျိုးကို သုံးစမျိုးလုံး ပါအောင် မလှူဒါန်းလျှင်သေသောသူမှာ အကျိုးမခံစားရတော့ပေ၊ ပြုလုပ် သူမှာလည်းဝတ္တရား မကျေတော့ပေ၊ မြတ်စွာဘုရား၏ အလို တော်လည်းမကျတော့ပေ။

အို **ဗုဒ္ဓဘာသာ**ပါလို့ ဝန်ခံပြီး နေကြပါလျက် တော်ရုံ ရော်ရုံ အိမ်နီးချင်း ရှိသေရုံ ထုံးစံရှိနေလို့သာ ရိုးရာအတိုင်း သမန်ကာ ရှမ်းကာနှင့် ဆွမ်းသွတ်မှုကို ပြုပြုနေကြတဲ့ **အတုအပ** သမားတို့ရဲ့ ပေတဒီ ဝတ္ထုများကိုလဲ သေသေ ချာချာ ကြည့်ကြစမ်းပါဦး၊ ကြည့်ပြီးတဲ့နောက် ရိုးရာကို ဖျောက်ပြီး ရိုးရာကို တော်လှန်ပြီး တင်းပြည့် ကျပ်ပြည့် ဖြစ်အောင် စည်းကမ်းနှင့် စံနစ်ကျအောင် ပြင်ပြင်ပြီး ပြုလုပ်ကြစမ်းပါဦး-

ဗိမ္ဗိသာရ မင်းကြီး၏ အမျိုးဖြစ်တဲ့ ပြိတ္တာတွေ အတွက် ဆွမ်းဟင်း ဆွမ်းနှင့် ရေကိုသာ လှူဒါန်းပြီး ဆွမ်းသွတ်အမျှဝေလိုက်ရုံမျှနှင့်အဲဒီ ပြိတ္တာတွေ ပြိတ္တာဘဝက မကျွတ်လွတ်သေးသဖြင့် နောက်ထပ် သင်္ကန်းကို ထပ်ပြီးလှူဒါန်း၍ အမျှဝေမှ ပြိတ္တာဘဝက ကျွတ်လွတ်သွားကြောင်းကို ဓမ္မပဒ အဋ္ဌကထာ အဂ္ဂသာဝက ဝတ္ထုဤ လာသည်ကိုလည်း သတိပြုကြစမ်းပါဦး။

ငါးပြင် အရှင် သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ဆွမ်းတဆုပ် ရေတမှုတ် ပုဆိုးပိုင်း တတောင်ခန့်ကို ရဟန်းတပါးကို လှူ၍ (ပြိတ္တာမကြီး အတွက်) ဆွမ်းသွတ်သဖြင့် ပြိတ္တာမကြီး ချမ်းသာရာ ရဘူးကြောင်း သံသာရမောစက ပေတဝတ္ထုဤ လာသည်ကိုလည်း အထောက် အထားပြုကြပါဦး၊ သုံးမျိုးလုံး စုံအောင် မပြုကြဘဲ တော်ရုံ ရော်ရုံ သမန်ကာ ရုံကာဲ ဆွမ်းသွတ်ကြသဖြင့် ပြိတ္တာတွေ မကျွတ်တဲ့ ဝတ္ထုတွေ အများကြီး ရှိနေသေး၏၊ ဤစာအုပ် ကြီးသွားမည်စိုး၍ ထုတ်မပြနိုင်တော့ပါ။

**အမျှ ဝေရာ၌ အောင်ဟစ်ရပုံ နည်း စံနစ် အမှန်မှာလည်း**

(က) ရေစက် ချမည့်သူက မတ်တတ် ရပ်၍ ဖြစ်စေ၊ ပုဆစ်တုပ်၍ ဖြစ်စေ၊ ဆွမ်းသပိတ်ကို လက်နှင့်ကိုင်၍ ထိ၍ထားပြီးလျှင် "ဤအလှူဒါနဖြစ်သော ဆွမ်းနှင့် ဆွမ်းဟင်းသည် ဘဝတပါးသို့ ပြောင်းသွားရသော (ကိုမဲ)အတွက် ဖြစ်ပါသည်" ဤ ဆွမ်းနှင့် ဆွမ်းဟင်းဒါနကုသိုလ် အဘိုကို ဘဝတပါး ပြောင်းသွားသော (ကိုမဲ)ကို ရည်မှန်း၍ လှူဒါန်းပါသည် ဟု ဆို၍ သပိတ်ကို ကပ်လိုက်ပါ။

(ခ) အထက်နည်းအတိုင်း ရေခွက်ကို လက်နှင့်ကိုင်၍ ထိ၍ "ဤအလှူဒါန ဖြစ်သော ရေသည် ဘဝတပါးသို့ ပြောင်းသွား

ရသော (ကိုမဲ)အတွက် ဖြစ်ပါသည်” ဤ ရေဒါန ကုသိုလ်အဘို့ ကို ဘဝတပါးသို့ ပြောင်းသွားရသော (ကိုမဲ)ကို ရည်မှန်း၍ လှူဒါန်းပါသည်) ဟု ဆို၍ ကပ်လိုက်ပါ။

(ဂ) အထက်နည်းအတိုင်း သင်္ကန်းကိုကိုင်၍ ဤအလှူဒါန ဖြစ်သောသင်္ကန်းသည် ဘဝတပါးသို့ပြောင်းသွားရသော(ကိုမဲ) အတွက် ဖြစ်ပါသည်၊ ဤသင်္ကန်း ဒါနကုသိုလ်အဘို့ကို ဘဝ တပါးသို့ ပြောင်းသွားရသော (ကိုမဲ) ကို ရည်မှန်း၍ လှူဒါန်း ပါသည်ဆို၍ ကပ်လိုက်ပါ၊ (ဘုန်းကြီးကို ကပ်ရမည်၊ သို့မဟုတ် ကိုရင်ကို ကပ်ရမည်) ယခု ပြခဲ့ပြီးသော အလှူဝတ္ထု ၃-မျိုးနှင့် စကား ၃-မျိုးကို သိလ ခံယူပြီးလျှင် ပြီးချင်း တရား မဟောမီ၊ ရေစက်မချမီ၊ ပရိတ်မရွတ်မီ၊ ပရိသတ်ကို တိုင်တည်သည့်အနေ မျိုးသို့ ရောက်အောင် သေသူ၏ နာမည်ကို ပီပီသသ ဖော်ထုတ်၍ အသံကျယ်ကျယ် ပြတ်ပြတ်သားသားနှင့် အော်ဟစ်တိုင်တည် ထားရမည်၊ အဲဒီလို ကာယကံရှင်က ပြုဘွယ်ကိစ္စကို ပြုပြီးသော အခါ ရဟန်းများက ထိုက်သင့်သော တရားကို ဟောပြပါ လိမ့်မည်၊ တရားဟောပြီးလျှင် ပြီးချင်း ရေစက်ချပါလိမ့်မည်။

**မှတ်ချက်**-တရားဟော ရေစက်ချ အမျှဝေ၍ မပြီးသေမီ ပရိတ် မရွတ်ပါနှင့်ဦး၊ ဘာကြောင့်လဲဆိုလျှင် အမျှမဝေ ရသေးဘဲ ပြိတ္တာကလဲ သာဓုမခေါ်ရသေးဘဲ ပရိတ်ကြီး ကို ရွတ်ပေးလိုက်လျှင် သာဓုခေါ်မည်ဟု စောင့်နေတဲ့ ပြိတ္တာမှာ ပရိတ်ဒဏ် ယံဒုန္နိမိတ္တံဒဏ်ကို မခံနိုင်ဘဲ ထွက်ပြေးရတော့မည်မှာ သေချာပေါက် ဖြစ်တော့၏၊ ဤနေရာ ဤအခိုက်အတန့်ကလေးသည် သေရသူအတွက်

အလှန်အရေးကြီးလှ၍ ရဟန်းတော်များက ပေါ့ပေါ့တန်တန် လုပ်မသွားကြရန် ပြဋ္ဌာဗျားကို အလှန်သနားတော်မူကြရန်၊ ပြဋ္ဌာဗျားကျွတ်သွားအောင် ကရုဏာတရားဖြင့် ကျကျနန ပြုလုပ်တော်မူကြရန် မေတ္တာရပ်တိုက်တွန်းလိုက်ပါသည် အရှင်မြတ်တို့ဘုရား။

ရေစက်ချပြီးလျှင် ပြီးချင်း ယခုတွင်က လူက မတ်တတ်ရပ်၍ အားလုံးအတွက် ရည်မှန်းပြီး အားလုံး ကြားကြားသမျှ အမျှ-အမျှ-အမျှ-ဗျိုးဟု ခပ်ကျယ်ကျယ်အော်ဟစ်ပြီးနောက် အဆိုပါ ဝတ္ထု ၃-မျိုးတွင် ဆွမ်းသပိတ်ကို လက်နှင့်ထိကိုင်ပြီးလျှင် အသံကျယ်ကျယ်နှင့်-

(က) ဤဆွမ်းနှင့် ဆွမ်းဟင်းဒါန ကုသိုလ် အဘိုးအစုကို ဘဝတပါးသို့ပြောင်းသွားရသော (ကိုမဲ) အမျှ ရပါစေသား။ **ကိုမဲရေ အမျှ-အမျှ-အမျှ**(ချိုင့်နှင့် ဆွမ်းဟင်းသပ်သာပ်ပါရင်လဲ ရင်းအတိုင်း)

(ခ) ရေခွက်ကို လက်နှင့်ထိကိုင်၍ (ဤရေဒါန ကုသိုလ်၏ အဘိုးအစုကို ဘဝတပါးသို့ ပြောင်းသွားရသော ကိုမဲ အမျှရပါစေသား-ကိုမဲရေ အမျှ-အမျှ-အမျှ)

(ဂ) သင်္ကန်းကို လက်နှင့်ထိကိုင်၍ (ဤသင်္ကန်း ဒါနဖြစ်သော ကုသိုလ်၏ အဘိုးအစုကို ဘဝတပါးသို့ ပြောင်းသွားရသော ကိုမဲ အမျှ ရပါစေသား (ကိုမဲရေ အမျှ-အမျှ-အမျှ) ဟူ၍ ပုဂ္ဂလိက အနေနှင့် သေသူ၏နာမည်ကို ဖော်ထုတ်ပြီးလျှင် ပိုင်ပိုင်နိုင်နိုင် ကျကျနန အသံကျယ်ကျယ်နှင့်အော်၍ အမျှဝေလိုက်ပါ၊ ပရိသတ်ကလဲ သာဓု ခေါ်လိုက်ပါ၊ ဘုန်းကြီးကလဲ ရေကို

အနဲဆုံး တလုပ်လောက် တကျိုက်လောက် သောက်လိုက်ပါ၊ ဤကိစ္စ၌ သင်္ကန်းကို မလှူနိုင်လျှင် လက်ကိုင်ပဝါ စသည်ကိုပင် လှူနိုင်ပါသည်၊ **ငိုတတ်သူ**ကိုလည်း မအော်မဟစ်ပါစေနှင့်၊ **အဲဒီကိစ္စတွေ**ပြီးမှ ဘုန်းကြီးများကလဲ ပရိတ်ရွတ်တော်မူကြပါ၊ ဤနေရာ၌ အထူး သတိပြု၍ စိစိစပ်စပ် လုပ်ကြပါ၊ သေသူကို ငဲ့ညှာ သနားကြပါ၊ ဒီလို ကျကျနန ပြုလုပ်ပေးပါမှ သေရတဲ့သူမှာ မုချ အကျိုးခံစားရပါတယ်၊ **ပြိတ္တာဘဝက** ကျွတ်လွတ်ရပါတယ်၊ တော်ရုံ ရော်ရုံ ဝတ်မကျေ တန်းမကျေ ဖြစ်ကတတ်ဆန်း ပြုလုပ်ကြလျှင် လောကုတ်ကို တဝမ်းပူ မသတ်ဘဲ ပစောက် သတ်လိုက်ရင် လောကုပ် ဖြစ်၍ ၎င်း လောကုပ်ကို ပြောင်းပြန် ပြန်လိုက်ရင် လောကုပ်-လုပ်ကော ဟု ဖြစ်သွားရသလို လုပ်သမျှကော၍ လုပ်ဂကောကြီး ဖြစ်သွားရလေသောကြောင့် **သေသူမှာလည်း** အကျိုး မခံစားရတော့ပြီ၊ မကျွတ်လွတ်တော့ပြီ၊ အဲဒီကိစ္စကို ဒီစာကို ဖတ်ရ၍ သိတဲ့နေ့က စပြီး ပြင်ပေးတော် မူကြပါဦး ဟူ၍ တိုက်တွန်း တောင်းပန်လိုက်ပါသတည်း။

**ယခုကာလ**၌ မြို့တိုင်း ရွာတိုင်းမှာ လိုလိုပင် ဆွမ်းသွတ်နေကြသည်မှာ **ဘုရားအလိုတော်လဲမကျ** စည်းစံနစ်လဲ မကျဘဲ ဖြစ်ကတတ်ဆန်း **သမန်ကာရှံကာ** တော်ရုံ ရော်ရုံ ပြုလုပ်နေကြပုံမှာ ဆွမ်းသွတ် ဆိုသည့်အတိုင်း ဆွမ်းနှင့် ဟင်းလောက်သာ ပါကြပါသည်၊ ရေတခွက်တောင်မှ မပါဘဲ အခြောက်တိုက် ပြုလုပ်နေကြပါသည်၊ ရေနှင့် အဝတ်သင်္ကန်း စသည်များကို ထည့်၍ လှူရမည် အမျှဝေရမည်ဟူ၍ မသိကြတော့ပေ၊ ဆွမ်းနှင့် ဟင်းကိုသာ လှူပြီး အမျှဝေလိုက်ရင် သေသူမှာ **စားစရာရတဲ့**

အကျိုးကို ခံစားရတော့၏၊ ရေနှင့် အဝတ်မပါတဲ့ အတွက် ရေမသောက်ရ **အဝတ်မဝတ်** ရတဲ့ အဖြစ်က မလွတ်နိုင်တော့ပေ၊ ရေကိုသာ လှူပြီး အမျှဝေပြန်ရင်လဲ စားစရာနှင့် ဝတ်စရာ မရပြန်တော့ပေ၊ အဝတ်သက်န်းချည်း သက်သက် လှူဒါန်း၍ အမျှဝေပြန်ရင်လဲ စားစရာနှင့် သောက်စရာကို မရနိုင်တော့ပေ၊ အဲဒီလို ဟောပြထားတဲ့ ကျမ်းဂန်များကို ဝတ္ထုများကို ထောက်ထားကြပါဦး **(သဒိသံ ပါကံ ဇနေတိ)** ဟူသော ပါဠိကိုလည်း အသိသားနှင့်၊ တူသော အကျိုးကို ပေးတယ်ဆိုတာ တူတန်အောင် ပြုလုပ်ပါမှ **တူသော** အကျိုးကို ပေးမှာပေါ့၊ တမျိုးထဲလုပ်ရင် တမျိုးထဲဘဲ ဖြစ်ရမှာပေါ့။

**ဥပမာ**–သရက်ပင် တမျိုးထဲက သရက်သီး၊ ပိန္နဲသီး၊ဩဇာသီး ဟူ၍ ၃–မျိုး မသီးနိုင်သလို ရေ အပြည့် တည့်ထားတဲ့ "ရေခွက် တခွက်ထဲက ရေအပြည့်၊ ပျားရည်အပြည့်၊ ဆီအပြည့်" မဖြစ်နိုင်သလို ဆွမ်းသွတ်ဆိုပြီး ဆွမ်းကိုသာ သွတ်ထားရုံကလေးနှင့် ရေတို့ အဝတ်တို့က အလိုလိုလာပြီး မရနိုင် မဖြစ်နိုင်ပါဘူးတဲ့၊ အဲဒါ ကျမ်းဂန် စကားပါ၊ **ပြင်လုပ်ကြစမ်းပါ** အမျှ ပေးဝေရာမှာလဲ ဝါးလုံးရှည်နှင့် ရိုက်သလို အားလုံး ကြားကြားသမျှ အမျှ–အမျှ–အမျှ ဗျို့ဟု ဆိုပြီး **မပြိုကလာပြိုကလာနှင့် (ကိုမဲ)** ရေ အမျှ–အမျှ–အမျှဟု ဆိုတတ်ကြပါသည်၊ ဒီလိုပေါ့ပေါ့ဆဆ မလုပ်ကြပါနှင့်။

ယခု ရေးပြသည့်အတိုင်း **ဗုဒ္ဓဝါဒ** အစစ် ဖြစ်အောင် ကျကျနန လုပ်ကြစမ်းပါ၊ ၃–မျိုးလုံး စုံအောင်လဲ လှူပါ၊ အမျှဝေရာမှာလဲ ပုဂ္ဂလိကာ အနေ ရောက်သွားအောင် နာမည်ကိုဖော်ထုတ်၍ ကျကျနန ဝေပါ၊ ပေါ့ပေါ့ဆဆနှင့် ဖြစ်ကတတ်ဆန်း ဆွမ်းသွတ်

ကိစ္စကို ပြုလုပ်ထားလိုက်ရင် သေရသူမှာ အလွန်နစ်နာပါသည်၊ သေတဲ့သူကို သနားကြစမ်းပါဦး၊ ယခုလို ဆွမ်းသွတ်ရတဲ့ ကိစ္စကြီးဟာ သေရတဲ့သူအတွက် နောက်ဆုံးချီးမြှင့်ခြင်း ချီးမြောက်ခြင်း ဖြစ်ပါတယ်၊ သေသူကို **ဒိရပ်ဒိနာမ်**နှင့် ဒီတခါသာ တွေ့ရမြင်ရ ချီးမြောက်ရတာပါ၊ နောက်ကို အဲဒီရုပ် အဲဒီနာမ်မျိုးနှင့် ဘယ်အခါ ဘယ်ကမ္ဘာမှာမှ ပြန်မတွေ့ရတော့ပါဘူး။

အဲဒါကြောင့် တဘဝ တခါသာ ပြုလုပ်ပေးရတဲ့ တာဝန်ဝတ္တရားကလေးကို ကျကျနနဖြစ်အောင် ပြုလုပ်ကြစမ်းပါ ဟုအလေးအနက် တောင်းပန်ပါသည်။

ပြီးတော့ တမျိုး ကျန်ပါသေး၏၊ အဲဒါက ဘာလဲ ဆိုရင် ဒါးခုတ် လှံစူး သစ်ပင်ကျ ရေနစ် သေနတ်မှန် စသည်ဖြင့် လောလောဆယ်ဆယ် လတ်လတ်ဆတ်ဆတ် သေရတဲ့ **အစိမ်းသေ**နှင့် နူဝဲ၍ သေရတဲ့ **အနူသေ-ကိုယ်ရောင်ပြီး** သေရတဲ့ **အဖော အရောင်သေများ** အတွက် ဆွမ်းမသွတ်ကောင်းဘူး: အမျှမဝေကောင်းဘူး ဟူ၍ "ပါဠိတော် အဋ္ဌကထာဋီကာ အနုမဂ္ဂဏ္ဍိ ယောဇနာ" အစရှိသော သာသနာဝင် ကျမ်းဂန်တွေမှာ အရိပ်အငွေ့ တောင်မှ မပါရှိပါဘဲ မပြပါဘဲလျက် "တယူသန်ဝါဒဆိုး မိစ္ဆာဒိဋ္ဌိ" များက အစိမ်းသေ အနူသေ စသည်များ အတွက် ဆွမ်းမသွတ်ကောင်းဘူး ဆိုပြီး ဆွမ်းမသွတ် အမျှမဝေဘဲနေကြသည်မှာ အလွန် မှားယွင်းသော ဝါဒ **လူစိတ်မရှိသော** လူနဲ့နဲ့ ကလေးမှ မဆန်သော ဝါဒ ဖြစ်ပါသည်။

အဲဒီလို ကံဆိုးနှင့် သေရသူများကို ထိုသူတို့ မသေမီက မနူမီက လူချင်းအတူတူ သဘောထား၍ ချစ်ပါတယ် ခင်ပါတယ် ကျင်နာပါတယ် သနားပါတယ် ဆိုတဲ့ စိတ်ထားနှင့်

အပြောတွေဟာ သေတော့ ဒီလို ရက်ရက်စက်စက် ပြုလုပ်လိုက်ကြတာဟာ ပလီရာ မကျပေဘူးလား၊ ရိုင်းစိုင်းရာ မကျပေဘူးလား၊ **အရိုင်းတကာ့ထိပ်သီးကြီး** ဖြစ်မနေဘူးလား၊လူရင့်မကြီးက ကံမကောင်းလို့ အစိမ်းသေ သေရတာ နူသေရတာ ဖောရောင်သေရတာကို **ခွေးသေကောင်လို** သဘောထားပြီး စွန့်ပစ်လိုက်ကြပုံမျှားမှာ ဘယ်လောက် ရိုင်းစိုင်း မိုက်ကန်းလိုက် သလဲ၊ **လူမဆန်** လိုက်သလဲဆိုတာ အသင် **ထမင်းစားနေသူ** ရွှေဥာဏ်ရှင်ရယ် ဆင်ခြင်တော် မူပါဦးဟုသာ **တအားကုန် အော်ပြီး ပြောလိုက်ချင်တော့၏၊** အနူသေဆိုရင် အနူသေကောင်၏အနီးအနားသို့သွားပြီး ဆွမ်းသွတ် အမျှဝေရမည်ဟု မဆိုလိုပါ၊ ဝေးတဲ့နေရာက သင့်တော်တဲ့ ပိုးလွတ်တဲ့ နေရာက အခွင့်သင့်တဲ့ အချိန်နေ့ရက်မှာ ကျကျနန ဆွမ်းသွတ် အမျှဝေပါ၊ စည်းစံနစ်လဲ ကျနအောင်လုပ်ကြပါ၊ (သင်းချိုင်းကိုလဲ ဘုန်းကြီးပင့်ပြီး သရဏဂုံ တင်ကောင်းပါတယ်၊ အလောင်းနားတော့ မကပ်ပါနှင့်၊ ပိုးကူးတတ်ပါတယ်)

အဲဒီလို ပြုလုပ်ကြပါမှ ကျမ်းဂန်နှင့်လဲ ညီပါတယ်၊ ဘုရားအလိုတော်လဲ ကျပါတယ်၊ လူလဲ ပီသပါတယ်၊ သေသူမှာလဲ **ကျွတ်တန်းဝင်ရတဲ့** အကျိုးကို ရပါတယ်၊ ဒါကြောင့် အယူမှားအမှတ်မှားနှင့် **ရိုးရာမှားကြီး တွေကို** ပယ်ပစ်ကြ စမ်းပါ၊ တော်လှန်ပစ်လိုက်ကြပါ၊ ပျက်ရင်အစဉ် ပြင်ရင်ခဏ ဆိုတာကို ဒီနေရာမှာ သုံးကြစမ်းပါ၊ **ဂတိ** လိုက်မနေကြပါနှင့်၊ အမှားကို အမှားအတိုင်းထားပြီး လိုက်လုပ်မနေကြပါနှင့်။

ဤစာရေးသူ၏ နေရာအနီးရှိ ကျေးရွာတွေမှာ ဤစာရေးသူကိုယ်တိုင် ပြင်ပြင်ပေးလိုက်သဖြင့် စည်းစံနစ်ကျနအောင် ဆွမ်း

သွတ်နေကြပါပြီ၊ **ဒီကိစ္စကို** အရေးတကြီး ရေးကြီးခွင့်ကျယ် လုပ်၍ ကျမ်းဂန်ကို ထုတ်ပြ၊ သာဓကကို တင်ပြ၊ ပမာဏကို ယှဉ်ပြပြီး အလိုင်းတကြီး ရေးပြလိုက်ရသည်မှာ **သေရတဲ့** လူများ အတွက် အလွန်အလွန် ကြီးမားသော သနားကရုဏာစိတ်က နှိုးဆော်သောကြောင့် ရေးရခြင်းဖြစ်ပါကြောင်း၊ (အောက် အရပ်က သပိတ်သွတ်၊ အညာအရပ်က ဆွမ်းသွတ်ဟု ခေါ်သည် ကိုလည်း သတိပြု)

ဆွမ်းသွတ်ပုံ နည်းစံနစ် အမှန်ပြီးပါပြီ။

---

## သိကျင့်ဘွယ်ရာ အဖြာဖြာ

၁။ ကြိုတင်၍ စဉ်းစားတတ်လျှင် အမှားမတွေ့နိုင်၊

၂။ မိုက်ရိုင်းသောသူသည် မကောင်းမှု အမျိုးမျိုးကိုပြုချင် ပြောချင် ကြံချင်၏၊

၃။ လုံ့လဝီရိယ ရှိသူကိုသာ ကံကကူညီသည်၊ ပျင်းရိသူကို ကံကမကူညီ၊

၄။ သူတပါးကို မကောင်းကြံမကောင်းပြောလျှင် ကိုယ့်မှာ ဘေးဒဏ် ထိရမည်၊

၅။ အသုံးနှင့်အဖြုံးကိုကွဲပြားအောင် ခွဲခြား၍ သိတတ်သူ မမွဲနိုင်၊

၆။ ဒုက္ခဆိုတဲ့ ဆင်းရဲခြင်းနှင့် အရင်းတည်မှ သုခ ဆိုတဲ့ ချမ်းသာခြင်းကို ရနိုင်မည်၊

၇။ မတွေ့မီ ရှောင်သူထက် အတွေ့ကို ရှောင်နိုင်သူက အဆတသိန်း ပို၍ မြတ်၏၊

၈။ အပျော်အပါး လိုက်စားနေလျှင် မွဲတတ်သည်၊ ထိုသူ ကုသိုလ်တရား ကေန်မွဲရမည်၊

၉။ ဟန်ဆောင်သောအချစ်သည် သူက သာတန်းရနေစဉ် သာ အရောတဝင် ချစ်ခင်တတ်၏၊

၁၀။ ယခုဘဝမှာ အမျိုးမတော်ကြပေမဲ့ ပြီးခဲ့တဲ့ဘဝတွေက အမျိုးတော်ခဲ့ကြဘူး၏၊ (သံယုတ်ပါဠိတော်)

၁၁။ ကွဲရှစ်ပွဲစွဲခြင်း ခံရခြင်း ဆိုတဲ့ **လောကဓံ** တရားကို ဘုရားသော်မှ ရှောင်၍ မလွှတ်နိုင်၊

၁၂။ သည်းခံခြင်းဆိုတဲ့ ခန္တီတရားထက် လွန်မြတ်သောတရား မရှိ၊ (ခန္တီပရမံ တပေါ တိတိက္ခာ)

၁၃။ တွေးဆဆင်ခြင် မြော်မြင်တတ်သော ဉာဏ်ပညာရှိမှ လူအစစ်ဖြစ်သည်၊

၁၄။ ဟုတ်လဲဟုတ်-သူလဲနာလို ကိုယ့်မှာလဲ အကျိုးရှိလျှင် **ပြောပါ**၊

၁၅။ ဟုတ်လဲဟုတ် သူလဲ မနာလို ကိုယ့်မှာ အကျိုးရှိလျှင် **ပြောပါ**၊

၁၆။ ဟုတ်လဲမဟုတ် သူလဲမနာလို ကိုယ့်မှာလဲ အကျိုးမရှိလျှင် **မပြောပါနှင့်**၊

၁၇။ ဟုတ်လဲမဟုတ် သူလဲနာလို၏ ကိုယ့်မှာလဲ **အကျိုးရှိပေမဲ့ မပြောပါနှင့်**၊ (မဟာဝဂ္ဂ ဒကံ ထိုက်မည်)

၁၈။ တွေးဆဆင်ခြင် မြော်မြင်တတ်သော ဉာဏ်ပညာမရှိဘဲ ထင်ရာကို ပြော၍ ထင်ရာကို ပြုလုပ်တတ်သော လူလို ပြောလွယ် ဆိုလွယ် တိုလွယ်၍ မနာလိုစိတ် ရှိတဲ့လူလို ရိုင်းပြ မိုက်ကန်းသော လူသည် ဤ လောကကြီး

အတွင်းဦ မရှိတော့ပေ၊ (ဒီလူစားကို ဝေးဝေးက ရှောင်ပါလေ)

၁၉။ မိမိကိုယ်ကို မိမိ အထင်ကြီးနေရင် ဘဝင်မြင့်၍ ရူးတတ်သည်၊ လူပေါ်ကြီး ဖြစ်နေတတ်သည်၊

၂၀။ ငါပြောအဟုတ် ငါလုပ်အမှန် ငါကြံမလွဲ ဟူသော တယူသန်ဝါဒဆိုးကြီးကို ပယ်ရှားပါလေ၊

၂၁။ **လူစိတ်**ရှိရင် ရဲရဲဝံ့ဝံ့ ရိုးရိုးသားသား ကြိုးကြိုးစားစား သစ္စာရှိရှိ သဘောတရား မိမိ ပြုလုပ်ပြောဆို ကြံဆတတ်၏၊

၂၂။ ကိစ္စများထု အပူမှုကို ပြုစုကြိုးစား လုံ့လထားက ဘုရားသော်မှ ဖြစ်နိုင်ကြ၏၊

၂၃။ အရေး အဖတ် အတွက် ဤ အသုံးလုံးနှင့်သာ ကျေနပ် မနေကြဘဲ အမြင်မှန်နှင့် အလိမ္မာ ဟူသော အနှစ်လုံး ကိုလဲ နောင် တမလွန် အတွက် ထပ်၍ တိုးလိုက်ပါဦးလော့၊

၂၄။ ဤစာအုပ်ရှိ စာများနှင့် တခြား စာအုပ်က စာများကို ဖတ်မှတ်၍ ဆရာကောင်းကို ဆည်းကပ်လျက် သံသရာ ဘဝကူး ကောင်းအောင် ပြုပြင်ရေးလဲ လုပ်ကြစမ်းပါဦး၊

၂၅။ အန္တဆိုတဲ့ အကန်းဘဝက လွတ်အောင် ခန္ဓာ အာယတန ဓာတ် သစ္စာ ရုပ်နာမ် တရားများကို ကွဲကွဲပြားပြား သိအောင် အားထုတ်သင်ကြစမ်းပါဦး၊

၂၆။ မေ့မေ့ရော့ရော့နှင့် နေခဲ့ကြလို့ ယနေ့ တိုင်အောင် သံသရာထဲမှာ တခြာလယ်လယ်နဲ့ နေကြရတာဟာ

အများသဘောကို လိုက်လိုက် နေရလို့ပါဘဲ ဟူ၍လဲ လူသိ သိကြစမ်းပါဦး၊

၂၇။ မဖြစ်နိုင် ဆိုတာရယ် ကြောက်တယ် ဆိုတာရယ် ပျင်းတယ်ဆိုတာရယ် ဒီ ၃-မျိုးကို ပယ်လိုက်ကြပါဦး၊

၂၈။ မကူညီချင် နေကြပါ၊ မဖနှောင့်ရှက်ချင်ပါနှင့်၊

၂၉။ ဘယ်သူတွေ တရားပျက်ပျက် ကိုယ်က တရား မပျက်ပါနဲ့၊

၃၀။ အဖိုးမတန်တဲ့ စကားကို ပြောနေမဲ့အစား အိပ်နေတာက မြတ်သေး၏၊

၃၁။ ရဲရဲပြော ရဲရဲကြံ ရဲရဲလုပ်၊

၃၂။ ကိုယ်က နည်းလမ်း စည်းကမ်း မှန်နေရင် ဘယ်ဟာကိုမှ မကြောက်နဲ့၊

## သံပေါက်ကဗျာ မှတ်စရာ

၁။ ငယ်စဉ်အခါ ပညာရှာ ကြီးခါမရှက်ရ၊

၂။ ပညာရလာ စီးပွားရှာ များစွာမခက်လှ၊

၃။ ပညာရင်းခံ လုံ့လဖန် အမှန်ကြီးပွားရ၊

၄။ ကုသိုလ်စိမံ ထိုသူကြံ အမြန်ကြီးပွားရ၊

၅။ ပြုဘွယ်ကိစ္စ ရှိသမျှ လုံ့လစိုက်ထုတ်ပါ၊

၆။ လုံ့လရှိမှ ဥစ္စာရ မှတ်ကြများသူငါ၊

၇။ အချိန်မှန်ပင် အလုပ်ခွင် မြဲလျှင်ပြုကြပါ၊

၈။ နေရာတိုင်းမှာ အချိန်သာ လွန်စွာရေးကြီးပါ၊

၉။ လုံ့လကင်းမူ အပျင်းထူ ဘယ်သူကံမရှိ၊

၁၀။ ထကြွလုံ့လ လုပ်သူမှ ကံကကူညီဘိ၊

၁၁။ အလုပ်ဟူသမျှ လုပ်ခါစ ဒုက္ခအရင်းရှိ၊
၁၂။ တစတစ လုပ်ရင်းက သုခရမည်သိ၊
၁၃။ အချိန်ကိုဖြုန်း အပိုသုံး လုံးလုံးရှောင်ရမည်၊
၁၄။ သုံးစွဲတိုင်းထွာ အရာရာ ချွေတာကြရမည်၊
၁၅။ မသုံးတန်ဘဲ သေးအဖွဲ့ ရွေးပဲရှောင်ရမည်၊
၁၆။ တကယ်သုံးလို ကြေးငွေကို တွန့်တိုကင်းရမည်။
၁၇။ စီးပွားမျှလျက် ကုသိုလ်ဘက် မပျက်ပြုရမည်၊
၁၈။ ကြက်သရေမျိုး နေ့တိုင်းတိုး ဟိုးဟိုးကျော်လိမ့်မည်၊
၁၉။ ငယ်စဉ်ခါသင်ပါကွဲ့စာများ၊ မသင်ချင် တကယ်ပျင်း လျှင် ဖျင်းလိမ့်မှတ်သား၊
၂၀။ ဖျင်းတဲ့သူ မတူဘူး လူချင်း၊ ဆင်းရဲစွာ နေထိုင်ရမယ် လောကအတွင်း၊
၂၁။ ချမ်းသာလို စာကိုတဲ့အမြဲ၊ တတ်ပညာ လမ်းကုန်ဆိုက် အောင် အားစိုက်လို့ခဲ၊
၂၂။ ပညာဉာဏ် ဖိုးတန်လှအထူး၊ မသမာလူညစ်ဆိုးတို့ရယ် ခိုးလို့ဖြစ်ဘူး။

## ပါရမီနှင့်ပုညကြိယာ ခြားနားချက်

**အမေး**။ ။ပါရမီနှင့် ပုညကြိယာ ဘာထူးခြားသလဲ။

**အဖြေ**။ ။ပါရမီဆယ်ပါး ရေတွက်ပုံက တခြား၊ ပုညကြိယာ ဆယ်ပါးရေတွက်ပုံက တခြားဖြစ်၍ထူးပါသည်၊ ဒါပေမဲ့ ပါရမီ ထဲမှာလဲဒါန သီလ, ပုညကြိယာထဲမှာလဲ ဒါန သီလဟု နာမည် တူနေတာ ၂-ခုကို တွေ့ရပါလိမ့်မည်၊ပါရမီ မြောက်သည် ဖြစ်စေ, မမြောက်သည်ဖြစ်စေ အလုံးစုံသောဒါနသီလအမှုကို ပုညကြိယာ

ဟု ခေါ်နိုင်၍ ပါရမီဟု မခေါ်နိုင်ပါ၊ ပါရမီဟု ခေါ်နိုင်သော ဒါန သီလ မှုကိုသာ ပုညကြိယာဟု ခေါ်ချင်က ခေါ်နိုင်ပါသည်၊ ပါရမီတိုင်းကို ပုညကြိယာဟု မခေါ်နိုင်၊ ပုညကြိယာတိုင်းကိုလဲ ပါရမီဟု မခေါ်နိုင်ပါ၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိနှင့် အပျော်အပါး ပကာသန လက်စားကူမှု သတ်ဖြတ်မှု စသော ဟိတ်မကောင်းတာတွေနှင့် တွဲစပ်၍ လှူကြသော အလှူဒါန ရှင်ပြု ရဟန်းခံ ကထိန်ခင်း စသော ဒါန အမျိုးမျိုးနှင့် အိမ်နိုးချင်း ရှိသေရုံ သူတကာ အထင်ကြီးခံရရုံ စောင့်ထိန်းခြင်း စသော သီလစောင့်မှု အမျိုးမျိုးတွေကို ပါရမီဟူ၍ ဘယ်အခါ ဘယ်ကမ္ဘာမှ မခေါ်နိုင်ဘူး ဟူ၍ ပုဒ်ပြတ်မှတ်ပါ၊ (လူမိုက်များကတော့ နှဲ့ အမှတ် ဆိုင်းအတီး သီချင်းအဆို အကအခုန် လေ့ကျင့်နေတာကိုပင် ပါရမီပါအောင် ပါရမီ ဖြည့်အောင် ပါရမီ ဖြည့်ကျင့်နေတာပါဟူ၍ရင်း၊ အတီးအကအဆို ကောင်းတာကိုပင် ပါရမီကောင်းလို့ ပါရမီ ဖြည့်လို့ဟု ပြောကြပါသေးသည်၊ ပါးစပ်ဆိုတာကတော့ ပြောချင်သလိုပြော ဖြစ်တာပေါ့၊ ရှက်ဖွယ်ပင် ဖြစ်တော့၏၊ ပါရမီနှင့်ကား လားလားမျှ မဆိုင်ပါ)။

**မေး။** ။သုစရိုက်နှင့် ပုညကြိယာ ဘာထူးသလဲ။

**ဖြေ။** ။သုစရိုက်ဆယ်ပါး ရေတွက်ပုံက တခြား ပုညကြိယာ ဆယ်ပါး ရေတွက်ပုံက တခြားဖြစ်၍ ထူးပါသည်၊ ဒါပေမဲ့ သုစရိုက်ဆယ်ပါးသည် ပုညကြိယာ၏အစိတ်အပိုင်းသာဖြစ်သည်၊ ကာယသုစရိုက် ၃-ပါး ၄-ပါး၊ ဝစီဒုစရိုက် ၄-ပါးကို ပုညကြိယာ ဆယ်ပါးတွင် သီလဟု ခေါ်သည်၊ မနောသုစရိုက် ၃-ပါးကို ပုညကြိယာ ဆယ်ပါးတွင် ဘာဝနာ၏ အပိုင်းတွင်

ပါသင့်သလောက် ပါသွားသည်၊ ပုညကြိယာဟု မခေါ်ရသော မဟာဂ္ဂုတ် ဘာဝနာ များ၌လည်း ပါဝင်နေသေးသည်ဟု မှတ်လိုက်ပါ။

**မေး။** ။သုစရိုက်ကို ပါရမီ မခေါ်နိုင်ဘူးလား။

**ဖြေ ။** ။ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိနှင့် ပကာသနကို မျှော်မှန်း၍ လှူဒါန်းပြုလုပ်ကြသော စည်းစိမ်နစ်မကျသော သုစရိုက်များကို ပါရမီဟု ဘယ်တော့မှ မခေါ်နိုင်၊ နိဗ္ဗာန်ကို ဦးတည်စူးစိုက်၍ တကယ်သန့်ရှင်း အဟုတ်သန့်ရှင်း သန့်သန့်ရှင်းရှင်း ဖြစ်အောင် ပြုကြသော သုစရိုက်များကိုသာ သီလပါရမီ သစ္စာပါရမီ မေတ္တာပါရမီ စသည်ဖြင့် ထိုက်သင့်သလို ခေါ်နိုင်ပါသေးသည်ဟု မှတ်ပါ။

**မေး။** ။ပုညကြိယာကို ပါရမီ မခေါ်နိုင်ဘူးလား။

**ဖြေ ။** ။ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ ပကာသနသမ္ပတ္တိကို မျှော်မှန်း၍ ပြုလုပ်ကြသော ပုညကြိယာများကို ပါရမီဟု ဘယ်တော့မှ မခေါ်နိုင်ပါ၊ နိဗ္ဗာန်ကို ဦးတည်စူးစိုက်၍ ပြုကြသော တကယ်တန်း ဖြူစင် သန့်ရှင်းသော ပုညကြိယာကိုသာ ပါရမီဟု ခေါ်လိုက ခေါ်နိုင်ပါသေး၏ဟုမှတ်။ **လိုရင်းအစစ် တရားကိုယ်မှာ** နိဗ္ဗာန်အတွက် ပြုလုပ်သော မဟာကုသိုလ် အစစ်နှင့် မဂ် ၄-ပါးကိုသာ ပါရမီဟု ခေါ်နိုင်သည်၊ နိဗ္ဗာန်ကို ဆုတောင်း၍ဖြစ်စေ ဆုမတောင်းဘဲ ဖြစ်စေ နိဗ္ဗာန် အတွက် ဟုတ်ဟုတ် မဟုတ်ဟုတ် လောကီ လောကုတ္တရာ ကုသိုလ်အားလုံးကို သီလ ဘာဝနာ စခန်းတွင် သုစရိုက်ဟု ခေါ်နိုင်ပါသည်၊ နိဗ္ဗာန်အတွက် ဟုတ်သည်ဖြစ်စေ မဟုတ်သည် ဖြစ်စေ မဟာကုသိုလ် အစစ်

သားသား ဟောကြားတော်မူခဲ့သည်။ (ကြပ်ကြပ် စဉ်းစား၍ ပြင်လိုက်ကြပါ)။

## ဗုဒ္ဓဝါဒ အစစ်အမှန်ကား

အတ္တတ္ထမနုပေက္ခိတွာ ပရတ္ထံ ဒီယတော၊ ယတော ကရဏာ ကတညုတာစ ယာဂါပတ္တိဒါနဝိသေသကံ- ဟူသော ဥပါသက ဇနာလင်္ကာရကျမ်းကို ထောက်၍ မိမိ၏ အကျိုးကို နဲနဲမှ မငဲ့ မကွက်ဘဲ အမျှပေးဝေရမည်၊ လှူသပြီးနောက် သေသူကို ရည်မှန်း၍ အခွင့်သင့်သော နေ့ရက်မှာ ဒါနကို ပြု၍ အမျှဝေရမည်၊ ဘယ်နေ့ ဘယ်ရက်မှာမှ ပြုလုပ်ရမည် ပြုလုပ် ကောင်းသည်ဟု **ကျမ်းဂန်၌** မရှိ။

ပရဒတ္တုပ ပြိတ္တာများမှာ ၇-ရက် အတွင်း၌ ပေးလှူ အမျှဝေ၍ ကျွတ်လွတ်နိုင်ကြောင်းကို လောကဒီပက ကျမ်းက ဆို၏၊ ၎င်းအဆိုအရ ၇-ရက်မှ ပြုကောင်းသည်၊ ရက်လည်ပြီး ရက်လည်ဆွမ်းဟု စွဲယူနေကြ၏၊ အစွဲသန်နေကြ၏၊ ပြုလုပ်ကြလဲ ဘာတခုမှ စည်းစံနစ် မကျ စည်းကမ်း မရှိ၊ ဘုရား အလိုတော်လဲ မကျ၊ ဘုရားအလိုတော်လဲ မဟုတ်၊ မြတ်စွာဘုရား၏ အလိုတော်မှာ စည်းစံနစ် မှန်ကန်ဘို့ကသာ လိုရင်း ပဓာန ဖြစ်ပါသည်၊ ရှင်းလင်း၍ ပြပါအံ့။ သတိကြီးကြီး ထားစမ်းပါ။

## အမျှပေးဝေရာမှာလည်း

(၁) သီလ ရှိသော ရဟန်း သီလရှိသော လူ ဥပါသကာ ဥပါသိကာမ ဟူသော အလှူခံမျိုးကို လှူရလျှင်ပင် ထိုကိစ္စ ပြီးစီးနိုင်ကြောင်း ခတ္တာတိယပေတဝတ္ထုကို ထောက်၍သိကြပါဦး။

**သိဟိုဠ်ကျွန်း** ဝစ္စမာနအရပ်က မုဆိုးကြီးတယောက် သေ၍ ဘုံမှားသွတ်ရာ၌ သီလ မရှိသော ဒုဿီလရဟန်းကြီး ပင့်၍ ဆွမ်း သွတ်မိသဖြင့် သုံးကြိမ်တိုင်တိုင် ဆွမ်းသွတ်ရာ နောက်ဆုံးအကြိမ် ၌ မုဆိုး ပြိတ္တာကြီးက ဒုဿီလရဟန်းကြီး ငါ့ကို လုယက်ဖျက်ဆီး နေပါတယ်-ဟု အော်ဟစ်ဘူးကြောင်း **ဥပရိပဏ္ဏာသ** အဋ္ဌကထာ ဒက္ခိဏာဝိဘင် သုတ်၌ လာသည်ကိုလည်း သတိပြုကြပါဦး။

(၂) သီလရှိသော ရဟန်းထံ၌ သီလကို ခံယူပြီး လှူဒါန်းမှ အကျိုးပြီးစီးသည်။

(၃) တရားသဖြင့် ရသော ပစ္စည်းလည်း ဖြစ်ရမည်၊ ရဟန်း များသုံးဆောင်ထိုက် သုံးဆောင်ကောင်း သုံးဆောင်အပ်သော ပစ္စည်းဖြစ်စေရမည်။

(၁) ဆွမ်းဆွမ်းဟင်း၊ (၂)ရေ၊ (၃)အဝတ် ဖျာစသည် ၎င်း သုံးမျိုးကို အနည်းဆုံး ထား၍ လှူဒါန်းပါမှ သေသော သူမှာ အကျိုး ခံစားရသည်၊ ၎င်း သုံးမျိုးကို သုံးစမျိုးလုံး ပါအောင် မလှူဒါန်းလျှင်သေသောသူမှာ အကျိုးမခံစားရတော့ပေ၊ ပြုလုပ် သူမှာလည်းဝတ္တရား မကျေတော့ပေ၊ မြတ်စွာဘုရား၏ အလို တော်လည်းမကျတော့ပေ။

အို **ဗုဒ္ဓဘာသာ**ပါလို့ ဝန်ခံပြီး နေကြပါလျက် တော်ရုံ ရော်ရုံ အိမ်နီးချင်း ရှိသေရုံ ထုံးစံရှိနေလို့သာ ရိုးရာအတိုင်း သမန်ကာ ရှုကာနှင့် ဆွမ်းသွတ်မှုကို ပြုပြုနေကြတဲ့ **အတုအပ** သမားတို့ရဲ့ ဟောဒီ ဝတ္ထုများကိုလဲ သေသေ ချာချာ ကြည့်ကြစမ်းပါဦး၊ ကြည့်ပြီးတဲ့နောက် ရိုးရာကို ဖျောက်ပြီး ရိုးရာကို တော်လှန်ပြီး တင်းပြည့် ကျပ်ပြည့် ဖြစ်အောင် စည်းကမ်းနှင့် စံနစ်ကျအောင် ပြင်ပြင်ပြီး ပြုလုပ်ကြစမ်းပါဦး-

ဗိမ္ဗိသာရ မင်းကြီး၏ အမျိုးဖြစ်တဲ့ ပြိတ္တာတွေ အတွက် ဆွမ်း ဟင်း ဆွမ်းနှင့် ရေကိုသာ လှူဒါန်းပြီး ဆွမ်းသွတ်အမျှဝေလိုက်ရုံမျှ နှင့်အဲဒီ ပြိတ္တာတွေ ပြိတ္တာဘဝက မကျွတ်လွတ်သေးသဖြင့် နောက် ထပ် သင်္ကန်းကို ထပ်ပြီးလှူဒါန်း၍ အမျှဝေမှ ပြိတ္တာဘဝက ကျွတ် လွတ်သွားကြောင်းကို ဓမ္မပဒ အဋ္ဌကထာ အဂ္ဂသာဝက ဝတ္ထု၌ လာသည်ကိုလည်း သတိပြုကြစမ်းပါဦး။

၎င်းပြင် အရှင် သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ကိုယ်တော် တိုင် ဆွမ်းတဆုပ် ရေတမှုတ် ပုဆိုးပိုင်း တစတောင်ခန့်ကို ရဟန်း တပါးကို လှူ၍ (ပြိတ္တာမကြီး အတွက်) ဆွမ်းသွတ်သဖြင့် ပြိတ္တာမ ကြီး ချမ်းသာရာ ရသူကြောင်း သံသာရမောစက ပေတဝတ္ထု၌ လာသည်ကိုလည်း အထောက် အထားပြုကြပါဦး၊ သုံးမျိုးလုံး စုံအောင် မပြုကြဘဲ တော်ရုံ ရော်ရုံ သမန်ကာ ရှကာ ဆွမ်းသွတ် ကြသဖြင့် ပြိတ္တာတွေ မကျွတ်တဲ့ ဝတ္ထုတွေ အများကြီး ရှိနေ သေး၏၊ ဤစာအုပ် ကြီးသွားမည်စိုး၍ ထုတ်မပြနိုင်တော့ပါ။

**အမျှ ဝေရာ၌ အောင်ဟစ်ရပုံ နည်း စံနစ် အမှန်မှာလည်း**

(က) ရေစက် ချမည့်သူက မတ်တတ် ရပ်၍ ဖြစ်စေ၊ ပုဆစ် တုပ်၍ ဖြစ်စေ၊ ဆွမ်းသပိတ်ကို လက်နှင့်ကိုင်၍ ထိ၍ထားပြီးလျှင် "ဤအလှူဒါနဖြစ်သော ဆွမ်းနှင့် ဆွမ်းဟင်းသည် ဘဝတပါးသို့ ပြောင်းသွားရသော (ကိုမဲ)အတွက် ဖြစ်ပါသည်" ဤ ဆွမ်းနှင့် ဆွမ်းဟင်းဒါနကုသိုလ် အဘိုကို ဘဝတပါး ပြောင်းသွားသော (ကိုမဲ)ကို ရည်မှန်း၍ လှူဒါန်းပါသည် ဟု ဆို၍ သပိတ်ကို ကပ်လိုက်ပါ။

(ခ) အထက်နည်းအတိုင်း ရေခွက်ကို လက်နှင့်ကိုင်၍ ထိ၍ "ဤအလှူဒါန ဖြစ်သော ရေသည် ဘဝတပါးသို့ ပြောင်းသွား

ရသော (ကိုမဲ)အတွက် ဖြစ်ပါသည်” ဤ ရေဒါန ကုသိုလ်အဘို့ကို ဘဝတပါးသို့ ပြောင်းသွားရသော (ကိုမဲ)ကို ရည်မှန်း၍ လှူဒါန်းပါသည်) ဟု ဆို၍ ကပ်လိုက်ပါ။

(ဂ) အထက်နည်းအတိုင်း သင်္ကန်းကိုကိုင်၍ ဤအလှူဒါန ဖြစ်သောသင်္ကန်းသည် ဘဝတပါးသို့ပြောင်းသွားရသော(ကိုမဲ) အတွက် ဖြစ်ပါသည်၊ ဤသင်္ကန်း ဒါနကုသိုလ်အဘို့ကို ဘဝတပါးသို့ ပြောင်းသွားရသော (ကိုမဲ) ကို ရည်မှန်း၍ လှူဒါန်းပါသည်ဆို၍ ကပ်လိုက်ပါ၊ (ဘုန်းကြီးကို ကပ်ရမည်၊ သို့မဟုတ် ကိုရင်ကို ကပ်ရမည်) ယခု ပြခဲ့ပြီးသော အလှူဝတ္ထု ၃-မျိုးနှင့် စကား ၃-မျိုးကို သိလ ခံယူပြီးလျှင် ပြီးချင်း တရား မဟောမီ၊ ရေစက်မချမီ၊ ပရိတ်မရွတ်မီ၊ ပရိသတ်ကို တိုင်တည်သည့်အနေမျိုးသို့ ရောက်အောင် သေသူ၏ နာမည်ကို ပီပီသသ ဖော်ထုတ်၍ အသံကျယ်ကျယ် ပြတ်ပြတ်သားသားနှင့် အော်ဟစ်တိုင်တည်ထားရမည်၊ အဲဒီလို ကာယကံရှင်က ပြုဘွယ်ကိစ္စကို ပြုပြီးသောအခါ ရဟန်းများက ထိုက်သင့်သော တရားကို ဟောပြပါလိမ့်မည်၊ တရားဟောပြီးလျှင် ပြီးချင်း ရေစက်ချပါလိမ့်မည်။

**မှတ်ချက်**-တရားဟော ရေစက်ချ အမျှဝေ၍ မပြီးသေမီ ပရိတ် မရွတ်ပါနှင့်ဦး၊ ဘာကြောင့်လဲဆိုလျှင် အမျှမဝေရသေးဘဲ ပြိတ္တာကလဲ သာဓုမခေါ်ရသေးဘဲ ပရိတ်ကြီးကို ရွတ်ပေးလိုက်လျှင် သာဓုခေါ်မည်ဟု စောင့်နေတဲ့ ပြိတ္တာမှာ ပရိတ်ဒဏ် ယံဒုန္နိမိတ္တံဒဏ်ကို မခံနိုင်ဘဲ ထွက်ပြေးရတော့မည်မှာ သေချာပေါက် ဖြစ်တော့၏၊ ဤနေရာ ဤအခိုက်အတန့်ကလေးသည် သေရသူအတွက်

အလှုန်အမေရးကြီးလှ၍ ရဟန်းတော်များက ပေါ့ပေါ့တန်တန် လုပ်မသွားကြရန် ပြိတ္တာများကို အလှုန်သနားတော်မူကြရန်၊ ပြိတ္တာများကျွတ်သွားအောင် ကရုဏာတရားဖြင့် ကျကျနန ပူလုပ်တော်မူကြရန် မေတ္တာရပ်တိုက်တွန်းလိုက်ပါသည် အရှင်မြတ်တို့ဘုရား။

ရေစက်ချပြီးလျှင် ပြီးချင်း ယခုတွင်က လူက မတ်တတ်ရပ်၍ အားလုံးအတွက် ရည်မှန်းပြီး အားလုံး ကြားကြားသမျှ အမျှ-အမျှ-အမျှ-ဗျိုးဟု ခပ်ကျယ်ကျယ်အော်ဟစ်ပြီးနောက် အဆိုပါ ဝတ္ထု ၃-မျိုးတွင် ဆွမ်းသပိတ်ကို လက်နှင့်ထိကိုင်ပြီးလျှင် အသံကျယ်ကျယ်နှင့်-

(က) ဤဆွမ်းနှင့် ဆွမ်းဟင်းဒါန ကုသိုလ် အဘို့အစုကို ဘဝတပါးသို့ ပြောင်းသွားရသော (ကိုမဲ) အမျှ ရပါစေသား။ **ကိုမဲရေ အမျှ-အမျှ-အမျှ**(ချိုင့်နှင့် ဆွမ်းဟင်းသပ်သပ်ပါရင်လဲ ၎င်းအတိုင်း)

(ခ) ရေခွက်ကို လက်နှင့်ထိကိုင်၍ (ဤရေဒါန ကုသိုလ်၏ အဘို့အစုကို ဘဝတပါးသို့ ပြောင်းသွားရသော ကိုမဲ အမျှရပါစေသား-ကိုမဲရေ အမျှ-အမျှ-အမျှ)

(ဂ) သင်္ကန်းကို လက်နှင့်ထိကိုင်၍ (ဤသင်္ကန်း ဒါနဖြစ်သော ကုသိုလ်၏ အဘို့အစုကို ဘဝတပါးသို့ ပြောင်းသွားရသော ကိုမဲ အမျှ ရပါစေသား (ကိုမဲရေ အမျှ-အမျှ-အမျှ) ဟူ၍ ပုဂ္ဂလိက အနေနှင့် သေသူ၏နာမည်ကို ဖော်ထုတ်ပြီးလျှင် ပိုင်ပိုင်နိုင်နိုင် ကျကျနန အသံကျယ်ကျယ်နှင့်အော်၍ အမျှဝေလိုက်ပါ၊ ပရိသတ်ကလဲ သာဓု ခေါ်လိုက်ပါ၊ ဘုန်းကြီးကလဲ ရေကို

အနဲဆုံး တလုပ်လောက် တကျိုက်လောက် သောက်လိုက်ပါ၊ ဤကိစ္စ၌ သက်န်းကို မလှူနိုင်လျှင် လက်ကိုင်ပုဝါ စသည်ကိုပင် လှူနိုင်ပါသည်၊ **ငိုတတ်သူ**ကိုလည်း မအော်မဟစ်ပါစေနှင့်၊ **အံဒီကိစ္စတွေ**ပြီးမှ ဘုန်းကြီးများကလဲ ပရိတ်ရွတ်တော်မူကြပါ၊ ဤနေရာ၌ အထူး သတိပြု၍ စိစိစပ်စပ် လုပ်ကြပါ၊ သေသူကို ငဲ့ညှာ သနားကြပါ၊ ဒီလို ကျကျနန ပြုလုပ်ပေးပါမှ သေရတဲ့ သူမှာ မုချ အကျိုးခံစားရပါတယ်၊ **ပြိတ္တာဘဝက** ကျွတ်လွတ်ရပါတယ်၊ တော်ရုံ ရော်ရုံ ဝတ်မကျေ တန်းမကျေ ဖြစ်ကတတ်ဆန်း ပြုလုပ်ကြလျှင် လောကုတ်ကို တဝမ်းပူ မသတ်ဘဲ ပစောက် သတ်လိုက်ရင် လောကုပ် ဖြစ်၍ ၎င်း လောကုပ်ကို ပြောင်းပြန် ·ပြန်လိုက်ရင် လောကုပ်-လုပ်ကော ဟု ဖြစ်သွားရသလို လုပ်သမျှကော၍ လုပ်ဇကာကြီး ဖြစ်သွားရလေသောကြောင့် **သေသူမှာလည်း** အကျိုး မခံစားရတော့ပြီ၊ မကျွတ်လွတ်တော့ပြီ၊ အဲဒီကိစ္စကို ဒီစာကို ဖတ်ရ၍ သိတဲ့နေ့က စပြီး ပြင်ပေးတော် မူကြပါဦး ဟူ၍ တိုက်တွန်း တောင်းပန်လိုက်ပါသတည်း။

**ယခုကာလ**၌ မြို့တိုင်း ရွာတိုင်းမှာ လိုလိုပင် ဆွမ်းသွတ်နေကြသည်မှာ **ဘုရားအလိုတော်လဲမကျ** စည်းစံနစ်လဲ မကျဘဲ ဖြစ်ကတတ်ဆန်း **သမန်ကာရှံ့ကာ** တော်ရုံ ရော်ရုံ ပြုလုပ်နေကြပုံမှာ ဆွမ်းသွတ် ဆိုသည့်အတိုင်း ဆွမ်းနှင့် ဟင်းလောက်သာ ပါကြပါသည်၊ ရေတခွက်တောင်မှ မပါဘဲ အခြောက်တိုက် ပြုလုပ်နေကြပါသည်၊ ရေနှင့် အဝတ်သက်န်း စသည်များကို ထည့်၍ လှူရမည် အမျှဝေရမည်ဟူ၍ မသိကြတော့ပေ၊ ဆွမ်းနှင့် ဟင်းကိုသာ လှူပြီး အမျှဝေလိုက်ရင် သေသူမှာ **စားစရာရတဲ့**

အကျိုးကို ခံစားရတော့၏၊ ရေနှင့် အဝတ်မပါတဲ့ အတွက် ရေ မသောက်ရ **အဝတ်မဝတ်** ရတဲ့ အဖြစ်က မလွတ်နိုင်တော့ပေ၊ ရေကိုသာ လှူပြီး အမျှဝေပြန်ရင်လဲ စားစရာနှင့် ဝတ်စရာ မရ ပြန်တော့ပေ၊ အဝတ်သင်္ကန်းချည်း သက်သက် လှူဒါန်း၍ အမျှ ဝေပြန်ရင်လဲ စားစရာနှင့် သောက်စရာကို မရနိုင်တော့ပေ၊ အဲဒီလို ဟောပြထားတဲ့ ကျမ်းဂန်များကို ဝတ္ထုများကို ထောက် ထားကြပါဦး **(သဒိသံ ပါကံ ဇနေတိ)** ဟူသော ပါဠိကိုလည်း အသိသားနှင့်၊ တူသော အကျိုးကို ပေးတယ်ဆိုတာ တူတန် အောင် ပြုလုပ်ပါမှ **တူသော** အကျိုးကို ပေးမှာပေါ့၊ တမျိုးထဲ လုပ်ရင် တမျိုးထဲဘဲ ဖြစ်ရမှာပေါ့။

**ဥပမာ**–သရက်ပင် တမျိုးထဲက သရက်သီး၊ ပိန္နဲသီး၊ ဩဇာသီး ဟူ၍ ၃–မျိုး မသီးနိုင်သလို ရေ အပြည့် တည့်ထားတဲ့ "ရေခွက် တခွက်ထဲက ရေအပြည့်၊ ပျားရည်အပြည့်၊ ဆီအပြည့်" မဖြစ် နိုင်သလို ဆွမ်းသွတ်ဆိုပြီး ဆွမ်းကိုသာ သွတ်ထားရုံကလေးနှင့် ရေတို့ အဝတ်တို့က အလိုလိုလာပြီး မရနိုင် မဖြစ်နိုင်ပါဘူးတဲ့၊ အဲဒါ ကျမ်းဂန် စကားပါ၊ **ပြင်လုပ်ကြစမ်းပါ** အမျှ ပေးဝေရာ မှာလဲ ဝါးလုံးရှည်နှင့် ရိုက်သလို အားလုံး ကြားကြားသမျှ အမျှ–အမျှ–အမျှ ဗျို့ဟု ဆိုပြီး **မပြီကလာပြီကလာနှင့် (ကိုမဲ)** ငရ အမျှ–အမျှ–အမျှဟု ဆိုတတ်ကြပါသည်၊ ဒီလိုပေါ့ပေါ့ဆဆ မလုပ်ကြပါနှင့်။

ယခု ရေးပြသည့်အတိုင်း **ဗဒ္ဓဝါဒ** အစစ် ဖြစ်အောင် ကျကျ နန လုပ်ကြစမ်းပါ၊ ၃–မျိုးလုံး စုံအောင်လဲ လှူပါ၊ အမျှဝေရာ မှာလဲ ပုဂ္ဂလိက အနေ ရောက်သွားအောင် နာမည်ကိုဖော်ထုတ်၍ ကျကျနန ဝေပါ၊ ပေါ့ပေါ့ဆဆနှင့် ဖြစ်ကတတ်ဆန်း ဆွမ်းသွတ်

ကိစ္စကို ပြုလုပ်ထားလိုက်ရင် သေရသူမှာ အလွန်နစ်နာပါသည်၊ သေတဲ့သူကို သနားကြစမ်းပါဦး၊ ယခုလို ဆွမ်းသွတ်ရတဲ့ ကိစ္စကြီးဟာ သေရတဲ့သူအတွက် နောက်ဆုံးချိုးမြှင့်ခြင်း ချီးမြှောက်ခြင်း ဖြစ်ပါတယ်၊ သေသူကို **ဒီရုပ်ဒီနာမ်**နှင့် ဒီတခါသာ တွေ့ရမြင်ရ ချီးမြှောက်ရတာပါ၊ နောက်ကို အဲဒီရုပ် အဲဒီနာမ်မျိုးနှင့် ဘယ်အခါ ဘယ်ကမ္ဘာမှာမှ ပြန်မတွေ့ရတော့ပါဘူး။

အဲဒါကြောင့် တဘဝ တခါသာ ပြုလုပ်ပေးရတဲ့ တာဝန်ဝတ္တရားကလေးကို ကျကျနနဖြစ်အောင် ပြုလုပ်ကြစမ်းပါဟု အလေးအနက် တောင်းပန်ပါသည်။

ပြီးတော့ တမျိုး ကျန်ပါသေး၏၊ အဲဒါက ဘာလဲဆိုရင် ဒါးခုတ် လှံစူး သစ်ပင်ကျ ရေနစ် သေနတ်မှန် စသည်ဖြင့် လောလောဆယ်ဆယ် လတ်လတ်ဆတ်ဆတ် သေရတဲ့ **အစိမ်းသေ**နှင့် နူဝဲ၍ သေရတဲ့ **အနူသေ–ကိုယ်ရောင်ပြီး** သေရတဲ့ **အဖော အရောင်သေများ** အတွက် ဆွမ်းမသွတ်ကောင်းဘူး: အမျှမဝေကောင်းဘူး ဟူ၍ "ပါဠိတော် အဋ္ဌကထာဋီကာ အနုမဂုဏ္ဍိယောဇနာ" အစရှိသော သာသနာဝင် ကျမ်းဂန်တွေမှာ အရိပ်အငွေ့တောင်မှ မပါရှိပါဘဲ မပြပါဘဲလျက် "တယူသန့်ဝါဒဆိုး မိစ္ဆာဒိဋ္ဌိ" များက အစိမ်းသေ အနူသေ စသည်များ အတွက် ဆွမ်းမသွတ်ကောင်းဘူး ဆိုပြီး ဆွမ်းမသွတ် အမျှမဝေဘဲနေကြသည်မှာ အလွန် မှားယွင်းသော ဝါဒ **လူစိတ်မရှိသော** လူနဲ့နဲ့ကလေးမှ မဆန်သော ဝါဒ ဖြစ်ပါသည်။

အဲဒီလို ကံဆိုးနှင့် သေရသူများကို ထိုသူတို့ မသေမီက မနူမီက လူချင်းအတူတူ သဘောထား၍ ချစ်ပါတယ် ခင်ပါတယ် ကျင်နာပါတယ် သနားပါတယ် ဆိုတဲ့ စိတ်ထားနှင့်

အပြောတွေဟာ သေတော့ ဒီလို ရက်ရက်စက်စက် ပြုလုပ်လိုက်ကြတာဟာ ပလီရာ မကျပေဘူးလား၊ ရိုင်းစိုင်းရာ မကျပေဘူးလား၊ **အရိုင်းတကာ့ထိပ်သီးကြီး** ဖြစ်မနေဘူးလား၊လူရင့်မကြီးက ကံမကောင်းလို့ အစိမ်းသေ သေရတာ နူသေရတာ ဖောရောင်သေရတာကို **ခွေးသေကောင်လို** သဘောထားပြီး စွန့်ပစ်လိုက်ကြပုံများမှာ ဘယ်လောက် ရိုင်းစိုင်း မိုက်ကန်းလိုက် သလဲ၊ **လူမဆန်** လိုက်သလဲဆိုတာ အသင် **ထမင်းစား**နေသူ ရွှေညာဏ်ရှင်ရယ် ဆင်ခြင်တော် မူပါဦးဟုသာ **တအားကုန် အော်ပြီးပြောလိုက်ချင်တော့၏၊** အနူသေဆိုရင် အနူသေကောင်၏အနီးအနားသို့ သွားပြီး ဆွမ်းသွတ် အမျှဝေရမည်ဟု မဆိုလိုပါ၊ ဝေးတဲ့နေရာက သင့်တော်တဲ့ ပိုးလွတ်တဲ့ နေရာက အခွင့်သင့်တဲ့ အချိန်နေ့ရက်မှာ ကျကျနန ဆွမ်းသွတ် အမျှဝေပါ၊ စည်းစံနစ်လဲ ကျနအောင်လုပ်ကြပါ၊ (သင်းချိုင်းကိုလဲ ဘုန်းကြီးပင့်ပြီး သရဏဂုံ တင်ကောင်းပါတယ်၊ အလောင်းနားတော့ မကပ်ပါနှင့်၊ ပိုးကူတတ်ပါတယ်)

အဲဒီလို ပြုလုပ်ကြပါမှ ကျမ်းဂန်နှင့်လဲ ညီပါတယ်၊ ဘုရားအလိုတော်လဲ ကျပါတယ်၊ လူလဲ ပီသပါတယ်၊ သေသူမှာလဲ **ကျွတ်တန်းဝင်ရတဲ့** အကျိုးကို ရပါတယ်၊ ဒါကြောင့် အယူမှားအမှတ်မှားနှင့် **ရိုးရာမှားကြီး တွေ**ကို ပယ်ပစ်ကြ စမ်းပါ၊ တော်လှန်ပစ်လိုက်ကြပါ၊ ပျက်ရင်အစဉ် ပြင်ရင်ခဏ ဆိုတာကို ဒီနေရာမှာ သုံးကြစမ်းပါ၊ **ဂတိ** လိုက်မနေကြပါနှင့်၊ အမှားကို အမှားအတိုင်းထားပြီး လိုက်လုပ်မနေကြပါနှင့်။

ဤစာရေးသူ၏ နေရာအနီးရှိ ကျေးရွာတွေမှာ ဤစာရေးသူကိုယ်တိုင် ပြင်ပြင်ပေးလိုက်သဖြင့် စည်းစံနစ်ကျနအောင် ဆွမ်း

သွတ်ပေနကြပါပြီ၊ **ဒီကိစ္စကို** အရေးတကြီး ရေးကြီးခွင့်ကျယ် လုပ်၍ ကျမ်းဂန်ကို ထုတ်ပြ၊ သာဓကကို တင်ပြ၊ ပမာဏကို ယှဉ် ပြပြီး အလိုင်းတကြီး ရေးပြလိုက်ရသည်မှာ **သေရတဲ့** လူများ အတွက် အလွန်အလွန် ကြီးမားသော သနားကရုဏာစိတ်က နှိုးဆော်သောကြောင့် ရေးရခြင်းဖြစ်ပါကြောင်း၊ (အောက် အရပ်က သပိတ်သွတ်၊ အညာအရပ်က ဆွမ်းသွတ်ဟု ခေါ်သည် ကိုလည်း သတိပြု)

ဆွမ်းသွတ်ပုံ နည်းစံနစ် အမှန်ပြီးပါပြီ။

---

## သိကျင့်ဘွယ်ရာ အပြောပြော

၁။ ကြိုတင်၍ စဉ်းစားတတ်လျှင် အမှားမတွေ့နိုင်၊
၂။ မိုက်ရိုင်းသောသူသည် မကောင်းမှု အမျိုးမျိုးကိုပြုချင် ပြောချင် ကြံချင်၏၊
၃။ လုံ့လဝီရိယ ရှိသူကိုသာ ကံကကူညီသည်၊ ပျင်းရိသူကို ကံကမကူညီ၊
၄။ သူတပါးကို မကောင်းကြံမကောင်းပြောလျှင် ကိုယ့်မှာ ဘေးဒဏ် ထိရမည်၊
၅။ အသုံးနှင့်အဖြုံးကိုကွဲပြားအောင် ခွဲခြား၍ သိတတ်သူ မမွဲနိုင်၊
၆။ ဒုက္ခဆိုတဲ့ ဆင်းရဲခြင်းနှင့် အရင်းတည်မှ သုခ ဆိုတဲ့ ချမ်းသာခြင်းကို ရနိုင်မည်၊
၇။ မတွေ့မီ ရှောင်သူထက် အတွေ့ကို ရှောင်နိုင်သူက အဆတသိန်း ပို၍ မြတ်၏၊

၈။ အပျော်အပါး လိုက်စားနေလျှင် မွဲတတ်သည်၊ ထိုသူ ကုသိုလ်တရား ကေန်မွဲရမည်၊

၉။ ဟန်ဆောင်သောအချစ်သည် သူက သာတန်းရနေစဉ် သာ အရောတဝင် ချစ်ခင်တတ်၏၊

၁၀။ ယခုဘဝမှာ အမျိုးမတော်ကြပေမဲ့ ပြီးခဲ့တဲ့ ဘဝတွေက အမျိုးတော်ခဲ့ကြဘူး၏၊ (သံယုတ်ပါဠိတော်)

၁၁။ ကွဲရှဲစုပ်စွဲခြင်း ခံရခြင်း ဆိုတဲ့ **လောကဓံ** တရားကို ဘုရားသော်မှ ရှောင်၍ မလွတ်နိုင်၊

၁၂။ သည်းခံခြင်းဆိုတဲ့ ခန္တီတရားထက် လွန်မြတ်သောတရား မရှိ၊ (ခန္တျာဘိယျော နဝိဇ္ဇတိ)

၁၃။ တွေးဆဆင်ခြင် မြော်မြင်တတ်သော ဉာဏ်ပညာရှိမှ လူအစစ်ဖြစ်သည်၊

၁၄။ ဟုတ်လဲဟုတ်-သူလဲနာလို ကိုယ့်မှာလဲ အကျိုးရှိလျှင် **ပြောပါ**၊

၁၅။ ဟုတ်လဲဟုတ် သူလဲ မနာလို ကိုယ့်မှာ အကျိုးရှိလျှင် **ပြောပါ**၊

၁၆။ ဟုတ်လဲမဟုတ် သူလဲမနာလို ကိုယ့်မှာလဲ အကျိုးမရှိလျှင် **မပြောပါနှင့်**၊

၁၇။ ဟုတ်လဲမဟုတ် သူလဲနာလို၏ ကိုယ့်မှာလဲ **အကျိုးရှိပေမဲ့ မပြောပါနှင့်**၊ (မဇ္ဈိမ ပါဒကံ ထိုက်မည်)

၁၈။ တွေးဆဆင်ခြင် မြော်မြင်တတ်သော ဉာဏ်ပညာမရှိဘဲ ထင်ရာကို ပြော၍ ထင်ရာကို ပြုလုပ်တတ်သော လူလို ပြောလွယ် ဆိုလွယ် တိုလွယ်၍ မနာလိုစိတ် ရှိတဲ့လူလို ရိုင်းပြ မိုက်ကန်းသော လူသည် ဤ လောကကြီး

အတွင်း၌ မရှိတော့ပေ၊ (ဒီလူစားကို ဝေးဝေးက ရှောင်ပါလေ)

၁၉။ မိမိကိုယ်ကို မိမိ အထင်ကြီးနေရင် ဘဝင်မြင့်၍ ရူးတတ်သည်၊ လူပေါကြီး ဖြစ်နေတတ်သည်၊

၂၀။ ငါပြောအဟုတ် ငါလုပ်အမှန် ငါကြံမလွဲ ဟူသော တယူသန်ဝါဒဆိုးကြီးကို ပယ်ရှားပါလေ၊

၂၁။ **လူစိတ်**ရှိရင် ရဲရဲဝံ့ဝံ့ ရိုးရိုးသားသား ကြိုးကြိုးစားစား သစ္စာရှိရှိ သဘောတရား မိမိ ပြုလုပ်ပြောဆို ကြံဆတတ်၏၊

၂၂။ ကိစ္စများထု အပုမ္မကို ပြုစုကြိုးစား လုံ့လထားက ဘုရားသော်မှ ဖြစ်နိုင်ကြ၏၊

၂၃။ အရေး အဖတ် အတွက် ဤ အသုံးလုံးနှင့်သာ ကျေနပ် မနေကြဘဲ အမြင်မှန်နှင့် အလိမ္မာ ဟူသော အနှစ်လုံး ကိုလဲ နှောင် တမလွန် အတွက် ထပ်၍ တိုးလိုက်ပါဦးလော့၊

၂၄။ ဤစာအုပ်ရှိ စာများနှင့် တခြား စာအုပ်က စာများကို ဖတ်မှတ်၍ ဆရာကောင်းကို ဆည်းကပ်လျက် သံသရာ ဘဝကူး ကောင်းအောင် ပြုပြင်ရေးလဲ လုပ်ကြစမ်း ပါဦး၊

၂၅။ အနှဆိုတဲ့ အကန်းဘဝက လွတ်အောင် ခန္ဓာ အာယတန ဓာတ် သစ္စာ ရုပ်နာမ် တရားများကို ကွဲကွဲပြားပြား သိအောင် အားထုတ်သင်ကြစမ်းပါဦး၊

၂၆။ မေ့မေ့ရော့ရော့နှင့် နေခဲ့ကြလို့ ယနေ့ တိုင်အောင် သံသရာထဲမှာ တခြာလယ်လယ်နဲ့ နေကြရတာဟာ

အများသဘောကို လိုက်လိုက် နေရလိုပါတဲ့ ဟူ၍လဲ လူသိ သိကြစမ်းပါဦး၊

၂၇။ မဖြစ်နိုင် ဆိုတာရယ် ကြောက်တယ် ဆိုတာရယ် ပျင်းတယ်ဆိုတာရယ် ဒီ ၃-မျိုးကို ပယ်လိုက်ကြပါဦး၊

၂၈။ မကူညီချင် နေကြပါ၊ မနှောင့်ရှက်ချင်ပါနှင့်၊

၂၉။ ဘယ်သူတွေ တရားပျက်ပျက် ကိုယ်က တရား မပျက်ပါနဲ့၊

၃၀။ အဖိုးမတန်တဲ့ စကားကို ပြောနေမဲ့အစား အိပ်နေတာက မြတ်သေး၏၊

၃၁။ ရဲရဲပြော ရဲရဲကြံ ရဲရဲလုပ်၊

၃၂။ ကိုယ်က နည်းလမ်း စည်းကမ်း မှန်နေရင် ဘယ်ဟာကိုမှ မကြောက်နဲ့၊

## သံပေါက်ကဗျာ မှတ်စရာ

၁။ ငယ်စဉ်အခါ ပညာရှာ ကြီးခါမရှက်ရ၊
၂။ ပညာရလာ စီးပွားရှာ များစွာမခက်လှ၊
၃။ ပညာရင်းခံ လုံ့လဖန် အမှန်ကြီးပွားရ၊
၄။ ကုသိုလ်စီမံ ထိုသူကြံ အမြန်ကြီးပွားရ၊
၅။ ပြုဘွယ်ကိစ္စ ရှိသမျှ လုံ့လစိုက်ထုတ်ပါ၊
၆။ လုံ့လရှိမှ ဥစ္စာရ မှတ်ကြများသူငါ၊
၇။ အချိန်မှန်ပင် အလုပ်ခွင် မြဲလျှင်ပြုကြပါ၊
၈။ နေရာတိုင်းမှာ အချိန်သာ လွန်စွာရေးကြီးပါ၊
၉။ လုံ့လကင်းမူ အပျင်းထူ ဘယ်သူကံမရှိ၊
၁၀။ ထကြွလုံ့လ လုပ်သူမှ ကံကကူညီဘိ၊

၁၁။ အလုပ်ဟူသမျှ လုပ်ခါစ ဒုက္ခအရင်းရှိ၊
၁၂။ တစတစ လုပ်ရင်းက သုခရမည်သိ၊
၁၃။ အချိန်ကိုဖြုန်း အပိုသုံး လုံးလုံးရှောင်ရမည်၊
၁၄။ သုံးစွဲတိုင်းထွာ အရာရာ ချွေတာကြရမည်၊
၁၅။ မသုံးတန်ဘဲ သေးအဖွဲ့ ရှေးပဲရှောင်ရမည်၊
၁၆။ တကယ်သုံးလို ကြေးငွေကို တွန့်တိုကင်းရမည်။
၁၇။ စီးပွားမှာလျက် ကုသိုလ်ဘက် မပျက်ပြုရမည်၊
၁၈။ ကြက်သရေမျိုး နေ့တိုင်းတိုး ဟိုးဟိုးကျော်လိမ့်မည်၊
၁၉။ ငယ်စဉ်ခါသင်ပါကွဲ့ စာများ၊ မသင်ချင် တကယ်ပျင်း လျှင် ဖျင်းလိမ့်မှတ်သား၊
၂၀။ ဖျင်းတဲ့သူ မတူဘူး လူချင်း၊ ဆင်းရဲစွာ နေထိုင်ရမယ် လောကအတွင်း၊
၂၁။ ချမ်းသာလို စာကိုတဲ့အမြဲ၊ တတ်ပညာ လမ်းကျန်ဆိုက် အောင် အားစိုက်လို့ခဲ၊
၂၂။ ပညာဉာဏ် ဖိုးတန်လှအထူး၊ မသမာလူညစ်ဆိုးတို့ရယ် ခိုးလို့ဖြစ်ဘူး။

## ပါရမီနှင့်ပညာကြိယာ ခြားနားချက်

**အမေး**။ ။ပါရမီနှင့် ပညာကြိယာ ဘာထူးခြားသလဲ။

**အဖြေ**။ ။ပါရမီဆယ်ပါး ရေတွက်ပုံက တခြား၊ ပညာကြိယာ ဆယ်ပါးရေတွက်ပုံက တခြားဖြစ်၍ထူးပါသည်၊ ဒါပေမဲ့ ပါရမီ ထဲမှာလဲဒါန သီလ, ပညာကြိယာထဲမှာလဲ ဒါန သီလဟု နာမည် တူနေတာ ၂-ခုကို တွေ့ရပါလိမ့်မည်၊ပါရမီ မြောက်သည် ဖြစ်စေ, မမြောက်သည်ဖြစ်စေ အလုံးစုံသောဒါနသီလအမှုကို ပညာကြိယာ

ဟု ခေါ်နိုင်၍ ပါရမီဟု မခေါ်နိုင်ပါ၊ ပါရမီဟု ခေါ်နိုင်သော ဒါန သီလ မှုကိုသာ ပုညကြိယာဟု ခေါ်ချင်က ခေါ်နိုင်ပါသည်၊ ပါရမီတိုင်းကို ပုညကြိယာဟု မခေါ်နိုင်၊ ပုညကြိယာတိုင်းကိုလဲ ပါရမီဟု မခေါ်နိုင်ပါ၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိနှင့် အပျော်အပါး ပကာသန လက်စားကူမှု သတ်ဖြတ်မှု စသော ဟိတ်မကင်းတာတွေနှင့် တွဲစပ်၍ လှူကြသော အလှူဒါန ရှင်ပြု ရဟန်းခံ ကထိန်ခင်း စသော ဒါန အမျိုးမျိုးနှင့် အိမ်နီးချင်း ရိုသေရုံ သူတကာ အထင်ကြီးခံရရုံ စောင့်ထိန်းခြင်း စသော သီလစောင့်မှု အမျိုးမျိုးတွေကို ပါရမီဟူ၍ ဘယ်အခါ ဘယ်ကမ္ဘာမှ မခေါ်နိုင်ဘူး ဟူ၍ ပုဒ်ပြတ်မှတ်ပါ၊ (လူမိုက်များ ကတော့ နှဲ့ အမှတ် ဆိုင်းအတီး သီချင်းအဆို အကအခုန် လေ့ကျင့်နေတာကိုပင် ပါရမီပါအောင် ပါရမီ ပြည့်အောင် ပါရမီ ဖြည့်ကျင့်နေတာပါဟူ၍ရင်း၊ အတီးအကအဆို ကောင်း တာကိုပင် ပါရမီကောင်းလို့ ပါရမီ ပြည့်လို့ဟု ပြောကြပါ သေးသည်၊ ပါးစပ်ဆိုတာကတော့ ပြောချင်သလိုပြော ဖြစ်တာ ပေါ့၊ ရှုက်ဖွယ်ပင် ဖြစ်တော့၏၊ ပါရမီနှင့်ကား လားလားမှ မဆိုင်ပါ)။

**မေး**။ ။သုစရိုက်နှင့် ပုညကြိယာ ဘာထူးသလဲ။

**ဖြေ**။ ။သုစရိုက်ဆယ်ပါး ရေတွက်ပုံက တခြား ပုညကြိယာ ဆယ်ပါး ရေတွက်ပုံက ကခြားဖြစ်၍ ထူးပါသည်၊ ဒါပေမဲ့ သုစရိုက်ဆယ်ပါးသည် ပုညကြိယာ၏အစိတ်အပိုင်းသာဖြစ်သည်၊ ကာယသုစရိုက် ၃-ပါး ၄-ပါး၊ ဝစီဒုစရိုက် ၄-ပါးကို ပုည ကြိယာ ဆယ်ပါးတွင် သီလဟု ခေါ်သည်၊ မနောသုစရိုက် ၃-ပါးကို ပုညကြိယာ ဆယ်ပါးတွင် ဘာဝနာ၏ အပိုင်းတွင်

ပါသင့်သလောက် ပါသွားသည်၊ ပုညကြိယာဟု မခေါ်ရသော မဟာကုသိုလ် ဘာဝနာ များ၌လည်း ပါဝင်နေသေးသည်ဟု မှတ်လိုက်ပါ။

**မေး။** ။သုစရိုက်ကို ပါရမီ မခေါ်နိုင်ဘူးလား။

**ဖြေ။** ။ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိနှင့် ပကာသနကို မျှော်မှန်း၍ လူ့ဒါန်းပြုလုပ်ကြသော စည်းစံနစ်မကျသော သုစရိုက်များကို ပါရမီဟု ဘယ်တော့မှ မခေါ်နိုင်၊ နိဗ္ဗာန်ကို ဦးတည်စူးစိုက်၍ တကယ်သန့်ရှင်း အဟုတ်သန့်ရှင်း သန့်သန့်ရှင်းရှင်းဖြစ်အောင် ပြုကြသော သုစရိုက်များကိုသာ သီလပါရမီ သစ္စာပါရမီ မေတ္တာပါရမီ စသည်ဖြင့် ထိုက်သင့်သလို ခေါ်နိုင်ပါသေးသည်ဟု မှတ်ပါ။

**မေး။** ။ပုညကြိယာကို ပါရမီ မခေါ်နိုင်ဘူးလား။

**ဖြေ။** ။ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ ပကာသနသမ္ပတ္တိကို မျှော်မှန်း၍ ပြုလုပ်ကြသော ပုညကြိယာများကို ပါရမီဟု ဘယ်တော့မှ မခေါ်နိုင်ပါ၊ နိဗ္ဗာန်ကို ဦးတည်စူးစိုက်၍ ပြုကြသော တကယ်တန်း ဖြူစင် သန့်ရှင်းသော ပုညကြိယာကိုသာ ပါရမီဟု ခေါ်လိုက ခေါ်နိုင်ပါသေး၏ဟုမှတ်။ **လိုရင်းအစစ် တရားကိုယ်မှာ** နိဗ္ဗာန်အတွက် ပြုလုပ်သော မဟာကုသိုလ် အစစ်နှင့် မဂ် ၄-ပါးကိုသာ ပါရမီဟု ခေါ်နိုင်သည်၊ နိဗ္ဗာန်ကို ဆုတောင်း၍ဖြစ်စေ ဆုမတောင်းဘဲ ဖြစ်စေ နိဗ္ဗာန် အတွက် ဟုတ်ဟုတ်မဟုတ်ဟုတ် လောကီ လောကုတ္တရာ ကုသိုလ်အားလုံးကို သီလဘာဝနာ စခန်းတွင် သုစရိုက်ဟု ခေါ်နိုင်ပါသည်၊ နိဗ္ဗာန်အတွက် ဟုတ်သည်ဖြစ်စေ မဟုတ်သည် ဖြစ်စေ မဟာကုသိုလ် အစစ်

အဲဒီလို ကရော်ကမယ် လုပ်မိတဲ့ အတွက်ကြောင့် အရောင်တင် နာမည်ခံ သာသနာ့ဒါယကာသာ ဖြစ်ရလေတော့သည်၊ ပုံစံပြရသော် ငါတို့ငယ်စဉ် ၁၂၇၅–ခုနှစ်ဆီက ဟသာတနယ် ရွာကြီးတရွာမှ ရှင်ပြုပွဲမှာ ဒီလိုဇာခွဲပြီး တခမ်းတနားလုပ်နေရသဖြင့် ကိုရင်လောင်းကို ညကျမှ သင်္ကန်းဝတ်တော့မည်ဟု အချိန်ဆိုင်းလိုက်မိရာ ညနေဝင်ရီတရော အချိန်မှာ ကိုရင်လောင်းကြီးက ရွာထဲက အပျိုပေါက်တယောက်နှင့် ခိုးထွက်ပြေးသဖြင့် ရှင်ပြုပွဲမမြောက် သာသနာ့ဒါယကာ ခံယူပွဲမမြောက် ဖြစ်ရပုံ တချက်၊ ငါတို့နေသော ညောင်ဦးမြို့နယ် ရွာတရွာမှ ဦးဇန်းကြီးဆိုသူ အလှူဒကာကြီးတဦးမှာလည်း ဘုန်းကြီးများက ကိုရင်မပါသေးဘဲ သာသနာ့ ဒါယကာအမွေကြီးကို ဟောဟောပြလို့ ဝမ်းမြောက်လျက် ညကျမှ သင်္ကန်းဝတ်လတ္တံ့သော ကိုရင်လောင်းမှာ ညမိုးချုပ်တော့အဖျားရောဂါရောက်၍ ထိုရောဂါမှ မထတော့ဘဲ သေသွားသဖြင့် သာသနာ့အမွေခံအတုကြီး ဖြစ်ရပုံ တရပ်၊ ညောင်ဦးမြို့ အရှေ့ဘက်ရွာတရွာမှ အင်္ဂလိပ်လက်ထက်က အလှူတလှူမှာလည်း နောက်မှ သင်္ကန်း ဝတ်တာ ပေါ့ဟု နောက်ကိုသာ အားကိုးမိသည့်အတွက် ရှင်လောင်းကို ညကျတော့ မြွေကိုက်သဖြင့် သေသွား၍ ရှင်မဖြစ်သော ရှင်ပြုအတုတွေကို မြင်တွေ့ရပုံတချက်၊ ဒီလိုကိစ္စမျိုးတွေ ဒုနှင့်ဒေး ရှိနေမည်မှာ အသင်လူသား စဉ်းစားလော့။

ဒါကြောင့် မိမိ၏ရှင်လောင်းကို သံဃာစင် ပေါ်ပါအောင် သင်္ကန်းဝတ်ပါစေ၊ သင်္ကန်းဝတ်နှင့် တခါထည်း ပါလာပါစေ၊ အဲဒါမှ လက်တွေ့ မျက်တွေ့ သာသနာ့ ဒါယကာ ဖြစ်နိုင်ပါသည်၊ ထိုကိစ္စကို သံဃာများက ရော၊ ဒကာများက ရော

ပြုပြင်ကြပါလေ၊ ဤစာရေးသူကား မိမိကျောင်းမှ ကိုရင်လေးများကို သင်္ကန်းဝတ်ပြီးမှ သံဃာစင်ကို တက်စေပါသည်၊ ဒီကိစ္စဟာ ပေါ့ပေါ့ကလေး ထင်သော်လည်း မပေါ့သောကိစ္စဖြစ်ပါသည်၊ ဒီကိစ္စကိုသာ ဦးစားပေးပါ၊ (ဇာခွဲကိစ္စ အကုသလ အဗျာကတာ ကိစ္စတွေကို လျှော့နိုင် သမျှလျှော့ပါ၊ ဇာခွဲ ကိစ္စ မပါတာမျိုးကို ဘုရား အကြိုက်ဆုံးဟု သိပါ)။

မင်္ဂလာဆောင် ကိစ္စတွေမှာလည်း မင်္ဂလာဆောင် မဟုတ်တော့ဘဲ အမင်္ဂလာဆောင်တွေဖြစ်၍ နေကြလေပြီ၊ အကြောင်းကား မင်္ဂလာကိစ္စမှာ ကြက်, ဝက်, ဘဲ, ဆိတ်, နွား-တွေကို သတ်လိုသတ်၊ သေရည် သေရက် အမျိုးမျိုး တွေနှင့် ညှော်ခံ၊ ပျော်ပွဲ ရှင်ပွဲတွေ ဒုစရိုက်အမျိုးမျိုး သတ်ဖြတ်မှု အမင်္ဂလာအမျိုးမျိုးတွေ ပြုလုပ်နေကြ၏၊ ထိုသတို့သားနှင့် သတို့သမီးတို့ အတွက် ရင်လေးစရာမှာ ထိုမကောင်းမှုတွေအတွက် တမလွန်မှာ ဒုဂ္ဂတိရောက်ဘို့ရာ သေချာပြီး ဖြစ်နေပါပြီ၊ ယခုဘဝ မှာလည်း ထိုဒုစရိုက်တွေကြောင့် မိမိမွေးဖွားရမည့် သားကလေး၊ သမီး-ကလေးတွေမှာ ဗိုက်ထဲသေ၊ အပြင်ရောက်သေ၊ လသားသေ၊ နှစ်သားသေ၊ ရောဂါထူ၊ အင်္ဂါပျက်စသော မကောင်း ဆိုးရွားတွေ ဖြစ်ရမည်မှာ သေချာလှသည်၊ သတိထားကြပါ၊ လူချင်းမတူ သူချင်းမျှ ဖြစ်ရမည်မှာ တနည်းမဟုတ် တနည်းအား ဖြင့် သေချာ နေတော့သည်၊ ဤကား အကျဉ်းမျှ ဖြစ်ပါသည်၊ အကျယ်ချဲ့၍ သိတော်မူကြပါ၊ သို့ဖြစ်၍ ရှင်ပြုကိစ္စ၊ မင်္ဂလာဆောင်ကိစ္စတွေကို သဘာဝလဲ့ကျအောင်၊ ကုသိုလ်လဲရအောင်၊ ကိစ္စလဲနည်းအောင်၊ ဒုက္ခလဲမများရအောင်၊ အတု အယောင်

အဖြစ်မျိုးသို့လဲ မရောက် ရအောင် ပြုပြင်တော် မူကြပါဟု လေးလေးနက်နက် တောင်းပန်ပါကြောင်း။

## ကထိန်သင်္ကန်းနှင့် ရေဒီယို ဥပမာ

ယခုအခါ၌ လူအတော် များများက ဉာဏ်မသက်ဝင် မယုံကြည်နိုင်သော အလှူတမျိုး ရှိနေ ပါသည်၊ အဲဒီ အလှူက ဘာအလှူလဲဆိုရင် ဒကာတဦးတည်းကဖြစ်စေ၊ အများက ဖြစ်စေ ကထိန်သင်္ကန်းဟူသော အမည်ဖြင့် (**ဣမံ ကထိနစီဝရံ သံဃဿ ဒေမ**)ဟု ဝစီကံမြောက် ဆို၍ လက်နှင့် ကိုင်ပြီး ကာယကံမြောက် ကပ်လှူ ပါသည်၊ စိတ်ကလည်း သံဃာ အားလုံးကို ညွှတ်ရမည်ဆို၍ ညွှတ်ပါသည်၊ (ထိုသင်္ကန်းသည် ဘုရားလက်ထက်က ရဟန်းတွေရော၊ ယခု ပစ္စုပ္ပန်မှာ ရှိနေသော တကမ္ဘာလုံးရှိ ရဟန်းတွေရော၊ နောင်သာသနာ မကုန်မချင်းအတွင်း ဖြစ်လတ္တံ့ ဖြစ်သော ရဟန်း တွေရော) အဲဒီ သံဃာအားလုံးကို လှူဒါန် ရာရောက်သည်၊ ထိုသင်္ကန်း၏ အာနိသင်သည် ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ သံဃာတော်များသို့ သက်ရောက်သွားလေသည်၊ သို့ဖြစ်၍ တခြားသော သင်္ကန်းများနှင့် မတူတော့ဘဲ ကထိန်သင်္ကန်းက အကျိုးရ ပိုသည်၊ ပို၍ ထူးခြားသည်ဟု ဘုန်းတော်ကြီးများက ဟောပြောကြသည်ကို နာကြားနေကြရပါသည်၊ အဲဒီလို ဟောကြားတဲ့ ကထိန်တရားကို ရှေးတုန်းက လူတွေကတော့ အားလုံးဘဲ ယုံကြည်ကြလိမ့်မည်ဟု ထင်ပါသည်၊ ယခုလူများတွင် ရာခိုင်နှုန်း ၉၀-ကျော်လောက်က ယုံကြည်ကြလိမ့်မည် မထင်ပါ၊ ဘာ့ကြောင့်လဲဟု မေးလျှင် ကထိန်သင်္ကန်း တထည်တည်းက လွန်ပြီးသော ရဟန်း၊ လက်ရှိ

တကမ္ဘာလုံးရှိ ရဟန်း၊ လာလတ္တံ့ ရဟန်းတွေ ဟူသမျှတို့၏ ထံသို့ အာနိသင် ရောက်ရမည်ဆိုတာကို တပည့်တော်နှင့် တကွ ရာနှုန်း ၉၀-ကျော်က (အကျိုးအာနိသင် မရောက်နိုင်ဘူး၊ မဟုတ်နိုင်ဘူး၊ မယုံနိုင်ဘူးဟု ယူဆနေကြပါသည် ဘုရား)ဟု လျှောက်ထားလာခဲ့သော် ထိုသူအား ဤသို့ ပြန်၍ မေးပါလေ။

ဒကာကလေးရဲ့ - မြန်မာတပြည်လုံးမှာ ရေဒီယို ပေါင်း ၇၀၀၀၀-ခန့် ရှိနေပြီ၊ အဲဒီရေဒီယိုတွေက ဖွင့်ချိန်ကျလို့ မြန်မာ့ အသံက မိတာတူတဲ့နေရာကို ဖွင့်လိုက်လျှင် တချိန်ထဲ တမိနစ်ထဲ တစက္ကန့်ထဲ တပြိုင်နက်ထဲ အသံတွေ မြည်လာတယ် မဟုတ်လား ဟု ပြန်၍ မေးပါလေ၊ ထိုသူက ဟုတ်ပါတယ် တပြိုင်ထဲ မြည် ပါတယ်ဟု ပြန်လျှောက်လိမ့်မည်၊ ထိုအခါ ထိုသူကို အဲဒီ တပြိုင် ထဲ မြည်လာတဲ့ အသံပေါင်း ၇၀၀၀၀-ခန့်အတွက်ဓာတ်ပြားဘယ် နှစ်ပြားဖွင့်ပြီး အသံလွှင့်ပေးလိုက်တာလဲဟု ပြန်မေးပါ၊ ထို ထိုဒကာက ရန်ကုန်မြို့ ပြည်လမ်းရှိ အသံလွှင့်ရုံထဲက ဓာတ်ပြား တပြားထဲကို လွှင့်လိုက်ထာပါ ဘုရားဟု လျှောက်လိမ့်မည်၊ ထိုအခါကျမှ ဒကာလေးရဲ့ အဲဒီစက်က ဓာတ်ပြားတပြားထဲ ဖွင့် လိုက်ထာနှင့် အဲဒီ ဓာတ်ပြားနှင့် အသံတူ အသံပေါင်း ၇၀၀၀၀-ခန့်အသံမြည်လာရတာဟာ ဓာတ်ပြားတပြားထဲက ၇၀၀၀၀-ခန့် ဖြစ်သွားတာ မဟုတ်ဘူးလားဟု မေးပါ၊ ထိုအခါ ထိုဒကာက သဘောပေါက်ပြီးလျှင် ဟုတ်ပါတယ်ဘုရား၊ ဓာတ်ပြား တပြား ထဲက ဓာတ်ပြား ၇၀၀၀၀-ခန့် မြည်တယ်ဆိုတာ ထင်ရှားပါပြီ ဘုရားဟု လျှောက်လိမ့်မည်၊ အဲဒီတော့မှ တကာလေးရဲ့ အဲဒီ ဥပမာအတိုင်းပေါ့၊ မင်းတို့ လက်ထက်ရှိ လောကဓာတ်ဆရာ တွေကတောင်မှ ရုပ်ဝါဒနှင့် ဖန်တီးထားတဲ့ လောကီပညာ

အစွမ်းမျှကလေးနှင့်ခေတ်ပြားတပြားထဲဖွင့်လိုက်ရုံနှင့် ခေတ်ပြား ၇၀၀၀၀- ခန့်ရဲ့ အသံဖြစ်အောင် လုပ်နိုင်သေးရင် လောက ထိပ်ခေါင် အတုမရှိ တန်ခိုးတော်ရှင် နာမ်ဝါဒ၏ ပိုင်ရှင်ဖြစ် တော်မူသော မြတ်စွာဘုရား၏ ကထိန် အာနိသင်၏ ကိစ္စ၊ သက်နိုး တထည်တည်းက အကိတ် ပစ္စုပ္ပန် အနာဂတ် ရယာန်းတော်တွေ အထိ အာနိသင် ဆိုက်ရောက်နိုင်တယ်ဆိုတာကို ဒကာကလေးရဲ့ ခေတ်ပြားတပြားထဲဖွင့် ဥပမာနှင့်ပင် နားလည်လောက်ပြီ၊ ယုံကြည်လောက်ပြီ၊ သဘောပေါက်လောက်ပြီ ဉာဏ်သက်ဝင် လောက်ပြီ မဟုတ်လားဟုမေးပါ၊ ထိုသူနှင့်တကွ အကြောင်း အကျိုးကို ယုံကြည်ကြမည့်သူများသည် သံသယ ကင်းကင်း ရှင်းရှင်းနှင့် ယုံကြည်လာပါလိမ့်မည်၊ တကမ္ဘာလုံးရှိ ရေဒီယို ဟူသမျှနှင့် အသံလွှင့်ရုံ ဟူသမျှကိုဉာဏ်ရှိသမျှ ချဲ့ထွင်၍ပြောပြ ကြပါကုန်။

ဤဥပမာကား ဤစာရေးသူ၏ ဉာဏ်ပေါ် ဥပမာတည်း။

## မြတ်စွာဘုရား၏ အရပ်တော် ၁၈-မိုက်

လွန်ခဲ့သော နှစ်ပေါင်း ၃၃-နှစ်ကျော် ၁၃၀၀-ပြည့်နှစ်က မြတ်စွာဘုရားရှင်၏ အရပ်တော်နှင့် ပတ်သက်၍ သတင်းစာ မဂ္ဂဇင်းများတွင် ပညာရှင် ဆိုသူများသည် အကြီးအကျယ် ငြင်းခုံပွဲကြီး ပြုလုပ်ခဲ့ကြဘူးလေသည်၊ ထိုအငြင်းအခုံ စာများ သည် ဤစာရေးသူကိုယ်တိုင် စုဆောင်း၍ စာအုပ်တွဲကြီးပြုလုပ်၍ ထားသော တိုးတက်ရေး ပြုပြင်ရေး ကြီးပွားရေး တက်ခေတ် စာဆိုတော်၏ မြန်မာ့တာဝန် အကောင်းဆုံးဟူသော မဂ္ဂဇင်း စာအုပ်တွဲကြီး ၁၉-ပို့သာရှိ စာအုပ်ကြီးတွေထဲမှာ ရှိလေသည်။

ထိုစာအုပ်တွဲကြီး ၁၉-ပိသာကို ရန်ကုန်မြို့ အမျိုးသား စာကြည့်တိုက်သို့ လှူ၍ ထားပြီးပါပြီ၊ (အလိုရှိသူ ထိုတိုက်သို့ သွား၍ ကြည့်ကြပါကုန်) ထိုစဉ်အခါက ဖိုးမေတ္တာဆိုသူက ဘုရားအရုပ်တော် ၄-တောင်၊ ပညာရှိကြီး ဦးဘောဆိုသူက ၁၈-တောင်ဟု ယုတ္တိယုတ္တာနှင့် အပြန်အလှန် ငြင်းခုံကြလေသည်၊ (ဦးဘောဆိုသူကား သီပေါမင်း လက်ထက်က သီရိစတုရင်္ဂဗလဘွဲ့ခံ ပညာရှိကြီး ပေဟည်း၊ ထိုစဉ်က ထိုအဖိုးကြီးမှာ အသက် ၈၀-ရှိလေပြီ)

ထိုပညာရှိကြီးများ ငြင်းခုံရေးသားနေချိန်တွင် ဤစာရေးသူ စစ်ကိုင်းဘက်သို့ ရောက်သွားရာ ၎င်း ဦးဘော နေသောနေရာသို့ ရောက်သွားပါသည်၊ (ထိုစဉ်က ၎င်းပညာရှိကြီးသည် မင်းကွန်း ဘုရားကြီး အနီးမှာ နေချိန်ဖြစ်သည်) ဤစာရေးသူသည် ထိုပညာရှိကြီး နေသောအိမ်သို့ သွား၍ စကားစပ်မိစပ်ရာ ပြောကြရင်း မြတ်စွာဘုရား အရုပ်တော်နှင့် စပ်သော စကားသို့ ရောက်သွားရာ ဤစာရေးသူက မြတ်စွာဘုရားသခင်သည် သူ၏ မျက်မှောက်ရှိ လူတွေနှင့် မတိမ်းမယိမ်းသာ အရုပ်တော် ရှိသင့်ကြောင်းများကို ဥပကဝတ္ထု ပက္ကုသာတိမင်းဝတ္ထု တောစိုးနှင့် ဘုရားတွေ့ပုံဝတ္ထု နန္ဒမင်းသား ဝတ္ထု ကပ္ပိလဝတ်ပြည်သားတွေ ဘုရားထိုင်နေတာကို မသိသဖြင့် မျက်နှာတော်ကို လက်ဝါးနှင့် ပိတ်သောဝတ္ထု ယသောဓရာနှင့် လက်စွပ်ချင်း လဲ၍ ဝတ်သော ဝတ္ထု မလ္လိကာ မိဖုရား၏ မဟာလတာ တန်းဆာကို အလောင်းတော်ပေါ်သို့ လွှမ်းခြုံသောဝတ္ထု အရှင်မဟာကဿပကြီးနှင့် သင်္ကန်းချင်း လဲလှယ်ဝတ်သော ဝတ္ထု စသည်တို့ဖြင့် ပုံစံပြ၍ အခြေအတင် ငြင်းခဲ့ရာ ဘယ်လိုမှ အလျှော့မပေးဘဲ ဘုရားအရုပ်တော်ကို ၁၈-တောင်ကနေပြီး ဆံချည်တမျှင်ရွှာမှ မလျှော့နိုင်

ကြောင်းကို ပြောပြရုံမက ကိုယ်တော်တို့ဟာ သာသနာဖျက် ကိုယ်တော်တွေ ပါဠိကိုမယုံတဲ့ ကိုယ်တော်တွေ(အဋ္ဌာရသ ဟတ္ထုဗ္ဗောဓော- ဘုရားအရပ်တော် ၁၈-တောင် ရှိတယ်ဆိုတဲ့စကားကို ဖျက်ဆီးပစ်တဲ့ ကိုယ်တော်တွေဟု ကက်ကက်လံအောင် ရန်စကားပြော၍ နေတော့ရာ(ထိုအချိန်မှာပင် ဤစာရေးသူနှင့် အဖိုးကြီးစကားများနေသည်ကို ဝိုင်းပြီး နားထောင်ကြသူ တကျိပ်ခန့်ရှိလာ၏၊ ထိုအထဲတွင် ၁၆-နှစ်မှ ၂၀-ရွယ်လောက်ရှိ မိန်းမပျိုကလေးတွေလဲ ၇-ယောက်ပါရှိ၏) အဖိုးကြီး ဒေါပွပြီး နဂုတ်လက်ကိုင် ငြင်းခုံနေသည်ကို ဤစာရေးသူက စိတ်မရှေ့တော့သဖြင့် ကဲ-ကဲ-ဒကာကြီး၊ ဒကာကြီးကို အတိတ်နှင့် ငြင်းလို့တော့ရမှာမဟုတ်တော့ဘူး၊ ဒါကြောင့် ပစ္စုပ္ပန်နဲ့ဘဲငြင်းရတော့မှာဘဲ၊ ဒကာကြီးက မှန်ရာကိုသာ လိုက်ပေါ့၊ စိတ်ချည်း ဆိုးမနေနှင့်ဟု လေပျော့ပျော့နှင့် ပြောလိုက်ပြီးမှ-

ကဲ-ကဲ-ဒကာကြီး ပြောတာကို ဒီပရိသတ်ကလဲ သေသေချာချာမှတ်ကြနော်၊ စဉ်းလဲစဉ်းစားကြနော်၊ ပြီးတော့ ဘက်မလိုက်ဘဲ အဖြေမှန်ကိုလဲပေးကြနော်ဟု ပရိသတ်ကို ပြောပြီးလျှင် ကဲ-ကဲ-ဒကာကြီးရဲ့ အဲဒီ ဘုရား ၁၈-တောင် မြင့်နေတာဟာ ဘုရားဖြစ်မှ မြင့်တာလား၊ သိဒ္ဓတ္ထမင်းသား ဘဝတုန်းကတည်းက မြင့်တာလားဟု မေးလိုက်ရာ အဖိုးကြီးက သိဒ္ဓတ္ထမင်းသား ဘဝ၊ တောမထွက်ခင် ဘဝ၊ ယသောဓရာနှင့် မရသေးခင်ဘဝ၊ လူပျိုဘဝကပင် ၁၈-တောင် မြင့်တာပေါ့၊ ကိုယ်တော်ရဲ့ဟု ပြန်ပြောပြန်သဖြင့် ဒါဖြင့် အဲဒီတုန်းက ဘုရားအဖေ-အမေစတဲ့ လူတွေကကော ဘယ်လောက် မြင့်သလဲဟု ထပ်မေးလိုက်ရာ ကိုယ်တော်ကလဲ နှိုလိုက်ထာ၊ တုံးလိုက်ထာ၊

ဘုရားလောင်းက ၁ဂ-တောင်၊ သည့်ပြင် လူတွေက ၆-တောင် သာ အရပ်မြင့်တယ် ဆိုတာကို ကိုယ်တော် စာမသင်ဘူးလို့ မသိတာလားဟု ပြန်တွယ်ပြန်၏၊ ကဲ-ထားပါတော့ အဲဒီလို ၁ဂ-တောင်မြင့်နေတာဟာ တန်ခိုး ဖန်ဆင်းထားလို့ မြင့်တာလား၊ သူ့အတိုင်း ရိုးရိုးမြင့်နေတာလားဟု မေးရပြန်၏၊ ကိုယ်တော်ရဲ့ ဘာတန်ခိုးမှ မဟုတ်ဘူး ပုထုဇဉ်ဘဝ၊ လူပျိုဘဝကပင် ၁ဂ-တောင်မြင့်တာ ကိုယ်တော်ရဲ့ဟု ပြန်ပြောပြန်၏။

ကဲ-ဒကာကြီး စကားကို ဒကာကြီး မြဲမြဲ မှတ်ထားနော်၊ ကျုပ်က ပရိသတ်ကို အဆုံးအဖြတ် အဖြေပေးခိုင်မှာ သိလား၊ ကျုပ်ကိုယ်တိုင်က မဆုံးဖြတ်ဘူး၊ အဲဒီတော့မှ ဒကာကြီးက ကျွန်မြီးမတိုနှင့်ဟု ပြောပြီးလျှင် ကဲ-ဒကာကြီး ဒကာကြီးပြောတဲ့ သိဒ္ဓတ္ထမင်းသား လူပျိုကလေးက ၁ဂ-တောင်၊ သူနဲ့ လက်ထပ်မဲ့ ယသောဓရာ မင်းသမီး ကလေးက ၆-တောင်လို့ ဒကာကြီး ပြောထားတာ ဟုတ်တယ်မဟုတ်လား ဒကာကြီးဟု မေးလိုက်ရာ ဟုတ်တယ်ကိုယ်တော် ဟုတ်တယ်၊ ဘုရားလောင်းက ၁ဂ-တောင်၊ ယသောဓရာက ၆-တောင်တိတိဘဲ ရှိတယ်၊ အဲဒါ ဘာဖြစ်သလဲ ကိုယ်တော့၊ ရှေးက စာထဲမှာပါတဲ့အတိုင်း ပြောတာဟု ဆုံးဖြတ်ချက်ချလိုက်သော အခါ၊ ဤစာရေးသူက ကဲ-ကဲ-ဒကာကြီး ဒီအနားမှာ ထိုင်ပြီး နားထောင်နေကြတဲ့ ဒကာကြီးရဲ့ မြေးမတွေ၊ မြစ်မတွေဖြစ်တဲ့ ကလေးမတွေကိုသာ မေးကြည့်ပေတော့၊ ကိုယ့်အရပ်ထက် ၂-ဆတိတိ မြင့်နေတဲ့ ယောကျ်ား လူပျိုကယောက်ကို ကိုယ့်အရပ်အောက် ၂-ဆတိတိ အရပ် နိမ့်နေတဲ့ မိန်းမအပျို ကလေးက လင်လုပ်ပြီး ကြိုက်ဝံ့ မကြိုက်ဝံ့ အဲဒီ ကလေးမ တွေကိုသာ မေးကြည့် ပါတော့ဟု ဤစာရေးသူက

ပြောပြ လိုက်သောအခါ ထိုကလေးမ တွေက တပြိုင်ထည်း တသံထည်း ပြောကြသည်မှာ ဘဘကြီး-ဘဘကြီး စကားက မှားနေပြီ၊ ဦးပဥ္စင်းပြောတာက မှန်တယ်၊ ဘဘကြီး လွဲနေပြီဟု ဝိုင်းအော်ကြသောအခါ အဖိုးကြီးက စိတ်ဆိုး မာန်ဆိုးနှင့် သယ်-ခွေးမလေးတွေ နင်တို့က ဦးပဥ္စင်းဘက်က လိုက်ပြီး ပြောကြတယ်၊ တယ်-ခွေးကောင်မ လေးတွေကို ငါတုတ်နဲ့ ရိုက်လိုက်ရမလားဟု ထပ်၍ ကြိမ်းပြန်ရာ ဒါတော့ ဘဘကြီးက မတရား ပြောပြောနေလို့ ကျွန်မတို့က မှန်တဲ့ဘက်က လိုက်ပြီး ပြောတာပါ ဘဘကြီးရဲ့ဟု ကရော်ကမယ် လိုလိုနှင့် တကယ် အဖြစ် မဖြစ်နိုင်မည်ကို သိကြသည့် ကလေးမတွေက အဖြေမှန် ပေး၍ ထပြေးကြလေတော့၏၊ အဖိုးကြီးလဲ မကျေမနပ်နှင့် အရှုံးပေးရမလိုလို သဘောနှင့် ရှုံးတူး ရှားတား ဖြစ်၍ ကျန် ရစ်ခဲ့ရလေတော့သတည်း။

သို့ဖြစ်၍ **အဠာရသ ဟတ္ထာဗွေဓေ** ဟူသော ပါဠိမှာ ပါသော **ဟတ္ထ**သဒ္ဒါကား **တမိုက်**ဟူသောအနက်ကို **အပ္ပက**နည်း အားဖြင့် အနက်ပေး၍ ၁၈-မိုက်၊ ၆-တောင် ဟူ၍သာ အမှန် အတိုင်း သိကြပါကုန်၊ ဘုရားမှတပါး ကျန်လူစု မှာလည်း ၆-တောင်အောက် နဲ့နဲပါးပါး လျော့၍ ခန့်မှန်း ပြီးလျှင် ဘုရားနှင့် ကျန်လူစု အဆင်ပြေ လောက်အောင် ဘုရားကိုလည်း ပသာဒနိယဂုဏ်ကို ဆောင်နိုင်အောင် အတိအကျ အားဖြင့် ဘုရားသခင်သည် ပင်ကိုယ်အားဖြင့် ၆-တောင်သာ မြင့်သည်ဟု ယူဆကြပါကုန်။

(ယခုအခါမှာ မူကား) ဘုရားရှင် ဟောတော် မူခဲ့သော နက်နက်နဲနဲတွေး၍ ရှောင်ကြဉ်ရမည်ဖြစ်သော ဒုစရိုက် အလုပ်

ပုဒ်မ ၅၂-မျိုးနှင့် ဒုစရိုက်ကို တိုက်ရိုက်နည်း သွယ်ဝိုက်သော နည်းဖြင့် ကျူးလွန် နေကြသူတွေ မလွဲမသွေ ခံနေရမည့် ဒုဂ္ဂတိဘုံ ၅၁၇- ဘုံကိုမျှ ကျကျနန သိနိုင်ကြ၊ ပုံကြည့် နိုင်ကြ၊ ရှောင်ကြဉ် နိုင်ကြဘို့ရောကို မဆိုထားဘိ၊ မြတ်စွာ ဘုရား၏ အရပ်တော်ပမာဏ ၆-တောင်သာ မြင့်သည်ကိုပင် ဉာဏ်ဖြင့် မသက်ဝင်နိုင်ကြဘဲ ၁၆-တောင် မြင့်တယ်ဟု ပြောလိုပြော ၁၈-တောင် ပြောလိုပြောနှင့် ပြောပြောနေကြသော ဘုရားရှင်၏ ရုပ်ခတ်တော်ကိုလဲ မဆုံးဖြတ်တတ် နာမ်ခတ် အရ ဟောတော်မူခဲ့သော ဒုစရိုက်ပုဒ်မ ၅၂-မျိုးနှင့် ၎င်း၏ ဆိုးကျိုး ဖြစ်သော ဒုဂ္ဂတိဘုံ ၅၁၇-ဘုံကို မသိကြ၊ ရောက်ရ မှာကို မကြောက်ကြတဲ့ အချို့အချို့ ဗုဒ္ဓဘာသာ ဆိုသူတွေ အတွက် ဝမ်းနည်းရှုမဆုံး ဖြစ်ရပါတော့သတည်း။

## တဖက်အစွန်း ရောက်နေကြပြီ

ဉာဏ်သမားဆိုသူများက ပြုလုပ်ပြီး ပြုလုပ်ဆဲ ပြုလုပ်လတ္တံ့ ဖြစ်သော ကောင်းမှု မကောင်းမှု ကံတရားတွေကို စဉ်းစားနေ စရာ မလိုပါဘူးတဲ့၊ ဒါတွေက ဘဝအဆက်ဆက် ကမ္ဘာအဆက် ဆက်တိုင်းက ဖြစ်ဖြစ်လာကြတဲ့ ဖြစ်ဖြစ်နေကြတဲ့ ကိစ္စတွေပါ၊ ဒီကိစ္စတွေကို ဂရုစိုက်နေစရာ ကြောက်လန့်နေစရာ မလိုပါဘူး၊ ရုပ်နာမ်ကို သိမှုကသာ လိုရင်းပါဟု ပေါ့ပေါ့ဆဆကလေး ပြောပြီး ဆရာလုပ်သူကဖြစ်ပျက်တရားကို ပြောပြတော့ ဖြစ်ပျက် နှင့်ဘဲ ကျေနပ်လျက် ဖြစ်ပျက်ကို သိတားရင် အကုသိုလ် ဒုစရိုက်တွေဟာ ပပျောက်သွားရတာဘဲဟု သညာသိ ဖြစ်ပျက်၊ စာသိ ဖြစ်ပျက်၊ ဆရာလုပ်သူက ပြောပြတုန်းမှာ သိတဲ့ ဖြစ်ပျက်

ကို နံနံပါးပါး သိရှိမျှနှင့်ပင် အကျေနပ်ကြီး ကျေနပ်ကြကာ အင်္ဂုလိမာလ ကိုယ်တော်ကြီးတောင်မှ လူတွေကို သတ်ထားတဲ့ လူသတ်သမားကြီး ဖြစ်ပါလျက် ဉာဏ်နှင့် ဖြစ်ပျက်ကို သိလိုက်တော့ အဲဒီ ပါဏာတိပါတ ကံကြီးတွေ ပျောက်သွားရတာဘဲ၊ အလကား ဖြစ်သွားရတာဘဲ၊ အဟောသိကံ ဖြစ်သွားရတာဘဲ၊ ဒါကြောင့် ဘာကံတွေ ညာကံတွေကို ဘယ်လိုဘဲ လုပ်လုပ်၊ အရေးမဟုတ်ပါဘူး၊ ဖြစ်ပျက် သိမှုကသာ အရေးပါ၊ ဖြစ်ပျက်ကို သိထားရင် အဲဒီကံတွေဟာ အလိုလို ပျောက်သွားတာဘဲ၊ စဉ်းစားနေတာ အပိုပါဘဲ။

မြတ်စွာဘုရားကတောင် ဥပနိဿာနံ အကုသလာနံ ပဟာနာယ ဝါယာမော-ဖြစ်ပြီးသား အကုသိုလ်ကို ပယ်ဘို့ရာသာ အားထုတ်ရမယ်လို့ ဟောအထားသားဘဲ၊အဲဒီသဘောကပြန်ပြီး မစဉ်းစားရင် လုပ်တုန်းလုပ်ဆဲတွေကိုလဲ ဘာဘာညာညာနှင့် အရေးစိုက်မနေရင် ကိစ္စပြီးတာဘဲ၊ ကံဆိုတာ မလိုပါဘူးဟု ဉာဏ်ကိစ္စကိုသာ ဦးစားပေးလျက် အင်္ဂုလိမာလကြီးကိုတောင် သူတို့ဉာဏ်သမားဂိုဏ်းထဲ ဆွဲထည့်ထားပြီး ကျေနပ်နေကြ၏။

စဉ်းစားကြစမ်းပါ၊ သူတို့ ပြောတဲ့ စကားထဲမှာ အားထုတ်ခြင်းဆိုတဲ့ ဝီရိယ ပါသေးရဲ့လား၊ သူတို့ကတော့ ဉာဏ်နှင့် ဖြစ်ပျက်ကို သိအောင် စဉ်းစားတာဟာ အလုပ်ပေါ့၊ အဲဒီ အလုပ်ဟာ ဝီရိယပေါ့ဟု ပါးစပ်ပြောပြော၊ပါးစပ်တရားသိ-သိ၊ ပါးစပ်တရားရ ရရနေကြမှာပေါ့၊ ဒီလို မဟုတ်သေးဘူး၊ဉာဏ်ဆရာကြီးတို့ရဲ့ အင်္ဂုလိမာလကြီးက ဘဝပေါင်းများစွာက ဖြည့်ကျင့်ခဲ့တဲ့ ဉာဏ်ပြည့် ကိုယ်တော်ကြီးလဲဖြစ်ပြန်၊ လောလောဆယ်မှာလဲ ဘုရားရှင်နှင့် တွေ့ပြီး တကယ့်မဂ်ဉာဏ် ၄-ဉာဏ် ကိုလဲ

တကာယ်ရအောင် အားထုတ်ပြန်၊ အားထုတ်တဲ့အတိုင်းလဲ တကာယ်ရနေပြန်ဆိုတော့ သူ့ရဲ့ ပါရမီနှင့် ဝီရိယကြောင့် အကုသိုလ်တွေက ပပျောက်သွားရတာနော်၊ အသင်ဉာဏ်သမားကြီးတို့မှာ သူရသွားတဲ့ အကုသိုလ်ကို ဖြတ်ပစ်နိုင်တဲ့ သောတာပတ္တိမဂ်ဒါးကြီး သင်တို့ ဗိုက်ထဲမှာ ရှိနေကြပြီလား၊ သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်ဆိုတဲ့ မဂ်ဒါးကြီးတွေကော ရှိပြီးကြပြီးပြီလား၊ အဲဒီဒါးကြီး ၄-စင်း ရှိဘို့ရာကို မဆိုထားဘိ၊ ဒါးဖြစ်အောင် လုပ်ဘို့ သံကိုတောင်မှ ဘာသံကို လုပ်ရမှန်းတောင်မှ မသိသေးဘဲနှင့် သူပြော လူပြော ဖြစ်ပျက်သိဆိုတဲ့ နာသိ စာသိ ညာသိ အသိကလေးနှင့် အဂ္ဂိလိမာလ ကိုယ်တော်ကြီးနှင့် ပြိုင်ပြိုင်နေရင် အသင်ဟာ ပါးစပ်ပြိုင်သမားသာဖြစ်ရမည်၊ တကာယ်ပြိုင်မဟုတ် အပါယ်ပိုင် အလုပ်တွေကို သင်လုပ်နေတယ်ဆိုတာကို သင့်ကိုယ်သင် သိအောင် လုပ်ပါလေ၊ (ခြွင်းချက်တော့ ပြောပါရစေဦး) သင်သည် တကာယ်တမ်း တရားထိုင်သူလဲ ဖြစ်၍ တကာယ်လဲ တိဟိတ်ပဋိသန္ဓေနေခဲ့သူ ဖြစ်ခဲ့လျှင် တကာယ်လဲ မဂ်ဒါး တစင်းစင်းကို အပိုင်ရသူ ဖြစ်ခဲ့ရင်အကုသိုလ်တွေ ပပျောက်နိုင်ပါ၏၊ အဲဒီလို မဟုတ်သမျှ သင့်အလုပ်နှင့် သင့်စိတ်ထားသင်ကိုယ်တိုင်ပင် အသိသားဟာမို့ အလကား ကြွားနေတဲ့ ဉာဏ်သမား ဒုဂ္ဂတိဘုံသို့ လားရ သွားရတော့မည်မှာကား သေချာပေါက် ဖြစ်ရတော့မှာ ပါတကား။

## ပရမတ်မှောက်မှားသမားကလဲ

စေတီနှင့် ရုပ်ပွားတွေ မှာလဲ အဋ္ဌကလာပ်ရုပ် ရှိပါး၊ ချေးအိမ်သာနှင့် ဘုန်းကြီးကျောင်းက အဋ္ဌခဲနှင့် လုပ်ထားတဲ့

ကုဋေ အိမ်သာတွေကလဲ အဋ္ဌကလာပ်ရုပ် ရှစ်ပါး၊ ပရမတ္ထ အားဖြင့် ကလာပ်ရုပ်ရှစ်ပါးချင်း အတူတူမို့ အတူတူဘဲကွ၊ ကုသိုလ်ရချင်ရင် အိမ်သာကို ရှိခိုးရင်ကော ကုသိုလ် မရနိုင် ဘူးလားဟု မှောက်မှောက် မှားမှားနှင့် ပြောကြလို့ ငြင်းခုံခဲ့ရ ဘူးလေပြီ။

ထိုသူကို ဒကာကြီးမှာလဲ ရုပ် ၂၇-ပါး၊ ဒကာကြီးအမေမှာလဲ ရုပ် ၂၇-ပါး၊ ဒကာကြီး နှမမှာလဲ ရုပ် ၂၇-ပါး၊ ဒကာကြီး ဇနီးမှာလဲ ရုပ် ၂၇-ပါး၊ ဒကာကြီး သမီးမှာလဲ ရုပ် ၂၇-ပါး၊ အဲဒါလို ပရမတ္ထအားဖြင့် ရုပ် ၂၇-ပါးချင်း အလုံးစုံ တူနေပါ ရက်သားနှင့် သူတပါးရဲ့ နှမကို ဘာကြောင့် မယားလုပ်ရသလဲ၊ ကိုယ့်နှမနှင့် ကိုယ့်သမီးကို မယား လုပ်ပါတော့ လားဟု ခပ်ကြမ်းကြမ်း ပြောပြီးလျှင် ပရမတ္ထအားဖြင့် တူတူနေပေမဲ့ ပဏ္ဏတ္တိဝဇ္ဇ ပညတ်ရဲ့ အပြစ်ကလဲ လောကကြီးမှာ ရှိနေသေး ကြောင်း၊ ပညတ်ရှိလို့သာ ပရမတ်ရှိရကြောင်း၊ နေရာတကာမှာ တယူသန်ဝါဒ၊ တဘက်စွန်း ဝါဒကို မထား သင့်ကြောင်း၊ ပရမတ် မှောက်မှား အပါယ်သွား မဖြစ်သင့်ကြောင်း စသည် များဖြင့် သဘာဝကျအောင် ဖြေရှင်းခဲ့ရဘူးလေပြီ။

## လာချေသေး၏တမျိုး

တချို့ကလဲ မြေကြီးဆိုတာ ပထဝီဓာတ် အဓိက ဖြစ်သော ကြောင့် ဘယ်မြေကြီးဘဲ ဖြစ်ဖြစ် အမာဓာတ် ချည်းသာ ဖြစ်သောကြောင့် လမ်းကမြေလဲ အတူတူ၊ အိမ်ခြံက မြေလဲ အတူတူ၊ ကျောင်းဝိုင်း မြေလဲ အတူတူ၊ ဘုရားဝိုင်း မြေလဲ အတူတူ၊ ဘယ်မြေပေါ်မှာဘဲ ဘိနပ်စီးစီး ပထဝီ ဓာတ်ချင်း

ထိထိနေတာချင်း တူနေလို့ အပြစ်မရှိနိုင်ဟု ဆိုပြန်၏၊ အချို့ကလဲ ရေလဲအာပေါ်ခါတ်၊ ထန်းရေ အရက်လဲ အာပေါ်ခါတ်၊ ရေခါတ်ချင်း အတူတူဖြစ်လို့ ထန်းရေအရက်သောက်လို့ အပြစ်မရှိနိုင်၊ ငရဲမကြီးနိုင်ဟု ဆိုကြပြန်သေး၏၊ အဲဒီလို လူတွေကိုလဲ ထမင်းလဲပထဝီ၊ မစင်ပုံတွေလဲပထဝီ ဖြစ်နေလို့ ထမင်းကို မစားဘဲ ပထဝီချင်း တူတဲ့ မစင်ကို စားပါလား၊ ရေလဲ အာပေါ်ခါတ်၊ သေးလဲ အာပေါ်ခါတ်၊ အာပေါ် ခါတ်ချင်း တူနေရင် ရေအစား သေးကို သောက်ပါလားဟု ပြောပြ ဖြေရှင်းရပြန်သည်၊ အဲဒီ လူတွေလဲ တဖက်စွန်းကို ရောက်နေကြတဲ့ ပရမတ် မှောက်မှား အပါယ်သွားတွေဘဲ ဖြစ်ရတော့၏။

တချို့ကလဲ သိထားရင် ပြီးတာဘဲ၊ ဘာကိုမှ လုပ်နေစရာမလိုဟု ဆိုကြပြန်သည်၊ ဒီလို သိထားရုံနှင့် ပြီးတာ ဆိုရင် ထမင်းကို ထမင်းဟု သိနေရင် ဘာဖြစ်လို့ လက်ကဆုပ်ပြီး ပါးစပ်ထဲ ထဲ့ရသလဲ စားရသလဲ မျိုချရသလဲ၊ ကိုင်တာ ဝါးတာ မျိုချတာတွေကို မစားခင်က သိပြီးသားဘဲ၊ သိတဲ့ အတိုင်း သိပြီးဘဲ ထားပါတော့လား၊ ပြီးတော့အိမ်ထောင် ပြုကြသေး၏၊ အိမ်ထောင်ပြုတယ်ဆိုတာ သိပြီးသားဘဲ၊ ဘာလို့ ပြုကြသလဲ၊ အိမ်ထောင်ပြုပြီးသား သမားများကတော့ ဟိုမိန်းမ ငါ့မိန်းမဟု အတိအကျ သိပြီးသားဘဲ၊ ဘာပြုလို့ အဲဒီ မိန်းမ အနားကို ကပ်ရသလဲ အတူနေရသလဲ သိပြီးသားကြီးဘဲ၊ သူ့အတိုင်းဘဲ ထားလိုက် ပါတော့လား၊ ထားလိုက်တယ် ဆိုပါတော့၊ အဲဒီ လူမိန်းမက ငါ့ယောကျ်ား–သိရင် ပြီးတာ သမားကြီးက သိသိပြီးနေလို့ ငါ့အနားတောင် မကပ်တော့ဘူး၊ သူကမှ

သိပြီးတရားကို ရနေလို့ ငါ့အနား မကပ်ရင် ငါကလဲ တရား မပေါက်သေးတဲ့ တခြားယောကျ်ားကိုဘဲ ကပ်ရတော့မှာ ဆိုပြီး တခြားယောကျ်ားနှင့် တတွဲတွဲဖြစ်နေကြရင် အဲဒီ သိပြီးသား သမားကြီးက စိတ်ဆိုးပြီး ခဲနှင့်ပစ် ဒုတ်နှင့်ရိုက် ဒါးနှင့်ခုတ် လုပ်တော့မယ်၊ အဲဒီလို မလုပ်နဲ့ သိပြီးသားသမားကြီးရဲ့၊သိရင် အသိအတိုင်းဘဲ ထားလိုက်ပါတော့လား၊ သိနေရင် ပြီးတမ်းဘဲ ဖြစ်နေပေါ့ဟာ၊ ထမင်းလဲမစားနှင့်၊ ရေလဲမသောက်နှင့်၊ မယား လဲ မယူနှင့်၊ အိပ်လဲ မအိပ်နှင့်တော့ပေါ့၊ ဒီလို သိသိနေရုံနှင့် မပြီးသေးလို့ ဒီအလုပ်တွေကို လုပ်နေရတာ မဟုတ်လား၊အဲဒါလဲ တယူသန့်ဝါဒ ဝါဒဆိုး တဖက်စွန်းရောက်နေတဲ့ ဝါဒဘဲဟု မှတ် လိုက်ကြစမ်းပါ။

သိထားရင် ပြီးတမ်းဘဲ ဆိုတဲ့ လူကတမျိုးပြောကြပြန်သည် မှာ လိုချင်တယ်ဆိုတဲ့စိတ်ဒုက္ခ၊ တရားအားထုတ်ရတယ်ဆိုတဲ့ကိုယ် ဒုက္ခတွေကို လုပ်နေစရာမလိုဘူး၊ လုပ်နေရရင် ဒုက္ခပေါ်ဒုက္ခ ထပ် ဆင့်နေတာဘဲ၊ ဥပမာ–ကျုပ်က မိသားစု ၃–ယောက်နှင့်အတူတူ တောရွာကပြောင်းပြီး မြို့ပေါ်မှာ အိမ်ငှါးနေရာ အတော်ကြာ တော့ စားစရာ ဆန်မရှိတော့ ဝယ်ယူစရာ ဆန်တွေကလဲ ဘယ် ဈေးဆိုင်မှာမှ မရှိလေတော့ ကျုပ်က တောက ရွာမှာ ထားခဲ့တဲ့ ဆန်တအိတ်ကို ကျုပ်အပိုင်ဖြစ်တဲ့ ထမ်းပိုး မနုပ်တတ်သေးတဲ့ နွားကလေးတွေ လှည်းတပ်ပြီး ဆန်အိတ်ကို တင်ပြီး လှည်းနှင့် မောင်းလာခဲ့ရာ လမ်းကျတော့ နွားကလေးတွေ လှည်းနှင့်ရုန်းနေ ရတာကို သနားတာနှင့်လှည်းမောင်းရင်းဘဲ နွားသက်သာအောင် ဆိုပြီး အဲဒီဆန်အိတ်ကို ကျုပ်ပခုံးပေါ်မှာတင်ပြီး လှည်းမောင်း လာခဲ့ရာ နွားလဲမသက်သာတဲ့ဒုက္ခ ကျုပ်လဲ မသက်သာတဲ့ ဒုက္ခ

ဖြစ်မနေဘူးလားဟု သူ့ပရိသတ်ကို မေး၏။ (လှည်းပေါ်က ဆင်းပြီး ဆန်အိတ်ကို ထမ်းတာ မဟုတ်ဘူးနော်၊ လှည်းစီးရင်း လှည်းပေါ်မှာ ထမ်းတာကို သူပြောနေတာနော်)။

အဲဒါကြောင့် ဆန်ကို လိုချင်တဲ့ အာသာဆန္ဒဒုက္ခ ထမ်းရတဲ့ ဒုက္ခ နွားက ရုန်းကန်ရတဲ့ ဒုက္ခဆိုတဲ့ ဒုက္ခတွေဟာ မများဘူး လား များသလားဗျ၊ ဒုက္ခပေါ် ဒုက္ခဆင့်၊ ဒုက္ခပေါ် ဒုက္ခထပ် နေတာမဟုတ်လား၊ ဝန်ပေါ်ဝန်ဆင့် ဝန်ပေါ်ဝန်ပိ ပိနေတာ မဟုတ်လားဗျ၊ ဒါကြောင့် လိုချင်တာလဲဒုက္ခ လိုချင်လို့ လုပ်ရ တာလဲ ဒုက္ခမဟုတ်လားဗျာ၊ ဒါကြောင့် သိထားရင် ပြီးတာ ပြီးတာဘဲ၊ အားထုတ်ရတယ် တရားထိုင်ရတယ် ဆိုတာတွေဟာ အပိုတွေ ဒုက္ခပေါ်ဒုက္ခဆင့်တာတွေဘဲ ဟု ဥပမာပြ၍ ပြောလိုက် ရာ သူ့ဥပမာနှင့် သူတော့ သိပ်ပြီး အံဝင်ခွင်ကျ ဖြစ်နေလေ တော့ တရားမကျင့်ချင်တဲ့ လူတွေ မကျင့်ဘဲ လွယ်လွယ်နှင့်ရတာ ကို သဘောကျနေတဲ့ လူတွေက သိပ်သဘောကျနေကြပြီး အေး အဟုတ်သားဘဲ လိုချင်တာလဲဒုက္ခ လုပ်နေရတာလဲ ဒုက္ခဘဲ ဒုက္ခပေါ် ဒုက္ခဆင့်နေတာ အမှန်ဘဲ၊ မလိုချင်ရင် မလုပ်ရရင် ဒုက္ခက အေးရတာ အမှန်ဘဲကွဟု ဆုံးဖြတ်လျက် ကျေနပ်ကြ လေတော့သတည်း။ (အဲဒါဟာ မှန်ရဲ့လား၊ စဉ်းစားကြ ပါဦး)

ဆန်မရှိလို့ မစားရရင် သေမယ်မဟုတ်လား၊ မရှိတာကို မရှိဟု သိထားပြီး သိတဲ့နေရာမှာသာရပ်ပြီး ဆန်မရှာဘဲ ချက်မစားဘဲ နေကြည့်စမ်းပါ၊ ဖြစ်ပါ့မလား၊ မစားရရင် သေမှာပေါ့၊ အဲဒီတော့ ဒီမှာ ဆန်မရှိဘူးဆိုတာကို သိထားတော့ ဟိုမှာဆန်ရှိ တယ်ဆိုတာကို တဆင့်သိ၊အသိက ပေါ်လာပြန်တော့ သွားပြီး

ယူချင်လာပြီ၊ အဲဒါ လိုချင်တာဘဲ မဟုတ်လား၊ မရှိတာကို မရှိဟု သိတဲ့ နေရာတွင် ရပ်ထားလို့ ရသေးသလား၊ (ရပ်ထားရင် ငတ်သွားမှာပေါ့) မရပ်နိုင်ဘူးလေ၊ စားချင်တဲ့ အာသာက စိတ်ထဲဝင်လာတော့ ရှိတဲ့နေရာ စိတ်ထဲပေါ်လာတာပေါ့၊ ပေါ်လာတော့ လိုချင်လာတာပေါ့၊ မလိုချင်ပါဘူးကွာ ဟူသော နေရာတွင် ရပ်လို့ ရသေးရဲ့လား၊ (ရပ်ရင် ငတ်မှာပေါ့) အဲဒီတော့ အငတ်မခံနိုင် အသေမခံနိုင်တော့ မရှိကိုမရှိဟု သိတဲ့နေရာတွင် မရပ်နိုင်ဘဲ ဟိုမှာရှိတာကို အာရုံရောက်သွား၊ အာရုံရောက်တဲ့အတွက် ကိုယ်တိုင်သွား ဆန်အိပ်ကိုမ ပြီး လှည်းပေါ်တင် နွားကိုလှည်းတပ်မောင်း.အဲဒီကိစ္စတွေထဲကဘဲနွားကို သနားတယ် ဆိုပြီး လှည်းပေါ်မှာ လှည်းမောင်းနေတဲ့ ငုတ်တုပ်သမားကြီးက နွားကလေးတွေ ဒုက္ခရောက်နေတာကို သနားပါတယ် ဆိုပြီး ဆန်အိတ်ကြီးကို သူ့ပခုံးပေါ်မှာ ထမ်းထား၊ ထမ်းထားရက် သားကြီးနဲ့ လှည်းကိုမောင်း၊ အဲဒီတော့ ဆန်အိတ်ကြီးက သူ့အပေါ်ကို ပိ၊ သူကလဲ လှည်းကိုပိနှင့် ပိပိနေတာပေါ့၊ အဲဒါဟာ ထပ်ထပ်ပြီး ပိပိနေတာ ဟုတ်ပါတယ်။

ဒါပေမဲ့ ထပ်ပိ ထပ်ဆင့်ကိုသာ ပေါ်လွင်အောင် သူက ဥပမာပြ ပြောနေပေမဲ့ သူဟာလူနုံကြီး လူအကြီး ဖြစ်နေပြီ ဆိုတာကိုတော့ သူမပြောဘူး၊ သူ့ဟာသူလဲ မသိဘူး၊ သူ့ပရိသတ်ကလဲ မဝေဖန်ဘူး၊ အဲဒီလူနဲ့ အဲဒီတရားကို သဘောကျနေတဲ့ ပရိသတ်များကို ဝေဘန်စမ်းပါ၊ လှည်းပေါ်မှာ စီးရင်းကြီးနဲ့ ဆန်ကို ပခုံးပေါ်မှာ ထမ်းထားသတဲ့၊ ဒီလူထက် အတဲ့လူ ရှိသေးရဲ့လား၊ ဝန် ၂-ဝန် ပိပိနေတာတော့ ဟုတ်ထာပေါ့၊ ပိအောင် လုပ်နေတာကိုး ပိမှာပေါ့၊ တကယ်ဆိုရင် ကိုယ်တိုင်ရင်လဲ ဒီဆန်

ကို သွားထမ်းပါတော့လား၊ သို့မဟုတ် ထုံးစံအတိုင်း လှည်းနှင့် ရင်လဲ တင်ယူခဲ့ပါတော့လား၊ အဲဒီလို လုပ်ရင် တဝန်တဝန်သာ ဖြစ်လို့ ဝန်ပိချင်းပိရင် တပိသာ ပိရမယ် မဟုတ်လား၊ အခုတော့ သူလုပ်ပုံက မဟုတ်လို့ ၂-ဝန် ပိရတာ မဟုတ်လား စဉ်းစားနော်၊ အဲဒီ ဆန်ကို တနည်းနည်းနဲ့ အဲဒီလူဟာ မြို့ပေါ်က သူ့အိမ်ကို ရောက်အောင် ယူရတော့မယ်၊ မယူလို့ ဘယ်လိုမှ မဖြစ်၊ ဒုက္ခ ပေါ်ဒုက္ခထပ်လို့ မယူပါဘူးဆိုပြီး ထမ်းလဲမယူ လှည်းနှင့်လဲ မတင်နဲ့တော့ဆိုပြီး ဆန်ကို မယူဘဲ ထားကြည့်စမ်းပါ၊ သူရော သူ့ဇနီးရော သူ့သမီးရော ငတ်သေသွားမှာပေါ့၊ အငတ်ကလဲ မခံနိုင်တော့ ဒီဆန်ကို တနည်းနည်းနှင့် အဆင်းရဲခံပြီး ယူရတော့ မှာဘဲ၊ မယူရင် ငတ်ရတော့မှာကလဲ ဒိဋ္ဌဘဲ။

ဒီတော့ ဆန်မရှိမှန်း သိရုံသာသိပြီး အဲဒီအသိမှာသာ ရပ် ထားလို့ ဖြစ်သေးရဲ့လား၊ မဖြစ်ဘူးနော်၊မဖြစ်လို့ တောကဆန်ကို သွားယူရတာပေါ့၊ လှည်းနဲ့ တင်ရတာပေါ့၊ သွားမထမ်းရင် လှည်းနဲ့မတင်ရင် ဆန်မရဘူး၊ ဆန်မရရင် မစားရလို့ ငတ်သေ မယ်၊ အဲဒီတော့ မရှိမှန်းကို သိနေတဲ့ အခါကလေးမှာတင် ရပ် ထားလို့ မရဘူးနော်၊ လိုချင်တယ်ဆိုတဲ့ အာသာဒုက္ခ အားတုတ် ပြီး ရှာရတယ်ဆိုတဲ့ ကာယအလုပ်ဒုက္ခမှ မပါရင် ဘယ်လိုမှ မဖြစ် ဘူးဆိုတာကို သိရုံနှင့် ပြီးတမ်းသမားများက လက်ခံနိုင်ပါ့မလား၊ လက်ခံနိုင်ရင် ယခုတင်က ဆန်ကို သွားမယူနဲ့ မရှိမှန်းကို အသိ သာဘဲဆိုတဲ့ အသိနှင့်ဘဲ နေပြီး အဲဒီအသိနဲ့ဘဲ ငတ်ပြီးသေ ကြပေါ့။ (သူ့ဥပမာအတိုင်း သူ့ကို ဖြေပြနေတာနော်)

အဲဒီလိုဘဲ နိဗ္ဗာန်ဆိုတဲ့ အမြိုက်အရသာကို လိုချင်တဲ့လူက နိဗ္ဗာန်ရဲ့ အရသာဟာ ကောင်းတယ်၊ ဒုက္ခမရှိဘူး၊ မအိုရဘူး၊

မနာရဘူး၊ မသေရဘူး၊ ပဋိသန္ဓေလဲ မနေရဘူး၊ ဒါကြောင့် အရမ်းကောင်းတယ်၊ အားကြီးကောင်းတယ်၊ သိပ်ပြီး ကောင်းတယ်ဟု သိထားရုံကလေးနဲ့ မရောက်နိုင် မရနိုင်သေးဘူးနော်၊ ကောင်းမှန်း သိရုံနှင့် ရပ်ထားရင် (ဆန်မရှိမှန်း သိရုံနှင့် ရပ်ထားပြီးနေရင် ငတ်သေရုံ ရှိသလို) ဖြစ်တော့မှာပေါ့။

အဲဒီလို နိဗ္ဗာန် ကောင်းမှန်းသိရင် လိုချင်စိတ် ရောက်ချင်စိတ် ရှိရတော့မယ်၊ အာရုံကိုက ရောက်သွားရတော့မယ်၊ (ယခုတွင်က တောရွာမှာ ဆန်ထားခဲ့တာကို သိတော့ အာရုံ ရောက်သလိုပေါ့) အာရုံက ရောက်လို့ လိုချင်လာရင် နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှာရတော့မယ်၊ (ဆန်ကို သွားပြီး ယူရသလိုပေါ့) မယူရင် ငတ်သေမယ်၊ အဲဒါလို အားထုတ်ပါမှ အားထုတ်တဲ့ အတိုင်း တရားပေါက်ပြီး နိဗ္ဗာန်ကို ရောက်နိုင်မှာပေါ့၊ (ဆန်ကို အရောက်ယူလာပြီး ထမင်းဖြစ်အောင် ဒုက္ခခံချက်ပြီး စားလိုက် ရမှ ဗိုက်ထဲမှာဝပြီး ထမင်းအဆာပြေသွားသလိုပေါ့)

အဲဒါကြောင့် ဆန်မရှိမှန်း သိရုံတွင် ရပ်ထားလို့ မဖြစ်နိုင် တာနှင့် ဆန်ကို လိုချင်တဲ့ အာသာ ဒုက္ခ၊ ထမ်းပိုးရတဲ့ဒုက္ခ၊ ချက်ရတဲ့ဒုက္ခကို ပြုလုပ်ပါမှ ထမင်းကို စားရသလို နိဗ္ဗာန်ကိုအကောင်းမှန်း သိထားရုံတွင် ရပ်ထားလို့ မရ၊ ဆန်ကို လိုချင်တဲ့အာသာ ရှိသလို နိဗ္ဗာန်ကိုလဲ လိုချင်တဲ့ အာသာရှိမှ ဆန်ကိုရှာရ ထမ်းရ ချက်ရတဲ့ ဒုက္ခရှိသလို နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်ကုသိုလ် မဂ်ကုသိုလ်တရားတွေကို ရအောင် ကျင့်ရတဲ့ ဒုက္ခလဲရှိမှ၊ ကျင့်လဲ ကျင့်မှ ထမင်းကို စားပြီး လူ့ဗိုက်မှာ ဝလာသလို တရားဆိုတာ အားထုတ်ယူမှ ရကြရမှာဘဲ ဟူ၍ မှတ်ပါ၊ တရားရမှ နိဗ္ဗာန် ကိုလဲ ရောက်ကြရမှာဘဲ ဟူ၍မှတ်ကြပါကုန်။

ဒါလောက် စာရှက်အကုန်ခံပြီး ရေးပြနေရခြင်းမှာ အသိသမားများက ပြောပြတဲ့ သူ့ရဲ့ဥပမာကို သူ့ ဥပမာအတိုင်း ဖြေရှင်း၍ ပြရခြင်းဖြစ်ပါသည်၊ဒီထက် နားလည်လောက်အောင် အမေးအဖြေတွေ လုပ်ပြီး ရေးပြနေရရင် ဆုံးနိုင်မည် မဟုတ်ပါ၊ လူစကားကို ပတ်ပတ်နပ်နပ် နားလည်နိုင်သူဖြစ်က ဤစကားနှင့်ပင် ဖြေရှင်းလောက်ပါပြီ။

## မတူးမစမ်း အရမ်းနေရင် အောက်ကိုစုန်

လွန်ခဲ့သော ၁၂၇၇-ခုနှစ်က ဤစာရေးသူ၏ ဆရာ ဖြစ်ဘူးသော ဘုန်းကြီးတပါး၊(ထိုစဉ်က ထိုဘုန်းကြီးမှာ ပဉ္စင်းငယ်မျှသာ)ရန်ကုန်မြို့မှာ စာသင်နေခဲ့သတဲ့၊ တနေ့ကျတော့ အရပ်ကို ခဏပြန်ချင်တာနှင့် ည-၉-နာရီအချိန်မှာ ရန်ကုန် ဘူတာကြီးကို သွားပြီး ပြည်ဘက်ကို တက်မဲ့ရထားဟာ ဘယ်အချိန်မှာ ထွက်ပါသလဲလို့ မေးတော့ ရှိပိုင်က၊ည-၁၁-နာရီခွဲမှာ ထွက်ပါတယ်ဘုရားဟု လျှောက်သတဲ့။

အဲဒီတော့ အချိန်ကလဲ စောသေး ကျောင်းကိုလဲ မပြန်ချင်တာနဲ့ ရထားတွဲ ထိုးထားတဲ့ နေရာကိုသွားပြီး ဒီတွဲမှာ ပြည်ဘက်ထွက်မဲ့တွဲဖြစ်မှာဘဲဟု ထင်ပြီး ရကားတွဲပေါ်တက်ပြီး အိပ်နေသတဲ့၊ ဆယ်နာရီခွဲမှ လက်မှတ်ပေးမယ် ဆိုတာကိုလဲ သိတော့ တရေးနိုးလှမှ လက်မှတ်လဲယူတော့မယ်ဆိုတဲ့စိတ်ထားနှင့် စိတ်ချလက်ချ အိပ်လိုက်တာပေါ့။

ထိုစဉ်က ရထားတွဲပေါ်ရှိ ခုံတွေမှာ ခုံရှေတွေလဲ ပါသေးတော့ စန့်စန့်ရိ့ရိ့ အိပ်လို့လဲ ဖြစ်နေတာပေါ့၊ ယခု အခါလို အမေးအစမ်းလဲ မထူတော့ ဧဆေးဆေး အိပ်နေတာပေါ့၊

သူ့စိတ်ထဲက၊ သူအိပ်တဲ့တွဲဟာ ပြည်ဘက်ကို ထွက်မဲ့ ရထားတွဲဘဲလို့လဲ ထင်နေသတဲ့၊ အဲ—သူအိပ်ပျော်လို့ အိပ်မောကျနေတဲ့ အချိန်မှာဘဲ ရထားကြီးဟာလဲ ခေါင်းတွဲနှင့် ဆက်ပြီး ခုတ်မောင်းသွားတော့သတဲ့၊ သူလဲ ရထား ခုတ်သွားတာကို မသိဘူးပေါ့၊ အိပ်ပျော်နေတာကိုး။

ယူချင်လာပြီ၊ အဲဒါ လိုချင်တာဘဲ မဟုတ်လား၊ မရှိတာကို မရှိ ဟု သိတဲ့ နေရာတွင် ရပ်ထားလို့ ရသေးသလား၊ (ရပ်ထားရင် ငတ်သွားမှာပေါ့) မရပ်နိုင်ဘူးလေ! စားချင်တဲ့ အာသာက စိတ်ထဲဝင်လာတော့ ရှိတဲ့နေရာ စိတ်ထဲပေါ်လာတာပေါ့၊ ပေါ် လာတော့ လိုချင်လာတာပေါ့၊ မလိုချင်ပါဘူးကွာ ဟူသော နေရာတွင် ရပ်လို့ ရသေးရဲ့လား၊ (ရပ်ရင် ငတ်မှာပေါ့) အဲဒီ တော့ အငတ်မခံနိုင် အသေမခံနိုင်တော့ မရှိကိုမရှိဟု သိတဲ့နေရာ တွင် မရပ်နိုင်ဘဲ ဟိုမှာရှိတာကို အာရုံရောက်သွား၊ အာရုံရောက် တဲ့အတွက် ကိုယ်တိုင်သွား ဆန်အိပ်ကိုမ ပြီး လှည်းပေါ်တင် နွားကိုလှည်းတပ်မောင်း အဲဒီကိစ္စတွေထဲကဘဲနွားကို သနားတယ် ဆိုပြီး လှည်းပေါ်မှာ လှည်းမောင်းနေတဲ့ ငတ်တုပ်သမားကြီးက နွားကလေးတွေ ဒုက္ခရောက်နေတာကို သနားပါတယ် ဆိုပြီး ဆန်အိတ်ကြီးကို သူ့ပခုံးပေါ်မှာ ထမ်းထား၊ ထမ်းထားရက် သားကြီးနဲ့ လှည်းကိုမောင်း၊ အဲဒီတော့ ဆန်အိတ်ကြီးက သူ့အပေါ်ကို ပိ၊ သူကလဲ လှည်းကိုပိနှင့် ပိပိနေတာပေါ့၊ အဲဒါ ဟာ ထပ်ထပ်ပြီး ပိပိနေတာ ဟုတ်ပါတယ်။

ဒါပေမဲ့ ထပ်ပိ ထပ်ဆင့်ကိုသာ ပေါ်လွင်အောင် သူက ဥပမာပြ ပြောနေပေမဲ့ သူဟာလူနုံကြီး လူအကြီး ဖြစ်နေပြီ ဆိုတာကိုတော့ သူမပြောဘူး၊ သူ့ဟာသူလဲ မသိဘူး၊ သူ့ပရိ သတ်ကလဲ မဝေဖန်ဘူး၊ အဲဒီလူနဲ့ အဲဒီတရားကို သဘောကျနေတဲ့ ပရိသတ်များကို ဝေဘန်စမ်းပါ၊ လှည်းပေါ်မှာ စီးရင်းကြီးနဲ့ ဆန်ကို ပခုံးပေါ်မှာ ထမ်းထားသတဲ့၊ ဒီလူထက် အတဲ့လူ ရှိသေး ရဲ့လား၊ ဝန် ၂-ဝန် ပိပိမနေတာတော့ ဟုတ်ကာပေါ့၊ ပိအောင် လုပ်နေတာကိုး ပိမှာပေါ့၊ တကယ်ဆိုရင် ကိုယ်တိုင်ရင်လဲ ဒီဆန်

ကို သွားထမ်းပါတော့လား၊ သို့မဟုတ် ထုံးစံအတိုင်း လှည်းနှင့်ရင်လဲ တင်ယူခဲ့ပါတော့လား၊ အဲဒီလို လုပ်ရင် တာဝန်တဝန်သာဖြစ်လို့ ဝန်ပိချင်းပိရင် တပိသာ ပိရမယ် မဟုတ်လား၊ အခုတော့သူလုပ်ပုံက မဟုတ်လို့ ၂-ဝန် ပိရတာ မဟုတ်လား စဉ်းစားနော်၊ အဲဒီ ဆန်ကို တနည်းနည်းနဲ့ အဲဒီလူဟာ မြို့ပေါ်က သူ့အိမ်ကိုရောက်အောင် ယူရတော့မယ်၊ မယူလို့ ဘယ်လိုမှ မဖြစ်၊ ဒုက္ခပေါ်ဒုက္ခထပ်လို့ မယူပါဘူးဆိုပြီး ထမ်းလဲမယူ လှည်းနှင့်လဲမတင်နဲ့တော့ဆိုပြီး ဆန်ကို မယူဘဲ ထားကြည့်စမ်းပါ၊ သူရောသူ့ဇနီးရော သူ့သမီးရော ငတ်သေသွားမှာပေါ့၊ အငတ်ကလဲမခံနိုင်တော့ ဒီဆန်ကို တနည်းနည်းနှင့် အဆင်းရဲခံပြီး ယူရတော့မှာဘဲ၊ မယူရင် ငတ်ရတော့မှာကလဲ ဒိဋ္ဌဘဲ။

ဒီတော့ ဆန်မရှိမှန်း သိရုံသာသိပြီး အဲဒီအသိမှာသာ ရပ်ထားလို့ ဖြစ်သေးရဲ့လား၊ မဖြစ်ဘူးနော်၊မဖြစ်လို့ တောကဆန်ကိုသွားယူရတာပေါ့၊ လှည်းနဲ့ တင်ရတာပေါ့၊ သွားမထမ်းရင်လှည်းနဲ့ မတင်ရင် ဆန်မရဘူး၊ ဆန်မရရင် မစားရလို့ ငတ်သေမယ်၊ အဲဒီတော့ မရှိမှန်းကို သိနေတဲ့ အခါကလေးမှာတင် ရပ်ထားလို့ မရဘူးနော်၊ လိုချင်တယ်ဆိုတဲ့ အာသာဒုက္ခ အားထုတ်ပြီး ရှာရတယ်ဆိုတဲ့ ကာယအလုပ်ဒုက္ခမှ မပါရင် ဘယ်လိုမှ မဖြစ်ဘူးဆိုတာကို သိရုံနှင့် ပြီးတမ်းသမားများက လက်ခံနိုင်ပါ့မလား၊ လက်ခံနိုင်ရင် ယခုတွင်က ဆန်ကို သွားမယူနဲ့ မရှိမှန်းကို အသိသာဘဲဆိုတဲ့ အသိနှင့်ဘဲ နေပြီး အဲဒီအသိနဲ့ဘဲ ငတ်ပြီးသေကြပေါ့။ (သူ့ဥပမာအတိုင်း သူ့ကို ပြေပြနေတာနော်)

အဲဒီလိုဘဲ နိဗ္ဗာန်ဆိုတဲ့ အမြိုက်အရသာကို လိုချင်တဲ့လူကနိဗ္ဗာန်ရဲ့ အရသာဟာ ကောင်းတယ်၊ ဒုက္ခမရှိဘူး၊ မအိုရဘူး၊

မနာရဘူး၊ မသေရဘူး၊ ပဋိသန္ဓေလဲ မနေရဘူး၊ ဒါကြောင့် အရမ်းကောင်းတယ်၊ အားကြီးကောင်းတယ်၊ သိပ်ပြီး ကောင်းတယ်ဟု သိထားရုံကလေးနဲ့ မရောက်နိုင် မရနိုင်သေးဘူးနော်၊ ကောင်းမှန်း သိရုံနှင့် ရပ်ထားရင် (ဆန်မရှိမှန်း သိရုံနှင့် ရပ်ထားပြီးနေရင် ငတ်သေရုံ ရှိသလို) ဖြစ်တော့မှာပေါ့။

အဲဒီလို နိဗ္ဗာန် ကောင်းမှန်းသိရင် လိုချင်စိတ် ရောက်ချင်စိတ် ရှိရတော့မယ်၊ အာရုံကိုက ရောက်သွားရတော့မယ်၊ (ယခုတင်က တောရွာမှာ ဆန်ထားခဲ့တာကို သိတော့ အာရုံ ရောက်သလို ပေါ့) အာရုံက ရောက်လို့ လိုချင်လာရင် နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှာရတော့မယ်၊ (ဆန်ကို သွားပြီး ယူရသလိုပေါ့) မယူရင် ငတ်သေမယ်၊ အဲဒါလို အားထုတ်ပါမှ အားထုတ်တဲ့ အတိုင်း တရားပေါက်ပြီး နိဗ္ဗာန်ကို ရောက်နိုင်မှာပေါ့၊ (ဆန်ကို အရောက်ယူလာပြီး ထမင်းဖြစ်အောင် ဒုက္ခခံချက်ပြီး စားလိုက်ရမှ ဗိုက်ထဲမှာဝပြီး ထမင်းအဆာပြေသွားသလိုပေါ့)

အဲဒါကြောင့် ဆန်မရှိမှန်း သိရုံတင် ရပ်ထားလို့ မဖြစ်နိုင်တာနှင့် ဆန်ကို လိုချင်တဲ့ အာသာ ဒုက္ခ၊ ထမ်းပိုးရတဲ့ဒုက္ခ၊ ချက်ရတဲ့ဒုက္ခကို ပြုလုပ်ပါမှ ထမင်းကို စားရသလို နိဗ္ဗာန်ကိုအကောင်းမှန်း သိထားရုံတင် ရပ်ထားလို့ မရ၊ ဆန်ကို လိုချင်တဲ့အာသာ ရှိသလို နိဗ္ဗာန်ကိုလဲ လိုချင်တဲ့ အာသာရှိမှ ဆန်ကိုရှာရ ထမ်းရ ချက်ရတဲ့ ဒုက္ခရှိသလို နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်ကုသိုလ် မင်္ဂကုသိုလ်တရားတွေကို ရအောင် ကျင့်ရတဲ့ ဒုက္ခလဲရှိမှ၊ ကျင့်လဲ ကျင့်မှ ထမင်းကို စားပြီး လူ့ဗိုက်မှာ ဝလာသလို တရားဆိုတာ အားထုတ်ယူမှ ရကြရမှာဘဲ ဟူ၍ မှတ်ပါ၊ တရားရမှ နိဗ္ဗာန် ကိုလဲ ရောက်ကြရမှာဘဲ ဟူ၍မှတ်ကြပါကုန်။

ဒါလောက် စာရွက်အကုန်ခံပြီး ရေးပြနေရခြင်းမှာ အသိ သမားများက ပြောပြတဲ့ သူ့ရဲ့ဥပမာကို သူ့ ဥပမာအတိုင်း ဖြေရှင်း၍ ပြရခြင်းဖြစ်ပါသည်၊ဒီထက် နားလည်လောက်အောင် အမေးအဖြေတွေ လုပ်ပြီး ရေးပြနေရရင် ဆုံးနိုင်မည် မဟုတ်ပါ၊ လူစကားကို ပတ်ပတ်နပ်နပ် နားလည်နိုင်သူဖြစ်က ဤစကား နှင့်ပင် ပြေရှင်းလောက်ပါပြီ။

## မတူးမဝမ်း အရမ်းနေရင် အောက်ကိုစုန်

လွန်ခဲ့သော ၁၂၇၇–ခုနှစ်က ဤစာရေးသူ၏ ဆရာ ဖြစ်ဘူး သော ဘုန်းကြီးတပါး၊(ထိုစဉ်က ထိုဘုန်းကြီးမှာ ပဥ္စင်းငယ် မျှသာ)ရန်ကုန်မြို့မှာ စာသင်နေခဲ့သတဲ့၊ တနေ့ကျတော့ အရပ်ကို ခဏပြန်ချင်တာနှင့် ည–၉–နာရီအချိန်မှာ ရန်ကုန် ဘူတာကြီးကို သွားပြီး ပြည်ဘက်ကို ထွက်မဲ့ရထားဟာ ဘယ်အချိန်မှာ ထွက် ပါသလဲလို့ မေးတော့ ရုံပိုင်က၊ည–၁၁–နာရီခွဲမှာ ထွက်ပါတယ် ဘုရားဟု လျှောက်သတဲ့။

အဲဒီတော့ အချိန်ကလဲ စောသေး ကျောင်းကိုလဲ မပြန်ချင် တာနဲ့ ရထားတွဲ ထိုးထားတဲ့ နေရာကိုသွားပြီး ဒီတွဲမှာ ပြည်ဘက်ထွက်မဲ့တွဲဖြစ်မှာဘဲဟု ထင်ပြီး ရထားတွဲပေါ်တက်ပြီး အိပ်နေသတဲ့၊ ဆယ်နာရီခွဲမှ လက်မှတ်ပေးမယ် ဆိုတာကိုလဲ သိ တော့ တရေးနိုးလုမှ လက်မှတ်လဲယူတော့မယ်ဆိုတဲ့စိတ်ထားနှင့် စိတ်ချလက်ချ အိပ်လိုက်တာပေါ့။

ထိုစဉ်က ရထားတွဲပေါ်ရှိ ခုံတွေမှာ ခုံရှေတွေလဲ ပါသေး တော့ စန့်စန့်ရဲ့ရဲ့ အိပ်လို့လဲ ဖြစ်နေတာပေါ့၊ ယခု အခါလို အမေးအစမ်းလဲ မတူတော့ ဇေဆေးဆေး အိပ်နေတာပေါ့၊

သူ့စိတ်ထဲက၊သူအိပ်တဲ့တဲဟာ ပြည်ဘက်ကို ထွက်မဲ့ ရထားတဲ့ ဘဲလို့လဲ ထင်နေသတဲ့၊ အဲ-သူအိပ်ပျော်လို့ အိပ်မောကျနေတဲ့ အချိန်မှာဘဲ ရထားကြီးဟာလဲ ခေါင်းတွဲနှင့် ဆက်ပြီး ခုတ် မောင်းသွားတော့သတဲ့၊ သူလဲ ရထား ခုတ်သွားတာကို မသိ ဘူးပေါ့၊ အိပ်ပျော်နေတာကိုး။

သန်းခေါင်ကျော်လောက်ကျလို့ ဘူတာတခုမှာ ရထားရပ်ပြီး လူတွေ ရထားပေါ် တက်ကြ ဆူကြည်ကြတော့ သူလဲ အိပ်ရာက လန့်နိုးပြီး ဟယ်-လက်ပံတန်းမြို့ကိုတောင် ရောက်နေပါပကော ဟု-ငါနှယ် အိပ်ကောင်း နေလိုက်တာ အခုမှ နိုးတော့တယ်ဟု စိတ်ထဲက သူ့ဟာသူတွေးပြီး ဟိုကြည့် ဒီကြည့် ကြည့်လိုက်တော့ သူ့မြင်ကွင်းက လက်ပံတန်းဘူတာနှင့် မတူတာကို မြင်ရတော့၊ ရထား ရပ်ထားတာကလဲ တောင်နှင့် မြောက် မဟုတ်မှန်း သိရ တော့ ပြာပြာသလဲနဲ့ အနားက ဒကာတယောက်ကို ဒါ ဘာ ဘူတာလဲလို့ မေးသတဲ့၊ ဒီတော့ ဒကာက ဦးပဥ္စင်းရဲ့ ဒီဘူတာ ဟာ ပဲခူး ဘူတာကြီး ဘုရားဟု လျှောက်ရာ ဟင်-ဒကာကြီး ဒါဖြင့် ကျုပ်မှားစီးလာမိပြီဗျို့၊ အဆန်မှတ်လို့စီးလာတာ အခု တော့ အစုန်ကြီး ဖြစ်နေပြီဟု ပြောပြီး အဲဒီ အစုန်ရထားပေါ်က ဆင်းပြီး နောက်နေ့မှ အဆန်ဖြစ်တဲ့ အဖော်ကို ထွက်တဲ့ ရထားကို ပြင်ပြီး စီးလိုက်ရသတဲ့။

အဲဒီလိုဘဲ မစူးစမ်းဘဲ လက်မှတ်လဲ မရှိဘဲနှင့် (ကုသိုလ် လက်မှတ်ကို ဆိုလိုသည်) တွဲပေါ်သွားပြီး ရမ်းအိပ်နေသလို သိပြီးရောဆိုတဲ့ ပေါ့တော့တော့ စိတ်ထားနှင့်အဆန်လမ်းနိဗ္ဗာန် ကို ရည်မှန်းပြီး (လက်မှတ်ယူခြင်းနှင့် တူတဲ့) တရားကိုလဲမကျင့် ဘဲ (စုံစမ်းခြင်းနှင့်တူတဲ့) တရားကို ဆွေးနွေးခြင်းလဲ မပြုဘဲ

အသိနှင့် ပြီးတမ်းဘဲ ထင်ပြီး (ဘာမှမလုပ်ဘဲ) ဘဲ့ပေါ်မှာ သွား အိပ်နေသလို နေကြမယ်ဆိုရင် (အဆန်ရထား မဟုတ်ဘဲ အစုန် ရထားကို စီးနင်းလိုက်ပါမိသလို) အဆန်ဘဲဟု ထင်နေပေမဲ့ အစုန်ကြီးတွေ ဖြစ်နေတာကို သိရင် ပြီးတမ်းသမား အပါယ် ၄-ပါးသို့ စုန်သွားရမဲ့ အစုန်သမားကြီးတွေ ဖြစ်နေကြတာကို သဘာဝဓမ္မအတိုင်း သိမြင်နေရသဖြင့် သနားဘွယ် ကောင်းလှ၍ ဥပမာ ပြလိုက်ရပါသတည်း။

## စားရတာက ပတ်သတ်တော်ကြီး

## အစေ့ကတော့ကြီးပါပေ့

ရှေးတုန်းက မြို့နှင့် အတန်ဝေးတဲ့ ရွာတရွာကလူ ၂-ယောက် မြို့ကို မရောက်စဖူး ရောက်သွားကြသတဲ့၊ မြို့ရောက်တော့ ဟို လမ်း ဒီလမ်း လယ်ကြရင်း ဈေးပေါက်ဝ ရောက်သွားတော့ အုန်းသီးရောင်းနေတဲ့ ဆိုင်အနားကို ရောက်သွားကြသတဲ့၊ ဒါနဲ့ ဘဲ သူတို့လဲ အုန်းသီးကို တခါမှ မမြင်ဘူးလေတော့ အဒေါ်ကြီး ရဲ့ ဒီအသီးကြီးက ဘာသီးကြီးလဲလို့ မေးကြသတဲ့၊ ဒီတော့ ဆိုင်ရှင်က ဒီအသီးဟာ အုန်းသီးအစိမ်းအတိုင်း စားရတဲ့ အသီး ဖြစ်ကြောင်းကို ပြောပြရာ ထိုသူ ၂-ယောက်က အုန်းသီး တယောက်တလုံးစီ ဝယ်ခဲ့ကြပြီး မြို့က ပြန်ထွက်လာခဲ့ကြရာ မြို့ပြင်ဘက် တော်တော်ဝေးရောက်တော့ သစ်ပင်တပင်အောက် မှာ ထိုင်ပြီး အုန်းသီး တလုံးကို ပါးစပ်နှင့် ကိုက်ကိုက်ပြီး တယောက်တလဲ ဝါးကြစားကြ မျိုချကြ မျိုမရတာတွေကို ထွေးပစ်ကြနှင့် စားရတာကလဲ အရသာမရှိ၊ ဝါးရတာကလဲ အာပေါက်မတတ်ဖြစ်နေ၊ လွှင့်ပစ်ရမှာကလဲ နှမြောနေနှင့်၊

တဖြေးဖြေး ဝါးဝါးလာရာ တော်တော်ကြာလို့ အခွံတွေ ကုန်တော့ အုန်းမှုတ်ကြီးက ပေါ်လာတာပေါ့၊ အဲဒီတော့ အဲဒီ အုန်းမှုတ်ကြီးကို အစေ့ကြီးဘဲဟု မှတ်ထင်ကြပြီး မင်းသုံး စိုးသုံး ဖြစ်လို့သာစားရတယ်ကွာ၊ဝါးလိုက်ရတာကလဲ အာပေါက်မတတ် စားရပြန်တော့လဲ ဖတ်သင်တော်တော်နဲ့ အစေ့ကြီးကဖြင့် ကြီး လိုက်တာ အရမ်းဘဲကွဟု ဆိုလျက် အုန်းမှုတ်ကြီးကိုလွှင့်ပစ်ခဲ့ကြ သတဲ့။

ရွာပြန်ရောက်တော့ ရွာက လူတွေကလဲ သူတို့အတိုင်းပေါ့၊ အပြင်ဘက်က အခွံတွေကို ဝါးဝါးစားကြပြီး ဟင်-ဖတ်သင် တော်ကြီးနဲ့ အာပေါက်မတတ်ဝါးစားရပေမဲ့ မင်းတို့အုန်းသီးက စားလို့လဲ မကောင်းဘူး၊ အစေ့ကြီးကဖြင့် ကြီးပါပေ့ကွာဟု ပြောကြလျက် အုန်းမှုတ်ကြီးကို လွှင့်ပစ်ကြပြန်သတဲ့။

အဲဒီလိုဘဲ ယခုအခါမှာလဲ တရားသဘောတွေကို အနှစ် သာရထိအောင် မသိကြတော့ဘဲ အပေါ်ယံ အကာလောက် ကိုသာ သိကြပြီး အနှစ်ဖြစ်တဲ့ ရှောင်ကြဉ်ရမဲ့ ဒုစရိုက်၊ ကျင့်ရမဲ့ သုစရိုက်တွေကိုတော့ မသိကြတော့ဘဲ မကျင့်ကြ တော့ဘဲ အပေါ်ယံရိုကဖြစ်တဲ့ ပကာသနကိစ္စ ဆုတောင်းရင် ရနိုင်ကယ်ဆိုတဲ့ ကိစ္စ၊ သိထားရင် ပြီးတာဘဲဆိုတဲ့ ကိစ္စ၊အပျော် အပါး ငရဲများနှင့် တွဲတွဲပြီး လှူဒါန်းနေကြတဲ့ ကိစ္စ၊ ငွေကုန်ခံ ကိစ္စ၊ ခုံတင်သား ကျွေးပြီး လှူတဲ့ကိစ္စ စသော ကိစ္စတွေကိုသာ အနှစ်ဟု ထင်ကြပြီး အာပေါက်အောင် ဝါးဝါးနေကြလေတော့ တကဲ့ အစစ်ဖြစ်တဲ့ တရားအနှစ်တွေ အစစ်တွေ ဒုစရိုက်ပုဒ်မတွေ ဒုဂ္ဂတိဘုံ ၅၁၇-ဘုံတွေ ကျင့်ရမဲ့ သုစရိုက်တွေ မဂ်အခြေ ဖိုလ် အခြေဖြစ်တဲ့ တရားတော်တွေကို သိရကောင်းမှန်းလဲ မသိ၊ ကျင့်ရ

ကောင်းမှန်းလဲ မသိကြတော့ဘဲ တကယ့် တရားတွေကိုတော့ အစေ့ကြီးကတော့ ကြီးပါပေ့ကွာယှ ဆိုပြီး လွှင့်ပစ်ကြသလို တရားတော်တွေကို လွှင့်ပစ်ထားကြတဲ့ လူ့ဗာလ လူ့ဂွစာတို့၏ သာသနာကို အလွဲသုံးစား ပြုနေကြတဲ့ သတ္တဝါတွေအတွက် ဝမ်းနည်းမဆုံး ဖြစ်ရပါတော့သတည်း။

## လင်းမြွေနားရွက်ကုပ်

ရှေးရှေးတုန်းက ဘယ်အကောင်ဟာ ဘာတိရစ္ဆာန်ကောင်ဟု ခွဲခြား၍ မသိတတ်ကြတဲ့ လူ ၂-ယောက် တောကြီးထဲသို့ သွားကြရာ တောအစပ်နား ရောက်ကြတော့ ရေမသစ်ပင်ကြီးတပင်၏ အရင်းနားက တောက်တဲ့တောက်တဲ့လို့ အော်မြည်နေတဲ့ အသံကို ကြားကြတော့ တယောက်လူက အခု အော်နေတဲ့ အကောင်ဟာ ဘာအကောင်လဲကွလို့ မေးသတဲ့၊ အမေးခံရတဲ့ လူက ဒီအသံဟာ သမင်က အော်နေတဲ့ အသံကွဟု ပြောရာ ဒီတော့ မေးတဲ့လူက ဟဲ့ကောင် ဒီအသံဟာ သမင်မြည်တဲ့ အသံ မဟုတ်ဘူး၊ ဒရယ်က မြည်တဲ့အသံကွလို့ ပြောသတဲ့၊ ဒီလိုနဲ့ဘဲ ဒီလူ ၂-ယောက်ဟာ တယောက်က သမင်အော်တာ သမင်ကွ၊ တယောက်ကလဲ ဒရယ်ကအော်သံ ဒရယ်ကွဟု အနိုင်မခံ အရှုံးမပေးဘဲ ငြင်းကြ ခုံကြရင်း တဖြေးဖြေး တော တော်တော်ကျတဲ့ နေရာကို ရောက်သွားကြတော့ ဘုန်းကြီးကျောင်းကလေး တကျောင်းကို ရောက်သွားကြရာ ဘုန်းကြီးကို ဝတ်ချပြီး တောအဝင်ဝတုန်းက တောက်တဲ့ တောက်တဲ့လို့ မြည်တဲ့ အသံကို တပည့်တော်က သမင်လို့ ပြောပါတယ်၊ သူက ဒရယ်လို့ ငြင်းနေတယ်၊ အဲဒီ အကောင်ဟာ သမင်လား-ဒရယ်လား တကောင်ကောင်

ဖြစ်မှာဘဲ၊ သူက မှန်သလား၊ တပည့်တော်က မှန်သလား၊ ဘုန်းကြီးကတော့ အမှန်အတိုင်း သိမှာဖြစ်လို့ ဆုံးဖြတ်ပေးပါ ဘုရားဟု လျှောက်ကြသတဲ့။

အဲဒီတော့ ဘုန်းကြီးက ဟဲ့-အကောင်တွေ နင်တို့ တယ်အတဲ့အကောင်တွေ၊ အရမ်းဖျင်းတဲ့ အကောင်တွေဘဲ၊ မင်းတို့ ၂-ယောက် တသက်လုံး မှတ်လောက်သားလောက် ဖြစ်သွားအောင် ကြိမ်နဲ့ ရိုက်ပြီးမှ ငါက အဖြေမှန်ကို ပေးနိုင်မယ်ဟု ကြိမ်းပြီး အနားမှာရှိတဲ့ ကြိမ်ငယ်ငယ်ကလေးကို ကိုင်ပြီး မနာမကျင် နဲနဲပါးပါး ရိုက်ပြီးမှ ဟဲ့-အကောင်တွေ နင်တို့ မသေမချင်း မှတ်ထားကြ၊ တောက်တဲ့တောက်တဲ့လို့ အော်အော် နေတဲ့ အကောင်ဟာ လင်းမြွေနားရွက်ကုပ်ဆိုတာ ဒီအကောင်ဘဲကွဟု ပြောလွှတ်လိုက်သတဲ့။

အဲဒီလိုဘဲ ယခုအခါမှာလဲမြတ်စွာဘုရားက ဒီအမှုဟာဒုစရိုက်အမှုကွ၊ ဒီဒုစရိုက်ပုဒ်မက ၅၂-ပါး ရှိတယ်ကွ၊ ဒီဒုစရိုက်ကို ကြူးလွန်ရင် ဒုဂ္ဂတိဘုံ ၅၁၇-ဘုံထဲကိုထိုက်သလိုရောက်ရတယ်ကွ၊ ဒီဟာက ကာမဂုဏ်ကိလေသာ ရူပဂုဏ်ကိလေသာ အရူပဂုဏ်ကိလေသာကွ၊ ဒီတရားတွေကို ကျင့်ရင် လူ-နတ်-ဗြဟ္မာ ဖြစ်ရတယ်ကွ၊ ဒီလိုကျင့်ရင် မဂ်ကိုသိလ် ဖြစ်တယ်ကွ၊ မဂ်ကိုသိလ်ကို ရအောင်ကျင့်၊ ကျင့်နိုင်ရင်သုဒ္ဓါဝါသဘုံနှင့် နိဗ္ဗာန်ကိုရောက်နိုင်တယ်ကွဟုသူ့အကြောင်းနှင့် သူ့အကျိုး အမျိုးမျိုး အဖုံဖုံ သာဓကချီးစုံနှင့် ပိဋကတ်၃-ပုံကို အခြေခံထားပြီး ဟောကြားခဲ့သော ဘုရားတရားတော်တွေကို မသိကြ မလေ့လာကြတော့ဘဲ လေ့လာထားသူတွေကလဲ မဟောကြ မဟောဝံ့ကြတော့ဘဲ သူ့ဂိုဏ်းက မှန်တယ်၊ ငါ့ဂိုဏ်းကမှန်တယ်၊ သူ့အယူက ဟုတ်တယ်၊ ငါ့အယူက ဟုတ်

တယ်၊ သိထားရင် ပြီးတယ်၊ ကျင့်စရာ မလိုဘူး၊ ကျင့်နေရရင်
ဒုက္ခပေါ့ ဒုက္ခဆင့်နေတယ်၊ ဒါနဆိုတာဟာ သံသရာ ရှေတယ်၊
လှူစရာ မလိုဘူး၊ သီလဆိုတာကလဲ စောင့်စရာ မလိုဘူး၊ လူသာ
လူ ကုသိုလ်ရတယ်၊ အလှူနှင့် ပတ်သက်ပြီးလုပ်တဲ့ အကုသိုလ်ဟာ
လှူတဲ့စေတနာကြောင့် ငရဲပျောက်သွားတယ်၊ ဒုစရိုက် မဖြစ်
ဘူး၊ အာရုံပြု သုတောင်းရင် ကောင်းတဲ့ အံကျိုးတွေကို ရနိုင်
တယ်၊ သူ့ဟာသူသတ်လို့ ကိုယ်က ဝယ်တာဘဲ၊ အစားထိုးဘို့
ဝက်တွေနွားတွေသတ်လို့ ငါ့ပယောဂ မပါဘူး၊ ရေလဲရေဘဲ၊
အရက်လဲ ရေဘဲ၊ ရေချင်းအတူတူ ငရဲကြီးမ ဖြစ်ဘူး၊ ၃၁-ဘုံ
ဆိုတာ မရှိဘူး၊ငရဲဘုံနှင့် ခြောက်ပြီး လူ-နတ်-နိဗ္ဗာန်နှင့် မြှောက်
နေကြတာ အပိုတရားတွေဘဲ၊ လူသေရင် လူဘဲ ပြန်ဖြစ်တယ်၊
ငရဲဆိုတာကို မမြင်ရလို့ မယုံဘူး၊ နတ်-ဗြဟ္မာ ဆိုတာ အခု
ပြစမ်းပါ၊ မပြနိုင်ဘဲနှင့် ရမ်းပြောနေတာတွေဖြစ်လို့ မယုံနိုင်ဘူး၊
ကမ္ဘာ့ဟင်းသီးဟင်းရွက် ဖြစ်တဲ့ ကြက်ဝက်တွေ နွားတွေကို
သတ်စားနေလို့ ငရဲကြီးတယ်၊ ပါဏာတိပါတကံ ထိုက်တယ်
ဆိုတာတွေကို ယုံစရာမဟုတ်ဘူးစသည်စသည်ဖြင့် ပြောဆို ယူဆ
ချထင်ရာတွေကို ပြုလုပ်နေကြသူတွေမှာ တောက်တဲ့တောက်တဲ့
ဟု သူ့နာမည်ကို သူဖော်ပြီး အော်အော်နေတဲ့ တောက်တဲ့ကို
သမင်ကွ ဒရယ်ကွဟုငြင်းခုံနေကြတဲ့ လူ ၂-ယောက်လို ကမောက်
ကမ ဖြစ်နေရတဲ့ ဘာသာရေး သာသနာရေးအတွက် သာသနာ
အတွင်းမှာနေကြပြီး ထင်ရာကို စိုင်းနေကြတဲ့ ဂိုဏ်းအမျိုးမျိုး
နှင့် ဒုစရိုက် သုစရိုက် ကိုမှလဲ သရုပ်မခွဲတတ်၊ ဒုဂ္ဂတိဘုံ ဘယ်
လောက်ရှိတယ်ကိုမှလဲ သရုပ်မခွဲတတ်၊ အကြောင်း အကျိုးကိုမှ
ပြ၍ မဆုံးမတတ် မပြောဟောတတ် မကြောက်တတ် မကျင့်

တတ်ကြတဲ့ သာသနာတော်အတွင်းရှိ အချို့အချို့ ရာခိုင်နှုန်း ၉၀-ကျော်လောက်ရှိ ပုဂ္ဂိုလ်အစားစားတွေ အလွန့်အလွန် သနားလှသဖြင့် ဤနေရာတွင် ဥပမာ တမျိုးပြ၍ ရေးထုတ်လိုက်ရပါကြောင်း။

## ဟိတ်ခတ်ပုံကွာခြားချက်

အမြင့် (၄) တောင် အကျယ် (၁၀) တောင် ရှိသော တိုက်ပုကလေးကို အမိုးအောက်မှ မျက်နှာကြက်ကိုလဲ အညီ လုပ်၍ သင်းဘောဆေး ဖြူဖြူကိုလဲ သုတ်ထားပါ၊ ၎င်းတိုက်ကလေး၏ အတွင်း၌ အမြင့်တတောင်လောက်မြင့်သော ကုတင်ပေါ်မှာ ရေနံဆီ မီးခွက်ကို ထွန်းထားပါ၊ ၎င်း၏ အပေါ်က မျက်နှာကြက်ကို ရေနံဆီမီးခွက်က မှိုင်းသင့်၍ မကြာမီ မဲမဲ အကွက်ကြီး ထင်လျက် ကျပ်ခိုးတွေ စွဲ၍ လာပါလိမ့်မည်၊ အမြင့် အတောင် ၄၀- အကျယ် ၂၅-တောင်ရှိသော တိုက်မြင့်ကြီး၏ (အထပ်မပါ ဒိုးရိုပေါက်အမိုးရှိ) အတွင်းမှာ ၁-တောင်လောက်မြင့်သော ကုတင်ပေါ်တွင် ရေနံဆီမီးခွက်ကို တင်၍ မီးထွန်းထားပါ၊ ၎င်းမီးခွက်က မှိုင်းမီးခိုးသည် အတောင် ၄၀-မြင့်သော တိုက်ကြီး၏ မျက်နှာကြက်ကို ရေနံမှိုင်းစွဲ၍ မဲမဲကွက်ကြီး ထင်နိုင်ပါမည်လား၊ ကျပ်ခိုးစွဲနိုင်ပါမည်လား၊ စဉ်းစားကြည့်ပါ၊ လက်တွေ့ လုပ်ကြည့်ပါ၊ အမိုးနိမ့်နိမ့်ကလေးရှိ တိုက်ပုပုကလေးမှာ မီးခွက်နှင့် နီးလွန်း၍ အကွက်ထင်၍ မှိုင်းစွဲသော်လည်း အတောင် ၄၀-မြင့်သော တိုက်မြင့်ကြီး၏ အမိုးမျက်နှာကြက်ကိုမူကား မီးခွက်နှင့် ဝေးလွန်း၍ မှိုင်းမစွဲနိုင်ကြောင်း၊ ကျပ်ခိုးမစွဲနိုင်ကြောင်း သိပါလိမ့်မည်၊ အဲဒီ သဘောဟာ မီးခွက်နှင့် ခေါင်မိုး မျက်နှာကြက် နီးမှု ဝေးမှုပေါ်မှာ

ကွာခြားမှုပေါ်မှာ မူတည်နေတာကို အသင် သိပါလိမ့်မည်၊ အဲဒါကိုပင် နီးသောအကြောင်း ဝေးသောအကြောင်း၊နီးသော ဟိတ် ဝေးသောဟိတ်ဟု ပညာရှိပုဂ္ဂိုလ်များက သိရှိပြောဆိုနေကြပါသည်။

ထို့အတူပင်လျှင် ဒုစရိုက် မကောင်းမှုနှင့် ပတ်သက်၍ အပြစ်ရှိမရှိ ကိစ္စမှာလည်း ဘုရားရှင်၏ တရားတော်အရ ဖော်ထုတ်၍ ပြရပါမူ ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်တူ ဟူသော ဆင်ပွား ဒုစရိုက် ဖြစ်နေသော တွဲဘက် ဒုစရိုက် ဖြစ်နေသော ကြားသား မြင်သား ထင်သား ဟူသော အစွန်းသုံးပါးမှမလွတ်သော အကုသိုလ်ဖြစ်မှုမှ ရှောင်ကွင်း၍ မရနိုင်သော အကုသိုလ်ဖြစ်မှုနှင့် မိမိနှင့် အလွန်နီးကပ် တစပ်ထဲဖြစ်၍နေသော မသိနိုးနားဟန်ဆောင်၍ ရရနေသော အနီးကပ် ဒုစရိုက်ကိစ္စများသည် ယခုပြခဲ့သော (တိုက်ပုကလေးမှာ ရေနံမှိုင်းစွဲသလို ကျပ်ခိုးစွဲသလို) ဒုစရိုက်က ဟောတုသတ္တိ ဟောတုပစ္စယောဟူသော ပဌာန်းပါဠိတော်လာ မြတ်စွာဘုရား၏ တရားတော်အရ ဟိတ်ခတ်သွားပြီ၊ ဒုစရိုက် ဖြစ်သွားပြီ၊အကုသိုလ် ဖြစ်သွားပြီ၊ ဒုစရိုက်ပုဒ်မ ၅၂-ထဲသို့ ဝင်သွားပြီ၊ ထိုပုဒ်မအရ ဒုဂ္ဂတိ ၅၁၇-ဘုံ ထဲသို့ ရောက်ဘို့ရာ ဒီဂရီ ကျသွားပြီဆိုတာကို အသင်ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်ပါက ကေန္တ သိလာပါလိမ့်မည်၊အဝေးကြီး မြို့ခြား နယ်ခြား ခရိုင်ခြား တိုင်းခြားမှာ သူတို့သဘောနှင့် သူတို့ ထုံးစံအတိုင်း ပြုလုပ်ထားကြသော ငါးပိ ငါးခြောက်စသော အသားခြောက်များအတွက်မှာမူကား ဥပမာ ပြခဲ့ပြီးသော (အတောင် ၄၀-မြင့်သော တိုက်မြင့်ကြီး၏ မျက်နှာကြက်ကို အောက်ခြေမှာ ထွန်းထားသော ရေနံဆီမီးခွက်က မှိုင်းအခိုးက တက်၍ စွဲမရ

သလို မှိုင်းခိုးမထင်နိုင်သလို ကျပ်ခိုးမစွဲနိုင်သလို) အဝေးကြီးမှာ သူ့ဟာသူ ဖြစ်နေတာဖြစ်၍ ကိုယ်၏ပယောဂ လုံးလုံးကင်း၍ (ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်တူ ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်လာ ဆင့်ပွား ဒုစရိုက်လဲ မပါ၍ ကြွား မြင် ထင်ဟူသော ဝိနည်းပါဠိတော်လာ ဆင့်ပွားဒုစရိုက် တွဲဘက်ဒုစရိုက်လဲ မပါသည့်ဖြစ်၍) ဒုစရိုက်ပုဒ်မ ၅၂-နှင့်လဲ လွတ်ကင်းသည်၊ ထိုသို့ လွတ်ကင်းခြင်းကြောင့် ပြည်မဟူသော ငရဲကြီးကလဲ လွတ်နိုင်သည်၊ ပြည်နယ် ပြည်ထောင်စုဖြစ်သောငရဲငယ်ထွေကလဲ လွတ်နိုင်သည်ဟူသော ဘုရားသခင်၏ အလိုတော်တရားတွေကို သိတတ်မှ သိထားမှ သိတဲ့အတိုင်းလဲ ရှောင်မှ ရှောင်တတ်မှ **လူလိုသိတဲ့ လူသိကိစ္စ** ကုန်ဆုံးလေတော့သည်၊ အဲဒါကိုပင် ဟေတုခေါ်တဲ့ ဟိတ် အနီးအဝေး ကိစ္စဟု ဗုဒ္ဓဘာသာပီပီ သိထားကြပါကုန်။ ကိုယ့်ကြောင့် ကိုယ်၏ ဟိတ်ခတ်မှုကြောင့် ကိုယ်တည်း ဟူသော အကြောင်းကြောင့် သတ္တဝါတကောင် ထပ်ပြီး သေလိမ့်ဦးမည်ဟု သိပါလျက် ပြုလုပ်သော ကိစ္စ ဝယ်ခြမ်းသော ကိစ္စကို ကိုယ့်အိမ်နှင့် ကိုယ့်ရွာနှင့် ဘယ်လောက်ပင် ဝေးတဲ့ မြို့ရွာပင်ဖြစ်စေ၊ သဘာဝအားဖြင့် ကိုယ်နှင့်စပ်သော ကိစ္စ ဖြစ်နေသောကြောင့် အနီးကပ် ဟိတ်ဟူ၍ပင်မှတ်၊ ဘယ်လို စကားတတ်၍ ဆင်ခြေမြင်းခြေတွေများများနှင့် နိုင်အောင် ပြန်ပြီး ချေပပြောဆိုတတ်ပေမဲ့ ဒုစရိုက်ပုဒ်မက ဟေတုသတ္တိအားဖြင့် မိမိ၏ အဇ္ဈတ္တမှာ ရှိသော မှီကပ်နေသော ဝိညာဏက္ခန္ဓာခေါ် စိတ်တရားကလေး အပေါ်မှာ သူ့သဘာဝအတိုင်းဖြစ်ပြီးသားကြီး ဖြစ်သွားသဖြင့် ပြည်မငရဲ ပြည်နယ်ငရဲသို့ ထိုသူ သွားရတော့မည်မှာ **ကုသလံဓမ္မံ ပဋိစ္စအကုသလောဓမ္မော ဥပ္ပဇ္ဇတိ** ဟူသော ပဋ္ဌာန်းပါဠိတော် အရ

ဒိကိစ္စနှင့် ပတ်သက်၍ ရှောင်၍ မလွတ်ချေ၊ ဒုစရိုက်ပုဒ်မ **ခွဲတမ်းကျပြီးသားကြီးဖြစ်၍ ပုပ်ပုပ်သိုးသိုးယူရသော ယခုခေတ်လို** မကျဘဲ မရောက်ဘဲ နေလို့ကို မရတော့ချေ၊ ဒုစရိုက်ကြောင့် ရထိုက်သော ဒုဂ္ဂတိ ရပ်ကွက် ၅၁၇-ကွက်ထဲတွင် ထိုသူ့အတွက် ရထိုက်သော နေရာ **အကွက်လပ်ကလေးရှိလေရဲ့**၊ အသင် တယူသန်သမား-သင်သေပြီးရင် သွားပေဦးတော့၊ သင်သွားရတာကို ဘယ်သူမှလဲ လာမကယ်နိုင်၊သင်ကလဲ ကယ်လှဲ့ပါဦးဟု လာ၍ မပြောနိုင်၊ ဟိတ်ခတ်မှုကို မသိသဖြင့် မချိတရိ ခံနေရသော အသင်-ထင်ရာ သမားကို တွင်တွင်ကြီးသာ သနားရပါတော့သတည်း။

## ဤကိစ္စ၌ နှိုင်းယှဉ်ပုံတချက်ကို ထပ်၍ ပြဦးအံ့-

မိမိ၏နေအိမ်ရွာနှင့် မိုင်ပေါင်း တသောင်းကျော် ဝေးကွာသော အမေရိကန် ပြည်မှာ ဝမ်းရောဂါကြောင့် အဆမတန် မရေမတွက်နိုင်အောင် သေကျေ ပျက်စီး နေကြပြီ ဟူသော သတင်းကို ရေဒီယိုမှ ကြားရသောအခါ၊ သတင်းစာ ထဲမှာ ဖတ်ရသောအခါ၊ ကြားရင် ကြားရုံမျှသာ၊ ဖတ်ရင် ဖတ်ရုံမျှသာ ရှိမည်၊ အလွန်လဲ သနားကြမည်မဟုတ်၊ အလွန်လဲ ထိတ်လန့်ကြမည်မဟုတ်၊ ခရီးကဝေးလွန်းတော့ ကိုယ်နှင့် မဆိုင်သလိုဘဲ နေကြမည်၊ မိမိရွာနှင့် မြေကြီးချင်း စပ်လျက်ရှိသော ဣန္ဒိယ ပြည်ကြီးမှာ ဒီလိုဘဲရောဂါတွေဖြစ်၍ အကြီးအကျယ် သေကြသည်ဟု ကြားရ သိရသောအခါ နဲနဲပါးပါး ကြောက်လာပြီး နဲနဲပါးပါးတော့ သနားလာကြတော့၏၊ (မြေချင်း ကလဲစပ်၊ နဲနဲကလဲ နီးလာမှကိုး)မိမိအိမ်၊ မိမိရွာနှင့် မိုင် ၁၀၀-လောက်

ဝေးတဲ့ မြန်မာပြည်ရှိ မြို့ကြီးတမြို့မှာ ဒီလို ရောဂါဆိုးကြောင့် ထောင်သောင်း မက သေကြပြီဟု ကြားသိ ရသော အခါ တော်တော် များများကြီး ကြောက်လန့်ပြီး တော်တော် များများကြီးလဲ သနား လာကြ ပြီနော်၊ မိမိရွာ၊ မိမိအိမ်နှင့် ၃-မိုင်လောက်သာဝေးတဲ့ ရွာတရွာမှာ ရောဂါးဆိုး ဝင်လာလို့ လူတွေ အိမ်တိုင်းစေ့ သေလို့တဲ့၊ တအိမ် ၂-ယောက် သေလို့တဲ့ ဟု ကြားရ သိရလျှင် များများကြီးလဲကြောက်ကြ၊ များများ ကြီးလဲသနားနေကြပြီနော်၊ မိမိရွာနှင့် တရွာခြားမှာ ဒီလိုဖြစ် တယ်ဆိုရင် အရမ်းကြောက်ပြီး (အသိတွေ အမျိုး တွေလဲ ပါသွားလို့) အရမ်းလဲ သနားကြပြီနော်၊ မိမိ၏ ရွာထိပ်က အိမ်တွေမှာ ဒီလိုရောဂါဆိုကြီး ကျလာပြီဆိုရင် ကြားလဲကြားရ မြင်လဲမြင်ရ ဖြစ်လာလေတော့ မချိမဆန့်ကြောက်၊ မချိမဆန့် သနား ဖြစ်ရတော့ပြီ၊ မကြောက်လို့မရ၊ မသနားလို့ မရ တော့ပြီ၊ ကိုယ့်အမျိုးလဲပါနေပြီ စိတ်ဒုက္ခ ကိုယ်ဒုက္ခ ရောက်နေ ကြရပြီ မဟုတ်လား။

ကဲ-တဆင့်တက်လိုက်စမ်း၊ မိမိအိမ်က တယောက်ယောက် ဒီလို ရောဂါဆိုးဖြစ်လာရင် မျက်လုံးပြူးအောင် ကြောက်ပြီး အသက်ရှူမမှန်အောင် စိုးရိမ်မှု သောက ရောက်ရတော့မည်မှာ သေချာပြီ မဟုတ်လား၊ ဒီအိမ်ပေါ်က မိသားစုထဲက အမေအဖေ အစ်ကို အစ်မ နှမ ညီ သားသမီး ၁-ယောက် ၂-ယောက် သေ သွားရင် ဂွမ်းထောင်လောက်အောင် ဒုက္ခ မရောက်ဘူးလား၊ ငါ့ကိုများ ဒီရောဂါ ကူးမှာလားကု တွေးတွေးပြီး ဆတ်ဆတ် တုန်အောင် မကြောက်ဘဲ နေပါဦးမလား၊ ဒါကြောင့် ဝေးဝေး ကြီးမှာ ဖြစ်ရတဲ့ ကိစ္စက ဘာသိဘာသာ ဖြစ်ရ၍ အရေးမကြီး

သော်လဲ နိုးသော ကိစ္စ အလွန်အရေးကြီးကြောင်း ကူးစက်ခံရတတ်ကြောင်း စသည်ဖြင့် ဟိတ်ခတ်ပုံ မတူကြောင်းကို အသင်ဗုဒ္ဓဘာသာဆိုသူ ကြပ်ကြပ်စဉ်းစားပါလော့။

ထို့အတူ ဒုစရိုက်ပုဒ်မ ၅၂-ပါးနှင့် ဆိုင်သော ကိစ္စမှာလည်း ဝေးသောကိစ္စ နီးသောကိစ္စ၊ ဝေးသောအကြောင်း နီးသောအကြောင်းကို ချိန်ဆ၍ သိကြပါကုန်၊ အသေချင်း တူတာနဲ့ တူသေးရဲ့လား၊ ငါးပိလဲ အသား မကင်းပါ၊ နွားသားလဲ အသားပါ၊ အသားချင်းတူတာကြောင့် အတူတူဘဲဆိုတာတို့၊ သူ့အသက် သတ်ရတာချင်း အတူတူဘဲ ဘာထူးရမှာလဲဆိုတာတို့ ကိုယ်ကအသတ်ခိုင်းရတာမှ မဟုတ်ဘဲဆိုတာတို့ ကမ္ဘာ့ဟင်းသီးဟင်းရွက်တွေဘဲဟု ဆိုတာတို့ စသော ကိစ္စအထွေထွေကို စကားကြော ရှေ့ရှေ့နှင့် ဆင်ခြေဆင်လက်ဟပ်ပြီး တယူသန် ဝါဒဆိုးနှင့် ဒုစရိုက်အမျိုးမျိုးတွေကို ပေါ့ပေါ့ကလေး ထင်ထင်နေကြတဲ့ ဘုရားသခင် အာဘော်၊ တရားတော်ရဲ့ အာဘော်၊ ဘာသာရေးရဲ့ အာဘော်၊ သာသနာရေးရဲ့အာဘော်တွေကို ချော်ချော်ပြီး တွေးဆနေကြတဲ့ ခွဲတမ်းကျနေကြတဲ့ (ပုပ်ပုပ်သိုးသိုး မယူချင်ဘဲနှင့်လဲ ယူရဘို့ရာ) သေချာပြီး ဖြစ်၍ နေကြတဲ့ ကလေကဝ ဗုဒ္ဓဘာသာတွေအတွက် နှုတ်ကချောကာ မမြွက်ဝံ့ မပြဝံ့သောကြောင့် အသိမှန် အမြင်မှန် အကျင့်မှန်ကို လက်ခံနိုင်ကြသော **မနုဿ** အစစ် ဖြစ်ကြပါစေကုန်သောဝ် ဟု ဆုတောင်းလိုက်ရပါတော့သတည်း။

## သိဒ္ဓတ္ထမင်းသားညည်းညူပုံ

ဝေလာလိလာလုလိကာ ပလ္လဝကေလိလိလာ၊
ဒေါလာသု လောလာလိ ကုလာဝလိကေလိရမ္မေ။

ယူချင်လာပြီ၊ အဲဒါ လိုချင်တာဘဲ မဟုတ်လား၊ မရှိတာကို မရှိဟု သိတဲ့ နေရာတွင် ရပ်ထားလို့ ရသေးသလား၊ (ရပ်ထားရင် ငတ်သွားမှာပေါ့) မရပ်နိုင်ဘူးလေ! စားချင်တဲ့ အာသာက စိတ်ထဲဝင်လာတော့ ရှိတဲ့နေရာ စိတ်ထဲပေါ်လာတာပေါ့၊ ပေါ်လာတော့ လိုချင်လာတာပေါ့၊ မလိုချင်ပါဘူးကွာ ဟူသော နေရာတွင် ရပ်လို့ ရသေးရဲ့လား၊ (ရပ်ရင် ငတ်မှာပေါ့) အဲဒီတော့ အငတ်မခံနိုင် အသေမခံနိုင်တော့ မရှိကိုမရှိဟု သိတဲ့နေရာတွင် မရပ်နိုင်ဘဲ ဟိုမှာရှိတာကို အာရုံရောက်သွား၊ အာရုံရောက်တဲ့အတွက် ကိုယ်တိုင်သွား ဆန်အိပ်ကိုမ, ပြီး လှည်းပေါ်တင်နွားကိုလှည်းတပ်မောင်းအဲဒီကိစ္စတွေထဲကဘဲနွားကို သနားတယ်ဆိုပြီး လှည်းပေါ်မှာ လှည်းမောင်းနေတဲ့ ငုတ်တုပ်သမားကြီးက နွားကလေးတွေ ဒုက္ခရောက်နေတာကို သနားပါတယ် ဆိုပြီး ဆန်အိတ်ကြီးကို သူ့ပခုံးပေါ်မှာ ထမ်းထား၊ ထမ်းထားရက်သားကြီးနဲ့ လှည်းကိုမောင်း၊ အဲဒီတော့ ဆန်အိတ်ကြီးက သူ့အပေါ်ကို ပိ၊ သူကလဲ လှည်းကိုပိနှင့် ပိပိနေတာပေါ့၊ အဲဒါဟာ ထပ်ထပ်ပြီး ပိပိနေတာ ဟုတ်ပါတယ်။

ဒါပေမဲ့ ထပ်ပိ ထပ်ဆင့်ကိုသာ ပေါ်လွင်အောင် သူက ဥပမာပြ ပြောနေပေမဲ့ သူဟာလူနုံကြီး လူအကြီး ဖြစ်နေပြီ ဆိုတာကိုတော့ သူမပြောဘူး၊ သူ့ဟာသူလဲ မသိဘူး၊ သူ့ပရိသတ်ကလဲ မဝေဖန်ဘူး၊ အဲဒီလူနဲ့အဲဒီတရားကို သဘောကျနေတဲ့ ပရိသတ်များကို ဝေဘန်စမ်းပါ၊ လှည်းပေါ်မှာ စီးရင်းကြီးနဲ့ ဆန်ကို ပခုံးပေါ်မှာ ထမ်းထားသတဲ့၊ ဒီလူထက် အတဲ့လူ ရှိသေးရဲ့လား၊ ဝန် ၂-ဝန် ပိပိနေတာတော့ ဟုတ်ထာပေါ့၊ ပိအောင်လုပ်နေတာကိုး ပိမှာပေါ့၊ တကယ်ဆိုရင် ကိုယ်တိုင်ရင်လဲ ဒီဆန်

ကို သွားထမ်းပါတော့လား၊ သို့မဟုတ် ထုံးစံအတိုင်း လှည်းနှင့် ရင်လဲ တင်ယူခဲ့ပါတော့လား၊ အဲဒီလို လုပ်ရင် တာဝန်တာဝန်သာ ဖြစ်လို့ ဝန်ပိချင်းပိရင် တပိသာ ပိရမယ် မဟုတ်လား၊ အခုတော့ သူလုပ်ပုံက မဟုတ်လို့ ၂-ဝန် ပိရတာ မဟုတ်လား စဉ်းစားနော်၊ အဲဒီ ဆန်ကို တနည်းနည်းနဲ့ အဲဒီလူဟာ မြို့ပေါ်က သူ့အိမ်ကို ရောက်အောင် ယူရတော့မယ်၊ မယူလို့ ဘယ်လိုမှ မဖြစ်၊ ဒုက္ခ ပေါ်ဒုက္ခထပ်လို့ မယူပါဘူးဆိုပြီး ထမ်းလဲမယူ လှည်းနှင့်လဲ မတင်နဲ့တော့ဆိုပြီး ဆန်ကို မယူဘဲ ထားကြည့်စမ်းပါ၊ သူရော သူ့ဇနီးရော သူ့သမီးရော ငတ်သေသွားမှာပေါ့၊ အငတ်ကလဲ မခံနိုင်တော့ ဒီဆန်ကို တနည်းနည်းနှင့် အဆင်းရဲခံပြီး ယူရတော့ မှာဘဲ၊ မယူရင် ငတ်ရတော့မှာကလဲ ဒိဋ္ဌဘဲ။

ဒီတော့ ဆန်မရှိမှန်း သိရုံသာသိပြီး အဲဒီအသိမှာသာ ရပ် ထားလို့ ဖြစ်သေးရဲ့လား၊ မဖြစ်ဘူးနော်၊ မဖြစ်လို့ တောကဆန်ကို သွားယူရတာပေါ့၊ လှည်းနဲ့ တင်ရတာပေါ့၊ သွားမထမ်းရင် လှည်းနဲ့မတင်ရင် ဆန်မရဘူး၊ ဆန်မရရင် မစားရလို့ ငတ်သေ မယ်၊ အဲဒီတော့ မရှိမှန်းကို သိနေတဲ့ အခါကလေးမှာတင် ရပ် ထားလို့ မရဘူးနော်၊ လိုချင်တယ်ဆိုတဲ့ အာသာဒုက္ခ အားထုတ် ပြီး ရှာရတယ်ဆိုတဲ့ ကာယအလုပ်ဒုက္ခမှ မပါရင် ဘယ်လိုမှ မဖြစ် ဘူးဆိုတာကို သိရုံနှင့် ပြီးတမ်းသမားများက လက်ခံနိုင်ပါမလား၊ လက်ခံနိုင်ရင် ယခုတွင်က ဆန်ကို သွားမယူနဲ့ မရှိမှန်းကို အသိ သာဘဲဆိုတဲ့ အသိနှင့်ဘဲ နေပြီး အဲဒီအသိနဲ့ဘဲ ငတ်ပြီးသေ ကြပေါ့။ (သူ့ဥပမာအတိုင်း သူ့ကို ဖြေပြနေတာနော်)

အဲဒီလိုဘဲ နိဗ္ဗာန်ဆိုတဲ့ အမြိုက်အရသာကို လိုချင်တဲ့လူက နိဗ္ဗာန်ရဲ့ အရသာဟာ ကောင်းတယ်၊ ဒုက္ခမရှိဘူး၊ မအိုရဘူး၊

မနာရဘူး၊ မသေရဘူး၊ ပဋိသန္ဓေလဲ မနေရဘူး၊ ဒါကြောင့် အရမ်းကောင်းတယ်၊ အားကြီးကောင်းတယ်၊ သိပ်ပြီး ကောင်းတယ်ဟု သိထားရုံကလေးနဲ့ မရောက်နိုင် မရနိုင်သေးဘူးနော်၊ ကောင်းမှန်း သိရုံနှင့် ရပ်ထားရင် (ဆန်မရှိမှန်း သိရုံနှင့် ရပ်ထားပြီးနေရင် ငတ်သေရုံ ရှိသလို) ဖြစ်တော့မှာပေါ့။

အဲဒီလို နိဗ္ဗာန် ကောင်းမှန်းသိရင် လိုချင်စိတ် ရောက်ချင်စိတ် ရှိရတော့မယ်၊ အာရုံကိုက ရောက်သွားရတော့မယ်၊ (ယခုတွင်က တောရွာမှာ ဆန်ထားခဲ့တာကို သိတော့ အာရုံ ရောက်သလိုပေါ့) အာရုံက ရောက်လို့ လိုချင်လာရင် နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှာရတော့မယ်၊ (ဆန်ကို သွားပြီး ယူရသလိုပေါ့) မယူရင် ငတ်သေမယ်၊ အဲဒါလို အားထုတ်ပါမှ အားထုတ်တဲ့ အတိုင်း တရားပေါက်ပြီး နိဗ္ဗာန်ကို ရောက်နိုင်မှာပေါ့၊ (ဆန်ကို အရောက်ယူလာပြီး ထမင်းဖြစ်အောင် ဒုက္ခခံချက်ပြီး စားလိုက်ရမှ ဗိုက်ထဲမှာဝပြီး ထမင်းအဆာပြေသွားသလိုပေါ့)

အဲဒါကြောင့် ဆန်မရှိမှန်း သိရုံတွင် ရပ်ထားလို့ မဖြစ်နိုင်တာနှင့် ဆန်ကို လိုချင်တဲ့ အာသာ ဒုက္ခ၊ ထမ်းပိုးရတဲ့ဒုက္ခ၊ ချက်ရတဲ့ဒုက္ခကို ပြုလုပ်ပါမှ ထမင်းကို စားရသလို နိဗ္ဗာန်ကိုအကောင်းမှန်း သိထားရုံတွင် ရပ်ထားလို့ မရ၊ ဆန်ကို လိုချင်တဲ့အာသာ ရှိသလို နိဗ္ဗာန်ကိုလဲ လိုချင်တဲ့ အာသာရှိမှ ဆန်ကိုရှာရ ထမ်းရ ချက်ရတဲ့ ဒုက္ခရှိသလို နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်ကုသိုလ် မဂ်ကုသိုလ်တရားတွေကို ရအောင် ကျင့်ရတဲ့ ဒုက္ခလဲရှိမှ၊ ကျင့်လဲ ကျင့်မှ ထမင်းကို စားပြီး လူ့ဗိုက်မှာ ဝလာသလို တရားဆိုတာ အားထုတ်ယူမှ ရကြရမှာဘဲ ဟူ၍ မှတ်ပါ၊ တရားရမှ နိဗ္ဗာန်ကိုလဲ ရောက်ကြရမှာဘဲ ဟူ၍မှတ်ကြပါကုန်။

ဒါလောက် စာရွက်အကုန်ခံပြီး ရေးပြနေရခြင်းမှာ အသိ သမားများက ပြောပြတဲ့ သူ့ရဲ့ဥပမာကို သူ့ ဥပမာအတိုင်း ဖြေရှင်း၍ ပြရခြင်းဖြစ်ပါသည်၊ဒီထက် နားလည်လောက်အောင် အမေးအဖြေတွေ လုပ်ပြီး ရေးပြနေရရင် ဆုံးနိုင်မည် မဟုတ်ပါ၊ လူစကားကို ပတ်ပတ်နပ်နပ် နားလည်နိုင်သူဖြစ်က ဤစကား နှင့်ပင် ပြေရှင်းလောက်ပါပြီ။

## မဟူးမစမ်း အရမ်းနေရင် အောက်ကိုစုန်

လွန်ခဲ့သော ၁၂၇၇-ခုနှစ်က ဤစာရေးသူ၏ ဆရာ ဖြစ်ဘူး သော ဘုန်းကြီးတပါး၊(ထိုစဉ်က ထိုဘုန်းကြီးမှာ ပဥ္စင်းငယ် မျှသာ)ရန်ကုန်မြို့မှာ စာသင်နေခဲ့သတဲ့၊ တနေ့ကျတော့ အရပ်ကို ခဏပြန်ချင်တာနှင့် ည-၉-နာရီအချိန်မှာ ရန်ကုန် ဘူတာကြီးကို သွားပြီး ပြည်ဘက်ကို ထွက်မဲ့ရထားဟာ ဘယ်အချိန်မှာ ထွက် ပါသလဲလို့ မေးတော့ ရုံပိုင်က၊ည-၁၁-နာရီခွဲမှာ ထွက်ပါတယ် ဘုရားဟု လျှောက်သတဲ့။

အဲဒီတော့ အချိန်ကလဲ စောသေး ကျောင်းကိုလဲ မပြန်ချင် တာနဲ့ ရထားတွဲ ထိုးထားတဲ့ နေရာကိုသွားပြီး ဒီတွဲမှာ ပြည်ဘက်ထွက်မဲ့တွဲဖြစ်မှာဘဲဟု ထင်ပြီး ရထားတွဲပေါ်တက်ပြီး အိပ်နေသတဲ့၊ ဆယ်နာရီခွဲမှ လက်မှတ်ပေးမယ် ဆိုတာကိုလဲ သိ တော့ တရေးနိုးလှမှ လက်မှတ်လဲယူတော့မယ်ဆိုတဲ့စိတ်ထားနှင့် စိတ်ချလက်ချ အိပ်လိုက်တာပေါ့။

ထိုစဉ်က ရထားတွဲပေါ်ရှိ ခုံတွေမှာ ခုံရှေတွေလဲ ပါသေး တော့ စန့်စန့်ရှံ့ရှံ့ အိပ်လို့လဲ ဖြစ်နေတာပေါ့၊ ယခု အခါလို အမေးအစမ်းလဲ မထူတော့ ဧဆေးဆေး အိပ်နေတာပေါ့၊

သူ့စိတ်ထဲက၊ သူအိပ်တဲ့တွဲဟာ ပြည်ဘက်ကို ထွက်မဲ့ ရထားတဲ့ ဘဲလို့လဲ ထင်နေသတဲ့၊ အဲ-သူအိပ်ပျော်လို့ အိပ်မောကျနေတဲ့ အချိန်မှာဘဲ ရထားကြီးဟာလဲ ခေါင်းတွဲနှင့် ဆက်ပြီး ခုတ် မောင်းသွားတော့သတဲ့၊ သူလဲ ရထား ခုတ်သွားတာကို မသိ ဘူးပေါ့၊ အိပ်ပျော်နေတာကိုး။

သန်းခေါင်ကျော်လောက်ကျလို့ ဘူတာတခုမှာ ရထားရပ်ပြီး လူတွေ ရထားပေါ် တက်ကြ ဆူကြညံကြတော့ သူလဲ အိပ်ရာက လန့်နိုးပြီး ဟယ်-လက်ပံတန်းမြို့ကိုတောင် ရောက်နေပါပကော ဟု-ငါနှယ် အိပ်ကောင်း နေလိုက်တာ အခုမှ နိုးတော့တယ်ဟု စိတ်ထဲက သူ့ဟာသူတွေးပြီး ဟိုကြည့် ဒီကြည့် ကြည့်လိုက်တော့ သူ့မြင်ကွင်းက လက်ပံတန်းဘူတာနှင့် မတူတာကို မြင်ရတော့၊ ရထား ရပ်ထားတာကလဲ တောင်နှင့် မြောက် မဟုတ်မှန်း သိရ တော့ ပြာပြာသလဲနဲ့ အနားက ဒကာတယောက်ကို ဒါ ဘာ ဘူတာလဲလို့ မေးသတဲ့၊ ဒီတော့ ဒကာက ဦးပဥ္စင်းရဲ့ ဒီဘူတာ ဟာ ပဲခူး ဘူတာကြီး ဘုရားဟု လျှောက်ရာ ဟင်-ဒကာကြီး ဒါဖြင့် ကျုပ်မှားစီးလာမိပြီဗျို့၊ အဆန်မှတ်လို့စီးလာတာ အခု တော့ အစုန်ကြီး ဖြစ်နေပြီဟု ပြောပြီး အဲဒီ အစုန်ရထားပေါ်က ဆင်းပြီး နောက်နေ့မှ အဆန်ဖြစ်တဲ့ အထက်ကို ထွက်တဲ့ ရထားကို ပြင်ပြီး စီးလိုက်ရသတဲ့။

အဲဒီလိုဘဲ မစူးစမ်းဘဲ လက်မှတ်လဲ မရှိဘဲနှင့် (ကုသိုလ် လက်မှတ်ကို ဆိုလိုသည်) တွဲပေါ်သွားပြီး ရမ်းအိပ်နေသလို သိပြီးရောဆိုတဲ့ ပေါ့တော့တော့ စိတ်ထားနှင့်အဆန်လမ်းနိဗ္ဗာန် ကို ရည်မှန်းပြီး (လက်မှတ်ယူခြင်းနှင့် တူတဲ့) တရားကိုလဲမကျင့် ဘဲ (စုံစမ်းခြင်းနှင့်တူတဲ့) တရားကို ဆွေးနွေးခြင်းလဲ မပြုဘဲ

အသိနှင့် ပြီးတမ်းဘဲ ထင်ပြီး (ဘာမှမလုပ်ဘဲ) တဲ့ပေါ်မှာ သွားအိပ်နေသလို နေကြမယ်ဆိုရင် (အဆန်ရထား မဟုတ်ဘဲ အစုန်ရထားကို စီးနင်းလိုက်ပါမိသလို) အဆန်ဘဲဟု ထင်နေပေမဲ့ အစုန်ကြီးတွေ ဖြစ်နေတာကို သိရင် ပြီးတမ်းသမား အပါယ် ၄-ပါးသို့ စုန်သွားရမဲ့ အစုန်သမားကြီးတွေ ဖြစ်နေကြတာကို သဘာဝမှုအတိုင်း သိမြင်နေရသဖြင့် သနားဘွယ် ကောင်းလှ၍ ဥပမာပြလိုက်ရပါသတည်း။

## စားရတာက ဖတ်သင်တော်တော်ကြီး အစေ့ကတော့ကြီးပါပေ့

ရှေးတုန်းက မြို့နှင့် အတန်ဝေးတဲ့ ရွာတရွာကလူ ၂-ယောက် မြို့ကို မရောက်စဖူး ရောက်သွားကြသတဲ့၊ မြို့ရောက်တော့ ဟိုလမ်း ဒီလမ်း လယ်ကြရင်း ဈေးပေါက်ဝ ရောက်သွားတော့ အုန်းသီးရောင်းနေတဲ့ ဆိုင်အနားကို ရောက်သွားကြသတဲ့၊ ဒါနဲ့ ဘဲ သူတို့လဲ အုန်းသီးကို တခါမှ မမြင်ဘူးလေတော့ အဒေါ်ကြီးရဲ့ ဒီအသီးကြီးက ဘာသီးကြီးလဲလို့ မေးကြသတဲ့၊ ဒီတော့ ဆိုင်ရှင်က ဒီအသီးဟာ အုန်းသီးအစိမ်းအတိုင်း စားရတဲ့ အသီးဖြစ်ကြောင်းကို ပြောပြရာ ထိုသူ ၂-ယောက်က အုန်းသီး တယောက်တလုံးစီ ဝယ်ခဲ့ကြပြီး မြို့က ပြန်ထွက်လာခဲ့ကြရာ မြို့ပြင်ဘက် တော်တော်ဝေးရောက်တော့ သစ်ပင်တပင်အောက်မှာ ထိုင်ပြီး အုန်းသီး တလုံးကို ပါးစပ်နှင့် ကိုက်ကိုက်ပြီး တယောက်တလဲ ဝါးကြစားကြ မျိုချကြ မျိုမရတာတွေကို ထွေးပစ်ကြနှင့် စားရတာကလဲ အရသာမရှိ၊ ဝါးရတာကလဲ အာပေါက်မတတ်ဖြစ်နေ၊ လွှင့်ပစ်ရမှာကလဲ နှမြောနေနှင့်၊

တဖြေးဖြေး ဝါးဝါးလာရာ တော်တော်ကြာလို့ အခွံတွေကုန်တော့ အုန်းမှုတ်ကြီးက ပေါ်လာတာပေါ့၊ အဲဒီတော့ အဲဒီအုန်းမှုတ်ကြီးကို အစေ့ကြီးဘဲဟု မှတ်ထင်ကြပြီး မင်းသုံး စိုးသုံးဖြစ်လို့သာစားရတယ်ကွာ၊ဝါးလိုက်ရတာကလဲ အာပေါက်မတတ်စားရပြန်တော့လဲ ဖတ်သငတ်ငတ်နဲ့ အစေ့ကြီးကဖြင့် ကြီးလိုက်တာ အရမ်းဘဲကွဟု ဆိုလျက် အုန်းမှုတ်ကြီးကိုလွှင့်ပစ်ခဲ့ကြသတဲ့။

ရွာပြန်ရောက်တော့ ရွာက လူတွေကလဲ သူတို့အတိုင်းပေါ့၊ အပြင်ဘက်က အခွံတွေကို ဝါးဝါးစားကြပြီး ဟင်-ဖတ်သငတ်ငတ်ကြီးနဲ့ အာပေါက်မတတ်ဝါးစားရပေမဲ့ မင်းတို့အုန်းသီးကစားလို့လဲ မကောင်းဘူး၊ အစေ့ကြီးကဖြင့် ကြီးပါပေ့ကွာဟု ပြောကြလျက် အုန်းမှုတ်ကြီးကို လွှင့်ပစ်ကြပြန်သတဲ့။

အဲဒီလိုဘဲ ယခုအခါမှာလဲ တရားသဘောတွေကို အနှစ်သာရထိအောင် မသိကြတော့ဘဲ အပေါ်ယံ အကာလောက်ကိုသာ သိကြပြီး အနှစ်ဖြစ်တဲ့ ရှောင်ကြဉ်ရမဲ့ ဒုစရိုက်၊ ကျင့်ရမဲ့ သုစရိုက်တွေကိုတော့ မသိကြတော့ဘဲ မကျင့်ကြတော့ဘဲ အပေါ်ယံရိုကဖြစ်တဲ့ ပကာသနကိစ္စ ဆုတောင်းရင်ရနိုင်တယ်ဆိုတဲ့ ကိစ္စ၊ သိထားရင် ပြီးတာဘဲဆိုတဲ့ ကိစ္စ၊အပျော်အပါးငရဲများနှင့် တွဲတွဲပြီး လှူဒါန်းနေကြတဲ့ ကိစ္စ၊ ငွေကူခံကိစ္စ၊ ခုံတင်သား ကျွေးပြီး လှူတဲ့ကိစ္စ စသော ကိစ္စတွေကိုသာ အနှစ်ဟု ထင်ကြပြီး အာပေါက်အောင် ဝါးဝါးနေကြလေတော့ ကကဲ့ အစစ်ဖြစ်တဲ့ တရားအနှစ်တွေ အစစ်တွေ ဒုစရိုက်ပုဒ်မတွေ ဒုဂ္ဂတိဘုံ ၃၁၇-ဘုံတွေ ကျင့်ရမဲ့ သုစရိုက်တွေ မဂ်အခြေ ဖိုလ်အခြေဖြစ်တဲ့ တရားတော်တွေကို သိရကောင်းမှန်းလဲ မသိ၊ ကျင့်ရ

ကောင်းမှန်းလဲ မသိကြတော့ဘဲ တကယ့် တရားတွေကိုတော့ အစေ့ကြီးကတော့ ကြီးပါပေ့ကွာဟု ဆိုပြီး လှင့်ပစ်ကြသလို တရားတော်တွေကို လှင့်ပစ်ထားကြတဲ့ လူ့ဗာလ လူ့ဂွစာတို့၏ သာသနာကို အလွဲသုံးစား ပြုနေကြတဲ့ သတ္တဝါတွေအတွက် ဝမ်းနည်းမဆုံး ဖြစ်ရပါတော့သတည်း။

## လင်းမြွေနွားရှက်ကုပ်

ရှေးရှေးတုန်းက ဘယ်အကောင်ဟာ ဘာတိရစ္ဆာန်ကောင်ဟု ခွဲခြား၍ မသိတတ်ကြတဲ့ လူ ၂-ယောက် တောကြီးထဲသို့ သွားကြရာ တောအစပ်နား ရောက်ကြတော့ ရောမသာစ်ပင်ကြီးတပင်၏ အရင်းနားက တောက်တဲ့တောက်တဲ့လို့ အော်မြည်နေတဲ့ အသံကို ကြားကြတော့ တယောက်လူက အခု အော်နေတဲ့ အကောင်ဟာ ဘာအကောင်လဲကွလို့ မေးသတဲ့၊ အမေးခံရတဲ့ လူက ဒီအသံဟာ သမင်က အော်နေတဲ့ အသံကွဟု ပြောရာ ဒီတော့ မေးတဲ့လူက ဟဲ့ကောင် ဒီအသံဟာ သမင်မြည်တဲ့ အသံ မဟုတ်ဘူး၊ ဒရယ်က မြည်တဲ့အသံကွလို့ ပြောသတဲ့၊ ဒီလိုနဲ့ ဘဲ ဒီလူ ၂-ယောက်ဟာ တယောက်က သမင်အော်တာ သမင်ကွ၊ တယောက်ကလဲ ဒရယ်ကအော်သံ ဒရယ်ကွဟု အနိုင်မခံ အရှုံး မပေးဘဲ ငြင်းကြ ခုံကြရင်း တဖြေးဖြေး တော တော်တော် ကျတဲ့ နေရာကို ရောက်သွားကြတော့ ဘုန်းကြီးကျောင်းကလေး တကျောင်းကို ရောက်သွားကြရာ ဘုန်းကြီးကို ဝတ်ချပြီး တော အဝင်ဝတုန်းက တောက်တဲ့ တောက်တဲ့လို့ မြည်တဲ့ အသံကို တပည့် တော်က သမင်လို့ ပြောပါတယ်၊ သူက ဒရယ်လို့ ငြင်းနေတယ်၊ အဲဒီ အကောင်ဟာ သမင်လား-ဒရယ်လား တကောင်ကောင်

ဖြစ်မှာဘဲ၊ သူက မှန်သလား၊ တပည့်တော်က မှန်သလား၊ ဘုန်းကြီးကတော့ အမှန်အတိုင်း သိမှာဖြစ်လို့ ဆုံးဖြတ်ပေးပါ ဘုရားဟု လျှောက်ကြသတဲ့။

အဲဒီတော့ ဘုန်းကြီးက ဟဲ့-အကောင်တွေ နင်တို့ တယ်အတဲ့အကောင်တွေ၊ အရမ်းမှုင်းတဲ့ အကောင်တွေဘဲ၊ မင်းတို့ ၂-ယောက် တသက်လုံး မှတ်လောက်သွားလောက် ဖြစ်သွားအောင် ကြိမ်နဲ့ ရိုက်ပြီးမှ ငါက အဖြေမှန်ကို ပေးနိုင်မယ်ဟု ကြိမ်းပြီး အနားမှာရှိတဲ့ ကြိမ်ငယ်ငယ်ကလေးကို ကိုင်ပြီး မနာမကျင် နဲ့နဲ့ ပါးပါး ရိုက်ပြီးမှ ဟဲ့-အကောင်မတွေ နင်တို့ မသေမချင်း မှတ်ထားကြ၊ တောက်တဲ့တောက်တဲ့လို့ အော်အော် နေတဲ့ အကောင်ဟာ လင်းမြွေနားရွက်ကုပ်ဆိုတာ ဒီအကောင်ဘဲကွဟု ပြောလွှတ်လိုက်သတဲ့။

အဲဒီလိုဘဲ ယခုအခါမှာလဲ မြတ်စွာဘုရားက ဒီအမှုဟာဒုစရိုက်အမှုကွ၊ ဒီဒုစရိုက်ပုဒ်မက ၅၂-ပါး ရှိတယ်ကွ၊ ဒီဒုစရိုက်ကို ကြုံးလွန်ရင် ဒုဂ္ဂတိဘုံ ၅၁၇-ဘုံထဲကိုထိုက်သလိုရောက်ရတယ်ကွ၊ ဒီဟာက ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်ကွ၊ ဒီတရားတွေကို ကျင့်ရင် လူ-နတ်-ဗြဟ္မာ ဖြစ်ရတယ်ကွ၊ ဒီလိုကျင့်ရင် မဂ်ကုသိုလ် ဖြစ်တယ်ကွ၊ မဂ်ကုသိုလ်ကို ရအောင်ကျင့်၊ ကျင့်နိုင်ရင်သုဒ္ဓါဝါသဘုံနှင့်နိဗ္ဗာန်ကိုရောက်နိုင်တယ်ကွဟုသူ့အကြောင်းနှင့် သူ့အကျိုး အမျိုးမျိုးအဖုံဖုံ သာဓကမျိုးစုံနှင့် ပိဋကတ် ၃-ပုံကို အခြေခံထားပြီး ဟောကြားခဲ့သော ဘုရားတရားတော်တွေကို မသိကြ မလေ့လာကြတော့ဘဲ လေ့လာထားသူတွေကလဲ မဟောကြ မဟောဝံ့ကြတော့ဘဲ သူ့ဂိုဏ်းက မှန်တယ်၊ ငါ့ဂိုဏ်းကမှန်တယ်၊ သူ့အယူက ဟုတ်တယ်၊ ငါ့အယူက ဟုတ်

တယ်၊ သိထားရင် ပြီးတယ်၊ ကျင့်စရာ မလိုဘူး၊ ကျင့်နေရရင် ဒုက္ခပေါ့ ဒုက္ခဆင်နေတယ်၊ ဒါနဆိုတာဟာ သံသရာ ရှေတယ်၊ လှူစရာ မလိုဘူး၊ သီလဆိုတာကလဲ စောင့်စရာ မလိုဘူး၊ လူသာ လူ ကုသိုလ်ရတယ်၊ အလှူနှင့် ပတ်သက်ပြီးလုပ်တဲ့ အကုသိုလ်ဟာ လှူတဲ့စေတနာကြောင့် ငရဲပျောက်သွားတယ်၊ ဒုစရိုက် မဖြစ် ဘူး၊ အာရုံပြု ဆုတောင်းရင် ကောင်းတဲ့ အကျိုးတွေကို ရနိုင် တယ်၊ သူ့ဟာသူသတ်လို့ ကိုယ်က ဝယ်တာဘဲ၊ အစားထိုးဘို့ ဝက်တွေ နွားတွေသတ်လို့ ငါ့ပယောဂ မပါဘူး၊ ရေလဲရေဘဲ၊ အရက်လဲ ရေဘဲ၊ ရေချင်းအတူတူ ငရဲကြီးမ ဖြစ်ဘူး၊ ဥာဘုံ ဆိုတာ မရှိဘူး၊ငရဲဘုံနှင့် ခြောက်ပြီး လူ–နတ်–နိဗ္ဗာန်နှင့် မြောက် နေကြတာ အပိုတရားတွေဘဲ၊ လူသေရင် လူဘဲ ပြန်ဖြစ်တယ်၊ ငရဲဆိုတာကို မမြင်ရလို့ မယုံဘူး၊ နတ်-ဗြဟ္မာ ဆိုတာ အခု ပြစမ်းပါ၊ မပြနိုင်ဘဲနှင့် ရမ်းပြောနေတာတွေဖြစ်လို့ မယုံနိုင်ဘူး၊ ကမ္ဘာ့ဟင်းသီးဟင်းရွက် ဖြစ်တဲ့ ကြက်ဝက်တွေ နွားတွေကို သတ်စားနေလို့ ငရဲကြီးတယ်၊ ပါဏာတိပါတာကံ ထိုက်တယ် ဆိုတာတွေကို ယုံစရာမဟုတ်ဘူးစသည်စသည်ဖြင့် ပြောဆို ယူဆ ရှိထင်ရာတွေကို ပြုလုပ်နေကြသူတွေမှာ တောက်တဲ့တောက်တဲ့ ဟု သူ့နာမည်ကို သူဖော်ပြီး အော်အော်နေတဲ့ တောက်တဲ့ကို သမင်က ဒရယ်ကွဟုငြင်းခုံနေကြတဲ့ လူ ၂-ယောက်လို ကမောက် ကမ ဖြစ်နေရတဲ့ ဘာသာရေး သာသနာရေးအတွက် သာသနာ အတွင်းမှာနေကြပြီး ထင်ရာကို စိုင်းနေကြတဲ့ ဂိုဏ်းအမျိုးမျိုး နှင့် ဒုစရိုက် သုစရိုက် ကိုမှလဲ သချုပ်မခွဲတတ်၊ ဒုဂ္ဂတိဘုံ ဘယ် လောက်ရှိတယ်ကိုမှလဲ သချုပ်မခွဲတတ်၊ အကြောင်း အကျိုးကိုမှ ပြ၍ မဆုံးမတတ် မပြောဟောတတ် မကြောက်တတ် မကျင့်

တတ်ကြတဲ့ သာသနာတော်အတွင်းရှိ အချို့အချို့ ရာခိုင်နှုန်း ၉၀-ကျော်လောက်ရှိ ပုဂ္ဂိုလ်အစားစားတွေ အလွန်အလွန် သနားလှသဖြင့် ဤနေရာတွင် ဥပမာ တမျိုးပြ၍ ရေးထုတ်လိုက်ရပါကြောင်း။

## ဟိတ်ခတ်ပုံကွာခြားချက်

အမြင့် (၄) တောင် အကျယ် (၁၀) တောင် ရှိသော တိုက်ပုကလေးကို အမိုးအောက်မှ မျက်နှာကြက်ကိုလဲ အညီ လုပ်၍ သင်းဘောဆေး ဖြူဖြူကိုလဲ သုတ်ထားပါ၊ ၎င်းတိုက်ကလေး၏ အတွင်း၌ အမြင့်တတောင်လောက်မြင့်သော ကုတင်ပေါ်မှာ ရေနံဆီ မီးခွက်ကို ထွန်းထားပါ၊ ၎င်း၏ အပေါ်က မျက်နှာကြက်ကို ရေနံဆီမီးခွက်က မှိုင်းသင့်၍ မကြာမီ မဲမဲ အကွက်ကြီး ထင်လျက် ကျပ်ခိုးတွေစွဲ၍ လာပါလိမ့်မည်၊ အမြင့်အတောင် ၄၀- အကျယ် ၂၅-တောင်ရှိသော တိုက်မြင့်ကြီး၏ (အထပ်မပါ ဒိုးရိုပေါက်အမိုးရှိ) အတွင်းမှာ ၁-တောင်လောက်မြင့်သော ကုတင်ပေါ်တွင် ရေနံဆီမီးခွက်ကို တင်၍ မီးထွန်းထားပါ၊ ၎င်းမီးခွက်က မှိုင်းမီးခိုးသည် အတောင် ၄၀-မြင့်သော တိုက်ကြီး၏ မျက်နှာကြက်ကို ရေနံမှိုင်းစွဲ၍ မဲမဲကွက်ကြီး ထင်နိုင်ပါမည်လား၊ ကျပ်ခိုးစွဲနိုင်ပါမည်လား၊ စဉ်းစားကြည့်ပါ၊ လက်တွေ့ လုပ်ကြည့်ပါ၊ အမိုးနိမ့်နိမ့်ကလေးရှိ တိုက်ပုပုကလေးမှာ မီးခွက်နှင့် နီးလွန်း၍ အကွက်ထင်၍ မှိုင်းစွဲသော်လည်း အတောင် ၄၀-မြင့်သော တိုက်မြင့်ကြီး၏ အမိုးမျက်နှာကြက်ကိုမူကား မီးခွက်နှင့် ဝေးလွန်း၍ မှိုင်းမစွဲနိုင်ကြောင်း၊ ကျပ်ခိုးမစွဲနိုင်ကြောင်း သိပါလိမ့်မည်၊ အဲဒီ သဘောဟာ မီးခွက်နှင့် ခေါင်မိုး မျက်နှာကြက် နီးမှု ဝေးမှုပေါ်မှာ

ကွာခြားမှုပေါ်မှာ မူတည်နေတာကို အသင် သိပါလိမ့်မည်၊ အဲဒါကိုပင် နီးသောအကြောင်း ဝေးသောအကြောင်း၊နီးသော ဟိတ် ဝေးသောဟိတ်ဟု ပညာရှိပုဂ္ဂိုလ်များက သိရှိပြောဆိုနေကြပါသည်။

ထို့အတူပင်လျှင် ဒုစရိုက် မကောင်းမှုနှင့် ပတ်သက်၍ အပြစ်ရှိမရှိ ကိစ္စမှာလည်း ဘုရားရှင်၏ တရားတော်အရ ဖော်ထုတ်၍ ပြရပါမူ ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်တူ ဟူသော ဆင်ပွား ဒုစရိုက် ဖြစ်နေသော တွဲဘက် ဒုစရိုက် ဖြစ်နေသော ကြားသား မြင်သား ထင်သား ဟူသော အစွန်းသုံးပါးမှမလွတ်သော အကုသိုလ်ဖြစ်မှုမှ ရှောင်ကွင်း၍ မရနိုင်သော အကုသိုလ်ဖြစ်မှုနှင့် မိမိနှင့် အလွန်နီးကပ် တစပ်ထဲဖြစ်၍နေသော မသိနိုးနားဟန်ဆောင်၍ ရရနေသော အနီးကပ် ဒုစရိုက်ကိစ္စများသည် ယခုပြခဲ့သော (တိုက်ပုကလေးမှာ ရေနံမှိုင်းစွဲသလို ကျပ်ခိုးစွဲသလို) ဒုစရိုက်က ဟောတုသတ္တိ ဟောတုပစ္စယောဟူသော ပဋ္ဌာန်းပါဠိတော်လာ မြတ်စွာဘုရား၏ တရားတော်အရ ဟိတ်ခတ်သွားပြီ၊ ဒုစရိုက် ဖြစ်သွားပြီ၊အကုသိုလ် ဖြစ်သွားပြီ၊ ဒုစရိုက်ပုဒ်မ ၁၂-ထဲသို့ ဝင်သွားပြီ၊ ထိုပုဒ်မအရ ဒုဂ္ဂတိ ၁၁၇-ဘုံ ထဲသို့ ရောက်ဘို့ရာ ဒိဂရီ ကျသွားပြီဆိုတာကို အသင်ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်ပါက ကောင်းစွာ သိလာပါလိမ့်မည်၊အဝေးကြီး မှိုခြား နယ်ခြား ခရိုင်ခြား တိုင်းခြားမှာ သူတို့သဘောနှင့် သူတို့ ထုံးစံအတိုင်း ပြုလုပ်ထားကြသော ငါးပိ ငါးခြောက်စသော အသားခြောက်များအတွက်မှာမူကား ဥပမာ ပြခဲ့ပြီးသော (အတောင် ၄၀-မြင့်သော တိုက်မြင့်ကြီး၏ မျက်နှာကြက်ကို အောက်ခြေမှာ ထွန်းထားသော ရေနံဆီမီးခွက်က မှိုင်းအခိုးက တက်၍ စွဲမရ

သလို မှိုင်းခိုးမထင်နိုင်သလို ကျပ်ခိုးမစွဲနိုင်သလို) အဝေးကြီးမှာ သူ့ဟာသူ ဖြစ်နေတာဖြစ်၍ ကိုယ်၏ပယောဂ လုံးလုံးကင်း၍ (ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်ဟူ ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်လာ ဆင့်ပွား ဒုစရိုက်လဲ မပါ၍ ကြား မြင် ထင်ဟူသော ဝိနည်းပါဠိတော်လာ ဆင့်ပွားဒုစရိုက် တွဲဘက်ဒုစရိုက်လဲ မပါသည့်ဖြစ်၍) ဒုစရိုက်ပုဒ်မ ၅၂-နှင့်လဲ လွတ်ကင်းသည်၊ ထိုသို့ လွတ်ကင်းခြင်းကြောင့် ပြည်မဟူသော ငရဲကြီးကလဲ လွတ်နိုင်သည်၊ ပြည်နယ် ပြည်ထောင်စုဖြစ်သော ငရဲငယ်ထွေကလဲ လွတ်နိုင်သည်ဟူသော ဘုရားသခင်၏ အလိုတော်တရားတွေကို သိတတ်မှ သိထားမှ သိတဲ့အတိုင်းလဲ ရှောင်မှ ရှောင်တတ်မှ **လူလိုသိတဲ့ လူသိကိစ္စ** ကုန်ဆုံးလေတော့သည်၊ အဲဒါကိုပင် ဟောတုခေါ်တဲ့ ဟိတ် အနီးအဝေး ကိစ္စဟု ဗုဒ္ဓဘာသာပီပီ သိထားကြပါကုန်။ ကိုယ့်ကြောင့် ကိုယ်၏ ဟိတ်ခတ်မှုကြောင့် ကိုယ်တည်း ဟူသော အကြောင်းကြောင့် သတ္တဝါတကောင် ထပ်ပြီး သေလိမ့်ဦးမည်ဟု သိပါလျက် ပြုလုပ်သော ကိစ္စ ဝယ်ခြမ်းသော ကိစ္စကို ကိုယ့်အိမ်နှင့် ကိုယ့်ရွာနှင့် ဘယ်လောက်ပင် ဝေးတဲ့ မြို့ရွာပင်ဖြစ်စေ၊ သဘာဝအားဖြင့် ကိုယ်နှင့်စပ်သော ကိစ္စ ဖြစ်နေသောကြောင့် အနီးကပ် ဟိတ်ဟူ၍ပင်မှတ်၊ ဘယ်လို စကားတတ်၍ ဆင်ခြေမြင်းခြေတွေများများနှင့် နိုင်အောင် ပြန်ပြီး ချေပပြောဆိုတတ်ပေမဲ့ ဒုစရိုက်ပုဒ်မက ဟောတုသတ္တိအားဖြင့် မိမို၏ အဇ္ဈတ္တမှာ ရှိသော မှီကပ်နေသော ဝိညာဏက္ခန္ဓာခေါ် စိတ်တရားကလေး အပေါ်မှာ သူ့သဘာဝအတိုင်းဖြစ်ပြီးသားကြီး ဖြစ်သွားသဖြင့် ပြည်မငရဲ ပြည်နယ်ငရဲသို့ ထိုသူ သွားရတော့မည်မှာ **ကုသလံဓမ္မံ ပဋိစ္စအကုသလောဓမ္မော ဥပ္ပဇ္ဇတိ** ဟူသော ပဋ္ဌာန်းပါဠိတော် အရ

ဒီကိစ္စနှင့် ပတ်သက်၍ ရှောင်၍ မလွတ်ချေ၊ ဒုစရိုက်ပုဒ်မ **ခွဲတမ်း ကျပြီးသားကြီးဖြစ်၍ ပုပ်ပုပ်သိုးသိုးယူရသော ယခုခေတ်လို** မကျဘဲ မရောက်ဘဲ နေလို့ကို မရတော့ချေ၊ ဒုစရိုက်ကြောင့် ရထိုက်သော ဒုဂ္ဂတိ ရပ်ကွက် ၅၁၇-ကွက်ထဲတွင် ထိုသူ့အတွက် ရထိုက်သော နေရာ **အကွက်လပ်**ကလေးရှိလေရဲ့၊ အသင် တယူ သန်သမား-သင်သေပြီးရင် သွားပေဦးတော့၊ သင်သွားရတာကို ဘယ်သူမှလဲ လာမကယ်နိုင်၊သင်ကလဲ ကယ်လှဲ့ပါဦးဟု လာ၍ မပြောနိုင်၊ ဟိတ်ခတ်မှုကို မသိသဖြင့် မချိတရိ ခံနေရသော အသင်-ထင်ရာ သမားကို တွင်တွင်ကြီးသာ သနားရပါတော့ သတည်း။

## ဤကိစ္စ၌ နှိုင်းယှဉ်ပုံတချက်ကို ထပ်၍ ပြဦးအံ့-

မိမိ၏နေအိမ်ရွာနှင့် မိုင်ပေါင်း တသောင်းကျော် ဝေးကွာသော အမေရိကန် ပြည်မှာ ငမ်းရောဂါကြောင့် အသမတန် မရေမတွက်နိုင်အောင် သေကျေ ပုပ်စီး နေကြပြီ ဟူသော သတင်းကို ရေဒီယိုမှ ကြားရသောအခါ၊ သတင်းစာ ထဲမှာ ဖတ်ရသောအခါ၊ ကြားရင် ကြားရုံမျှသာ၊ ဖတ်ရင် ဖတ်ရုံမျှသာ ရှိမည်၊ အလွန်လဲ သနားကြမည်မဟုတ်၊ အလွန်လဲ ထိတ်လန့် ကြမည်မဟုတ်၊ ခရီးကဝေးလွန်းတော့ ကိုယ်နှင့် မဆိုင်သလိုဘဲ နေကြမည်၊ မိမိရွာနှင့် မြေကြီးချင်း စပ်လျက်ရှိသော ဇမ္ဗူဒွီပ ပြည်ကြီးမှာ ဒီလိုဘဲရောဂါတွေဖြစ်၍ အကြီးအကျယ် သေကြ သည်ဟု ကြားရ သိရသောအခါ နဲနဲပါးပါး ကြောက်လာပြီး နဲနဲပါးပါးတော့ သနားလာကြတော့၏၊ (မြေချင်း ကလဲစပ်၊ နဲနဲကလဲ နီးလာမှုကိုး) မိမိအိမ်၊ မိမိရွာနှင့် မိုင် ၁၀၀-လောက်

ဝေးတဲ့ မြန်မာပြည်ရှိ မြို့ကြီးတမြို့မှာ ဒီလို ရောဂါဆိုးကြောင့် ထောင်သောင်း မက သေကြပြီဟု ကြားသိ ရသော အခါ တော်တော် များများကြီး ကြောက်လန့်ပြီး တော်တော် များများကြီးလဲ သနား လာကြ ပြီနော်၊ မိမိရွာ၊ မိမိအိမ်နှင့် ၃-မိုင်လောက်သာဝေးတဲ့ ရွာတရွာမှာ ရောဂါးဆိုး ဝင်လာလို့ လူတွေ အိမ်တိုင်းစေ့ သေလို့တဲ့၊ တအိမ် ၂-ယောက် သေလို့တဲ့ ဟု ကြားရ သိရလျှင် များများကြီးလဲကြောက်ကြ၊ များများ ကြီးလဲသနားနေကြပြီနော်၊ မိမိရွာနှင့် တရွာခြားမှာ ဒီလိုဖြစ် တယ်ဆိုရင် အရမ်းကြောက်ပြီး (အသိတွေ အမျိုး တွေလဲ ပါသွားလို့) အရမ်းလဲ သနားကြပြီနော်၊ မိမိ၏ ရွာထိပ်က အိမ်တွေမှာ ဒီလိုရောဂါဆိုးကြီး ကျလာပြီဆိုရင် ကြားလဲကြားရ မြင်လဲမြင်ရ ဖြစ်လာလေတော့ မချိမဆန့်ကြောက်၊ မချိမဆန့် သနား ဖြစ်ရတော့ပြီ၊ မကြောက်လို့မရ၊ မသနားလို့ မရ တော့ပြီ၊ ကိုယ့်အမျိုးလဲပါနေပြီ စိတ်ဒုက္ခ ကိုယ်ဒုက္ခ ရောက်နေ ကြရပြီ မဟုတ်လား။

ကဲ-တဆင့်တက်လိုက်စမ်း၊ မိမိအိမ်က တယောက်ယောက် ဒီလို ရောဂါဆိုးဖြစ်လာရင် မျက်လုံးပြူးအောင် ကြောက်ပြီး အသက်ရှူမမှန်အောင် စိုးရိမ်မှု သောက ရောက်ရတော့မည်မှာ သေချာပြီ မဟုတ်လား၊ ဒီအိမ်ပေါ်က မိသားစုထဲက အမေအဖေ အင်ကို အစ်မ နှမ ညီ သားသမီး ၁-ယောက် ၂-ယောက် သေ သွားရင် ဌမ်းထောင်လောက်အောင် ဒုက္ခ မရောက်ဘူးလား၊ ငါ့ကိုများ ဒီရောဂါ ကူးမှာလားကု တွေးတွေးပြီး ဘတ်ဆတ် တုန်အောင် မကြောက်ဘဲ နေပါဦးမလား၊ ဒါကြောင့် ဝေးဝေး ကြီးမှာ ဖြစ်ရတဲ့ ကိစ္စက ဘာသိဘာသာ ဖြစ်ရ၍ အရေးမကြီး

သော်လဲ နီးသော ကိစ္စ အလွန်အရေးကြီးကြောင်း ကူးစက်ခံရ တတ်ကြောင်း စသည်ဖြင့် ဟိတ်ခတ်ပုံ မတူကြောင်းကို အသင် ဗုဒ္ဓဘာသာဆိုသူ ကြပ်ကြပ်စဉ်းစားပါလော့။

ထို့အတူ ဒုစရိုက်ပုဒ်မ ၅၂-ပါးနှင့် ဆိုင်သော ကိစ္စမှာလည်း ဝေးသောကိစ္စ နီးသောကိစ္စ၊ ဝေးသောအကြောင်း နီးသော အကြောင်းကို ချိန်ဆ၍ သိကြပါကုန်၊ အသေချင်း တူတာနဲ့ တူသေးရဲ့လား၊ ငါးပိလဲ အသား မကင်းပါ၊ နွားသားလဲ အသားပါ၊ အသားချင်းတူတာကြောင့် အတူတူဘဲဆိုတာတို့၊ သူ့အသက် သတ်ရတာချင်း အတူတူဘဲ ဘာထူးရမှာလဲဆိုတာတို့ ကိုယ်ကအသတ်ခိုင်းရတာမှ မဟုတ်ဘဲဆိုတာတို့ ကမ္ဘာ့ဟင်းသီး ဟင်းရွက်တွေဘဲဟု ဆိုတာတို့ စသော ကိစ္စအထွေထွေကို စကား ကြော ရှေရှေနှင့် ဆင်ခြေဆင်လက်ဟပ်ပြီး တယူသန် ဝါဒဆိုးနှင့် ဒုစရိုက်အမျိုးမျိုးတွေကို ပေါ့ပေါ့ကလေး ထင်ထင်နေကြတဲ့ ဘုရားသခင် အာဘော်၊ တရားတော်ရဲ့ အာဘော်၊ ဘာသာရေး ရဲ့ အာဘော်၊ သာသနာရေးရဲ့အာဘော်တွေကို ချော်ချော်ပြီး တွေးဆနေကြတဲ့ ခွဲတမ်းကျနေကြတဲ့ (ပုပ်ပုပ်သိုးသိုး မယူချင် ဘဲနှင့်လဲ ယူရဘို့ရာ) သေချာပြီး ဖြစ်၍ နေကြတဲ့ ကလေကဝ ဗုဒ္ဓဘာသာတွေအတွက် နှုတ်ကချော့ကာ မမြက်ဝံ့ မပြဝံ့သော ကြောင့် အသိမှန် အမြင်မှန် အကျင့်မှန်ကို လက်ခံနိုင်ကြသော **မနုဿ** အစစ် ဖြစ်ကြပါစေကုန်သောဝ် ဟု ဆုတောင်းလိုက်ရ ပါတော့သတည်း။

## **သိဒ္ဓတ္ထမင်းသားညည်းညူပုံ**

ဝေလာလိလာလုလိကာ ပလ္လဝကေလိလိလာ၊
ဒေါလာသုလောလာလိ ကုလာဝလိကေလိရမ္မေ။

ယူချင်လာပြီ၊ အဲဒါ လိုချင်တာဘဲ မဟုတ်လား၊ မရှိတာကို မရှိ ဟု သိတဲ့နေရာတွင် ရပ်ထားလို့ ရသေးသလား၊ (ရပ်ထားရင် ငတ်သွားမှာပေါ့) မရပ်နိုင်ဘူးလေ၊ စားချင်တဲ့ အာသာက စိတ်ထဲဝင်လာတော့ ရှိတဲ့နေရာ စိတ်ထဲပေါ်လာတာပေါ့၊ ပေါ် လာတော့ လိုချင်လာတာပေါ့၊ မလိုချင်ပါဘူးကွာ ဟူသော နေရာတွင် ရပ်လို့ ရသေးရဲ့လား၊ (ရပ်ရင် ငတ်မှာပေါ့) အဲဒီ တော့ အငတ်မခံနိုင် အသေမခံနိုင်တော့ မရှိကိုမရှိဟု သိတဲ့နေရာ တွင် မရပ်နိုင်ဘဲ ဟိုမှာရှိတာကို အာရုံရောက်သွား၊ အာရုံရောက် တဲ့အတွက် ကိုယ်တိုင်သွား ဆန်အိပ်ကိုမ, ပြီး လှည်းပေါ်တင် နွားကိုလှည်းတပ်မောင်း အဲဒီကိစ္စတွေထဲကဘဲနွားကို သနားတယ် ဆိုပြီး လှည်းပေါ်မှာ လှည်းမောင်းနေတဲ့ ငတ်တုပ်သမားကြီးက နွားကလေးတွေ ဒုက္ခရောက်နေတာကို သနားပါတယ် ဆိုပြီး ဆန်အိတ်ကြီးကို သူ့ပခုံးပေါ်မှာ ထမ်းထား၊ ထမ်းထားရက် သားကြီးနဲ့ လှည်းကိုမောင်း၊ အဲဒီတော့ ဆန်အိတ်ကြီးက သူ့အပေါ်ကို ပိ၊ သူကလဲ လှည်းကိုပိနှင့် ပိပိနေတာပေါ့၊ အဲဒါ ဟာ ထပ်ထပ်ပြီး ပိပိနေတာ ဟုတ်ပါတယ်။

ဒါပေမဲ့ ထပ်ပိ ထပ်ဆင့်ကိုသာ ပေါ်လွင်အောင် သူက ဥပမာပြ ပြောနေပေမဲ့ သူဟာလူနုံကြီး လူအကြီး ဖြစ်နေပြီ ဆိုတာကိုတော့ သူမပြောဘူး၊ သူ့ဟာသူလဲ မသိဘူး၊ သူ့ပရိ သတ်ကလဲ မဝေဖန်ဘူး၊ အဲဒီလူနဲ့ အဲဒီတရားကို သဘောကျနေတဲ့ ပရိသတ်များကို ဝေဘန်စမ်းပါ၊ လှည်းပေါ်မှာ စီးရင်းကြီးနဲ့ ဆန်ကို ပခုံးပေါ်မှာ ထမ်းထားသတဲ့၊ ဒီလူထက် အတဲ့လူ ရှိသေး ရဲ့လား၊ ဝန် ၂-ဝန် ပိပိနေတာတော့ ဟုတ်တာပေါ့၊ ပိအောင် လုပ်နေတာကိုး ပိမှာပေါ့၊ တကယ်ဆိုရင် ကိုယ်တိုင်ရင်လဲ ဒီဆန်

ကို သွားထမ်းပါတော့လား၊ သို့မဟုတ် ထုံးစံအတိုင်း လှည်းနှင့် ရင်လဲ တင်ယူခဲ့ပါတော့လား၊ အဲဒီလို လုပ်ရင် တာဝန်တဝန်သာ ဖြစ်လို့ ဝန်ပိချင်းပိရင် တပိသာ ပိရမယ် မဟုတ်လား၊ အခုတော့ သူလုပ်ပုံက မဟုတ်လို့ ၂-ဝန် ပိရတာ မဟုတ်လား စဉ်းစားနော်၊ အဲဒီ ဆန်ကို တနည်းနည်းနဲ့ အဲဒီလူဟာ မြို့ပေါ်က သူ့အိမ်ကို ရောက်အောင် ယူရတော့မယ်၊ မယူလို့ ဘယ်လိုမှ မဖြစ်၊ ဒုက္ခ ပေါ်ဒုက္ခထပ်လို့ မယူပါဘူးဆိုပြီး ထမ်းလဲမယူ လှည်းနှင့်လဲ မတင်နဲ့တော့ဆိုပြီး ဆန်ကို မယူဘဲ ထားကြည့်စမ်းပါ၊ သူရော သူ့ဇနီးရော သူ့သမီးရော ငတ်သေသွားမှာပေါ့၊ အငတ်ကလဲ မခံနိုင်တော့ ဒီဆန်ကို တနည်းနည်းနှင့် အဆင်းရဲခံပြီး ယူရတော့ မှာဘဲ၊ မယူရင် ငတ်ရတော့မှာကလဲ ဒိဋ္ဌဘဲ။

ဒီတော့ ဆန်မရှိမှန်း သိရုံသာသိပြီး အဲဒီအသိမှာသာ ရပ် ထားလို့ ဖြစ်သေးရဲ့လား၊ မဖြစ်ဘူးနော်၊မဖြစ်လို့ တောကဆန်ကို သွားယူရတာပေါ့၊ လှည်းနဲ့ တင်ရတာပေါ့၊ သွားမထမ်းရင် လှည်းနဲ့မတင်ရင် ဆန်မရဘူး၊ ဆန်မရရင် မစားရလို့ ငတ်သေ မယ်၊ အဲဒီတော့ မရှိမှန်းကို သိနေတဲ့ အခါကလေးမှာတင် ရပ် ထားလို့ မရဘူးနော်၊ လိုချင်တယ်ဆိုတဲ့ အာသာဒုက္ခ အားထုတ် ပြီး ရှာရတယ်ဆိုတဲ့ ကာယအလုပ်ဒုက္ခမှ မပါရင် ဘယ်လိုမှ မဖြစ် ဘူးဆိုတာကို သိရုံနှင့် ပြီးတမ်းသမားများက လက်ခံနိုင်ပါ့မလား၊ လက်ခံနိုင်ရင် ယခုတွင်က ဆန်ကို သွားမယူနဲ့ မရှိမှန်းကို အသိ သားဘဲဆိုတဲ့ အသိနှင့်ဘဲ နေပြီး အဲဒီအသိနဲ့ဘဲ ငတ်ပြီးသေ ကြပေါ့။ (သူ့ဥပမာအတိုင်း သူ့ကို ပြေပြနေတာနော်)

အဲဒီလိုဘဲ နိဗ္ဗာန်ဆိုတဲ့ အမြိုက်အရသာကို လိုချင်တဲ့လူက နိဗ္ဗာန်ရဲ့ အရသာဟာ ကောင်းတယ်၊ ဒုက္ခမရှိဘူး၊ မအိုရဘူး၊

မနာရဘူး၊ မသေရဘူး၊ ပဋိသန္ဓေလဲ မနေရဘူး၊ ဒါကြောင့် အရမ်းကောင်းတယ်၊ အားကြီးကောင်းတယ်၊ သိပ်ပြီး ကောင်းတယ်ဟု သိထားရုံကလေးနဲ့ မရောက်နိုင် မရနိုင်သေးဘူးနော်၊ ကောင်းမှန်း သိရုံနှင့် ရပ်ထားရင် (ဆန်မရှိမှန်း သိရုံနှင့် ရပ်ထားပြီးနေရင် ငတ်သေရုံ ရှိသလို) ဖြစ်တော့မှာပေါ့။

အဲဒီလို နိဗ္ဗာန် ကောင်းမှန်းသိရင် လိုချင်စိတ် ရောက်ချင်စိတ် ရှိရတော့မယ်၊ အာရုံကိုက ရောက်သွားရတော့မယ်၊ (ယခုတွင်က တောရွာမှာ ဆန်ထားခဲ့တာကို သိတော့ အာရုံ ရောက်သလို ပေါ့) အာရုံက ရောက်လို့ လိုချင်လာရင် နိဗ္ဗာန်ရောက်ကြောင်း တရားကို ရှာရတော့မယ်၊ (ဆန်ကို သွားပြီး ယူရသလိုပေါ့) မယူရင် ငတ်သေမယ်၊ အဲဒါလို အားထုတ်ပါမှ အားထုတ်တဲ့ အတိုင်း တရားပေါက်ပြီး နိဗ္ဗာန်ကို ရောက်နိုင်မှာပေါ့၊ (ဆန်ကို အရောက်ယူလာပြီး ထမင်းဖြစ်အောင် ဒုက္ခခံချက်ပြီး စားလိုက် ရမှ ဗိုက်ထဲမှာဝပြီး ထမင်းအသာပြေသွားသလိုပေါ့)

အဲဒါကြောင့် ဆန်မရှိမှန်း သိရုံတွင် ရပ်ထားလို့ မဖြစ်နိုင် တာနှင့် ဆန်ကို လိုချင်တဲ့ အာသာ ဒုက္ခ၊ ထမ်းပိုးရတဲ့ဒုက္ခ၊ ချက် ရတဲ့ဒုက္ခကို ပြုလုပ်ပါမှ ထမင်းကို စားရသလို နိဗ္ဗာန်ကိုအကောင်း မှန်း သိထားရုံတွင် ရပ်ထားလို့ မရ၊ ဆန်ကို လိုချင်တဲ့အာသာ ရှိသလို နိဗ္ဗာန်ကိုလဲ လိုချင်တဲ့ အာသာရှိမှ ဆန်ကိုရှာရ ထမ်းရ ချက်ရတဲ့ ဒုက္ခရှိသလို နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်ကသိုလ် မဂ်ကုသိုလ်တရားတွေကို ရအောင် ကျင့်ရတဲ့ ဒုက္ခလဲရှိမှ၊ ကျင့်လဲ ကျင့်မှ ထမင်းကို စားပြီး လူ့ဗိုက်မှာ ဝလာသလို တရားဆိုတာ အားထုတ်ယူမှ ရကြရမှာဘဲ ဟူ၍ မှတ်ပါ၊ တရားရမှ နိဗ္ဗာန် ကိုလဲ ရောက်ကြရမှာဘဲ ဟူ၍မှတ်ကြပါကုန်။

ဒါလောက် စာရွက်အကုန်ခံပြီး ရေးပြနေရခြင်းမှာ အသိသမားများက ပြောပြတဲ့ သူ့ရဲ့ဥပမာကို သူ့ ဥပမာအတိုင်း ဖြေရှင်း၍ ပြရခြင်းဖြစ်ပါသည်၊ဒီထက် နားလည်လောက်အောင် အမေးအဖြေတွေ လုပ်ပြီး ရေးပြနေရရင် ဆုံးနိုင်မည် မဟုတ်ပါ၊ လူစကားကို ပတ်ပတ်နပ်နပ် နားလည်နိုင်သူဖြစ်က ဤစကားနှင့်ပင် ပြေရှင်းလောက်ပါပြီ။

## မစူးမစမ်း အရမ်းနေရင် အောက်ကိုစုန်

လွန်ခဲ့သော ၁၂၇၇-ခုနှစ်က ဤစာရေးသူ၏ ဆရာ ဖြစ်ဘူးသော ဘုန်းကြီးတပါး၊(ထိုစဉ်က ထိုဘုန်းကြီးမှာ ပဉ္စင်းငယ်မျှသာ)ရန်ကုန်မြို့မှာ စာသင်နေခဲ့သတဲ့၊ တနေ့ကျတော့ အရပ်ကို ခဏပြန်ချင်တာနှင့် ည-၉-နာရီအချိန်မှာ ရန်ကုန် ဘူတာကြီးကို သွားပြီး ပြည်ဘက်ကို ထွက်မဲ့ရထားဟာ ဘယ်အချိန်မှာ ထွက်ပါသလဲလို့ မေးတော့ ရုံပိုင်က၊ည-၁၁-နာရီခွဲမှာ ထွက်ပါတယ် ဘုရားဟု လျှောက်သတဲ့။

အဲဒီတော့ အချိန်ကလဲ စောသေး ကျောင်းကိုလဲ မပြန်ချင်တာနဲ့ ရထားတွဲ ထိုးထားတဲ့ နေရာကိုသွားပြီး ဒီတွဲမှာ ပြည်ဘက်ထွက်မဲ့တွဲဖြစ်မှာဘဲဟု ထင်ပြီး ရထားတွဲပေါ်တက်ပြီး အိပ်နေသတဲ့၊ ဆယ်နာရီခွဲမှ လက်မှတ်ပေးမယ် ဆိုတာကိုလဲ သိတော့ တရေးနိုးလုမှ လက်မှတ်လဲယူတော့မယ်ဆိုတဲ့စိတ်ထားနှင့် စိတ်ချလက်ချ အိပ်လိုက်တာပေါ့။

ထိုစဉ်က ရထားတွဲပေါ်ရှိ ခုံတွေမှာ ခုံရှေတွေလဲ ပါသေးတော့ စန့်စန့်ရှံ့ရှံ့ အိပ်လို့လဲ ဖြစ်နေတာပေါ့၊ ယခု အခါလို အမေးအစမ်းလဲ မထူတော့ ဇေဆေးဆေး အိပ်နေတာပေါ့၊

သူ့စိတ်ထဲက၊ သူအိပ်တဲ့တွဲဟာ ပြည်ဘက်ကို ထွက်မဲ့ ရထားတွဲ ဘဲလို့လဲ ထင်နေသတဲ့၊ အဲ-သူအိပ်ပျော်လို့ အိပ်မောကျနေတဲ့ အချိန်မှာဘဲ ရထားကြီးဟာလဲ ခေါင်းတွဲနှင့် ဆက်ပြီး ခုတ်မောင်းသွားတော့သတဲ့၊ သူလဲ ရထား ခုတ်သွားတာကို မသိဘူးပေါ့၊ အိပ်ပျော်နေတာကိုး။

သန်းခေါင်ကျော်လောက်ကျလို့ ဘူတာတခုမှာ ရထားရပ်ပြီး လူတွေ ရထားပေါ် တက်ကြ ဆူညံကြတော့ သူလဲ အိပ်ရာက လန့်နိုးပြီး ဟယ်-လက်ပံတန်းမြို့ကိုတောင် ရောက်နေပါပကော ဟု-ငါနှယ် အိပ်ကောင်း နေလိုက်တာ အခုမှ နိုးတော့တယ်ဟု စိတ်ထဲက သူ့ဟာသူတွေးပြီး ဟိုကြည့် ဒီကြည့် ကြည့်လိုက်တော့ သူ့မြင်ကွင်းက လက်ပံတန်းဘူတာနှင့် မတူတာကို မြင်ရတော့၊ ရထား ရပ်ထားတာကလဲ တောင်နှင့် မြောက် မဟုတ်မှန်း သိရတော့ ပြာပြာသလဲနဲ့ အနားက ဒကာတယောက်ကို ဒါ ဘာဘူတာလဲလို့ မေးသတဲ့၊ ဒီတော့ ဒကာက ဦးပဉ္ဇင်းရဲ့ ဒီဘူတာဟာ ပဲခူး ဘူတာကြီး ဘုရာ့ဟု လျှောက်ရာ ဟင်-ဒကာကြီး ဒါဖြင့် ကျုပ်မှားစီးလာမိပြီဗျို့၊ အဆန်မှတ်လို့စီးလာတာ အခုတော့ အစုန်ကြီး ဖြစ်နေပြီဟု ပြောပြီး အဲဒီ အစုန်ရထားပေါ်က ဆင်းပြီး နောက်နေ့မှ အဆန်ဖြစ်တဲ့ အထက်ကို ထွက်တဲ့ ရထားကို ပြင်ပြီး စီးလိုက်ရသတဲ့။

အဲဒီလိုဘဲ မစူးစမ်းဘဲ လက်မှတ်လဲ မရှိဘဲနှင့် (ကုသိုလ် လက်မှတ်ကို ဆိုလိုသည်) တွဲပေါ် သွားပြီး ရမ်းအိပ်နေသလို သိပြီးရောဆိုတဲ့ ပေါ့တော့တော့ စိတ်ထားနှင့်အဆန်လမ်းနိဗ္ဗာန် ကို ရည်မှန်းပြီး (လက်မှတ်ယူခြင်းနှင့် တူတဲ့) တရားကိုလဲမကျင့် ဘဲ (စုံစမ်းခြင်းနှင့်တူတဲ့) တရားကို ဆွေးနွေးခြင်းလဲ မပြုဘဲ

အသိနှင့် ပြီးတမ်းဘဲ ထင်ပြီး (ဘာမှမလုပ်ဘဲ) တဲ့ပေါ်မှာ သွား အိပ်နေသလို နေကြမယ်ဆိုရင် (အဆန်ရထား မဟုတ်ဘဲ အစုန် ရထားကို စီးနင်းလိုက်ပါမိသလို) အဆန်ဘဲဟု ထင်နေပေမဲ့ အစုန်ကြီးတွေ ဖြစ်နေတာကို သိရင် ပြီးတမ်းသမား အပါယ် ၄-ပါးသို့ စုန်သွားရမဲ့ အစုန်သမားကြီးတွေ ဖြစ်နေကြတာကို သဘာဝဓမ္မအတိုင်း သိမြင်နေရသဖြင့် သနားဘွယ် ကောင်းလှ၍ ဥပမာ ပြလိုက်ရပါသတည်း။

## စားရတာက ဖတ်သတော်တော်ကြီး အစေ့ကတော့ကြီးပါပေ့

ရှေးတုန်းက မြို့နှင့် အတန်ဝေးတဲ့ ရွာတရွာကလူ ၂-ယောက် မြို့ကို မရောက်စဖူး ရောက်သွားကြသတဲ့၊ မြို့ရောက်တော့ ဟို လမ်း ဒီလမ်း လယ်ကြရင်း ဈေးပေါက်ဝ ရောက်သွားတော့ အုန်းသီးရောင်းနေတဲ့ ဆိုင်အနားကို ရောက်သွားကြသတဲ့၊ ဒါနဲ့ ဘဲ သူတို့လဲ အုန်းသီးကို တခါမှ မမြင်ဘူးလေတော့ အဒေါ်ကြီး ရဲ့ ဒီအသီးကြီးက ဘာသီးကြီးလဲလို့ မေးကြသတဲ့၊ ဒီတော့ ဆိုင်ရှင်က ဒီအသီးဟာ အုန်းသီးအစိမ်းအတိုင်း စားရတဲ့ အသီး ဖြစ်ကြောင်းကို ပြောပြရာ ထိုသူ ၂-ယောက်က အုန်းသီး တယောက်တလုံးစီ ဝယ်ခဲ့ကြပြီး မြို့က ပြန်ထွက်လာခဲ့ကြရာ မြို့ပြင်ဘက် တော်တော်ဝေးရောက်တော့ သစ်ပင်တပင်အောက် မှာ ထိုင်ပြီး အုန်းသီး တလုံးကို ပါးစပ်နှင့် ကိုက်ကိုက်ပြီး တယောက်တလဲ ဝါးကြစားကြ မျိုချကြ မျိုမရတာတွေကို ထွေးပစ်ကြနှင့် စားရတာကလဲ အရသာမရှိ၊ ဝါးရတာကလဲ အာပေါက်မတတ်ဖြစ်မနေ၊ လွှင့်ပစ်ရမှာကလဲ နှမြောနေနှင့်၊

တဖြေးဖြေး ဝါးဝါးလာရာ တော်တော်ကြာလို့ အခွံတွေကုန်တော့ အုန်းမှုတ်ကြီးက ပေါ်လာတာပေါ့၊ အဲဒီတော့ အဲဒီအုန်းမှုတ်ကြီးကို အစေ့ကြီးဘဲဟု မှတ်ထင်ကြပြီး မင်းသုံး စိုးသုံးဖြစ်လို့သာစားရတယ်ကွာ၊ဝါးလိုက်ရတာကလဲ အာပေါက်မတတ်စားရပြန်တော့လဲ ဖတ်သငတ်ငတ်နဲ့ အစေ့ကြီးကဖြင့် ကြီးလိုက်တာ အရမ်းဘဲကွဟု ဆိုလျက် အုန်းမှုတ်ကြီးကိုလွှင့်ပစ်ခဲ့ကြသတဲ့။

ရွာပြန်ရောက်တော့ ရွာက လူတွေကလဲ သူတို့အတိုင်းပေါ့၊ အပြင်ဘက်က အခွံတွေကို ဝါးဝါးစားကြပြီး ဟင်–ဖတ်သငတ်ငတ်ကြီးနဲ့ အာပေါက်မတတ်ဝါးစားရပေမဲ့ မင်းတို့အုန်းသီးကစားလို့လဲ မကောင်းဘူး၊ အစေ့ကြီးကဖြင့် ကြီးပါပေ့ကွာဟု ပြောကြလျက် အုန်းမှုတ်ကြီးကို လွှင့်ပစ်ကြပြန်သတဲ့။

အဲဒီလိုဘဲ ယခုအခါမှာလဲ တရားသဘောတွေကို အနှစ်သာရထိအောင် မသိကြတော့ဘဲ အပေါ်ယံ အကာလောက်ကိုသာ သိကြပြီး အနှစ်ဖြစ်တဲ့ ရှောင်ကြဉ်ရမဲ့ ဒုစရိုက်၊ ကျင့်ရမဲ့ သုစရိုက်တွေကိုတော့ မသိကြတော့ဘဲ မကျင့်ကြတော့ဘဲ အပေါ်ယံရိုကဖြစ်တဲ့ ပကာသနကိစ္စ ဆုတောင်းရင်ရနိုင်တယ်ဆိုတဲ့ ကိစ္စ၊ သိထားရင် ပြီးတာဘဲဆိုတဲ့ ကိစ္စ၊အပျော်အပါး ရဲမျှားနှင့် တွဲတွဲပြီး လှူဒါန်းနေကြတဲ့ ကိစ္စ၊ ငွေကူခံကိစ္စ၊ ခုံကင်သား ကျွေးပြီး လှူတဲ့ကိစ္စ စသော ကိစ္စတွေကိုသာအနှစ်ဟု ထင်ကြပြီး အာပေါက်အောင် ဝါးဝါးနေကြလေတော့တကဲ့ အစစ်ဖြစ်တဲ့ တရားအနှစ်တွေ အစစ်တွေ ဒုစရိုက်ပုဒ်မတွေ ဒုဂ္ဂတိဘုံ ၅၁၇-ဘုံတွေ ကျင့်ရမဲ့ သုစရိုက်တွေ မဂ်အခြေ ဖိုလ်အခြေဖြစ်တဲ့ တရားတော်တွေကို သိရကောင်းမှန်းလဲ မသိ၊ ကျင့်ရ

ကောင်းမှန်းလဲ မသိကြတော့ဘဲ တကယ့် တရားတွေကိုတော့ အစေ့ကြီးကတော့ ကြီးပါပေ့ကွာဟု ဆိုပြီး လွှင့်ပစ်ကြသလို တရားတော်တွေကို လွှင့်ပစ်ထားကြတဲ့ လူ့ဗာလ လူ့ဂွစာတို့၏ သာသနာကို အလွဲသုံးစား ပြုနေကြတဲ့ သတ္တဝါတွေအတွက် ဝမ်းနည်းမဆုံး ဖြစ်ရပါတော့သတည်း။

## လင်းမြွေနားရှက်ကုပ်

မျှေးမျှေးတုန်းက ဘယ်အကောင်ဟာ ဘာတိရစ္ဆာန်ကောင်ဟု ခွဲခြား၍ မသိတတ်ကြတဲ့ လူ ၂-ယောက် တောကြီးထဲသို့ သွားကြရာ တောအစပ်နား ရောက်ကြတော့ ရေမသစ်ပင်ကြီးတပင်၏ အရင်းနားက တောက်တဲ့တောက်တဲ့လို့ အော်မြည်နေတဲ့ အသံကို ကြားကြတော့ တယောက်လူက အခု အော်နေတဲ့ အကောင်ဟာ ဘာအကောင်လဲကွလို့ မေးသတဲ့၊ အမေးခံရတဲ့ လူက ဒီအသံဟာ သမင်က အော်နေတဲ့ အသံကွဟု ပြောရာ ဒီတော့ မေးတဲ့လူက ဟဲ့ကောင် ဒီအသံဟာ သမင်မြည်တဲ့ အသံ မဟုတ်ဘူး၊ ဒရယ်က မြည်တဲ့အသံကွလို့ ပြောသတဲ့၊ ဒီလိုနဲ့ ဘဲ ဒီလူ ၂-ယောက်ဟာ တယောက်က သမင်အော်တာ သမင်ကွ၊ တယောက်ကလဲ ဒရယ်ကအော်သံ ဒရယ်ကွဟု အနိုင်မခံ အရှုံး မပေးဘဲ ငြင်းကြ ခုံကြရင်း တဖြေးဖြေး တော တော်တော် ကျတဲ့ နေရာကို ရောက်သွားကြတော့ ဘုန်းကြီးကျောင်းကလေး တကျောင်းကို ရောက်သွားကြရာ ဘုန်းကြီးကို ဝတ်ချပြီး တော အဝင်ဝတုန်းက တောက်တဲ့ တောက်တဲ့လို့ မြည်တဲ့ အသံကို တပည့်တော်က သမင်လို့ ပြောပါတယ်၊ သူက ဒရယ်လို့ ငြင်းနေတယ်၊ အဲဒီ အကောင်ဟာ သမင်လား-ဒရယ်လား တကောင်ကောင်

ဖြစ်မှာဘဲ၊ သူက မှန်သလား၊ တပည့်တော်က မှန်သလား၊ ဘုန်းကြီးကတော့ အမှန်အတိုင်း သိမှာဖြစ်လို့ ဆုံးဖြတ်ပေးပါ ဘုရားဟု လျှောက်ကြသတဲ့။

အဲဒီတော့ ဘုန်းကြီးက ဟဲ့-အကောင်တွေ နင်တို့ တယ်အတဲ့အကောင်တွေ၊ အရမ်းချင်းတဲ့ အကောင်တွေဘဲ၊ မင်းတို့ ၂-ယောက် တသက်လုံး မှတ်လောက်သားလောက် ဖြစ်သွားအောင် ကြိမ်နဲ့ ရိုက်ပြီးမှ ငါက အဖြေမှန်ကို ပေးနိုင်မယ်ဟု ကြိမ်းပြီး အနားမှာရှိတဲ့ ကြိမ်ငယ်ငယ်ကလေးကို ကိုင်ပြီး မနာမကျင် နှံနှံပါးပါး ရိုက်ပြီးမှ ဟဲ့-အကောင်မတွေ နင်တို့ မသေမချင်း မှတ်ထားကြ၊ တောက်တဲ့တောက်တဲ့လို့ အော်အော် နေတဲ့ အကောင်ဟာ လင်းမြွေနားရွက်ကုပ်ဆိုတာ ဒီအကောင်ဘဲကွဟု ပြောလွှတ်လိုက်သတဲ့။

အဲဒီလိုဘဲ ယခုအခါမှာလဲမြတ်စွာဘုရားက ဒီအမှုဟာဒုစရိုက်အမှုကွ၊ ဒီဒုစရိုက်ပုဒ်မက ၅၂-ပါး ရှိတယ်ကွ၊ ဒီဒုစရိုက်ကို ကြူးလွန်ရင် ဒုဂ္ဂတိဘုံ ၅၁၇-ဘုံထဲကိုထိုက်သလိုရောက်ရတယ်ကွ၊ ဒီဟာက ကာမကုသိုလ် ရူပကုသိုလ် အရူပကုသိုလ်ကွ၊ ဒီတရားတွေကို ကျင့်ရင် လူ-နတ်-ဗြဟ္မာ ဖြစ်ရတယ်ကွ၊ ဒီလိုကျင့်ရင် မဂ်ကုသိုလ် ဖြစ်တယ်ကွ၊ မဂ်ကုသိုလ်ကို ရအောင်ကျင့်၊ ကျင့်နိုင်ရင်သုဒ္ဓါဝါသဘုံနှင့် နိဗ္ဗာန်ကိုရောက်နိုင်တယ်ကွဟုသူ့ အကြောင်းနှင့် သူ့ အကျိုး အမျိုးမျိုး အဖုံဖုံ သာဓကမျိုးစုံနှင့် ပိဋကတ် ၃-ပုံကို အခြေခံထားပြီး ဟောကြားခဲ့သော ဘုရားတရားတော်တွေကို မသိကြ မလေ့လာကြတော့ဘဲ လေ့လာထားသူတွေကလဲ မဟောကြ မဟောဝံ့ကြတော့ဘဲ သူ့ဂိုဏ်းက မှန်တယ်၊ ငါ့ဂိုဏ်းကမှန်တယ်၊ သူ့အယူက ဟုတ်တယ်၊ ငါ့အယူက ဟုတ်

တယ်၊ သိထားရင် ပြီးတယ်၊ ကျင့်စရာ မလိုဘူး၊ ကျင့်နေရရင် ဒုက္ခပေါ့ ဒုက္ခဆင့်နေတယ်၊ ဒါနဆိုတာဟာ သံသရာ ရှေ့တယ်၊ လှူစရာ မလိုဘူး၊ သီလဆိုတာကလဲ စောင့်စရာ မလိုဘူး၊ လူသာ လူ ကုသိုလ်ရတယ်၊ အလှူနှင့် ပတ်သက်ပြီးလုပ်တဲ့ အကုသိုလ်ဟာ လှူတဲ့စေတနာကြောင့် ငရဲပျောက်သွားတယ်၊ ဒုစရိုက် မဖြစ်ဘူး၊ အာရုံပြု ဆုတောင်းရင် ကောင်းတဲ့ အကျိုးတွေကို ရနိုင်တယ်၊ သူ့ဟာသူသတ်လို့ ကိုယ်က ဝယ်တာဘဲ၊ အစားထိုးဘို့ ဝက်တွေ နွားတွေသတ်လို့ ငါ့ပယောဂ မပါဘူး၊ ရေလဲရေဘဲ၊ အရက်လဲ ရေဘဲ၊ ရေချင်းအတူတူ ငရဲကြီးမ ဖြစ်ဘူး၊ ၃၁-ဘုံ ဆိုတာ မရှိဘူး၊ငရဲဘုံနှင့် ခြောက်ပြီး လူ-နတ်-နိဗ္ဗာန်နှင့် မြှောက်နေကြတာ အပိုတရားတွေဘဲ၊ လူသေရင် လူဘဲ ပြန်ဖြစ်တယ်၊ ငရဲဆိုတာကို မမြင်ရလို့ မယုံဘူး၊ နတ်-ဗြဟ္မာ ဆိုတာ အခုပြစမ်းပါ၊ မပြနိုင်ဘဲနှင့် ရမ်းပြောနေတာတွေဖြစ်လို့ မယုံနိုင်ဘူး၊ ကမ္ဘာ့ဟင်းသီးဟင်းရွက် ဖြစ်တဲ့ ကြက်ဝက်တွေ နွားတွေကို သတ်စားနေလို့ ငရဲကြီးတယ်၊ ပါဏာတိပါတကံ ထိုက်တယ် ဆိုတာတွေကို ယုံစရာမဟုတ်ဘူးစသည်စသည်ဖြင့် ပြောဆို ယူဆ ရှိတင်ရာတွေကို ပြုလုပ်နေကြသူတွေမှာ တောက်တဲ့တောက်တဲ့ ဟု သူ့နာမည်ကို သူဖော်ပြီး အော်အော်နေတဲ့ တောက်တဲ့ကို သမင်ကွ ဒရယ်ကွဟုငြင်းခုံနေကြတဲ့ လူ ၂-ယောက်လို ကမောက် ကမ ဖြစ်နေရတဲ့ ဘာသာရေး သာသနာရေးအတွက် သာသနာ အတွင်းမှာနေကြပြီး ထင်ရာကို စိုင်းနေကြတဲ့ ဂိုဏ်းအမျိုးမျိုး နှင့် ဒုစရိုက် သုစရိုက် ကိုမှလဲ သရုပ်မခွဲတတ်၊ ဒုဂ္ဂတိဘုံ ဘယ် လောက်ရှိတယ်ကိုမှလဲ သရုပ်မခွဲတတ်၊ အကြောင်း အကျိုးကိုမှ ပြ၍ မဆုံးမတတ် မပြောဟောတတ် မကြောက်တတ် မကျင့်

တတ်ကြတဲ့ သာသနာတော်အတွင်းရှိ အချို့အချို့ ရာခိုင်နှုန်း ၉၀-ကျော်လောက်ရှိ ပုဂ္ဂိုလ်အစားစားတွေ အလွန့်အလွန် သနားလှသဖြင့် ဤနေရာတွင် ဥပမာ တမျိုးပြ၍ ရေးထုတ်လိုက် ရပါကြောင်း။

## ဟိတ်ခတ်ပုံကွာခြားချက်

အမြင့် (၄) တောင် အကျယ် (၁၀) တောင် ရှိသော တိုက်ပုကလေးကို အမိုးအောက်မှ မျက်နှာကြက်ကိုလဲ အညီ လုပ်၍ သင်းဘော်ဆေး ဖြူဖြူကိုလဲ သုတ်ထားပါ၊ ၎င်းတိုက် ကလေး၏ အတွင်း၌ အမြင့်တတောင်လောက်မြင့်သော ကုတင် ပေါ်မှာ ရေနံဆီ မီးခွက်ကို ထွန်းထားပါ၊ ၎င်း၏ အပေါ်က မျက်နှာကြက်ကို ရေနံဆီမီးခွက်က မှိုင်းသင့်၍ မကြာမီ မဲမဲ အကွက်ကြီး ထင်လျက် ကျပ်ခိုးတွေ စွဲ၍ လာပါလိမ့်မည်၊ အမြင့် အတောင် ၄၀- အကျယ် ၂၅-တောင်ရှိသော တိုက်မြင့် ကြီး၏ (အထပ်မပါ ဒိုးရိုပေါက်အမိုးရှိ) အတွင်းမှာ ၁-တောင် လောက်မြင့်သော ကုတင်ပေါ်တွင် ရေနံဆီမီးခွက်ကို တင်၍ မီးထွန်းထားပါ၊ ၎င်းမီးခွက်က မှိုင်းမီးခိုးသည် အတောင် ၄၀- မြင့်သော တိုက်ကြီး၏ မျက်နှာကြက်ကို ရေနံမှိုင်းစွဲ၍ မဲမဲကွက် ကြီး ထင်နိုင်ပါမည်လား၊ ကျပ်ခိုးစွဲနိုင်ပါမည်လား၊ စဉ်းစား ကြည့်ပါ၊ လက်တွေ့ လုပ်ကြည့်ပါ၊ အမိုးနိမ့်နိမ့်ကလေးရှိ တိုက် ပုပုကလေးမှာ မီးခွက်နှင့် နီးလွန်း၍ အကွက်ထင်၍ မှိုင်းစွဲ သော်လည်း အတောင် ၄၀-မြင့်သော တိုက်မြင့်ကြီး၏ အမိုး မျက်နှာကြက်ကိုမူကား မီးခွက်နှင့် ဝေးလွန်း၍ မှိုင်းမစွဲနိုင် ကြောင်း၊ ကျပ်ခိုးမစွဲနိုင်ကြောင်း သိပါလိမ့်မည်၊ အဲဒီ သဘော ဟာ မီးခွက်နှင့် ခေါင်မိုး မျက်နှာကြက် နီးမှု ဝေးမှုပေါ်မှာ

ကွာခြားမှုပေါ်မှာ မူတည်နေတာကို အသင် သိပါလိမ့်မည်၊ အဲဒါကိုပင် နီးသောအကြောင်း ဝေးသောအကြောင်း၊နီးသော ဟိတ် ဝေးသောဟိတ်ဟု ပညာရှိပုဂ္ဂိုလ်များက သိရှိပြောဆိုနေကြပါသည်။

ထို့အတူပင်လျှင် ဒုစရိုက် မကောင်းမှုနှင့် ပတ်သက်၍ အပြစ်ရှိမရှိ ကိစ္စမှာလည်း ဘုရားရှင်၏ တရားတော်အရ ဖော်ထုတ်၍ ပြရပါမူ ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်တူ ဟူသော ဆင်ပွား ဒုစရိုက် ဖြစ်နေသော တွဲဘက် ဒုစရိုက် ဖြစ်နေသော ကြွားသား မြင်သား ထင်သား ဟူသော အစွန်းသုံးပါးမှမလွတ်သော အကုသိုလ်ဖြစ်မှုမှ ရှောင်ကွင်း၍ မရနိုင်သော အကုသိုလ်ဖြစ်မှုနှင့် မိမိနှင့် အလွန်နီးကပ် တစပ်ထဲဖြစ်၍နေသော မသိနိုးနားဟန်ဆောင်၍ ရရနေသော အနီးကပ် ဒုစရိုက်ကိစ္စများသည် ယခုပြခဲ့သော (တိုက်ပုကလေးမှာ ရေနံမှိုင်းစွဲသလို ကျပ်ခိုးစွဲသလို) ဒုစရိုက်က ဟောတုသတ္တိ ဟောတုပစ္စယောဟူသော ပဋ္ဌာန်းပါဠိတော်လာ မြတ်စွာဘုရား၏ တရားတော်အရ ဟိတ်ခတ်သွားပြီ၊ ဒုစရိုက် ဖြစ်သွားပြီ၊အကုသိုလ် ဖြစ်သွားပြီ၊ ဒုစရိုက်ပုဒ်မ ၅၂-ထဲသို့ ဝင်သွားပြီ၊ ထိုပုဒ်မအရ ဒုဂ္ဂတိ ၅၁၇-ဘုံ ထဲသို့ ရောက်ဘို့ရာ ဒီဂရီ ကျသွားပြီဆိုတာကို အသင်ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်ပါက ကောန္တ သိလာပါလိမ့်မည်၊အဲဝေးကြီး မြို့ခြား နယ်ခြား ခရိုင်ခြား တိုင်းခြားမှာ သူတို့သဘောနှင့် သူတို့ ထုံးစံအတိုင်း ပြုလုပ်ထားကြသော ငါးပိ ငါးခြောက်စသော အသားခြောက်များအတွက်မှာမူကား ဥပမာ ပြခဲ့ပြီးသော (အတောင် ၄၀-မြင့်သော တိုက်မြင့်ကြီး၏ မျက်နှာကြက်ကို အောက်ခြေမှာ ထွန်းထားသော ရေနံဆီမီးခွက်က မှိုင်းအခိုးက တက်၍ ခွဲမရ

သလို မှိုင်းခိုးမထင်နိုင်သလို ကျပ်ခိုးမစွဲနိုင်သလို) အဝေးကြီးမှာသူ့ဟာသူ ဖြစ်နေတာဖြစ်၍ ကိုယ်၏ပယောဂ လုံးလုံးကင်း၍ (ကိုယ်တိုင် တိုက်တွန်း ချီးမွမ်း စိတ်ဘူ ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်လာ ဆင့်ပွား ဒုစရိုက်လဲ မပါ၍ ကြား မြင် ထင်ဟူသော ဝိနည်းပါဠိတော်လာ ဆင့်ပွားဒုစရိုက် တွဲဘက်ဒုစရိုက်လဲ မပါသည့်ဖြစ်၍) ဒုစရိုက်ပုဒ်မ ၅၂-နှင့်လဲ လွတ်ကင်းသည်၊ ထိုသို့ လွတ်ကင်းခြင်းကြောင့် ပြည်မဟူသော ငရဲကြီးကလဲ လွတ်နိုင်သည်၊ ပြည်နယ် ပြည်ထောင်စုဖြစ်သောငရဲငယ်တွေကလဲ လွတ်နိုင်သည်ဟူသော ဘုရားသခင်၏ အလိုတော်တရားတွေကို သိတတ်မှ သိထားမှ သိတဲ့အတိုင်းလဲ ရှောင်မှ ရှောင်တတ်မှ **လူလိုသိတဲ့ လူသိကိစ္စ** ကုန်ဆုံးလေတော့သည်၊ အဲဒါကိုပင် ဟောတုခေါ်တဲ့ ဟိတ် အနီးအဝေး ကိစ္စဟု ဗုဒ္ဓဘာသာပိပိ သိထားကြပါကုန်။ ကိုယ့်ကြောင့် ကိုယ်၏ ဟိတ်ခတ်မှုကြောင့် ကိုယ်တည်း ဟူသော အကြောင်းကြောင့် သတ္တဝါတကောင် ထပ်ပြီး သေလိမ့်ဦးမည်ဟု သိပါလျက် ပြုလုပ်သော ကိစ္စ ဝယ်ခြမ်းသော ကိစ္စကို ကိုယ့်အိမ်နှင့် ကိုယ့်ရွာနှင့် ဘယ်လောက်ပင် ဝေးတဲ့ မြို့ရွာပင်ဖြစ်စေ၊ သဘာဝအားဖြင့် ကိုယ်နှင့်စပ်သော ကိစ္စ ဖြစ်နေသောကြောင့် အနီးကပ် ဟိတ်ဟူ၍ပင်မှတ်၊ ဘယ်လို စကားတတ်၍ ဆင်ခြေမြင်းခြေတွေများများနှင့် နိုင်အောင် ပြန်ပြီး ချေပပြောဆိုတတ်ပေမဲ့ ဒုစရိုက်ပုဒ်မက ဟောတုသတ္တိအားဖြင့် မိမိ၏ အဇ္ဈတ္တမှာရှိသော မှီကပ်နေသော ဝိညာဏက္ခန္ဓာခေါ် စိတ်တရားကလေး အပေါ်မှာ သူ့သဘာဝအတိုင်းဖြစ်ပြီးသားကြီး ဖြစ်သွားသဖြင့် ပြည်မငရဲ ပြည်နယ်ငရဲသို့ ထိုသူ သွားရတော့မည်မှာ **ကုသလံဓမ္မံ ပဋိစ္စအကုသလောဓမ္မော ဥပ္ပဇ္ဇတိ** ဟူသော ပဋ္ဌာန်းပါဠိတော် အရ

ဒီကိစ္စနှင့် ပတ်သက်၍ ရှောင်၍မလွတ်ချေ၊ ဒုစရိုက်ပုဒ်မ **ခဲ့တမ်းကျပြီးသားကြီးဖြစ်၍ ပုပ်ပုပ်သိုးသိုးယူရသော ယခုခေတ်လို** မကျဘဲ မရောက်ဘဲ နေလို့ကို မရတော့ချေ၊ ဒုစရိုက်ကြောင့် ရထိုက်သော ဒုဂ္ဂတိ ရပ်ကွက် ၅၁၇-ကွက်ထဲတွင် ထိုသူ့အတွက် ရထိုက်သော နေရာ **အကွက်လပ်ကလေးရှိလေရဲ့**၊ အသင် တယူသန်သမား-သင်သေပြီးရင် သွားပေဦးတော့၊ သင်သွားရတာကို ဘယ်သူမှလဲ လာမကယ်နိုင်၊သင်ကလဲ ကယ်လှဲ့ပါဦးဟု လာ၍မပြောနိုင်၊ ဟိတ်ခတ်မှုကို မသိသဖြင့် မချိတရိ ခံနေရသော အသင်-ထင်ရာ သမားကို တွင်တွင်ကြီးသာ သနားရပါတော့သတည်း။

## ဤကိစ္စ၌ နှိုင်းယှဉ်ပုံတချက်ကို ထပ်၍ ပြဦးအံ့-

မိမိ၏နေအိမ်ရွာနှင့် မိုင်ပေါင်း တသောင်းကျော် ဝေးကွာသော အမေရိကန် ပြည်မှာ ဝမ်းရောဂါကြောင့် အဆမတန် မရေမတွက်နိုင်အောင် သေကျေ ပျက်စီး နေကြပြီ ဟူသော သတင်းကို ရေဒီယိုမှ ကြားရသောအခါ၊ သတင်းစာ ထဲမှာ ဖတ်ရသောအခါ၊ ကြားရင် ကြားရုံမျှသာ၊ ဖတ်ရင် ဖတ်ရုံမျှသာ ရှိမည်၊ အလွန်လဲ သနားကြမည်မဟုတ်၊ အလွန်လဲ ထိတ်လန့်ကြမည်မဟုတ်၊ ခရီးကဝေးလွန်းတော့ ကိုယ်နှင့် မဆိုင်သလိုဘဲ နေကြမည်၊ မိမိရွာနှင့် မြေကြီးချင်း စပ်လျက်ရှိသော ဗ္ဗန္ဒိယ ပြည်ကြီးမှာ ဒီလိုဘဲရောဂါတွေဖြစ်၍ အကြီးအကျယ် သေကြသည်ဟု ကြားရ သိရသောအခါ နဲနဲပါးပါး ကြောက်လာပြီး နဲနဲပါးပါးတော့ သနားလာကြတော့၏၊ (မြေချင်း ကလဲစပ်၊ နဲနဲကလဲ နီးလာမှကိုး) မိမိအိမ်၊ မိမိရွာနှင့် မိုင် ၁၀၀-လောက်

ဝေးတဲ့ မြန်မာပြည်ရှိ မြို့ကြီးတမြို့မှာ ဒီလို ရောဂါဆိုးကြောင့် ထောင်သောင်း မက သေကြပြီဟု ကြားသိ ရသော အခါ တော်တော် များများကြီး ကြောက်လန့်ပြီး တော်တော် များများကြီးလဲ သနား လာကြ ပြီနော်၊ မိမိရွာ၊ မိမိအိမ်နှင့် ၃-မိုင်လောက်သာဝေးတဲ့ ရွာတရွာမှာ ရောဂါးဆိုး ဝင်လာလို့ လူတွေ အိမ်တိုင်းစေ့ သေလို့တဲ့၊ တအိမ် ၂-ယောက် သေလို့တဲ့ ဟု ကြားရ သိရလျှင် များများကြီးလဲကြောက်ကြ၊ များများ ကြီးလဲသနားနေကြပြီနော်၊ မိမိရွာနှင့် တရွာခြားမှာ ဒီလိုဖြစ် တယ်ဆိုရင် အရမ်းကြောက်ပြီး (အသိတွေ အမျိုး တွေလဲ ပါသွားလို့) အရမ်းလဲ သနားကြပြီနော်၊ မိမိ၏ ရွာထိပ်က အိမ်တွေမှာ ဒီလိုရောဂါဆိုကြီး ကျလာပြီဆိုရင် ကြားလဲကြားရ မြင်လဲမြင်ရ ဖြစ်လာလေတော့ မချိမဆန့်ကြောက်၊ မချိမဆန့် သနား ဖြစ်ရတော့ပြီ၊ မကြောက်လို့မရ၊ မသနားလို့ မရ တော့ပြီ၊ ကိုယ့်အမျိုးလဲပါနေပြီ စိတ်ဒုက္ခ ကိုယ်ဒုက္ခ ရောက်နေ ကြရပြီ မဟုတ်လား။

ကဲ-တဆင့်တက်လိုက်စမ်း၊ မိမိအိမ်က တယောက်ယောက် ဒီလို ရောဂါဆိုးဖြစ်လာရင် မျက်လုံးပြူးအောင် ကြောက်ပြီး အသက်ရှူမမှန်အောင် စိုးရိမ်မှု သောက ရောက်ရတော့မည်မှာ သေချာပြီ မဟုတ်လား၊ ဒီအိမ်ပေါ်က မိသားစုထဲက အမေအဖေ အစ်ကို အစ်မ နှမ ညီ သားသမီး ၁-ယောက် ၂-ယောက် သေ သွားရင် ရှမ်းထောင်လောက်အောင် ဒုက္ခ မရောက်ဘူးလား၊ ငါ့ကိုများ ဒီရောဂါ ကူးမှာလားကု တွေးတွေးပြီး ဆတ်ဆတ် တုန်အောင် မကြောက်ဘဲ နေပါဦးမလား၊ ဒါကြောင့် ဝေးဝေး ကြီးမှာ ဖြစ်ရတဲ့ ကိစ္စက ဘာသိဘာသာ ဖြစ်ရ၍ အရေးမကြီး

သော်လဲ နီးသော ကိစ္စ အလွန်အရေးကြီးကြောင်း ကူးစက်ခံရတတ်ကြောင်း စသည်ဖြင့် ဟိတ်ခတ်ပုံ မတူကြောင်းကို အသင်ဗုဒ္ဓဘာသာဆိုသူ ကြပ်ကြပ်စဉ်းစားပါလော့။

ထို့အတူ ဒုစရိုက်ပုဒ်မ ၅၂-ပါးနှင့် ဆိုင်သော ကိစ္စမှာလည်း ဝေးသောကိစ္စ နီးသောကိစ္စ၊ ဝေးသောအကြောင်း နီးသောအကြောင်းကို ချိန်ဆ၍ သိကြပါကုန်၊ အသေချင်း တူတာနဲ့ တူသေးရဲ့လား၊ ငါးပိလဲ အသား မကင်းပါ၊ နွားသားလဲ အသားပါ၊ အသားချင်းတူတာကြောင့် အတူတူဘဲဆိုတာတို့၊ သူ့အသက် သတ်ရတာချင်း အတူတူဘဲ ဘာထူးရမှာလဲဆိုတာတို့ ကိုယ်ကအသတ်ခိုင်းရတာမှ မဟုတ်ဘဲဆိုတာတို့ ကမ္ဘာ့ဟင်းသီးဟင်းရွက်တွေဘဲဟု ဆိုတာတို့ စသော ကိစ္စအထွေထွေကို စကားကြော ရှေရှေနှင့် ဆင်ခြေဆင်လက်ဟပ်ပြီး တယူသန် ဝါဒဆိုးနှင့် ဒုစရိုက်အမျိုးမျိုးတွေကို ပေါ့ပေါ့ကလေး ထင်ထင်နေကြတဲ့ ဘုရားသခင် အာဘော်၊ တရားတော်ရဲ့ အာဘော်၊ ဘာသာရေးရဲ့ အာဘော်၊ သာသနာရေးရဲ့အာဘော်တွေကို ချော်ချော်ပြီး တွေးဆနေကြတဲ့ ခွဲတမ်းကျနေကြတဲ့ (ပုပ်ပုပ်သိုးသိုး မယူချင်ဘဲနှင့်လဲ ယူရဘို့ရာ) သေချာပြီး ဖြစ်၍ နေကြတဲ့ ကလေကဝ ဗုဒ္ဓဘာသာတွေအတွက် နှုတ်ကချေကာ မမြွက်ဝံ့ မပြဝံ့သောကြောင့် အသိမှန် အမြင်မှန် အကျင့်မှန်ကို လက်ခံနိုင်ကြသော **မနုဿ** အစစ် ဖြစ်ကြပါစေကုန်သောဝ် ဟု ဆုတောင်းလိုက်ရပါတော့သတည်း။

## သိဒ္ဓတ္ထမင်းသားညည်းညူပုံ

ဝေလာလိလာလုလိကာ ပလ္လဝကေလိလိလာ၊
ဒေါလာသု လောလာလိ ကုလာဝလိကေဲလိရမ္မေ။

ဖုလ္လာဝရမ္ဗာကုသုမာကုလ၊

သာလမာလေနေရဉ္ဇရာယူပဝနမှိ ကဒါရမာမိ။

ဝေလာလိလာလုလိတာ ပလ္လဝကေလိလိလာ ဒေါလာသု လောလာလိကုလာဝလိကေလိရမ္မေ၊ မြစ်ကမ်းယံတွင် လေပြန် ဆော်သွင်း တညှင်းညှင်းနှင့် ခိုင်ချင်းယှက်ရုံး ပျားပိတုန်းတို့ အုံးအုံးညီညာ ပျော်မွေ့ဘွယ်ရာ ကောင်းပေထသော။ ဖုလ္လာဝ ရမ္ဗာကုသုမာကုလ သာလမာလေ၊ ဥတုနိယာမ် အကြောင်း ခံ၍ ဖူးတံငုံရင့် စုံညီပွင့်လို့ ဆင့်ဆင့် မြိုင်မြိုင် အခိုင် ခိုင်လျှင် လှိုင်လှိုင်ပျံ့သွင်း ရနံ့သင်းသည့် အင်ကြင်း ပင်စည်တွေလည်း ရှိပေထသော။ နေရဉ္ဇရာယ၊ နဒီခရာ တူရိယာသို့ သာယာချေငံ ရေစီးသန်သော။ နဒိယာ၊ မြရောင်ကဲ့သို့ စိမ်းလဲ့ ကြည်လင် ရေအယဉ်စီး နေရဉ္ဇရာ မြစ်ကြီး၏။ ဥပဝနမှိ၊ ကမ်းခြေ တလျှောက် ပေါက်ရောက် စည်ပင် ဘဝင်ကြည်နူး မြင်သူမူးမျှ တင့်ထူးဝေဆာ ညီတညာလျှင် သာယာပျံ့သင်း မြေတလင်း၌။ အဟံ၊ ကပ္ပိလဝတ်ပြည် ရှင်ကြည်အုပ်စိုး သတိုး သကျ သိဒ္ဓတ္ထ တွင် ငါဘုရင်သည်။ ကဒါ၊ ဘယ်လောက်ကြာမှ ဘယ်ကာလ၌။ ရမာမိ၊ ဖော်ရွေကင်းကွာ ကေစာနှင့် ဖလ်ဝါ ဆင်မြန်း ကာသာလွှမ်းလို့ ချမ်းချမ်းမြေ့မြေ့ ပူမတွေ့ဘဲ နှေ့ညဥ့် မကွာ ဘာဝနာကို မြဲစွာ ကျင့်သုံး သက်တက် ဆုံးအောင် နှလုံး မွေ့လျော် ပျော်ပျော်ကြီး နေရပါတော့အံ့နည်း။

(မှတ်ချက်-ဤပါဠိမှာ ကပ္ပိလ ဘာသာ ပါဠိဖြစ်သည်)

**ပဋ္ဌသိခ နတ်စောင်း ဘုရားရှိခိုး**

ဗိန္ဒုံဗိန္ဒုံ ပတတျမ္ဗုံ၊ ပဋ္ဌုန္နေန ပမောဒန္တာ။

မလ္လာ ပုပ္ဖါဝိဇာယိံသု၊ ဒွိဒ္ဒုပက္ခာ သုခမိံသု။

ဇဋ္ဌာသယ ၅၂၂-၂၂

တထာဂတံ အဟံ ဝန္ဒေ။
အစိန္တေယျံ အတိလ္လေယျံ အဘိန္ဒေယျံ။
စိန္တံ တိဏ္ဏံ ဘိန္ဒံ ဇိနော။
ကောသောသတ္တာမျ အဝိမိတိဟိဒွါရေ၊
ဝေ ဝေဒန္တဂူ ဇေ ဇေယန္တဂူ ဟော ဟောမန္တဂူ၊
ဘူဘူသံသံ စာလံ့ဘဂျဝန္ဒဝန္ဒိံ သုခိံ သစ္စံ။
ဖုလ္လံ သဒါ ယဒါ မမ။

ပဋ္ဌုန္နေန၊ ကာမရူပ အရူပဟု ဘဝသုံးဆိုင် ခရိုင်ထိပ်ဖွေ ကွန့်မြူးထွေဖြင့် ကုဋေသိန်းလုံး အကိန်ကြုံးလျက် ထစ်ချုံးတရားအနှံ့ကြားသား ဘုရားဟူသည် ရောင်ခြည်ပလင်း မိုးနတ်မင်းသည်။ ပမောဒန္တာ၊ သဟံ ဗြဟ္မာ နတ်သုဒ္ဓါသည် ရတနာအဝဝ မေရုမျသား အလှုတင့်ဆုံး ရွှေပန်းကုံးဖြင့် ညွှတ်ရှိုးစေတနာ ပန်ထွာသော အလျောက် နှစ်သက်ဝမ်းမြောက်၍။ အမှု၊ နိကာယ်ငါးဖြာ နဝင်္ဂါနှင့် ပေစာအပေါင်း ရှစ်သောင်း လေးထောင်ကျော်အောင် ပွားများ တရားဟူသည် မိုးပေါက်ရည်ကို။ ဗိန္ဒုံဗိန္ဒုံ၊အပေါက်အပေါက်။ ပတတိပတာပေတိ၊ ကျရောက်စေတော်မူလေပြီ။ ဗိန္ဒုံ ဗိန္ဒုံ၊ ပဋိသန္ဓေနေဝါ ပဝတ္တိဉာဏ်ဝါ ယမကာယမကာ ဝေလာဝေလာ အစုံအစုံ။ ပတတိပတာပေတိ၊ တရားအဝတ် ယှဉ်ပြိုင်လွှတ်လျက် ဖြန့်ဆွတ်ဝေမျှ ပေးဝေ၍ ပု–ဒိ–အာကိစ္စဖြင့် ကျရောက်စေတော်မူခဲ့လေပြီ၊ မလ္လာပုပ္ဖါ၊ လောကုတ်လောကီ နှစ်လီမေါထွေ ရေပန်းကြည်းပန်း ၄–ခန်းသစ္စာစုံနှစ်ဖြာတို့ကို။ ဝိဇာယိံသု၊ ဆွဆွထွားထွား ငွါးငွါးစွင့်စွင့် အငုံရင့်လျက် ပွင့်စေတော် မူခဲ့လေကုန်ပြီ။ ဒွိဒူပက္ခာ၊ သမထ

ဝိပဿနာ ဘာဝနာ အတောင် နှစ်ဘက်ဆောင်သည့်မြားမြောင် လှစွာ သတ္တဝါဗိုလ်ခြေ များဝေနေတို့ကို။ သုခမိ သု၊ ချမ်းသာ ခြင်းသို့ ရောက်စေတော်မူခဲ့ လေကုန်ပြီ။ တထာဂတ၊ ရှေး- ဘုရားတို့နည်းတူ သယမ္ဘူအစစ်ကြီး ဖြစ်တော်မူသော မြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ ခန္ဓာငါးဝ သမူ ဟကို ငါဟုသမုတ်အကျွန်ုပ်သည်။ ဝန္ဒေ၊ ခြေလက်နဖူး တတောင် ဒူးဟု ငါးဦးတည်ရိုး မြေမှာလျှိုး၍ ရှိခိုးဦးချ ကန်တော့လိုက် ပါ၏ မြတ်စွာဘုရား။

**မှတ်ချက်**။ ။ပါဠိ ၃-ပုဒ်အတွက် အနက် ရှိသော်လည်း တပုဒ်၏အနက်ကိုသာ ရေးသား လိုက်ပါသည်၊ ဤပါဠိကား- အဆို မတတ်လျှင် ဂီတဘက်သို့ သက်ဝင် သွားနိုင်ပါသည်၊ ဤပါဠိကို ဂီတမဘက်ဘဲ အလွန်နားထောင် ကောင်းအောင် ပဌမ သင်ကြားပေးသူမှာ သီပေါမင်းလက်ထက်က ကြေးမြှင် မိဖုရားကြီးက ရပန်းခံပေးသော ဆရာတော်ကြီး ဦးဇောတ ဖြစ်၍ တဆင့် သင်ကြားပေးခံရသူမှာ သုံးခွမြို့မှ ဦးပေါသလွ ဆိုသူ ဖြစ်ပါသည်၊(၎င်းကား ယခုလူထွက်နေပြီ)၊၎င်းမှ တဆင့် ဤစာရေးသူက လက်ပွးလက်ကြပ်သင်ယူခဲ့ခြင်းဖြစ်ပါသည်၊ဆိုပုံ ကို ဤစာရေးသူက ထိန်းသိမ်းထားပါသည်၊ ဆိုနည်း ဆိုဟန်ကို သင်ပြနိုင်သော်လည်း အလျဉ်းမသင့်၍ သင်မပြနိုင်ပါ၊ သင်တို့ ကိုယ်တိုင်ဆိုတတ်ပါက ဝမ်းမြောက် ပါ၏၊ မဆိုတတ် ဘဲနှင့် သီချင်းလုပ်ပစ်မှာကိုမူကား စိုးရိမ်ပါ၏၊ ဤ၌ သိကျင့်ဘွယ်ရာ အဖြာဖြာဆိုသည့် အတိုင်း မေတ္တာလက်ဆောင် အဖြစ် ထည့် သွင်းလိုက်ပါကြောင်း။

## အထွေထွေကဏ္ဍ

ဤစာရေးသူ ရေးသား လိုက်သော ဆုံးမစာများ ပြည်ထောင်စုတွင် ပြန့်နှံ့နေပါပြီ၊ မြန်မာသက္ကရာဇ် ၁၃၀၉-ခုနှစ် လွတ်လပ်ရေးရချိန်၊ လွတ်လပ်ရေး ရကြောင်းကို ကျေညာသော နံနက်စောစော ၄-နာရီ အချိန်မှာ အလွန် ဝမ်းသာသော အထိန်း အမှတ်ဖြင့် တခဏချင်းထ၍ ရေးခဲ့သော အိမ်ဆုံးမကဗျာများသည် မန္တလေးမြို့ထုတ် သမတ-ဆယ်စောင်တွဲမှာ အမြဲပါလေပြီ၊ ကျောင်းဆုံးမကဗျာလည်း သမတ တိုက်ထုတ် ဝိသုဒ္ဓါရုံရှင်ကျင့်ဝတ်မှာ အမြဲပါလေသည်၊ ဤကား တပိုင်နက် ရေးသော စာများဖြစ်ပါသည်။

ထို့နောက် မရေးမနှောင်းရေးခဲ့သော အရက်သမား ဝါဒ ကဗျာ၊ သိင်္ဂါလောဝါဒ လူ့ကျင့်ဝတ် ကဗျာများ မှာလည်း ၎င်းဆယ်စောင်တွဲမှာပင် ပါပြီးဖြစ်လေသည်၊ သိင်္ဂါလောဝါဒ ကဗျာကိုမူကား ရန်ကုန်မြို့ သုဓမ္မဝတီတိုက်မှ စာအုပ် ပိစိညပ် ကလေး တသိန်းခန့်ရိုက်၍ ရန်ကုန်မြို့၌ ၁၃၁၄-ခု၊ ၁၉၅၃-ခုနှစ်ကဝေငှခဲ့ဘူး လေပြီ၊ ၎င်းကဗျာကိုရန်ကုန်မြို့ ဓမ္မစကြာအဖွဲ့က ၃-ကြိမ်တိုင်တိုင် ထိုအချိန်က အသံလွှင့်ဘူးလေပြီ၊ အချိန်ကြာညောင်းသဖြင့် စာရှုသူမေ့လောက်ပေပြီ၊၎င်းကဗျာနှင့်လူ့ပြည်က ဘုရားပွဲ အမှားတော်ပုံ ကဗျာများကိုလည်း ဗုဒ္ဓမမ္မလောက စာစောင်တွင် ထည့်သွင်းဘူးလေပြီ၊ ၎င်းပြင် ငယ်ရွယ် စဉ်က သာကီနွယ်၊ မြို့စောင့်နတ်၊ မောင်လှမောင် ဗုဒ္ဓဟူးသား စသော ကလောင် နာမည် အမျိုးမျိုးဖြင့်၎င်း၊ ဦးဝိသုဒ္ဓါစာရ ဟူသော ဘွဲ့အမည်ဖြင့်၎င်း ပြုပြင်ရေး၊ မြန်မာ့တာဝန် ထက်ခေတ်၊ အကောင်းဆုံး၊ တိုးတက်ရေး၊ မြန်မာ့တာဝန် စသော မဂ္ဂဇင်း

များနှင့် နဝင်္ဂအရေးတော်ပုံ စသော အကြောင်းများ၊ ဘုရားသမိုင်းများကိုလည်း ကိုးတိုင်း ကိုးဌာန စသော အမည်များဖြင့် ၎င်း၊ ကိုယ်ကျင့် သင်္ဂြိုဟ်ကျမ်း စသည်များကို၎င်း များပြားစွာ ရေးသားခဲ့ဘူးလေပြီ၊၎င်းပြင်ရှေးကျသော နာမည်ကြီး ဖြစ်ခဲ့ကြသော ဦးပုံးချို၊ ပါဠိဆရာကြီးဦးဖေ၊ သခင် ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတ၊ပါဠိဆရာညွန့် စသော ပုဂ္ဂိုလ်ကြီး များနှင့်လည်း ရင်းနှီးဆက်ဆံ ဗဟုသုတ အတန်တန်ကို ရယူခဲ့ဘူးလေသည်။ ဦးဥတ္တမ ဦးဝိစာရ သခင်အောင်ဆန်း သခင်နု သခင်မြ ဦးဘချို စသော နိုင်ငံရေးသမားကြီးများနှင့်လည်း ဆက်ဆံခဲ့ဘူးလေပြီ။

## သာသနာရေးဘက်က လက်ရေးမူများကို လှူဒါန်းခဲ့ပုံ

ပခုက္ကူဆရာတော်ကြီး အရှင်နန္ဒဝံသ ထံတော်၌ နေစဉ်က ပညာများကို သင်ယူစဉ် ထိုဆရာတော်ကြီး ပို့ချတော် မူသော ိကာယ် ၅-ရပ် ပါဠိ အဋ္ဌကထာဋီကာ နေတ္တိ ဋီကာကျော် စသော ကျမ်းများ၏ နိသျ မှတ်စုများကိုလည်း ၆-နှစ်ခန့်မျှ ဆည်းပူးသင်ကြား၍ စာနှင့် မှတ်သင့်တာကို မှတ်သားရေးယူ ထားရာ ကိုယ်တိုင်ဆို၍ ကိုယ်တိုင်ရေးခဲ့သော စာရွက်ပေါင်း ၈၈၇၂-ရွက် ရှိခဲ့၏၊ ၎င်းနိကာယ် ၅-ရပ်စသော မှတ်စုတွေကို အနေတော်ကျအောင် သာရေဖုံး စာအုပ်ချုပ်လျက် ၁၃၁၈-ခုနှစ်က ကြော်ငြာပါရိုက်၍ ပခုက္ကူ အလယ်တိုက်ကြီးသို့ လှူဒါန်း လိုက်သဖြင့် ၎င်းတိုက်ကြီးရှိ စာချဆရာတော်များ အချိုအသုံးပြု ချပို့လျက် ရှိလေပြီ။

## မဂ္ဂဇင်းစာအုပ်တွဲကြီး ၁၉-ပိသာကို လှူဒါန်းခဲ့ပုံ

ဤစာရေးသူ ၂၅-နှစ် အရွယ်ကစ၍ သာကီနွယ် စသော အမည်များဖြင့် စာတွေကို ရေးသားခဲ့သည့်အတွက် မဂ္ဂဇင်းတိုက် အမျိုးမျိုးက လှူဒါန်းကြသောမဂ္ဂဇင်းဂျာနယ် အမျိုးမျိုးတွေကို စုပေါင်း သားရေဖုံးလျက်ထားသော တိုးတက်ရေး ကြီးပွားရေး ပြုပြင်ရေး မြန်မာ့တာဝန် စသော သရေတဝက်ဖုံး တအုပ် တပိသာရှိ မဂ္ဂဇင်းမျိုးစုံ စာအုပ်တွဲကြီး ၁၉-ပိသာကိုတိုင်းပြည် လူထု ကြည့်ရှုစေရန် အကျိုးငှါ ၁၃၂၈-ခုနှစ်က ရန်ကုန်မြို့ အမျိုးသားစာကြည့်တိုက်သို့ လှူဒါန်းခဲ့ဘူးလေပြီ၊ ထိုစဉ်က ၎င်း စာအုပ်တွဲကြီး လှူဒါန်းကြောင်းကို ရေဒီယိုနှင့် သတင်းစာတိုက် အကုန်လုံးက ကျေညာပြီး ဖြစ်လေသည်။ (စာချစ်သူ အတွက် တန်ကြေးမဖြတ်နိုင်)

## တဘဝစာအတွက် ကြီးပွါးနိုင်သော ပညာမျိုးစုံကို စွန့်လွှတ်ခဲ့ပုံ

လက်တွေ့ဖြစ်သော အစိမ်းတိုက်နည်း အဖုံဖုံ၊ ရွှေစပ်နည်း မိုးကြိုးလုပ်နည်း၊ ငွေလုပ်နည်း၊ ငွေစက္ကူ လုပ်နည်း-ညှပ်ပုံလုပ် နည်း၊ ဆေးကုနည်း၊ ဗေဒင်ဟောနည်း၊ ဓာတ်ရိုက်နည်း၊ ဓာတ် ဆင်နည်း၊ (ဝင်းဂိုဏ်းဝင်၍ မှော်အောင်ခဲ့ရာ ပယောဂကုနည်း၊ သာယာဝတီခရိုင် အိုးသည်ကုန်းရွာသား ဦးကျော်ရန်သည် မန္တလေးမြို့တွင် သမားတော် ဦးကျော်ရန် အမည်ဖြင့်နာမည်ကြီး လျက် နေလေရာ ထိုဆရာကြီးနှင့် ရင်းနှီးသဖြင့် ရွှေလက်ဝါး ပယင်းရောင် အားဆေးစသည်ကို တတ်အောင်သင်ခဲ့သောနည်း၊

ငွေကို ပြန်လာအောင်လုပ်၍ ရသော အစိမ်းတိုက် ငွေပြန်နည်း၊ လူမိန်းမကို မီးထွန်း၍ ခေါ်ယူနိုင်သော အစိမ်းတိုက်နည်း၊ ခတ်ဆေးနည်း၊ ဇွဲကြိုးချ အစိမ်းသေကို စီရင်ထားသော ဂဝံ ဆောင့်ကြောင့်ထိုင် ကွမ်းရိုးကြပ်နည်းစသော ကောင်းသော နည်း မကောင်းသောနည်း၊ မိန်းကလေးတယောက်ကို ၃-ရက် မီးဆက်ထွန်းရုံမျှနှင့်မိမိထံသို့ဒိဋ္ဌလာရောက်၍ချစ်ကြိုက်နေရသော နည်းစသော နည်းမျိုးစုံတွေကို လက်တွေ့ ရရှိခဲ့သော်လည်း ၎င်းတို့ကား အပြစ်ကင်း အပြစ်မကင်းဖြစ်ရုံမျှမက သံသရာကို နယ်ချဲ့သော ကိစ္စတွေ ဖြစ်လေသဖြင့် အသုံးမချရုံမက နည်းမျိုးစုံ တွေကိုပါ စွန့်ပစ်ခဲ့ပါသည်၊ ၎င်းပြင် ဇာတာဖွဲ့ ဗေဒင်ဟော တရားဟော စာရေးအတတ် ဝတ္ထုရေးအတတ် များကိုလည်း အကျော်မဟုတ်စေကာမူ အတော်လောက်တော့ တတ်မြောက် ခဲ့ပါ၏၊ အားလုံးကိုပင် စွန့်ပစ်ခဲ့ပါသည်၊ ၎င်းပြင် ကောက်၍ ရဘူးသော ငွေ လက်စွပ် ဆွဲကြိုးစသည်ကိုပင် ပိုင်ရှင်သိအောင် ကြော်ငြာ၍ ပြန်ပေးခဲ့ဘူးပေါင်းများပါပြီ၊ ဝိသဘာဂ အာရုံရှင် တွေနှင့်များများကြီးဆက်ဆံခဲ့သော်လည်း စိတ်ကိုနိုင်နင်းအောင် ဆုံးမနိုင်လျက် ရှောင်ကြဉ်ခဲ့ပေါင်းမှာ ယခုအထိပင်ဖြစ်ပါသည်၊ အတိုချုပ် ပြောရလျှင် အတ္တသုခနှင့် ဘောဂသုခ ဤနှစ်မျိုးကို ငယ်စဉ်ကပင်ရှောင်ကြဉ်ခဲ့ပါသည်၊ ၎င်းပြင် ယာဉ်အမျိုးမျိုးကို စီးဘူးလျက်ပြည်ထောင်စု အကုန်နီးပါးသို့လည်း ရောက်ခဲ့ဘူး ကန်ခိုးကြီးဘုရားဟူသမျှကိုလည်း မကျန်သလောက် ဖူးရဘူးပါ သည်၊ ၎င်းပြင် ရှေးကနာမည်ကြီးခဲ့သော ဆရာတော်ကြီးများ ထံတွင် ၁၄-နှစ်သားအရွယ်ကစ၍ ၃၃-နှစ်အရွယ်အထိ ပညာ များကိုသင်ခဲ့ရ၊ စာပြန်ပွဲများ ကိုလည်း အောင်မြင်ခဲ့ရ၊ ဗဟုသုတ

အမျိုးမျိုးကိုလဲ ရခဲ့ရ၍ အဘော်အတန် ကျေနပ်မှု ရခဲ့ဘူးပါပြီ။

## အသက်ပေါင်း များစွာကို ကယ်ဆယ်ခဲ့ရပုံ

၁၂၉၃–ခုနှစ် နှစ်ဦးပိုင်းလောက်က ဂဠုန်ခေတ်ဖြစ်၍ ဂဠုန်လူစွမ်းကောင်းယောင် ဆောင်ပြီး ပြည်မြို့နယ် ဘောရွာများရှိ အချို့လူပြိန်းများထံ၌ ဆက်ကြေးတောင်း၍ သိမ်းသွင်းလျက်နေသော ဆရာမြအမည်ခံ ဂဠုန်အတုနှင့် သူ့ကို ဂဠုန်အစစ်မှတ်၍ တပည့်ခံနေကြသော တပည့် သုံးရာကျော်တို့ ဟသ်ာတောင် တဝဂူဘုရားမှာ အင်းချ၍ ကာယသိဒ္ဓိဆေး စီရင်မည်၊ အင်းသောက်မည်၊ ဆေးထိုးမည်ဟု စိုင်းပြင်းနေတုန်းမှာ စစ်တပ်ကလဲ သိနေသဖြင့် ၎င်းဂဠုန်တွေကို ဝိုင်းပြီး ပစ်သတ်ရန် စီမံနေကြတုန်းဆဲဆဲမှာ ထိုဂဠုန်အတုတွေ ဟသ်ာတောင်သို့ မသွားရမီ ဆရာမြဆိုသူကို သူတည်းခိုနေသောရွာက နှင်ထုတ် ခိုင်းပြီး ထိုသတ်ပွဲကြီး မဖြစ်ရအောင်ကယ်ဆယ်ခဲ့ဘူးပါပြီ၊ ၁၃၀၁–ခုနှစ်ကလဲ မာပကနှင့် ရဟန်းပျို မန္တလေးမြို့ အိမ်တော်ရာ ဘုရားအရှေ့ဘက် ဆင်တဲတားအနီး၌ သတ်ပွဲကြီး ဖြစ်အံ့ ဆဲဆဲမှာ ထိုသတ်ပွဲကို ငြိမ်းသွားအောင် ပြုလုပ်ခဲ့ ဘူးပါပြီ၊ (၎င်းအကြောင်းတွေကို သက်သေသာဓကနှင့် အကျယ် ရေးပြ နေရပါမူ ဤစာအုပ်လောက် ကြီးနေမည်ဖြစ်၍ မချဲ့တော့ပါ)။

၎င်းပြင် အလံနီနှင့် ရဲဘော် တိုက်နေစဉ်အချိန်ကလည်း ဤစာရေးသူ၏ အနီးအပါးရွာက အသတ်ခံရဆဲ ရှိနေသော လူများကိုလည်း အသတ်မခံရအောင် ရှက်သောင်ခဲ့ဘူး လှပါပြီ၊ ဇာချဲ့မနေတော့ပါ၊ လိုရင်းမှာ ဤစာရေးသူ၌ ဤဘဝအတွက်

ကြီးပွားနိုင် နာမည် ကြီးနိုင်ဖလောက်သော အရည်အချင်းတွေ အပြည့်အစုံ ရှိခဲ့ပါ၏၊ ဒါပေမဲ့ ဒီကိစ္စတွေမှာ သံသရာခဲ့ ကိစ္စတွေသာ ဖြစ်နေသည်ကို အတိအကျသိထားသဖြင့် သာမည လူသာမန်တို့ စွန့်ပစ်နိုင်ရန် ခဲယဉ်းလှသော ကိစ္စမျိုးစုံ အဖုံဖုံကို စွန့်ပစ်ခဲ့နိုင်သဖြင့် ကိုယ့်ကိုယ်ကို အတော်ကြီး ကျေနပ်ခဲ့ပါ၏၊ သို့သော်လည်း အကြီးအကျယ် မကျေနပ်သော ကိစ္စကား ကျန်နေပါသေး၏၊ ၎င်းကိစ္စကား အခြားမဟုတ်ပါ၊ မဂ် ၄-ပါး ဖိုလ် ၄-ပါး ကိစ္စကို စုစုပေါင်း ၇-လမျှ ပြင်းပြင်းထန်ထန် အားထုတ်ပါသော်လည်း မပိုင်သောကိစ္စ အဖြစ်ဖြင့် ကျန်နေပါသေး၍ ၎င်းကိစ္စအတွက် မိမိကိုယ်ကို မိမိ နဲနဲကလေးမှ မကျေနပ်သေးပါ၊ သို့သော်လည်း ထိုကိစ္စကို ပိုင်အောင် နိုင်အောင် အားထုတ်ပါဦးအံ့ဟု အားခဲထားပါကြောင်း။

## ဟော - တွေ့ပါပြီ အချိန်ကောင်း
## နေ့စဉ်ဆို၍ လိုက်နာကြရန် ၈-လုံးဘွဲ့ကဗျာ

၁။ ခုနေ့ခုရက်၊ ခုချက်အခါ။
အချိန်ကောင်းဟု၊ မှတ်ရှုလေပါ။
ပြုဘွယ်ကိစ္စ၊ ပြုကြမြန်စွာ။
အချိန်ဆွဲ၊ ဖင့်နွဲ့မနေရာ။

၂။ ပြီးတဲ့နေ့ဟောင်း၊ မအောက်မေ့ရာ။
အောက်မေ့သော်လဲ၊ မလွဲလွန်လာ။
ပြန်တွေးနေလဲ၊ စိတ်ထဲပွေ့မှာ။
လွန်ပြီးနေ့၊ ပြန်၍ မရပါ။

၃။ လာမဲ့နေ့လဲ၊ မမြဲသခါ။
ဘယ်လိုလဲဟု၊ မခွဲတတ်ပါ။
နေ့လ ရက်ကောင်း၊ တောင်းတနေရာ။
ငါသေက၊ မရငါ့တွက်တာ။
၄။ ငါမသေဟု၊ ငါစုပိုင်တာ။
ငါမလုပ်ဘဲ၊ ဖင့်နွဲကြည့်ပါ။
သခါရက၊ နှင်ချငါ့သာ။
ငါ့ပစ္စည်း၊ ချည်းနှီးကျန်ခဲ့မှာ။
၅။ နင်မသေဟု၊ နင်စုပိုင်တာ။
နင်မလုပ်ဘဲ၊ ဖင့်နွဲကြည့်ပါ။
သခါရက၊ နှင်ချနင့်သာ။
နင့်ပစ္စည်း၊ ချည်းနှီးကျန်ခဲ့မှာ။
၆။ အလုပ်ကိစ္စ၊ စိတ်ကရှောင်ကာ။
ဟိုနေ့ကျမှ၊ ပြုကြမယ်ကွာ။
စိတ်ညှို့ဖျင်း၍၊ အပျင်းဝင်ကာ။
နေ့လဆွဲ၊ နေလဲနေကြတာ။
၇။ ဒီလိုလူလဲ၊ မလွဲကေန်။
ပစ္စည်းမရှိ၊ မွဲဘိအမှန်။
ထမင်းနပ်စိ၊ မရှိဆီဆန်။
ကုသိုလ်လဲ၊ ကဲ့၍ပြုဘို့ရန်။
၈။ ခုဆိုခုမှ၊ ပြုကြကိစ္စ။
နေ့လရက်ဆွဲ၊ ချိန်လဲကုန်ပြန်။
မြန်မြန်ပြုမှ၊ ခေါ်မှုလူမှန်။
ပြုကြစို့၊ ငါတို့ ခပ်မြန်မြန်။

၉။ ရှေ့ဂူကျောင်း၌၊ ကိန်းပိုက်ခါနေ။
ဦးဝိသုဒ္ဓ၊ ရေးပြတာတွေ။
ဗုဒ္ဓဟောပြ၊ ဓမ္မစာတွေ။
စဉ်းစားက၊ သိကြပါလိမ့်လေ။

## အထူး သတိပေးပါသည်

ဤ ၉-လုံးဘွဲ့ ကဗျာကလေးကို ခဏခဏဆိုနေပြီး ရှေ့နောက် စဉ်းစားတတ်ပါလျှင် အချိန်၏ တန်ဘိုးကို သိမည်၊ အချိန်၏ တန်ဘိုးကို သိလာလျှင် လူ၏ တန်ဘိုးကိုလဲ သိလာ ပါမည်၊ လူ၏တန်ဘိုးကို သိလာသည်နှင့်တပြိုင်နက် စိတ်၏ တန်ဘိုးကိုလဲ မုချသိလာမည်၊ ဘယ်ကိစ္စ ဘယ်အရာမှာ မဆို စိတ်ဆိုတဲ့ မနောက ရှေ့သွား ခေါင်းဆောင်ပါ ကလားဟု အတိအကျ သိလာသောအခါ (မနောပုဗ္ဗင်္ဂမာဓမ္မာ) ဟူသော မြတ်စွာဘုရား ၏ တရားတော်ကို ယုံကြည်လာသဖြင့် ဝဋ်ဒုက္ခမှနယ်လွတ်မြောက် ဖွယ်- သိကျင့်ဘွယ်ရာ အဖြာဖြာဟူသော စာအုပ် ကလေး၌ ရေးသားချက်များကို ကျေညက်အောင် ဖတ်ရှု၍ နှုတ်ငုံရသင့်တဲ့ စာများကို အရကျက်လျက် ဤကျမ်းပါ တရားအကွက်ကို အချက်ကျ အလက်ကျ ကွက်ကွက် ကွင်းကွင်း ထင်ထင် ရှားရှားကြီး သိမြင် လာပါ လိမ့်မည်၊ သိပြီးသည့်နောက် ဒုစရိုက် ပဒ်မ ၅၂-ဆိုတဲ့ မကောင်းမှု တွေကို ငါဘဝတိုင်း ငါ့ဘဝတိုင်း ကမ္ဘာတိုင်း ကမ္ဘာတိုင်းက ပြုကျင့် လိုက်စား လာခဲ့တာဟာ ယနေ့တိုင်အောင် ကြာခဲ့ပါပြီတကား၊ ထို ဒုစရိုက်တွေကြောင့် အကျိုးဖြစ်သောဒုဂ္ဂတိ ၅၁၇-ဘုံ ရောက်ကြ ရတဲ့ သတ္တဝါတွေ အနန္တပါတကား၊ ငါလဲ ဒီပဒ်မ ၅၂-ကို

မရှောင်ပါက ဒုဂ္ဂတိ ၅၁၇-က ခွဲတမ်းကျပြီး ပုပ်ပုပ်သိုးသိုး ပစ္စည်းမျိုးကို မလိုချင်ဘဲနှင့်လဲ ယူရသလို မရောက်ချင်ဘဲနှင့်လဲ ရောက်ရမတော့မှာပါတကား ဟု စဉ်းစားတတ်တဲ့ ဉာဏ်အမြင် ကြောက်တတ်တဲ့ ရှက်တတ်တဲ့ လန့်တတ်တဲ့ ဟိရိဩတ္တပ္ပ စေတသိက် ကောင်ကလေးတွေ စိတ်ထဲမှာ ကိန်းအောင်းလာ ပြီးလျှင် ငါသည် ယခုအချိန်ကစ၍ မကောင်းမှုမိုက် ဒုစရိုက် ပုဒ်မ ၅၂-ထဲကို ပါဝင်တဲ့ ကိစ္စဆိုရင် အကြီးစား ဒုစရိုက်က စပြီး သေးသေးမွှားမွှား ပိစိညပ် ဒုစရိုက်ငယ်ကလေး အထိ (ခွဲတမ်းစာအုပ်ကို သွားပြီးထပ်သလို မထပ်တော့ဘဲ ခွဲတမ်း စာအုပ် မထားတော့ဘဲ) ဝေပုံကျကို မယူရလေအောင် အပြီး တိုင် ရှောင်ကြဉ်ပါတော့မည်ဟု မိမိစိတ်ကို မိမိအလိုလို ဝန်ခံ လျှက် ရှောင်ကြဉ်မှုကို ပြုကြလိမ့်မည်မှာ သေချာမလွဲ ဖြစ်ကြ ပေလိမ့်သတည်း။

ဤကျမ်းကို လေ့လာသူ၌ လက်ငင်းရရှိမည့် အကျိုးမှာ လူ ၃-မျိုး ခန္ဓာ အာယတန ဓာတ် သစ္စာ ရုပ် နာမ် အကုသိုလ်စိတ် အလုပ် အကျိုး ဘုံ ၃၁-ဒုစရိုက် ၅၂-ပါး၊ ဒုဂ္ဂတိ ၅၁၇-ဘုံ၊ မေတ္တာသုတ် နဝင်္ဂသီလ ဘုရားအဆုံးအမ သုံးမျိုး၊ လမ်း ၂- လမ်း လုပ်အားတန်ဘိုး ရှေးထုံးပယ် ဘုရားပွဲအမှား လေးစား အပ်သော ရှေးပဝေဏီ လူအစစ် ကျေးဇူးရှင် အာဂန္တုနှင့် အကုသိုလ် ခုံတင်သားနှင့် အကုသိုလ် ငွေကူခံနှင့် အကုသိုလ် အ-၅-လုံး၊ကံကြီး ၄-ကံ၊ဆွမ်းသွတ်ပုံပါရမီနှင့် ပုညကြိယာ ခြား နားချက်၊ လူယုတ်ဝါဒကံကိုချ၊ သားသမီးရန်သူ၊ သုခ ၄-ပါး၊ နောက်ဆက်တွဲ ဂေါဏမ်သ၊ ဘုရားတန်ခိုးနှင့် လောကဓာတ်၊ မေတ္တာဓာတ် ခိုက်ပုံ အပါယ် ၄-ဘုံ၌ သိကြောက်ဘွယ်

ရေ မျိုးပေါင်း ပြိတ္တာ မျိုးပေါင်း အသုရကာယ်မျိုးပေါင်း ကြောက် စရာကြီး တွေ၊ အရက်သ မား ဝါဒကဗျာ သူဌေး ၂-မျိုး မေးစမ်းပါရစေ၊ သုဂတိလမ်းအကျဉ်းချုပ်၊ လောကုတ္တရာစခန်း၊ အထွေထွေကဏ္ဍ၊ မိဿက သမောခါန်၊ သမ္မုဒ္ဓေါဂြိုဟ်ကြီးရှစ်လုံး၊ ကထိန်နှင့် ရေဒီယို၊ အရပ်တော် ၁၀-မိုက်၊ တဖက်အစွန်းရောက်၊ မစူးစမ်းသူ အောက်သို့စုန်၊ အစေ့ကတော့ ကြီးပါပေ့၊ လင်းမြွေ နှရှက်ကုပ်၊ ဟိတ်ခတ်ပုံကွာခြားချက်၊ သိဒ္ဓတ္ထမင်း ညည်းညူပုံ၊ ပဥ္စသီခ နတ်စောင်း၊ ဟောတ္တော့ပါပြီ အချိန်ကောင်း၊ မင်္ဂလာ ဆုတောင်း၊ နိဂုံးဆုတောင်း၊ နိဂုံးဆုပေး၊ လက်တွေ့သမား၊ နာ ၃-နာ၊ သံသရာ ဝယ် ချာချာလယ် တရားများ၊ ဝိညာဏဋ္ဌိတိ၊ ဗဟိဒ္ဓ နတ်အားကိုးအပ်သလား စသည်များကို သင်သိခဲ့ရပြီမဟုတ်လား။

လောကုတ် လောကီ၊ နှစ်လီနှစ်စား။
ခြားနားရှုသိ၊ ပညာရှိ။
ပျားကိုပုံပြု၊ ခြကိုတု။
ရမှုဥစ္စာ၊ မြတ်ပညာ။

## မင်္ဂလာချိန်ကောင်း မြတ်ဆုတောင်း

၁။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။

၂။ ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏာ။

၃။ ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေအတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ဤစာအုပ်ကို လေ့လာ မှတ်သားသူတို့အား (ဤစာအုပ်မှ တပါး တခြားသော (အဆိပ်အတောက် မဖြစ်လောက်သော) စာကောင်း ပေကောင်းတွေကိုလည်း ဖတ်သား မှတ်သားလေ့ ရှိသော သူတို့အား) ဆရာကောင်းကို ဆည်းကပ်သူတို့အား မကောင်းမှု ဟူသမျှကို (ဟန်ရှောင်မဟုတ်) တကယ်ရှောင် ကြဉ်နိုင်သူတို့အား ကောင်းသောနက္ခတ် ကောင်းသောမင်္ဂလာ ကောင်းသော မိုးသောက်ခြင်း ကောင်းသော အိပ်ရာမှ ထခြင်း ကောင်းသောခဏ ကောင်းသောမုဟုတ် (မြတ်သော အကျင့်ကို တကယ်ကျင့်သူတို့၌) ကောင်းသော ပူဇော်ခြင်း အစစ်သည် ဖြစ်ကြပါစေကုန်သတည်း။ ကာယကံမြတ် ဝစီကံ မြတ် မနောကံမြတ် မြတ်သောကံ၌ ဆောက်တည် ကျင့်သုံးခြင်း သည် သင်တို့ကိစ္စ သင်တို့အတွက် ဖြစ်ကြပါစေသတည်း၊ အကြင်သူတို့သည် မြတ်သော ကံတို့ကို ပြုကြကုန်၍ မြတ်သော အကျိုးစီးပွားတို့ကို ရကြကုန်၏၊ ထိုသူတို့သည် မြတ်သော အကျိုးတို့ကို ရကြကုန်သည်ဖြစ်၍ ရသောကြောင့် ချမ်းသာ ကြကုန်သည်ဖြစ်၍ မြတ်စွာဘုရား သာသနာတော်၌ စည်ပင် ပြန့်ပွားကြကုန်သည်ဖြစ်၍ စည်ပင် ပြန့်ပွားအောင် လုပ်နိုင်ကြ ကုန်၍ လုပ်နိုင်ကြကုန်သော အသင် ဒကာဒကာမအများတို့၏ အသင် ဒကာဒကာမ သတ္တဝါအနန္တတို့သည် အသင်တို့၏ အလုံး စုံသော ဆွေမျိုးဉာတိ မိတ်ဆွေသင်္ဂဟ အပေါင်းတို့နှင့်

အတူတကွ အနာရောဂါ ကင်းကြပါစေကုန်သတည်း၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာကြပါစေကုန်သတည်း။

## နိဂုမ်းဆုပေး

ဥဇုကံကတပုညေန၊ တုမှာကဉ္စ ဂဝေသိနံ။
ဗောဓိဉာဏံ လဘိတွာန၊ သီဃံ ဘဝထ နာသဝါ။

ဂဝေသိနံ၊ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့် မြတ်ကို မပြတ်မလပ် ရှာမှီးခြင်း အလေ့ ရှိကြပေကုန်သော။ တုမှာကဉ္စ၊ သင် သူတော်ကောင်း သူမြတ်လောင်းတို့၏။ ဥဇုကံ၊ သံသရာ ခရီးလမ်း အသွယ်သွယ်မှာ သူ့လမ်း နှင့်သူသာ သွားလာကြရတာဘဲဟု စိတ်အသိထဲကလဲ ဖြောင့် မတ်စွာ လုပ်ပုံ ကိုင်ပုံ၊ ကျင့်ကြံပုံ တွေကလဲ ဖြောင့်ဖြောင့် မတ်မတ်။ ကတပုညေန၊ ပြုအပ်ကျင့်အပ် အားယုတ် အပ်သော သန့်ရှင်းဖြူစင်တဲ့ ကုသိုလ်အစစ် ကြည်လင်တောက်ပတဲ့ ကုသိုလ် အစစ်တွေကြောင့်။ တုမှေ၊ လောက အရေးတွေကို ထင်သလို လိုက်စား၍ မနေကြဘဲ သံသရာ အရေးကိုသာ ဦးစားပေး လိုက်စား၍ မြတ်ဘုရား၏ အားဘောကျ အလိုတော်ကျ တရား တွေကိုသာထောက်ထားလျက်မှားယွင်းမှု အငယ်စားအလတ်စား အကြီးစားတွေကို (ဟန်ရှောင်မဟုတ်) တကယ် ရှောင်ရှား၍ နေကြ ကုန်သော သင်သူတော်ကောင်း တို့သည်။ ဗောဓိဉာဏံ၊ သင်တို့ဆုပန် ဗောဓိဉာဏ်ကို။ သီဃံလဘိတွာန၊ မြန်မြန် ဆန်ဆန်နှင့် ဘဝမကြာ ရကြပါကုန်သည် ဖြစ်၍။ အနာသဝါ၊ အာသဝေါကင်းကွာတဲ့ ရဟန္တာယောကျ်ား ရဟန္တာန်း မိန်းမ များတို့သည်။ ဘဝထ၊ ယခု ပေးလိုက်တဲ့ ငါတို့ရဲ့တကယ့်

စေတနာ ဆုကလေးကြောင့် မနှေးမြန်စွာ ဖြစ်ကြပါစေကုန်သတည်း။

## နိဂုမ်း ဆုတောင်း

ဣမိနာ ပုညကမ္မေန၊ ဣမေဝ ဗုဒ္ဓသာသနေ။
ပေါဓိဉာဏံ လဘိတွာန၊ ခိပ္ပံ ဘဝါမိ နာသဝေါ။

ဣမိနာပုညကမ္မေန၊ တိုတိုကျဉ်းကျဉ်းနှင့် (စိတ်ထားကောင်းရှိသူတို့အတွက်) လိုရင်း အချက် ဖြစ်သော ဤ သိကျင့်ဖွယ်ရာ အပြာပြာဆိုတဲ့ ကျမ်းကလေးကို ရေးသားထုတ်ဖော်၍ ပြလိုက်ရသော ဤကောင်းမှုကြောင့်။ ဣမေဝဗုဒ္ဓသာသနေ၊ ယခု လက်ငင်း ထိန်ထိန်လင်းလျက် ရှိသော ဤမြတ်စွာဘုရား၏ သာသနာတော်ကြီး၏ အတွင်း၌သာလျှင်။ အဟံ၊ ကျမ်းစာ ရေးထုတ်အကျွန်ုပ်သည်။ ပေါဓိဉာဏံ၊ အလွယ်ဆုံး ဆုပန် သာဝကပေါဓိဉာဏ်ကို။ လဘိတွာဝ၊ မုချပိုင်ပိုင် ကိုယ်တိုင် ကိုယ်ကျလက်ကိုင်ရ၍။ ခိပ္ပံ၊ ဘဝမကြာ လျင်မြန်စွာ။ အနာသဝေါ၊ အာသဝခေတ် မကပ်ကင်းကွာ ရဟန္တာသည်။ ဘဝါမိ၊ ကေန်ဒိဋ္ဌ ဖြစ်ရပါလို၏ မြတ်စွာဘုရား။

## လက်တွေ့သမား စဉ်းစားစရာ

အသင်လူသား- အသင်သည်ကား ဤစာအုပ်တွင် ဖော်ပြထားသော ဒုစရိုက်ပုဒ်မ ၅၂၊ ဒုဂ္ဂတိဘုံ ၅၁၇-ဘုံ၊ သုစရိုက်တရားမျိုးပေါင်း ၆၀-၊ သုဂတိဘုံ ၃၁-ဘုံ၊ မဂ်ဖိုလ်တရား ၄-ပါး၊ ၈-ပါး နိဗ္ဗာန်ဘုံဆိုတဲ့ အကျိုးတရား များကိုလဲမယုံ၊ လူသေပြီးနောက် လူဘဲပြန်ဖြစ်ရမယ်၊ လူသေပြီးနောက် ပျောက်သွားတယ်၊ လူသေပြီးနောက် အပါယ်ရောက်တယ်၊ နတ်ဖြစ်တယ်

ဆိုတာတွေကိုမယုံ၊ အလကားမြှောက်ထာတွေ ချောက်ထာတွေ၊ မြှောက်တရားတွေ၊ ချောက်တရားတွေ၊ မျက်မြင် လက်တွေ့လဲ မဟုတ်ဘဲနှင့် အလကားရမ်းပြော ရမ်းဟော နေကြတာတွေ၊ ကျုပ်တို့က လက်တွေ့မျက်မြင်မဟုတ်လို့ ဘာဆိုဘာကိုမှ မယုံနိုင်ပါဘူးဟု မျက်မြင် လက်တွေ့ မဟုတ်လို့ ဘာကိုမှမယုံကြည် တတ်သူဖြစ်ပါအံ့။

အသင့်ကို မေးစမ်းပါရစေ၊ သင့်ကို သင့်အမေက သင်သိတတ်တဲ့ အရွယ်ကျတော့ ငါ့သားရဲ့ မင့်ကို ဘယ်နေ့က မွေးတယ်၊ မင်းဘယ်နေ့သားဘဲကွ၊ မင့်ကို ဘယ်နေ့ ဘယ်ရက်က ပဋိသန္ဓေ တည်ခဲ့တယ်၊ မင်းရဲ့မွေးနေ့၊ မွေးလ၊ မွေးနှစ်ကို မှတ်ထားကွဲ့၊ မင်းရဲ့ ဘိုး-ဘွား-ဘီ-ဘင်တွေဟာ ဘယ်သူဘဲ၊ ကိုယ့်အမျိုးက ဘာလူမျိုးတွေဘဲ စသည်စသည်ဖြင့် ပြောသော အခါ အသင်ယုံတယ်မဟုတ်လား၊ အဲဒါကျတော့ ဘာကြောင့်ယုံနိုင်ရသလဲ၊ မင်းက လက်တွေ့မျက်မြင်မှ ယုံတယ်ပြောပြီး အခုတော့ မင်းအမေပြောစကားနှင့် တဆင့် မင်းယုံနေပြီ၊ မင်းအမေနှင့် မင်းအဖေ ညားကာစက မင်းကို ပဋိသန္ဓေရအောင် နေကြတဲ့ ကိစ္စကို မင်းမြင်ခဲ့ရ သလား၊ သိခဲ့ရသလား၊ လက်တွေ့ကော ဟုတ်ရဲ့လား၊ မျက်မြင်ကော ဟုတ်သေးရဲ့လား၊ မင်းက ဘယ် နေရာကကြည့်ခဲ့လို့ မြင်ရသလဲ၊ အဲဒီဟာကိုတော့ ယုံနိုင်တယ်၊ ဘုရားဟောတရားနှင့် သုံးဆယ့်တဘုံရှိတယ်၊ လူတွေ သေပြီးရင် သူ့မကောင်းမှု ကံကြောင့် တိရစ္ဆာန်၊ ပြိတ္တာ စသည် ဖြစ်ရ တယ်၊ ကောင်းမှုကြောင့် ကောင်းရာကို ရောက်ရတယ်ဟု ပြော ပြတာတွေကိုတော့ လက်တွေ့ မျက်မြင် မဟုတ်လို့ မယုံနိုင်ဘူး ဆိုရင် ကိုယ့်အတွက် မျက်ကွယ်ကကိစ္စ၊ မမြင်ခဲ့ရတဲ့ကိစ္စ၊ မသိခဲ့ရတဲ့

ကိစ္စ၊ ပဋိသန္ဓေနေခဲ့ရတဲ့ကိစ္စ၊ အမေပြော သူပြောကိစ္စတွေကိုလဲ မယုံနဲ့တော့ပေါ့၊ အဲဒါကိုမှယုံနိုင်ရင် ဘုရား တရားတွေကိုလဲ အဆင့်ဆင့် ဝေဘန်ပြီး ရွှေဉာဏ်နှင့် ချင့်ချိန်၍ မြိန်မြိန်ကြီး ယုံကြည်လျက် မကောင်းမှုမိုက် ဒုစရိုက်နှင့် မကြံအပ် မစည် အပ်၊ မပြောအပ်တဲ့ တယူသန့်ဝါဒဆိုးကြီးကို ခဝါချ၍ ပစ်လိုက် ပါတော့လား အသင်လူသားဟူ၍ အော်ပြီး ပြောလိုက်ပါရစေ လား-အသင်လူသား။

## နာ ၃-နာ

ဤတွင် ဤစာရေးသူ၏ စိတ်အတွင်းက သတ္တဝါ တွေကို ဒုဂ္ဂတိဘုံသို့ ရောက်ရမည်ကို အလွန် သနားသော ကရုဏာ ဒုဂ္ဂတိဘုံသို့ ရောက်ကြောင်းဖြစ်သော ဒုစရိုက်ပုဒ်မကို မလုပ်မိ ကြဘို့ရာ တားမြစ်နိုင်ကြ ပါစေဟု တားမြစ်ကြစေ လိုသော စေတနာ-ဟူသော နာ ၂-နာကို အဓိကထား၍ ပြတ်ပြတ် သားသား ရေးပြလိုက်ရာ ထိုတရားတွေကို မလိုလားသူ၊ မကြိုက် သူများက သူတို့မကြိုက်ရင်မကြိုက်သလို အမျိုးမျိုးဝေဘန်ကြ၊ အပြစ်တင်ကြ၊ ဆဲရေးကြသည်ကို ငါအနစ်နာ ခံနိုင် ပါပြီ ဟူသော နောက်ဆုံးနာ တခုကိုပါ ရောစွက်၍ နာသုံးနာကို ငါလက်ခံနိုင်ပါပြီဟူသော စိတ်ထားဖြင့် ဤကျမ်းကလေးကို ရေးသား ထုတ်ဝေလိုက်ရ ပါကြောင်းကို ရဲရဲကြီး ဝန်ခံထား သည်ဟု သိကြပါကုန်လော့။

## ရေစက်ချထဲတွင် ပါရှိနေသော်လည်း လူအသိအလွန် နည်းပါးသော ဝိညာဏ ဠိတိ ၇-ပါး

၁။ လူနှင့် ကာမာဝစရနတ်တို့သည် ကိုယ်ချင်းလည်းထူးခြား ကြ၏၊ ပဋိသန္ဓေ သညာချင်းလည်း ထူးခြားကြ၏

လူအချင်းချင်း နတ်အချင်းချင်းလည်း မတူကြ၊ ထို့ကြောင့် (နာနတ္တကာယ နာနတ္တသညီ) မည်၏။

၂။ ပဌမစျာန် ဖြဟ္မာတို့သည်၎င်း၊ အပါယ်သတ္တဝါတို့သည်၎င်း အချင်းချင်း ကိုယ်ကောင်က ထူးခြားသော်လည်း သညာတူသောကြောင့် (နာနတ္တကာယ ဧကတ္တသညီ) မည်၏။

၃။ ဒုတိယစျာန် ဗြဟ္မာတို့သည် အချင်းချင်း ကိုယ်ကောင်က တူကြ၍ သညာက ထူးခြားသောကြောင့် (ဧကတ္တကာယ နာနတ္တသညီ)မည်၏။

၄။ တတိယစျာန် ဗြဟ္မာနှင့် ဝေဟပ္ဖိုလ် ဗြဟ္မာတို့သည် ကိုယ်ချင်းလည်းတူကြ၊ သညာချင်းလည်းတူကြ၍ (ဧကတ္တကာယ ဧကတ္တသညီ)မည်၏၊ (သုဒ္ဓါဝါသ ဗြဟ္မာတို့ကိုလည်း ဤစတုတ္ထဝိညာဏ်ဋ္ဌိတိထည်းသို့ သွင်းယူပါ)။

၅။ အာကာသာနဉ္စာ ဗြဟ္မာတို့သည် (အာကာသာနဉ္စာယတနသညီ) မည်၏။

၆။ ဝိညာနဉ္စာယတန ဗြဟ္မာတို့သည် (ဝိညာဏဉ္စာယတနသညီ) မည်၏။

၇။ အာကိဉ္စညာယတန ဗြဟ္မာတို့သည် (အာကိဉ္စညာယတနသညီ)မည်၏။ ပေါင်း ဝိညာဏဋ္ဌိတိ ၇-ပါးတည်း၊ (မေးမြန်းသူကို အကျယ်ခဲ့ ပြောပြပါ)။

## သတ္တာဝါသ ဘုံကိုးဝ

၎င်းဝိညာဏဋ္ဌိတိ ၇-ပါးထည်းသို့ အသညသတ် ဗြဟ္မာနှင့် နေဝသညာ နာသညာယတန ဗြဟ္မာကို ထည့်၍ ရေတွက်လျှင်

သတ္တဝါတို့၏နေရာ၊(သတ္တာဝါသ ဘုံကိုးဝ)ဖြစ်တော့၏၊ စိတ်ရှေ ရှေနှင့် ရှင်း၍ပြတတ်ပါက မေးမြန်းသူ နားလည်ပါလိမ့်မည်။

**ဗဟိဒ္ဓနတ်ကို အားကိုးအပ်သလား**

ကာလရှည်လျား လူ့ငနွားတို့ ကြီးမားယုတ်မာ နတ်မိစ္ဆာကို ဘိုးလာဘွားဘက် မြေးသားဆက်၍ မပျက်ခုတိုင် နတ်ခရိုင်နှင့် ပန်းခိုင်ရေအိုး ဆယ်စုံဖိုး၍ မြတ်နိုးနှစ်သက် အနက်အနီ အတိ ခေါင်းပေါင်း တင်အုပ်ဆောင်းနှင့် အပေါင်းစုဝေးအမွေးအကြိုင် မုန့်ဆိုင်မုန့်ခဲ ကြက်ဝက်လဲ၍ ဗုံနှဲခရာ တီးမှုတ်ခါနှင့် ချမ်းသာ ဆင်းရဲပေးစမြဲဟု စိတ်ထဲထင်မှတ်နေတတ်တို့ကို မပြတ်ကိုးကွယ် အန္တ ရာယ်လည်း ကိုယ်ဝယ်လွတ်ကင်း မရှိလျှင်း၏ ဆောင်နှင်း မင်္ဂလာ လူဒါပူည ပွဲကာလလည်း မိဘရှေးမှတ် ငါတို့နတ်ကို ပေးအပ် အပ်လျှင် ပွဲလမ်းပြင်၍ အရှင်မှတ်မှတ် ကိုယ်ဝယ် ကြပ်လျက် မပြတ်ထင်ရှား မမေ့မှားဟု ဆုများရွယ်ရွယ် ရှက်စဖွယ်နှင့် ဘယ်ဝယ်တခါ ကိုယ်တိုင်လာ၍ ဥစ္စာထင်ရှား ဘယ်သူအားကို နတ်များပို့လှာ ရှိဘူးပါအံ့ မိစ္ဆာစွဲမှတ် ဘယ်အရပ်မှာ နတ်တို့ နေရာ အိမ်ခန်းဝါနှင့် သာယာခမ်းနား နတ်မယားနှင့် နတ် သား နတ်လင် ကြည့်မမြင်တည့် ငြိုငြင်စိတ်စွဲ အံ့သွားခဲ၍ ညှဉ်းဆဲနှိပ်စက် နတ်တို့လက်နှင့် ထုတ်လျက်ဆွဲငင် ပူကြအင်ကို မမြင်ဘူးပါ သည်အရာကို မိစ္ဆာမောဟ အယူခွ၍ နတ်မျှော့ သခင် နတ်ဘုရင်ဟု နတ်တွင်အကြီး ငါ့သမီးကို ဖမ်းဆီး တတ်ငြား ငါ့မယားကို ဖမ်းစား တတ်ချေ ချမ်းသာ စေဟု ကခြေပွဲလမ်း အခမ်းအနား နတ်ထိန်းများနှင့် သောက်စား ဟစ်အော် တကျော်ကျော်နှင့် မောင်တော် ရှင်ချစ် နတ်သုံ ပစ်၍ မူးယစ်မှိုင်းဝေ အထွေထွေလျှင် လူ့ပြေရပ်ရွာ နတ်

မိစ္ဆာကို ကပ်သာ ထင်မှတ် သဘော ကပ်၍ နတ်လူပြဟ္မာ သတ္တဝါကို ကံသာအရင်း ပြုဘန်ဆင်းဟု ယူလျှင်း အပ်စွာ ယခုမှာကား ချမ်းသာဆင်းရဲ နတ်ခဲသည် ပေးမြဲတို့မှာ ထင်မှတ် ရာသည် မိစ္ဆာယူမိ ယူမှားတည်း။

(ဤစာကား အရှင်မဟာသီလဝံသရေးသောစာ ဖြစ်ပါသည်)။

ဤစာအရ ဆိုလိုရင်းမှာ လူ့ပြည်တွင်ရှိနေသော နတ်စိမ်း၊ နတ်ဝါး နတ်မိစ္ဆာများကို အားကိုးအားထားပြု၍ တင်မြှောက် ပသ ကိုးကွယ်၍ နေကြသော်လည်း အလဟဿ ဖြစ်နေပုံ၊ ကောင်းကျိုးမရပုံ၊ ကောင်းကျိုးရလိမ့်မည်ဟု ထင်၍ သဲသဲမဲမဲ နတ်ကို စွဲနေကြပုံ၊ စွဲလမ်းနေသောသူများမှာ မိစ္ဆာ အယူမှား သမားများသာ ဖြစ်နေပုံ၊ စင်စစ်မှာ ကံ့ ဉာဏ် ဝီရိယဖြင့်သာ မိမိကိုယ်ကို မိမိအားကိုးရပုံများကို အတိုချုပ် မှတ်သားလျက် ကိုယ်တိုင်က ဗဟိဒ္ဓနတ်တွေကို အားမကိုးကြဘဲ အဇ္ဈတ္တနတ် ဖြစ်အောင်၊ မိမိကိုယ်တိုင် နတ်ဖြစ်အောင်၊ နတ်၏ စည်းစိမ် အစစ်ကိုရအောင်၊ မကောင်းမှုဒုစရိုက် ကောင်းမှု သုစရိုက် များကို ကျေကျေနပ်နပ်ကြီးဖြစ်အောင် လေ့လာ သင်ကြား၍ ထို၏ ဆိုးကျိုး ကောင်းကျိုးများကို သူတပါးကို အားမကိုးဘဲ ကိုယ့်အား ကိုယ်ကိုးလျက် မကောင်းမှု ဟူသမျှကို ရှောင်ရှား၍ ကောင်းမှုများကို ကျင့်ကြံကျိုးကုတ် အားထုတ်သူ များမှာ ဘယ်နတ်ကိုမှ အားကိုးစရာမလို၊ မိမိကိုယ်တိုင်လည်း တကယ့် နတ်ဖြစ်ရမည်၊ အားထုတ်သူများအားလည်း ဘေးရန်နှင့် တွေ့ သောအခါ သူတော်ကောင်း နတ်ကောင်း စောင်မ ဟူသော စကားအရ တကယ့်နတ်ပြည်က နတ်များက လူ့ပြည်ကို ကြည့်

နေပြီးလျှင် အလောင်းတော် ဇနက မင်းသားတို့လို သူတော်ကောင်း ဖြစ်ကြသူတို့အား စောင်မပေလိမ့်မည်၊ တကယ်နတ်က တကယ့်နတ်ဂိုဏ်းထဲမှာပါသော နတ်က စောင်မပေ လိမ့်မည်၊ သူတော်ယုတ်ဖြစ်သော ဒုစရိုက်ပုဒ်မ ၅၂-ကို ကြူးလွန် နေသူတို့အား ထိုနတ်အစစ်တို့က ဥပေက္ခာ ပြုထားသည်၊ ထိုဒုစရိုက်သမားတို့က ထင်ရာကိုကျင့်နေကြပြီး နတ်ကို ကိုးကွယ် နေကြပေမဲ့ တကယ့်နတ်ကလဲမကယ်၊နတ်စိမ်း နတ်ဝါးတွေကလဲ မကယ်နိုင်သဖြင့် ငှက်ပျောဖီးဆိုင် ဖယောင်းတိုင်နှင့် အုန်းသီး ဂေါင်းပေါင်း မုန့် စသော နတ်ပွဲဘိုး ကုန်ရုံသာရှိသည်၊ ဘယ်သူ့ကို ကယ်မဘူးသလဲ သင်တို့သာ မိစ္ဆာဒိဋ္ဌိအကြီးစား ဖြစ်နေကြပြီ တကားဟု ဆိုလိုပေသည်။

## သံသရာဝယ် ခြာခြာလယ် တရားတော်

လူရုပ်ကိုပင် လူဟုထင် လူပင်လူပ လူကင်ကြ၊ လူမများက စွဲကြတာ လူထီးရုပ်ကိုသာ၊ လူထီးမျှားက စွဲကြတာ လူမရုပ်ကိုသာ။

လူ၏ရုပ်ဟာ အမှန်ဘဲ မျက်လုံးအိမ်ကစွဲ။
နားကစွဲတော့ အသံသာ နှာခေါင်းအနံ့ပါ။
အရသာဆိုတာ လျှာကစွဲ ဒါလဲတည့်ာဘဲ။
အတွေ့စွဲက ဖောဋ္ဌဗ္ဗာ ငါးခုအာရုံပါ။
သံသရာမှာလယ်မဲ့တရား အပါယ်ရွာမှာ လယ်မဲ့တရား မှတ်ကြပါတော့လား။

ဤစာကလေးကို ဖတ်ကြည့်သော အသင်သည် ဤစာကို ကရော်ကမယ် စာကလေးဟု မှတ်ထင်ချင် မှတ်ထင်ပေ လိမ့်မည်၊

အသင်ဉာဏ်ရှိသူ ဖြစ်ပါက ဤစာတွင် ပါသော အာရုံ ငါးရပ်ကို တန်အပ်ထင်ထင် တွေ့မြင်ရပေလိမ့်မည်၊ အခံခေတ်နှင့် အတိုက်ခေတ် ဝါ-အဇ္ဈတ္တနှင့် ဗဟိဒ္ဓ တိုက်ဆိုင်မိ၍ စွဲလန်းမှု ကပ်ငြိမှုကြောင့် အပါယ်ထိအောင် သံသရာ လယ်နေရပုံကို သင် သိလာပါလိမ့်မည်၊ ဉာဏ်အမြင်ကျယ်သူ ဖြစ်ပါက ဤ စာပါ အာရုံငါးပါးကိုမှတည်၍ ကျင့်ရပုံ၊ ရှောင်ရပုံ၊ ဟောရပုံ ရှောင်နည်း ဆောင်နည်း စသည်ဖြင့် ပရမတ္ထသဘာဝ တရား တွေကို ကွက်ကွက်ကွင်းကွင်း ရှင်းလင်းဟောပြတတ်ပေလိမ့်မည်။

ဤစာရေးသူသည် အခွင့်သင့်ချိန်ကြုံပါက ၎င်းစာကလေးကို မှတည်၍ စာတအုပ်ဖြစ်မြောက်အောင် ရေးသား ပါဦးအံ့ဟု စိတ်ကူးထားပါကြောင်း၊ မျှော်ပါ-မျှော်ပါ။

ဤစာရေးပြု၊ ကောင်းမှုကုသိုလ်။
ဝေနေယျပေါင်း၊ ရကြောင်းကိုဆို။
အမျှဝေဘိ၊ ငါ၏ကုသိုလ်။
နိဗ္ဗာန်နန်း၊ စံမြန်းရပါလို။

ဤတွင် သိကျင့်ဖွယ်ရာ အဖြာဖြာကျမ်း ပြီးပါပြီ။
ဆောင်းပါး၊ သမိုင်း၊ မှတ်ဖွယ်အမျိုးမျိုး၊ ကိုယ့်ကျင့် သင်္ဂြိုဟ်ကျမ်းနှင့်
သိကျင့်ဖွယ်ရာ အဖြာဖြာကျမ်းကို စီစဉ်ရေးသားသူ

**ဦးဝိသုဒ္ဓါစာရ - စာချမဟာထိက**

ရွှေဂူကျောင်း၊ ပျဉ်တိုင်းရွာအနီး ပုဂံညောင်ဦးမြို့နယ်
**ဇာတိ ပြည်ခရိုင် သဲကုန်းမြို့နယ် အုန်းတွင်းကုန်းရွာ။**

---

# သတိပြု-ကြည့်ရှုရာ

| နှာ | ကြောင်း | မှား | မှန် |
|---|---|---|---|
| ၂ | ၂ | ကိုဂုင်း | တို့ကိုဂုင်း |
| ၁၇ | ၁၃ | ခိုင်းနှုန်း | ခိုင်နှုန်း |
| ၁၈ | ၁၈ | ဂေစရရုပ် | ဂေါစရရုပ် |
| ၂၀ | ၆ | ဝိညတ်ရုပ်ဝိညတ်ရုပ် | ဝိညတ် ရုပ်ဟု ဆိုအပ်သော |
| ၂၀ | ၁၂ | ရုပ်အားဖြင့် | ရုပ်ဟု ဆို အပ်သော |
| ၂၁ | ၁၂ | ဟူ၍ဟောတော် | ဟူ၍ ခွဲခြား၍ ဟောတော် |
| ၂၃ | ၇ | ဂန္ဓသြဇာ | ဂန္ဓ ရသ သြဇာ |
| ၂၄ | ၁၇ | ပူးတတ် | ပူတတ် |
| ၂၅ | ၂ | သွား အရေပါး | သွား အရေထူ အရေပါး |
| ၂၅ | ၂၀ | တေဇောဓာတ်လေးပါး | တေဇောဓာတ် က လေးပါး |
| ၂၇ | ၁၀ | ဥဿဒ ငယ် | ဥဿဒ ရေငယ် |
| ၄၁ | ၇ | ပြိတ္တာဘုံ အသူရကာယ် | ပြိတ္တာ ဘုံနှင့် အသူ ရကာယ် |
| ၄၆ | ၉ | ပက်သက် | ပတ်သက် |
| ၅၄ | ၂ | မျိုးဖြင့် မို့ ချီးမွမ်း | မျိုးဖြင့် ချီးမွမ်း |
| ၆၂ | ၅ | ပြည်မြို့ | ပြည်မြို့ |

| နှာ | ကြောင်း | မှား | မှန် |
|---|---|---|---|
| ၆၅ | ၆ | စည်းအဝကြီး | စည်အဝကြီး |
| ၆၉ | ၇ | သန္တုဿကော | သန္တုဿကောစ |
| ၇၃ | ၃ | အကြွင်းမရှိ၍ | အကြွင်းမရှိ ၍ |
| ၇ | ၁၇ | ထူးကဲ့သော | ထူးကဲသော |
| ၉၂ | ၁၄ | ဟောသ္တ | ဟောသ္တု |
| ၉၆ | ၁၁ | ရေးသူတို့ကမတော့ | ရေးသူတို့ က တော့ |
| ၉၉ | ၂၁ | ၃၂၀-မှာလည်း | ၂၃၀-မှာလည်း |
| ၁၁၅ | ၈ | အဖြစ် | အပြစ် |
| ၁၂၄ | ၂၂ | အလိမ္မာ အ ၂-လုံး | အလိမ္မာဟူသော အ ၂-လုံး |
| ၁၂၅ | ၆ | ကံကြောင်ကြီ | ကံကြောင်ကြီး |
| ၁၂၇ | ၁ | သူတွေကို | သူတွေလို |
| ၁၂၈ | ၁၈ | ပိတု ဒန | ပိတုဒါန |
| ၁၂၈ | ၂၃ | ဝါဒသမားတွေ | ဝါဒမှားတွေ |
| ၁၄၃ | ၂၂ | ဝစီဒုစရိုက် | ဝစီသုစရိုက် |
| ၁၆၀ | ၁ | အလွန်ကြိုက်လည် | အလွန် ကြိုက် သည် |
| ၁၆၈ | ၂ | နိမ်ကာ | နိမ့်ကာ |
| ၂၃၄ | ၆ | ဟိတ်ကင်းတဲ့ | ဟိတ် မကင်းတဲ့ |
| ၂၄၄ | ၇ | ဒကာမတွေလို | ဒကာမ တွေကို |
| ၂၄၅ | ၁၆ | စတုတ္ထစျာန် ၃-ဘုံ | စတုတ္ထစျာန်၂-ဘုံ |

| နှာ | ကြောင်း | မှား | မှန် |
|---|---|---|---|
| ၂၅၀ | ၁ | တင်ကာသလျှင် | တင်ကာသလျက် |
| ၂၅၂ | ၁၈ | လမ်းတို့ကို | လမ်းတိုကို |
| ၂၅၇ | ၂၁ | ချွေး ဟူသော | ချွေးအဆီခဲ ဟူသော |
| ၂၇၂ | ၂၀ | ကူးတဲ့ | တူတဲ့ |
| ၂၇၆ | ၁၀ | ဖောထုတ် | ဖော်ထုတ် |
| ၂၈၀ | ၂ | | သမ္ဗဟုလာ နှာနှာ၀ ကာအာ ပတ္တိယော ကျနေ၏ ထည့်ခံ |
| ၂၈၆ | ၇ | အဂ္ဃမိဿက | မိဿကအဂ္ဃ |
| ၂၉၀ | ၁၂ | [ဆ၀ိဆာယာ | [ဆ၀ိဆာယာ |
| ၂၉၀ | ၁၈ | ၈-လုံးပါဠိ | ၈-လုံး ပါဠိအနက် |
| ၂၉၄ | ၁၅ | သာ)အကွင်းကို | ဒွါ နောက်မှဖြတ် |
| ၂၉၉ | ၂၀ | ဆိုအရှင် | ထိုအရှင် |
| ၃၀၀ | ၁၃ | ပုံတန်းကဲ့သို့ | ပုံတန္နန်း ကဲ့သို့ |
| ၃၀၀ | ၁၉ | နက်တလွှား | နယ်တလွှား |
| ၃၀၂ | ၂၄ | ကိုးဆူဘုရာများ | ကိုးဆူဆရာများ |
| ၃၃၇ | ၁ | မာကုလသာလမာလေ | မာကုလသာလမာလေ |
| ၃၃၇ | ၉ | လိုင်လိုင်ပျံ့သွင်း | ကြိုင်လိုင်ပျံ့သွင်း |